www.burmeseclassic.com

ရှင်မိုး (ဆေးတက္ကသိုလ်)

# လှပသော အာဒီညနေခင်း

BURMESE CLASSIC .com



www.burmeseclassic.com

Design L လင်း

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## လုပသောအဲဒီညနေခင်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၄၀၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၁၄၀၉၀၉

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
ဒုတိယအကြိမ်

တန်ဖိုး – ၁၀၀/–
အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉–လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မိုး(ဆေးတက္ကသိုလ်)
လုပသောအဲဒီညနေခင်း/ရှင်မိုး(ဆေးတက္ကသိုလ်)–ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈– စာ၊ ၁၂×၁၈ စင်တီ။
(၁) လုပသောအဲဒီညနေခင်း

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး

(ဆေး တက္ကသိုလ်)




စီစဉ်သူ

မောင်ကျော်လှိုင်(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







(၁၀)

"သူ့နာမည် ပြာလဲ့နဒီတဲ့"

ဟု စပြီး သိလိုက်ရချိန်တွင် ဆန်းသစ်နေ၏ စိတ်ထဲမှာ ထူးဆန်းသော ခံစားချက်တစ်ခုက ရိပ်ရိပ်ကလေး ဖြတ်ပြေးသွားသလို ခံစားလိုက်ရပါသည်။

ဆန်းသစ်နေ စတွေ့သည့်နေ့က သူမဟာ ပြာလဲ့နဒီဟူသော အမည်နဲ့လိုက်အောင် ပြာလဲ့နေသည့် ဝတ်စုံလေးနှင့်ဖြစ်သည်။ သူမ အသားအရောင် ဝါပြေပြေသည် ထိုပြာလဲ့လဲ့အရောင်နှင့်တော့ တော်တော့်ကိုလိုက်ဖက်တာ ဘယ်သူမှ ငြင်းနိုင်မည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မလှဘူးလား"

"လှပါတယ်"

"ဟင် ... မင်း ပြောပုံကလည်း သာမန်ကာလျှံကာနိုင်လိုက်တာ"

မင်းအဂ္ဂက မကျေမနပ်ပြောရင်း ဆန်းသစ်နေ၏ ပခုံးကို တစ်ချက်ပုတ်လိုက်လျက် ဆက်ပြောသည်မှာ ...

"အေးလေ ... မင်းက အလှအပကို ဘယ်ခံစားနိုင်ပါ့မလဲ လေ ... ဟား ဟား ဟား ... မင်းက ကိုရုပ်ဆိုးဆိုတော့ လှတာချောတာကို ဘယ်စာဖွဲ့ပြတတ်ပါ့မလဲ"

ဟူသော မင်းအဂ္ဂ၏ ထုံးစံအတိုင်း ဆန်းသစ်နေကို ခပ်နိမ့်နိမ့်လေး ပြောလိုက်ပြန်သည်။ ဆန်းသစ်နေကတော့ သူ့ရဲ့ နေမြဲတိုင်းပုံစံအတိုင်းပဲ ခပ်ငြိမ်ငြိမ်၊ မပြုံးမရယ်၊ တည်လည်း မတည်သော မျက်နှာပေးဖြင့် မင်းအဂ္ဂကို ကြည့်နေခဲ့သည်။

ဘေးလူကိုပြောရင်း ယုံကြည်ပါ့မလားတော့မသိ။ မင်းအဂ္ဂနဲ့ ဆန်းသစ်နေတို့လောက် တတွဲတွဲတွေ့ရတဲ့ သူငယ်ချင်းနှစ်ယောက်လည်းမရှိ။ သူတို့လောက် ဘာကိုမဆို စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ကြတာလည်း မရှိဆိုတော့ သိပ်ခင်၊ သိပ်ချစ်ကြတဲ့ အချစ်ဆုံးသူငယ်ချင်းတွေလို့ ထင်ကိုထင်ကြမှာပါ။





ဒါပေမဲ့ ... ...။ တကယ့်တကယ်မှာတော့ မင်းအဂ္ဂဟာ ဆန်းသစ်နေရဲ့ အားနည်းချက်ကို အမြဲအသုံးချပြီး သူ့ကိုယ်သူ ထင်ပေါ်အောင်လုပ်နေတတ်သလို ဆန်းသစ်နေကလည်း ဒါကို သိသိကြီးနဲ့ အ,ချင်ဟန်ဆောင်ပြီး မင်းအဂ္ဂအနားမှာ တမင်နေလျက် အခွင့်အရေးသာတဲ့တစ်နေ့ကျ ပြန်တုံ့ပြန်နိုင်ဖို့ အကွက်ချောင်းနေသူတစ်ဦးသာလျှင် ဖြစ်ပါသည်။

BURMESE CLASSIC .com

တစ်ယောက်စိတ်ကို တစ်ယောက် ရိပ်မိကြပေမဲ့ မသိချင်ဟန်ဆောင်ပြီး အပေါ်ယံရုပ်ခင်မင်ဟန်ပြုပြီး အတွင်းစိတ်ထဲမှာ အနာအဆာတွေ၊ အကြိတ်အခဲတွေ၊ ပြိုင်ဆိုင်နိုင်မှုတွေနဲ့ ရှိနေသော ထိုသူငယ်ချင်းနှစ်ယောက်ရဲ့ ကြားကို တစ်ရက်မှာ "ပြာလဲ့နဒီ"ဆိုတဲ့ မင်းသမီးလေးတစ်ပါး ဘွားခနဲ ရောက်လာခဲ့တာပဲဖြစ်ပါသည်။

ပြာလဲ့နဒီကား ဘာကိုဘာမှ ဂရုမပြုမိ။ သတိမထားမိပါဘဲ သူငယ်ချင်းတစ်သိုက်နဲ့အတူ မှန်တံခါးတွန်းဖွင့်လျှင် အလိုအလျောက် ပေါ်လာသော အသံဖြစ်သည့် ...

"မူး ဟူး ဟူး ..."

ဟူသော နှာအော်သံကို တအံ့တသြ သဘောကျရယ်မောလျက် ကလေးတွေလိုပဲ တံခါးဖွင့်လိုက်တိုင်း နှာအော်



www.burmeseclassic.com

www.burmeseclassic.com



သံကြားရတာကို သုံးလေးခေါက်လောက် အကြိမ်ကြိမ် စမ်းသပ်ပြုလုပ်နေတော့လေသည်။








www.burmeseclassic.com

www.burmeseclassic.com



# ၁

ပြာလဲ့နဒီသည် သူငယ်ချင်းတစ်စုနှင့်အတူ စားပွဲဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ လေးယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီးသောအခါ အိန္ဒယ်က စပြောသည်။

"ဟဲ့... ဒီဆိုင်က စားပွဲထိုးမထားဘူးနော်၊ ကိုယ်စားချင်တာ ကိုယ့်ဘာသာ ကောင်တာမှာ သွားမှာရမှာ"

မေယမုံက ...

"သြော် ... နိုင်ငံခြားက McDonald's ဆိုင်လိုပေါ့၊ အဲဒီလိုလား"

"ရှူး ... တိုးတိုးလုပ်ပါ ယမုံရယ်၊ နင် နိုင်ငံခြားရောက်ဖူးကြောင်း မကြွားပါနဲ့"

ငွေနှင်းမှုန်က လက်ညှိုးတစ်ချောင်း နှုတ်ခမ်းရှေ့ဖြတ်ထောင်ရင်း ပြောပါသည်။ ပြာလဲ့ကတော့ သူငယ်ချင်းတွေနဲ့





လမ်းသွားရင် ဘာဂါဆိုင်အသစ်တွေ့သဖြင့် ဝင်ထိုင်ကြည့်ချင်တာပဲရှိပြီး ဝင်ခဲ့တာပေမဲ့ ဘာကြောင့်မှန်းမသိ ဒီဆိုင်ထဲရောက်တော့ ပြာလဲ့ကို စောင့်ကြည့်နေသူတွေရှိသည်ဟု ခံစားရပြီး စိတ်က မလွတ်လပ်သလို ခံစားနေရသည်။

ဘယ်က စောင့်ကြည့်နေသလဲ။ ဘယ်သူတွေလဲဆိုပြီး လိုက်တော့ မျက်လုံးဝေ့ရှာတာပါပဲ။ ဒါပေမဲ့ မတွေ့။ ဆိုင်ထဲမှာ လူက သိပ်များများစားစားကြီး မဟုတ်ဘဲ ခပ်လှမ်းလှမ်းထောင့်စားပွဲမှာ စုံတွဲလေးတစ်တွဲ။ ပြာလဲ့တို့လိုပဲ ကောင်မလေးတစ်သိုက်ရဲ့ စားပွဲက နောက်တစ်ထောင့်မှာ။ ပြာလဲ့တို့နဲ့ ကပ်ရပ်မှာကျ အမေနဲ့ သမီးလေးနှစ်ယောက် မုန့်စားနေတာပဲရှိသည်။ မကျဉ်းမကျယ် ဆိုင်လေးက လူရှင်းသလိုတောင် ဖြစ်နေသည်။ ဆိုင်ထဲမှာ လူဦးရေ သိပ်မများလှ။ မုန့်သွားမှာရမည့် ကောင်တာရှည်ကြီးရဲ့နောက်မှာလည်း ဘာဝန်ထမ်းမှ ရပ်မနေပါ။ မုန့်မှာချင်လျှင်၊ ဒါမှမဟုတ် တစ်ခုခုကိစ္စရှိလျှင် ကောင်တာမှာတင်ထားသော ဘဲလ်လေးကို တီးလိုက်ရုံသာ။ ဘဲလ်က ချွင်ခနဲအသံမြည်သွားမှ မီးဖိုချောင်ဘက်ဆီမှ ဝန်ထမ်းတစ်ယောက်ယောက် ထွက်လာမှာဖြစ်သည်။

အဲဒီ မီးဖိုချောင်ကနေ ဒီစားသောက်ခန်းထဲကို လှမ်းမြင်နေရရင်လည်း မြင်ရမှာပေါ့။ အဲဒီထဲကနေ ပြာလဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမယ်လို့ ပြာလဲ့ ထင်လေသည်။ ပြာလဲ့နဒီလို မိန်းကလေးတစ်ယောက်အတွက် သေသေချာချာ စိုက်ကြည့်ခံရတာ၊ စောင့်ကြည့်ခံရတာ၊ တမင်လိုက်ကြည့်တာတွေဟာ သိပ်တော့ မဆန်းလှပေမဲ့ ဒီတစ်ခါကျ ဘယ်လိုကြီးမှန်းမသိ။ တစ်မျိုးခံစားရကာ စိတ်ထဲမှာ မလွတ်လပ်သလိုလည်း ခံစားနေရပါသည်။

"လေးယောက်စာကို တစ်ယောက်တည်း သွားမှာလို့လည်း မဖြစ်ဘူး၊ ဒီတော့ နှစ်ယောက် သွားမှာမယ်"

"မဲနိုက် ... မဲနိုက်"

"ခေါင်းပန်းလှန်"

"ဟဲ့ ... အိနွယ်ရဲ့ ကြည့်ကျက်ပြော၊ ခေါင်းပန်းလှန်ရအောင် ဘယ်မှာလဲအကြွေစေ့၊ နင့်မှာ ရှိရင်ထုတ်"

အိနွယ် ရယ်ကျဲကျဲလုပ်ရင်း ပုတီးစေ့လေးတွေ အများကြီးပါသော သူ့ရဲ့ ချိုင်းအောက်ထားလွယ်ရတဲ့ အိတ်အကြီးကြီးထဲကို နှိုက်ပါသည်။ ထိုအိတ်ကြီးထဲမှာပါသော မိန်းမကိုင် ခေါက်အိတ်ပိုက်ဆံအိတ်လေးကို ထုတ်ပါသည်။ အထဲမှာ နှိုက်ယူပြီး လက်မလက်ညှိုးတို့ဖြင့် ထောင်ကိုင်ပြလိုက်သောအရာမှာ တစ်ကျပ်စေ့အဝိုင်းကြီး ဖြစ်နေသည်။ စပါးနှံပုံပါသော တစ်ကျပ်စေ့ဟာ မပြောင်လက်တော့ပါ။ ဟောင်းနွမ်းနေပြီ။ အိနွယ်က ထိုကျပ်စေ့ကို ကြွားကြွားဝင့်ဝင့်ပြလိုက်ရင်း ...



"ဒါလေး လှလို့ ရှေးဟောင်းပစ္စည်းဆိုပြီး သိမ်းထားတာလေ၊ ငါတို့အဘိုးအဘွားတွေ အဖေအမေတွေခေတ်က သုံးခဲ့တာ။ ငါ့အတွက် အိတ်ဆောင်ပေါ့။ အဆောင်ပေါ့။ တမင်ထည့်ထားတာ၊ ဒီကျပ်စေ့ရှိနေရင် ငါ့အိတ်ထဲမှာလည်း ဘယ်တော့မှ ပိုက်ဆံမပြတ်ဘူး ... ဟဲဟဲ"

"ပိုက်ဆံ ဘယ်ပြတ်မလဲဟယ်၊ အလုပ်လုပ်နေမှ ပိုက်ဆံက ပြတ်ပါ့မလား"

"ဟုတ်ပါ့၊ အလုပ်မရှိလည်း အဖေအမေဆီမှာ မုန့်ဖိုးလက်ဖြန့်တောင်းရင် ပိုက်ဆံ ပြတ်ပါတော့မလား"

"ငါတို့အရွယ်ကြီးက မုန့်ဖိုးတောင်းဖို့သင့်ပါ့မလားဟယ်၊ ဘွဲ့တွေလည်းရပြီးပြီ၊ အလုပ်ရဖို့ ဒီပလိုမာတွေ ဘာတွေလဲ ထပ်တက်ပြီးပြီဆိုတော့ အလုပ်လုပ်ရုံပဲကျန်တော့တယ်"

လေးယောက်သား ထုံးစံအတိုင်း စကားကို သူနိုင်ငါနိုင် လုပြောနေလေရာ ဆူညံနေတော့သည်။ ဆိုင်ထဲမှာ ဖွင့်ထားသော James Blunt(ဂျိမ်း(စ)ဘလန့်)၏ သီချင်းဖြစ်သည့် ...

"Goodbye my lover ... Goodbye my friend ... You have been the one for me ..."

ဟူသော ခံစားချက်ဖြင့် ဆိုညည်းသံသည်ပင် ဖုံးလွှမ်းလုလု။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... ခေါင်းပန်းမြန်မြန်လှန်မှပါ၊ ဆိုင်ထဲ ဝင်လာပြီး ခုထိ ဘာမှ မှာမစားသေးဘဲ လာပြီး ဟေးလားဝါးလား လုပ်နေကြတယ် ထင်တော့မှာပဲနော်"

အိန္ဒယ်က ပြောပြောဆိုဆို ကျပ်စေ့ကို ခေါင်းပန်းလှန်ဖို့ တဆဆလုပ်နေသည်။ ပြာလဲ့ကတော့ ...

"သွားမှာပေးဆို မှာပေးပါမယ်ဟယ်၊ လူမြင်မကောင်းအောင် ခေါင်းပန်းလှန်မနေပါနဲ့"

"ဒီထဲမှာ ငါတို့ကို စိတ်ဝင်စားနေတဲ့သူ ဘယ်သူမှ မရှိဘူး၊ ဒေါ်ပြာလဲ့ ဘာမှ ရှက်မနေနဲ့ အပျော်လုပ်တာ"

"ကဲစမ်းပါဟပေါ့ဟယ်"

"ကဲ ကဲ ... ကောင်းပြီ၊ ဒါဆိုလည်း ငါ ပန်းယူမယ်၊ ဟဲ့ နေဦး ... ပန်းက စပါးနှံလား"

"မဟုတ်ဘူး၊ စပါးနှံက ခေါင်း"

"ဟင် ... ဘယ်လိုကြီးလဲ"

"ငါတို့မြန်မာလူမျိုးတွေက ဆန်စပါးကို စားပြီး အသက်ရှင်ရတယ်လေ။ ဒါကြောင့် ဆန်စပါးဟာ အထွတ်အမြတ်ပဲ။ ဒါကြောင့် စပါးနှံကို ခေါင်းအနေနဲ့ သတ်မှတ်မယ်"

"အိန္ဒယ်ဟာလေ တကယ့်ဆရာမကြီးလေသံနဲ့"





"သူ့ အင်္ဂလိပ်ကျောင်းမှာပဲ ကလေးတွေကို ဆရာမလုပ်နော်။ ဒီအုပ်စုထဲမှာတော့ ဘယ်သူမှ တပည့်မရှိဘူး။ အကုန်ဆရာချည်းပဲ"

ယမုံက ...

"ဟုတ်ပါ့၊ ပြာလဲ့ဆိုလည်း သူ့အလုပ်မှာ သူက ဘော့(စ)၊ ငါဆိုလည်း GM ရဲ့ စက္ကတေရီ၊ ငါ့အထက်မှာ GM ပဲ ရှိတယ်၊ ကျန်တဲ့ စက္ကတေရီတွေကို ငါက ဆရာလုပ်ရုံပဲ"

"ဟယ် ... ငါကျတော့ရော"

နင်းမွန်က စိတ်မကောင်းသလိုမေးသည်။ ငွေနှင်းနှံ့ သူငယ်ချင်းတွေအခေါ် နင်းမွန်ကတော့ သူငယ်ချင်းအားလုံးထဲမှာ အလုပ်မရသေးဘဲ အလုပ်ရှာနေဆဲလည်းဖြစ်သည်။

"နင်းမွန်ရယ် ... နင်က အလုပ်မရသေးပေမဲ့ အိမ်မှာ နင်က အစ်မအကြီးဆုံးလေ။ ဒီတော့ နင်က ဆရာပဲ"

အိန္ဒယ်သည် ပြာလဲ့ကို သေချာအောင် ထပ်ပြီး ...

"ပြာလဲ့ ... နင် ယူမှာ ပန်းနော်"

"စပါးနှံက ပန်းမဟုတ် ခေါင်းတဲ့၊ အင်းလေ ... ထားပါတော့၊ ငါ ပန်းပဲယူမယ်"

"ဘာဖြစ်လို့ ပန်း ယူချင်ရတာလဲ"

"ပြိုင်လာလျှင် အရှုံးပေး နှလုံးအေးတဲ့ဆေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာမှလဲ မဆိုင်ဘဲနဲ့"

ပြာလဲ့ ရယ်ကျဲကျဲလုပ်ရင်း ...

"ကဲပါ ... ကဲပါ ... အိန္ဒယ်ရယ်၊ နင် ခေါင်းပန်းလှန်မှာသာလှန်ပါ။ ငါ အခုမှ တကယ်ဗိုက်ဆာလာပြီ၊ ဘာဂါစားချင်လာပြီ"

"ဟုတ်ပြီ ကြည့်နေနော်"

ဟု ဆိုကာ အိန္ဒယ် ဟုခေါ်သော အိအိန္ဒယ်က သူမလက်ညှိုး လက်မတို့ဖြင့် စားပွဲပေါ်တင်ပြီး ဒင်္ဂါးစေ့ကို လှည့်လိုက်ပါသည်။ ဒင်္ဂါးကျပ်စေ့လေးက ဗိုက်ကာဗိုက်ကာ အကြိမ်များစွာလည်သွားပါသည်။ လေးယောက်သား ဒင်္ဂါးစေ့ ပက်လက်ပြန်ငြိမ်အကျကို ပြုံးကြည့်မိကြသည်။

"ဟယ် ... ခေါင်းကျတယ်၊ ပြာလဲ့ ရှုံးပြီ"

"နေပါဦး ... ငါက အခု ဘယ်သူနဲ့ ပြိုင်လိုက်တာလဲ"

"ဟုတ်သားပဲ၊ ခေါင်းကို ဘယ်သူယူတာလဲ"

"ငါ မေ့သွားလို့ပါဟယ်"

"ဒါဖြင့် ပြန်လှည့်"

ပြာလဲ့ စိတ်မရှည်တော့ဘဲ ...

"ဟော့ ... ဟော့ ... တော်ပြီ ... တော်ပြီ၊ ငါ တကယ်ဗိုက်ဆာလာပြီ၊ ခုန ဘယ်သူမှ မယူဖြစ်လိုက်တဲ့ ခေါင်းကို





အိန္ဒယ် ယူတယ်ပဲထားလိုက်ပါ။ ကျန်တဲ့ ယမုံနဲ့ နှင်းမှုန်ပဲဆက်ပြိုင်ကြပါ"

"နင် သဘောကျရင်ပြီးတာပဲ"

ယမုံနဲ့ နှင်းမှုန် အလှည့်ရောက်တော့ နှင်းမှုန်နိုင်သွားလေသည်။ အိန္ဒယ်ကတော့ ယမုံကို ...

"ယမုံ ... နင် မကျေနပ်ရင် ငါနဲ့ ထပ်ပြိုင်လို့ရတယ်နော်"

ဟု လုပ်နေသေးသည်။ ယမုံကလည်း စိတ်မပါတော့ဘဲ ရှုံ့မဲ့လျက် ...

"တော်ပါပြီ ... တော်ပါပြီ၊ ဆိုင်ထဲဝင်ထိုင်တာဖြင့် နာရီဝက်လောက်ရှိတော့မယ်၊ ခုထိ ဘာမှ မစားရသေးဘူး။ ပြာလဲ့ ပြောသလို ခုမှ တကယ်ဆာလာပြီ"

"ဆာရင်လာ ယမုံ၊ နင်နဲ့ငါ သွားမှာကြတာပေါ့၊ ဘယ်သူ ဘာစားမှာလဲဟေ့"

အိန္ဒယ်က ...

"ငါ့ကို Chicken Nuggets (ချစ်ကင်းနက်ဂက်)နဲ့ Chips (ချစ်(ပ)(စ))တစ်ပွဲနဲ့ Ice Tea (အိုက်(စ)တီး)တစ်ခွက်ပဲ"

ဟု မှာသည်။

နှင်းမှုန်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က ဘာဂါနာမည်ကြီးလို့ ဝင်တာပဲ၊ ဘာဂါပဲစားမယ်။ Chicken နဲ့ပဲနော်၊ ပြီးတော့ Coke (ကုတ်)တစ်ဘူး"

ကျန်နှစ်ယောက် မှာသည်များကို မှတ်သားပြီးလျှင် ပြာလဲ့နဲ့ ယမုံတို့ မုန့်မှာရန် ကောင်တာကို လျှောက်လာခဲ့သည်။ ကောင်တာမှာရပ်ပြီး ကောင်တာပေါ် တင်ထားသော ငွေရောင် ဘဲလ်လေး၏ အဖုလေးကို လက်ချောင်းတွေဖြင့် ဖိနှိပ်လိုက်သော အခါ တင်(မ်)ခနဲ အသံမြည်သွားပါသည်။ အတွင်းမှာ သဲ့သဲ့ ကြားနေရသော စကားပြောသံတွေထဲမှာ အပြင်ဆီ လွင့်ပျံ့လာ သော သီချင်းလိုက်ညည်းသံကိုပါ ကြားနေရသည်။ James Blunt ရဲ့ စီဒီတစ်ချပ်လုံး ထည့်ဖွင့်ထားသောကြောင့် အခု သီချင်းကား ...

"You are beautiful ... You are beautiful ... It's true ..."

ဟူသော သီချင်းစာကြောင်းလေးကို ရွတ်နေတာ ဖြစ်သည်။ ပြာလဲ့က ယမုံ့ကို ...

"James Blunt ကို ငါ ကြိုက်တယ်သိလား၊ သူ့သီချင်းစာ သားလေးတွေက ရိုးရှင်းပြီး ခပ်အေးအေးဆိုလို့ နားထောင် ရတဲ့လူ နားလည်လွယ်တယ်နော်"

လှည့်ပြောနေမိစဉ် မီးဖိုချောင်ထဲမှ ဝန်ထမ်းကောင် မလေးတစ်ယောက် ထွက်လာသည်။ နီညိုရောင် ရှပ်အင်္ကျီ၊ နက်





ပြာရောင် ဘောင်းဘီရှည်အပြင် အပေါ်ဆောင်း ကက်(ပ)ဦးထုပ် လေးမှာတော့ နှားပုံစံမျက်နှာနှင့် ချိုလေးနှစ်ဖက်လည်းပါလိုက် သေးသည်။ ဒီဆိုင်ရဲ့ ယူနီဖောင်းဖြစ်ပုံရသည်။

"ဘာအလိုရှိပါသလဲရှင်"

"မုန့်မှာတော့မလို့ပါ"

"ဟုတ်ကဲ့"

"မှာပြီးတာနဲ့ ချက်ချင်းရမှာလား၊ ရပ်စောင့်နေရမှာလား"

"အစ်မတို့မှာလိုက်မှ မုန့်ကို ပြင်ဆင်ပါတယ်၊ အစ်မတို့ ကိုတော့ နံပါတ်ပြားလေးတစ်ခု ပေးလိုက်မယ်။ နေရာမှာ သွားထိုင်စောင့်နေပါ။ မုန့်တွေ အသင့်ဖြစ်တာနဲ့ ကျွန်မ နံပါတ်ထွက်ခေါ်လိုက်မယ်၊ အဲဒီကျမှ အစ်မတို့ကောင်တာ မှာ လာသယ်ရုံပါ"

"အိုကေ"

"မုန့်တွေက အသင့်ပြင်မထားတာကတော့ ဒီလို အစား အသောက်တွေက ခုချက်ချင်းလုပ်၊ ခုချက်ချင်းစားမှ ပိုအရသာရှိလို့ပါတဲ့၊ ကျွန်မတို့ ဘော့(စ)က အဲဒီလို ရှင်း ပြဖို့ သင်ထားပါတယ်"

"ရတယ် ... ရတယ် ... တို့တွေ သိပါတယ်၊ အားလုံး ဘယ်လောက်ကျလဲ"



www.burmeseclassic.com

www.burmeseclassic.com



မှာပြီးသမျှ ကျသင့်ငွေကိုတော့ ကောင်မလေးက ကွန်ပျူတာစက်အသေးလေးထဲ တတောက်တောက် ရိုက်သွင်းတွက်ချက်ပေးပါသည်။ ကျသင့်ငွေကို ရှင်းပြီးလျှင် ကောင်မလေးက ပလတ်စတစ်ပြားအဝိုင်းလေးတစ်ခု ထုတ်ပေးသည်။ ထိုအနီဝိုင်းလေးပေါ်မှာ အဖြူစာလုံးဖြင့် နှစ်ဖက်မျက်နှာပြင်တွင် တစ်ဖက်မှာ မြန်မာလို (၁၅) တစ်ဖက်မှာ အင်္ဂလိပ်လို (15)ဟု ထွင်းထားပါသည်။

"တို့အုပ်စုက ဆယ့်ငါးယောက်မြောက်လား"

ယမုံက စပ်စုလိုက်တော့ ကောင်မလေးက ခေါင်းညိတ်ရင်း ...

"ငွေစာရင်းအရ နံပါတ်ဆယ့်ငါးရဲ့ ငွေစာရင်းဆိုပြီးလည်း တွက်ရင်ရတယ်လေ၊ အစ်မရဲ့စာရင်းပြန်ကိုက်ရင် လွယ်တာပေါ့"

ကောင်မလေး ရှင်းပြပြီးပြီးချင်း အထဲ ပြန်ဝင်သွားတော့ ပြာလဲ့နဲ့ ယမုံတို့ ကိုယ့်နေရာကိုယ် ပြန်လာထိုင်နေသည်၊ ဒီသူငယ်ချင်းတစ်အုပ်စုလုံးက ငွေကြေးပြည့်စုံကြွယ်ဝသော အသိုင်းအဝိုင်းမှ မိန်းကလေးတွေပီပီ ပိုက်ဆံချမ်းသာသူတွေ အများစု လုပ်နေကြလိုပဲ နိုင်ငံခြားကို အလည်အပတ် မကြာခဏ သွားဖူးသူတွေ၊ ကျောင်းနှစ်နှစ်လောက် သွားနေဖူးသူတွေလည်းရှိရာ





ဘာဂါဆိုင်၏ အဆင့်မြင့်မှု၊ နိုင်ငံခြားကဆိုင်တွေလို စီမံခန့်ခွဲထားမှုကို လေ့လာမိကြပြီးလျှင် ...

"သေချာတယ်နော်၊ ဒီဆိုင်ပိုင်ရှင်ဟာ နိုင်ငံခြားမှာ နေခဲ့ဖူးလို့ ဒီလိုပုံစံ အတုခိုးပြီးဖွင့်တာထင်တယ်"

ဟူ၍ မှတ်ချက်ပြုမိကြလေသည်။

မုန့်ပြင်ဆင်နေတာကို စောင့်ရတာ သိပ်တော့မကြာ ... ဆယ်မိနစ်လောက်အတွင်းရပါသည်။ ခုန ဝန်ထမ်းကောင်မလေးပဲ ပြန်ထွက်လာပြီး ...

"နံပါတ်ဆယ့်ငါး"

ဟု အော်လိုက်လျှင် ပြာလဲ့နဲ့ ယမုံတို့ သွားထယူလိုက်ကြလေသည်။

ထိုအချိန်တွင် ပြာလဲ့တို့ကို စောင့်ကြည့်နေသော အတွင်းခန်းမှာတော့ မင်းအဂ္ဂသည် ပြာလဲ့နဒီဆိုသော မိန်းကလေးအကြောင်း ဆက်ပြောနေဆဲဖြစ်သည်။ ဒီ Burgers & Fast Foods (ဘာဂါ(စ)အင်န် ဖတ်(စ)ဖုထ်) ဆိုင်လေးကို မင်းအဂ္ဂနှင့် ... ်းသစ်နေတို့ ရှယ်ယာတစ်ဝက်စီထည့်ပြီးဖွင့်ထားတာ သိပ်တော့ မကြာသေးပါ။ ခြောက်လကျော်မျှသာရှိဦးမည်။ သို့သော် ဆိုင်ရဲ့ ... ပြင်အဆင်ရော အမုန့်အရည်အသွေးတွေကပါ အရသာတစ်မျိုး ... ထူးခြားနေသဖြင့် လူကြိုက်များလာပြီး လူသိများလာတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မြန်ဆန်လှသည်။ မကျဉ်းမကျယ် ဆိုင်ထဲမှာ ကလေးမွေးနေ့ပွဲ အငယ်စားလေး (ဥပမာ လူနှစ်ဆယ်ခန့်မျှ)ကျင်းပလို့ရသော မွေးနေ့ ကျင်းပရာ အခန်းငယ်လေးလည်း ထပ်ဖွဲ့ထားသေးသည်။

လူတစ်ရာလောက်မျှနှင့် ညစာစားပွဲ အသေးစားလေး ကျင်းပချင်လျှင်တော့ ဆိုင်ဖွင့်ထားရာနေရာတစ်ခုလုံးကို အသေအချာ ထပ်ပြင်ဆင်ပေးပြီး ညစာစားပွဲလုပ်လို့ရအောင် စီစဉ်ပေးသည်။ ထိုနေ့လိုမျိုးဆိုရင်တော့ ဆိုင်ကို အပြင်လူလက်မခံဘဲ ညစာစားပွဲကျင်းပချိန် နာရီပိုင်းမျှ ပိတ်ထားပေးတာမျိုး ရှိလေသည်။ များသောအားဖြင့်တော့ သူငယ်ချင်းတွေ မိတ်ဆုံစားပွဲမျိုး၊ နေ့စပ်ပွဲလေးမျိုး၊ အနုပညာနဲ့ စာနယ်ဇင်း တွေ့ဆုံပွဲလိုမျိုးတွေသာ ကျင်းပလေ့ရှိသည်။

ဆိုင်မှာ ဘာဂါကို အဓိကရောင်းပေးပေမဲ့ မနက်နေ့လယ်တွေမှာ ကော်ဖီ တီးတို့နဲ့ တွဲစားလို့ရသော Muffin (မက်ဖင်း)ကိတ်မုန့်လေးမျိုး၊ ပေါင်မုန့်မီးကင်နှင့် ကြက်ဥမွှေကြော်လိုမျိုး ကွတ်ကီးဘီစကစ်လိုမျိုးတွေတော့ ရနိုင်လေသည်။ မနက်ခုနစ်နာရီမှ စဖွင့်ရာ ညဆယ်နာရီထိ ဖွင့်သည်။ ပိတ်ရက်မရှိ ဖွင့်ထားသည်။ ဝန်ထမ်းတွေကတော့ အချိန်ပိုင်း အလုပ်လုပ်သူ ခြောက်နာရီ၊ ရှစ်နာရီ၊ ဆယ်နာရီ စသဖြင့် အလုပ်လုပ်သူတွေရှိပြီး အားလုံး သူ့နားရက်နဲ့သူ ခွဲပေးထားရာ တစ်ပတ်မှာ တစ်ရက်တော့ နားနိုင်လေသည်။





ဆိုင်၏အမည်ကို သူတို့နှစ်ဦး စိတ်ကြိုက် Milky way(မေးလ်ကီးဝေး)ဟု အမည်ပေးထားပါသည်။ အမှန်စင်စစ်တော့ ဆန်းသစ်နေ့နဲ့ မင်းအဂ္ဂတို့ဟာ ငယ်သူငယ်ချင်းတွေတော့ မဟုတ်ကြ။ ရန်ကုန်မှာရှိတုန်းကလည်း တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံသိကျွမ်းကြသူများလည်း မဟုတ်ကြချေ၊ သူတို့ စင်ကာပူမှာ ကျောင်းသွားတက်တော့မှ တွေ့ဆုံသိကျွမ်းကြတာဖြစ်သည်။ စင်ကာပူမှာ ဘွဲ့တစ်ခုယူပြီးလျှင် နှစ်ဦးတိုင်ပင်ပြီး ဩစတေးလျမှာ တစ်နှစ်ခွဲလောက် ထပ်သွားတက်ကာ ဒီပလိုမာဘွဲ့တစ်ဘွဲ့ ဆပ်သွားယူတော့လည်း အတူတူဖြစ်သည်။

အဲဒီလိုကနေ စတင် ခင်မင်ရင်းနှီးသွားကြပြီး တတွဲတွဲဖြစ်လာပေမဲ့ သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက်တော့ ငယ်ပေါင်းတွေလို သိပ်ပြီးဖြူဖြူစင်စင် မခင်ကြလှ။ အပေါ်ယံလောက်သာ ရုပ်ပြီး ခင်မင်နေကြသူတွေ၊ စိတ်ထဲမှာတော့ တစ်ယောက်နဲ့တစ်ယောက် ကျိတ်ပြိုင်နေကြသူတွေပဲဖြစ်သည်။

မြန်မာပြည် ပြန်ရောက်တော့ နှစ်ယောက်စလုံး ဘာလုပ်ငန်း လုပ်ကြရမယ်မှန်း မစဉ်းစားရသေးလေရာ ...

"ငါတို့ နိုင်ငံခြားမှာဆို McDonald's ဆိုင် သွားစားလိုက်၊ KFC ဆိုင် သွားစားလိုက် ပိုက်ဆံဖြုန်းလာတာကွာ၊ အဲဒါပဲ အတွေးခိုးပြီး မင်းရော ငါရော ဟိုမှာ ကျောင်းတက်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က အဲဒီလို ဆိုင်တွေမှာ တစ်ပတ်နာရီနှစ်ဆယ်လောက် ဝင်လုပ်ဖူးခဲ့တဲ့ အတွေ့အကြုံရှိတာပဲ၊ ဘယ်လို စီစဉ်ရမယ် ဆိုတာ သိနေပြီ"

ဆန်းသစ်နေက ဒီအကြံကို စပြီးပေးခဲ့တာဖြစ်သည်။

"ဆိုင်မှာ ဝင်လုပ်ဖူးတာက ဟုတ်တယ်၊ အစားအသောက်တွေ ပြင်ဆင်ချက်ပြုတ်မဲ့ Chef (ရှက်ဖ်)က ဘယ်မှာလဲ၊ ကိုယ့်ကိုယ်ပိုင် Bakery (ဘေကာရီ)နဲ့ ဘာဂါဆိုလည်း ဘာဂါထဲထည့်တဲ့ Racipe (ရဆက်ပီ)ကလည်း သူများနဲ့ မတူဘဲ အရသာတစ်မျိုးထွက်အောင်လုပ်နည်းနဲ့ ဖြစ်နေမှ အောင်မြင်မှာနော်။ ရန်ကုန်မှာလည်း မင်း သိရတဲ့အတိုင်းပဲ ဘာဂါဆိုင်တွေက အများကြီး၊ ကိုယ့်ဆိုင်က မတူဘဲ အရသာ ခွဲထွက်နေမှ စားလိုက်တာနဲ့ ဒါ Milky Way က ဘာဂါဆိုတာ သိသာနေမှာ။ နိုင်ငံခြားမှာဆို ဘာဂါဆိုင်တွေ အများကြီးလေ၊ ဒါပေမဲ့ မင်းရော ငါရော စားဖူးပါတယ်၊ စားလိုက်တာနဲ့ သိတယ်ဟာ၊ ဒီဘာဂါကတော့ Mc Donald's (မက်ဒေါနယ်လ်)က၊ ဒီဘာဂါကတော့ KFC က၊ ဒီဘာဂါကတော့ Hungry Jack's(ဟန်းဂရီးဂျက်(စ)) က၊ ဒီဘာဂါကတော့ Chicken Treat(ချစ်ကင်းထရိ)ကနဲ့





တစ်ဆိုင်နဲ့တစ်ဆိုင် မတူဘူး သိသာနေတာမျိုး။ ငါလည်း အဲဒီလိုဖြစ်ချင်တော့ Chef ကို အသေအချာ ရှာရမယ်"

မင်းအဂ္ဂ အကြံပေးတာကို သဘောတူပြီး ဆန်းသစ်နေနဲ့ မင်းအဂ္ဂတို့ ကိုယ်တိုင် လိုက်ရှာဖွေတွေ့ရှိထားသော စားဖိုမှူး Chef မှာ အခုမှ သင်တန်းပြီးစ လူငယ်လေးပေမဲ့ တော်တော်လက်ရာကောင်းလေသည်။

"မင်းနဲ့ငါ Chef တွေ အများကြီး အင်တာဗျူးပြီး သူတို့လုပ်ပေးသမျှ ဘာဂါတွေ တစ်နေ့တစ်နေ့ ထိုင်မြည်းပြီး ဘော်ဒီဝိတ် အတက်ခံပြီး ရွေးရကျိုး နပ်ပါတယ်ကွာ။ ဒီ Chef ရဲ့ ဘာဂါလက်ရာက အကောင်းဆုံးပဲ၊ ငါတို့ဆိုင်က ဘာဂါနဲ့ပဲ နာမည်ကြီးချင်တဲ့ဆိုင်ဆိုတော့ အဓိကက ဘာဂါလုပ်တဲ့နေရာမှာ အကောင်းဆုံးဖြစ်ဖို့လိုတယ်"

ထိုစားဖိုမှူးလေးရဲ့ ဘာဂါဟာ တကယ်ပဲ အရသာကောင်းကြောင်း မကြာခင်မှာ လက်တွေ့သိမြင်ခံစားလာရတာကတော့ ဆိုင်ဖွင့်ပြီး သိပ်မကြာခင်မှာ လူကြိုက်များလာတာဖြစ်သည်။ Milky way ဆိုင်ကို လာကြသူတွေဟာ အဓိက,ကတော့ ဘာဂါကို စားချင်လို့လာကြသူများပါသည်။ ဘာဂါနဲ့အတူ တခြားသော Fast foods တွေတော့ တွဲရောင်းပေးရပါသည်။ ဥပမာ Chicken Nuggets ဟု ခေါ်သော ကြက်သားကို အကြော်မှုန့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အတုံးအတုံးလေးတွေ ကြော်သော အစားအစာမျိုး၊ Fish Fingers ဟုခေါ်သော ငါးအသားလွှာအချောင်းတွေကို အကြော်မှုန့်နဲ့ကြော်သော အစားအစာမျိုး၊ အာလူးဆင်းဒဝစ်(ရှ်)၊ ချိ(စ)ဆင်းဒဝစ်(ရှ်)၊ ငါးသေတ္တာဆင်းဒဝစ်(ရှ်)၊ ကြက်သားဆင်းဒဝစ်(ရှ်)လိုမျိုးတွေ၊ Apple Pie(အက်ပယ်လ်ပိုင်)မုန့်၊ အာလူးပိုင်မုန့်၊ Sausage rolls (ဆောဆေ့ချ်ရိုးလ်)လို မုန့်လေးတွေ စသည်တို့ကိုလည်း အမျိုးပေါင်းနှစ်ဆယ်လောက် ထပ်တိုးပြီး ရောင်းပေးပါသည်။

"မင်းက ပြာလဲ့နဒီဆိုပြီး အဲဒီမိန်းကလေးကို ဘယ်လိုလုပ်သိနေလဲ"

"ဟိုတလောက Pool side(ပူးလ်ဆိုဒ်)မှာလုပ်တဲ့ ပါတီတစ်ခု သွားတယ်ကွာ၊ ငါ့အပေါင်းအသင်းတစ်ယောက်ရဲ့ ပါတီဆိုပါတော့၊ အဲဒီမှာ တွေ့ခဲ့တာ၊ သူက သိပ်လှတယ်လေ။ အားလုံးထဲမှာ ထင်းနေအောင်ပဲ၊ အဲဒီညက အနီရောင်အင်္ကျီလေးနဲ့ လှနေတော့ ငါလည်း လိုက်ငေးကြည့်မိတယ်၊ ငါ ကြည့်နေမှန်းသိလို့ ငါ့ရဲ့ အပေါင်းအသင်းကောင်က ပြာလဲ့နဒီကိုမှ သတိမထားမိရင် မင်း ဘယ်မိန်းကလေးကိုမှ မြင်တတ်မှာမဟုတ်တော့ဘူးတွေ ဘာတွေ လာပြောပြတာလေ"

"နာမည်ကြီးရအောင် သူက ဘာလဲ၊ မင်းသမီးလား"





"မဟုတ်ဘူး၊ မော်ဒယ်လ်လည်း မဟုတ်ဘူးကွ၊ တစ်ခါတော့ Miss တစ်ခုဆိုလား အပျော်တမ်းဝင်ပြိုင်လိုက်ပြီး ရခဲ့ဖူးတာရှိတယ်တဲ့။ သူ့ကို မင်းသမီးလုပ်ဖို့ မော်ဒယ်လ်လုပ်ဖို့ ကမ်းလှမ်းကြတာရှိပေမဲ့ မလုပ်ဘူးဆိုပဲ။ Missဘွဲ့ရပြီး နိုင်ငံခြားကို ကျောင်းသွားတက်လိုက်ပြီးမှ အခုမှ ပြန်လာတာ မကြာသေးဘူးတဲ့"

"ဘယ်နိုင်ငံကိုလဲ"

"အမေရိကားမှာကွ၊ ကွန်ပျူတာင်းပိုင်းပဲ သွားတက်လာတယ်ပြောတယ်၊ အခုတော့ ဒီပြန်ရောက်ပြီး သိပ်မကြာခင်မှာ သူ သင်လာတာနဲ့ ဆိုင်လား မဆိုင်လားမသိတဲ့ Mini Mart(မိနီမားတ်)လေးတစ်ခု ဖွင့်ထားတယ်ပြောတယ်"

မင်းအဂ္ဂ ပုံစံက ပြာလဲ့နဒီကို မြင်နိုင်သောနေရာက လှမ်းချောင်းကြည့်လိုက်၊ အားတက်သရော ပြောပြလိုက်လုပ်နေသဖြင့် ဆန်းသစ်နေလည်း စိတ်ထဲမှာ တစ်စုံတစ်ခုကို တွေးမိသွားသည်။ ဒီကောင် ပြာလဲ့နဒီကိုများ သဘောကျနေပြီလား။ မင်းအဂ္ဂ ဆိုတဲ့ကောင်က ဘဝင်ခပ်မြင့်မြင့်၊ မာနခပ်ကြီးကြီးထဲက ဆိုသော ကောင်လေးမျိုးဖြစ်သည်။

ရုပ်ရည်ရူပကာကလည်း အပြစ်ပြောစရာမရှိအောင် ချောမောခန့်ထည်လှသလို၊ မိဘကလည်း ကြွယ်ဝပြည့်စုံသူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ မင်းအဂ္ဂကိုဆိုလျှင် သူ မစ,ခင်ကပင် အရင်စ,ချင်သည့် မိန်းကလေးတွေမှ အများကြီးလို့ဆိုရင် ရနိုင်သည်။ တချို့မိန်းကလေးတွေဆို လှုပင်မမြင်ဘူးပေ။ သတင်းအကြား နာမည်အကြားနဲ့ပင် ကြိုပြီးသဘောကျနေကြတာမျိုးတောင်ရှိကြောင်း ဆန်းသစ်နေ ကြုံဖူးပါသည်။

မင်းအဂ္ဂကလည်း ဒီလိုမျိုး မိန်းကလေးတွေကြားမှာ ရေပန်းစားသဘောကျခံနေရပြီး ပျိုတိုင်းကြိုက်ဖြစ်နေရသောဘဝကို တော်တော်ဂုဏ်ယူနေသူ၊ အလိုလိုနေရင်း ဘဝင်မြင့်နေသူ၊ သူ့ကိုယ်သူ သိပ်အထင်ကြီးနေတတ်သူဖြစ်လျက် တော်ရုံတန်ရုံမိန်းကလေးဆို လှည့်တောင်မကြည့်။ စကားထဲပင် ထည့်မပြောချင်သူဖြစ်လေသည်။ မင်းအဂ္ဂသာ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်လျှင် သူ့လက်ကို လာတွဲချင်နေသော မိန်းကလေးတွေ၊ အချောအလှတွေ အများကြီးပေမဲ့ မင်းအဂ္ဂက လှုပ်ါ။ သူ့ဂုဏ်သူထိန်းသည်။ မိန်းကလေးတွေ ထည်လဲတွဲနေသော လူရှုပ်လှုဒ္ဓပွလေးအဖြစ် သူ့ကိုယ်သူ အဖြစ်မခံ။ နာမည်ပျက်မခံ။ မိန်းကလေးတွေနဲ့ သိပ်အရောမဝင်။

"လူဆိုတာ အခုလိုမျိုး ခပ်တည်တည်လေးနေပြပြီး ဈေးကိုင်ပြမှ ပိုတန်ဖိုးတက်တာကွ၊ မင်းအဂ္ဂက အလကားပါ၊ ရုပ်ကလေးချောသလို ရည်းစားကလည်း ပေါတယ်ဆိုရင်





ငါ့ကို အခုလောက် မိန်းကလေးတွေက စိတ်မဝင်စားကြတော့ဘူးကွ။ တကယ့်ကို အနေမှန်မှန်လေးနဲ့ တည်ပြလေလေ ပိုပြီးကြိုက်လေလေပဲ။ သိပ်တည်ငြိမ်ပြီး ဘယ်မိန်းကလေးမှမရောတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရေးပေးမှုကိုမှ မိန်းကလေးတွေက ပိုရချင်တာကွ၊ အဲဒီလို ပိုရချင်တော့ ပိုပြီး ငါ့ရှေ့မှာဆို သည်းသည်းလှုပ်ဖြစ်တာပေါ့"

ဟူ၍လည်း ဆန်းသစ်နေနဲ့ ဆုံတိုင်း ဂုဏ်ယူစွာ ဝင့်ဝင့်ကြွားကြွား ပြောပြတတ်တာတွေရှိသည်။

ထိုသို့ သူ့ကိုယ်သူ အမွှမ်းတင် ဘဝင်မြင့်ကာ မိန်းကလေးတွေကို အထင်မကြီးသောသူက ပြာလဲ့နဒီအကြောင်း တော်တော်လေးပြောသည်မှာ ထူးဆန်းနေပါသည်။ မင်းအဂ္ဂနှုတ်ဖျားမှ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး ပြောတာဆိုလို့ ဒါပထမဦးဆုံးအကြိမ်ပဲ ဖြစ်လိမ့်မည်။

"တစ်ရက်ကျရင် သူ့ရဲ့ Mini Mart ကို သွားကြည့်ကြရအောင်"

မင်းအဂ္ဂက ဆန်းသစ်နေကို အဖော်ညှိလေသည်။

"ဘာလုပ်မလို့လဲ"

"ဩော် ... မြင်ဖူးချင်လို့ပေါ့ကွာ"

"မင်း သူ့ကို စိတ်ဝင်စားနေပြီလား အဂ္ဂ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားတယ်ဆိုတာ ဘာကို ခေါ်တာလဲ"

"သဘောကျလာတာ၊ ချစ်ချင်လာတာ"

"အံမယ် ... မင်း မဆိုးဘူး၊ ရုပ်ဆိုးပေမဲ့ ဒါမျိုးလေးတွေတော့ ကဗျာဆန်ဆန် ပြောတတ်လာသားပဲ"

"ဒီမှာ အဂ္ဂ၊ မင်းလို သိပ်ချောတဲ့ကောင်ဟာ မင်းတစ်ယောက်တည်းနေရင် သိပ်အသိသာကြီး မဟုတ်ဘူးကွ၊ ငါ့လို ရုပ်ဆိုးတဲ့ကောင်တစ်ကောင် မင်းဘေးမှာ အမြဲရှိနေလို့ မင်းရဲ့ရုပ်ရည်ဟာ ပိုသတိထားမိစရာဖြစ်လာတယ်ဆိုတာကိုလည်း မမေ့နဲ့လေ။ မင်းလည်း ဒါကို သိလို့ ငါ့ကို အသုံးချနေတာပဲ မဟုတ်လား"

"ဟား ဟား ဟား ... လူတွေက အမှန်ပြောရင် စိတ်ဆိုးတတ်ကြပါလားကွာ"

"မဟုတ်ဘူး၊ စိတ်မဆိုးဘူး၊ မင်း မှန်တာပြောတာကို ငါ လက်ခံပါတယ်၊ ဟုတ်တယ် ငါ ရုပ်ဆိုးတယ်၊ အသားမည်းတယ်၊ အမေမွေးကတည်းက ပါလာတဲ့ ဒီရုပ်ရည်အတွက် ငါ ဘာမှ ဝမ်းမနည်းဘူးလေ။ မင်း ရုပ်ချောတာကို ငါ အားကျနေတယ်များထင်လား။ မထင်နဲ့နော် ငါ အားမကျဘူး။ ယောက်ျားဆိုတာ ချောနေလှနေဖို့ မလိုဘူးကွ"

"ဒါဖြင့် ဘာလိုလဲ"





"ပိုက်ဆံရှာတတ်ဖို့ပဲလိုတယ်၊ ပြီးတော့ သစ္စာရှိဖို့လိုတယ်၊ အဲဒီနှစ်ခုရှိရင် မိန်းကလေးတစ်ယောက်ဆီက ချစ်ခြင်းမေတ္တာကို ရနိုင်တယ်"

မင်းအဂ္ဂကတော့ လှောင်သလိုအသံနဲ့ ရယ်လေသည်။

"ဒါဖြင့် ပြာလဲ့နဒီလို မိန်းကလေးက မင်းလိုကောင်ကို ကြိုက်လာမယ်လို့ မင်း လောင်းရဲသလား"

ဟူ၍ စိန်ခေါ်လိုသောအသံဖြင့် ဆက်မေးလာလေသည်။

"ပြာလဲ့နဒီတို့ကလည်း မင်းတို့ ငါတို့လောက် ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးမျိုးပဲ ဆန်းသစ်။ ယောက်ျားတစ်ယောက် ငွေရှာတတ်ရုံပဲ သဘောကျလာမဲ့ သာမန်အတန်းအစားထဲက မိန်းကလေးတော့ မဟုတ်ဘူးနော်"

"ဒါဖြင့်လည်း သူဟာ ယောက်ျားတစ်ယောက်ရဲ့ သစ္စာရှိမှုကိုတော့ အရေးထားရင် ထားနေမှာပေါ့"

"ဘယ်လိုလဲ မင်းနဲ့ငါ ပြိုင်ပြီး လိုက်ရဲလား"

"ဘာလုပ်ဖို့လဲ"

"ပြာလဲ့နဒီရဲ့အချစ်ကိုရဖို့"

"ငါမှ သူ့ကို ချစ်,မချစ် မသိသေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ … အံ့ဖွယ်သရဲပဲ၊ ဒီလောက်လှတဲ့ မိန်းကလေး၊ အရည်အချင်းရှိတဲ့ မိန်းကလေးကို မချစ်နိုင်သေးတဲ့ကောင် ရှိသေးတယ်လား"

"ဟုတ်တယ်လေ၊ မိန်းကလေးတစ်ယောက် လှလို့ လိုက်ချစ်နေရရင် လောကကြီးမှာ ငါ ချစ်တဲ့ မိန်းကလေးတွေ ရိုက်သတ်လို့တောင် မကုန်ဘူး၊ ပြောရမယ် အခုခေတ်မှာ တော်ရုံတန်ရုံလှနေတဲ့ မိန်းကလေးကလည်း ပြင်တတ်ဆင်တတ် ဝတ်တတ်စားတတ်လာတော့ ပိုပြီး လှသွားကြတာပဲလေ။ မင်း ရှော့ပင်းမောလ်တစ်ခုကို သွား၊ တစ်နာရီလောက်ပဲထိုင်ကြည့်လိုက်၊ လှလို့ ချောလို့ဆိုပြီး လိုက်ချစ်ရမဲ့ မိန်းကလေးတွေမှ အယောက်တစ်ရာမက တွေ့လိမ့်မယ်"

ဆန်းသစ်နေ ဘုကန့်လန့်ပြောသည်ဟုသာ မင်းအဂ္ဂက ထင်မိပါသည်။

"မင်း တကယ်တော့ ငါနဲ့ မပြိုင်ရဲပါဘူးကွာ"

မင်းအဂ္ဂက သူ့ထုံးစံအတိုင်း ဆန်းသစ်နေကို နှိမ်သလိုလိုပြောလိုက်ပါသည်။ ရုပ်ချောတဲ့သူတွေရဲ့ အကျင့်အရ အသားဖြူပြီး ရုပ်ရည်ခန့်ညားနေတတ်တဲ့ လူတွေရဲ့ အကျင့်အရ ရုပ်ဆိုးတဲ့သူဆိုရင် အလိုလိုနေရင်း အထင်သေးချင် စသော စိတ်ဓာတ်မျိုးကို မင်းအဂ္ဂမှာ ပိုင်ဆိုင်ထားပြန်သည်။





ဆန်းသစ်နေမှာ မင်းအဂ္ဂနဲ့ သူ သိပ်ကြီးမတည့်လှပေမဲ့ သိပ်ကြီးလည်းမခင်လှပေမဲ့ ဘာကြောင့်မှန်းမသိ မင်းအဂ္ဂဆို ရတဲ့နည်းနဲ့ ကျိတ်ပြိုင်တတ်သူဖြစ်လေရာ မင်းအဂ္ဂနားမှာ သူက အမြဲရှိနေတတ်သူဖြစ်ပါသည်။ အခုလည်း ပြာလဲ့နဒီဆိုသော ချောချောလှလှ အလုပဂေးမလေးကို ချောလို့လှလို့ ကြည့်မိရုံကလွဲရင် တကယ်လည်း ဒီထက်မပိုပါဘဲ မင်းအဂ္ဂက မခံချင်အောင် ပြောလာသောအခါ စိတ်ထဲမှာ ဒီကောင့်ကို ရအောင်ပြိုင်ကြည့်ချင်သွားပါသည်။

"ဘာကြောင့် မပြိုင်ရဲရမှာလဲ"

"မင်းက ရုပ်ဆိုးတော့"

"ရှေးတုန်းက ဒဏ္ဍာရီတစ်ခု ကြားဖူးလား၊ မင်းကုသဆိုတဲ့ မင်းသားက သိပ်အရုပ်ဆိုးပြီး ပပဝတီကတော့ သိပ်လှတယ်ဆိုတာလေ"

"အဲဒါ ရှေးတုန်းကဇာတ်လမ်းလေ၊ အခု မင်းနဲ့ငါကတော့ 21st Century(တွင်တီဖတ်(စ)ဆင်ကျူရီ)က ဇာတ်လမ်းလေကွာ၊ ဘယ်တူမလဲ"

"ပြိုင်တာက ဟုတ်ပါပြီ၊ ဘယ်အထိ ပြိုင်ရမှာလဲ"

"သူ့ဆီက အဖြေရတဲ့အထိလေ"

"ငါ သူ့ကို ချစ်မှမချစ်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com

"သူက နူးနူးညံ့ညံ့ပြောလာရင်တောင် မင်းက နာအံ့ထင်ချင်သေးတာလား ဆန်းသစ်"

"မဟုတ်သေးဘူးနော်၊ မင်းလည်း အသေအချာ စဉ်းစားဦး၊ မင်း သူ့ကို ချစ်နိုင်လို့လား"

"ချစ်တယ်ထင့်တယ်၊ သူ့လောက် ဘယ်မိန်းကလေးမှ ငါ့စိတ်ကို မလွှမ်းမိုးနိုင်သေးတာတော့ သေချာတယ်"

"အချစ်ဆိုတာတော့ ငါလည်း မသိဘူးလေ၊ ဒါပေမဲ့ တစ်ခါတလေကျ ကိုယ်က မရေရာဘဲ ဆုံးဖြတ်လိုက်ပြီးမှ ကိုယ်တကယ်ချစ်ရမဲ့လူတွေ့လာရင် ခက်မှာနော်"

"မင်း မပြိုင်ရဲလို့ လှည့်ပတ်ပြောနေတာပါကွာ၊ ဟား ဟား ဟား ... ဆန်းသစ်ရာ၊ ဝန်ခံလိုက်စမ်းပါ"

ဆန်းသစ်နေ၏ မခံချင်စိတ်တွေက ထောင်းခနဲ ထသွားပြီးလျှင် ...

"အိုခေ ... ဒါဆို ပြိုင်မယ်"

ဟူသော ပြန်ချေပလိုက်သံသဲ့သဲ့သည် သူတို့နှစ်ဦးသာ အသုံးပြုခွင့်ရသော နောက်ဖေးဆောင်ထဲက သီးသန့်ရုံးခန်းငယ်လေးထဲမှာ ပျံ့လွင့်သွားခဲ့ပါသည်။

❤ ➻ ❤





( ၂ )

ပြာလဲ့နဒီ မိနိမှော်ထဲရှေ့မှာ ပြိုင်ကားလေးနှစ်စီး လျှောခနဲ လျှောခနဲ ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကြပါသည်။ တစ်စီးက ငွေမင်ရောင်လက်လက်ထနေကာ ကျန်တစ်စီးကတော့ နက်မှောင်ပြောင်လက်နေလေသည်။

ကားထဲမှာတော့ ရင်ဘတ်ကို လာထုသလို အသံမျိုး ဖြစ်စေသည့် ဆောင်းဘောက်(စ)ဘော့(စ)သံပြင်းပြင်းနဲ့ ဖွင့်ထားသည့် စီဒီစက်ထဲမှ သီချင်းသံကို အပြင်ထိ တဒုဒုအသံ ကြားနေရဆဲ။

ကားမောင်းသူဘက်ခြမ်းမှ ကားတံခါးတွေ အသီးသီး မရှေးမနှောင်းပင် ချပ်ခနဲ ပွင့်လာကြသောအခါ လူတွေအားလုံး နီးပါးရဲ့ မျက်လုံးတွေဟာ ငွေမင်ရောင်ပြိုင်ကားလေးထဲမှ ကောင်လေးဆီ တန်းတန်းမတ်မတ် ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးက ချောလိုက်တာဟာယ်"

ဆိုသော တီးတိုးပြောသံတွေလည်း ခပ်သဲ့သဲ့။
အနက်ရောင် တောက်ပပြောင်လက်နေသော ကားထဲမှ ထွက်လာ
သူကောင်လေးကား ဆန်းသစ်နေ။

သူ့အရပ်အမောင်း အလုံးအထည်တို့က မင်းအ
ထက်ပင် ပိုထွားပိုမြင့်မားလှပေမဲ့ သူ့အသားအရေက တော်တော်
ကို မည်းလေသည်။ ညိုမှောင်ရုံမက မည်းသည့်ဘက် လှနေသော
အသားအရေတို့ကို ပိုင်ဆိုင်ပြီး သူ့နှုတ်ခမ်းတွေကတော့ ထူထူ
ထဲထဲ၊ လေးထောင့်ကျကျ မေးရိုးနှင့် သူ့ရုပ်ရည်မှာ ဘယ်လိုမှ
မပြေပြစ်ပါ။ ရုပ်သိပ်ဆိုးသည်ဟု ပြောလို့မရ ရုံတမယ် ရုပ်ရည်
ရှိသော ထိုကောင်လေးသည် မျက်ခုံးထူထူနက်နက်တန်းတန်းတွေ
ကိုသာ ပိုင်ဆိုင်မထားဘူးဆိုလျှင် ဘယ်လိုမှ ကြည့်ပျော်ရှုပျော်
ပင်ရှိမည်မထင်ပါ။

ပိုဆိုးတာက ဆန်းသစ်နေဟာ သူတစ်ဦးတည်း
ရှိနေရင်တော့ သိပ်အသိသာကြီး ရုပ်မဆိုးပေမဲ့ သူက မင်းအဂ္ဂလို
ချောမောကြည့်ကောင်းလွန်းပြီး အသားအရေကအစ မိန်းကလေး
တွေပင် အားကျရအောင် ဝင်းဝါစိုပြည်နေသော လူချောလေးနဲ့
သွားတွဲလိုက်သဖြင့် သူ့ရုပ်မလှတာ၊ ရုပ်ဆိုးတာက သိပ်ကိုသိသာ
သွားပါသည်။





ကောင်လေးနှစ်ယောက် တစ်ယောက် လှချော၊
တစ်ယောက်က လှရုပ်ဆိုးတို့သည် ပြိုင်ကားပုံစံတူ အရောင်ကွဲ
ကို အသီးသီးစီးလာ၊ ဆိုင်ရှေ့ ရှေ့ဆင့်နောက်ဆင့်ရပ်ပြီးတာနဲ့
နှစ်ယောက်အတူ ပြုံးရယ်နှုတ်ဆက်ပြကြပြီး ဆိုင်ထဲ အတူတွဲ
ဝင်သွားသော မြင်ကွင်းသည် ဘာမှ မဆန်းလှပါဘဲ အသေအချာ
လိုက်ငေးကြည့်သူတွေပင် ရှိသွားခဲ့ပါသည်။

သူတို့ ပြာလဲ့နဒီ မိနီမာ့ထ်ထဲ ဆိုင်အဝင်ဝမှန်တံခါး
ကို တွန်းဖွင့်ဝင်သွားကြလေသည်။

ငွေရှင်းကောင်တာမှာ နှစ်ခုသာရှိလျက် ဆိုင်ထဲမှာ
တော့ ကုန်ပစ္စည်းအမျိုးအစားအလိုက် ခွဲထားသော အတန်းလိုက်
ပြင်ဆင်စင်းကျင်းထားသည်။ အသားတို့၊ အသီးအရွက်၊ အသီး
အနှံတို့၊ အိုက်(စ)ကရင်(မ)၊ ရေခဲချောင်း၊ အအေးဘူးတို့ ဒိန်ချဉ်
ဘူးတို့လို အအေးခန်းထဲမှာထားရသော အရာတွေကတော့ ဆိုင်
၏ ဘေးတစ်ဖက်တစ်ချက်တွေမှာ နံရံကပ်မြှုပ်ထားသော Freezer
(ဖရီဇာ)တွေထဲမှာ ထားလေသည်။ လိုချင်လျှင် Freezer ဆွဲဖွင့်
ပြီး ကိုယ်ဈေးဝယ်မဲ့ခြင်းထဲ ထည့်ရုံ။ ဆိုင်က ခပ်သေးသေးမို့
ဈေးဝယ်တွန်းလှည်း Trolley တော့မထားပါ။ လက်ဆွဲခြင်းလေး
တွေနဲ့သာ ဝယ်ရပါသည်။

သူတို့ ဝင်လာချိန်မှာ ဆိုင်သည် လူအများကြီးလည်း
မဟုတ်၊ လူသိပ်အနည်းကြီးလည်း မဟုတ်လှပါဘဲ သူ့ကောင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတော့ လူရှိနေသည်။ ပြာလဲ့နဒီကတော့ ငွေရှင်းကောင်တာ တစ်ခုရဲ့နောက်မှာ ဖုန်းပြောနေတာ တွေ့ရသည်။

သူတို့ ဝင်လာတာမြင်တော့ သူမလည်း တခြားလူတွေလိုပဲ ရုပ်ချောသောကောင်လေးနဲ့ ရုပ်ဆိုးအသားမည်းသောကောင်လေးနှစ်ယောက်တို့ကို သတိပြုမိသလို မျက်လုံးလှန်ကြည့်လိုက်လေသည်။

မင်းအဂ္ဂနဲ့ ဆန်းသစ်နေတို့ ဘာမှ ဝယ်စရာမရှိလှပါဘဲ တစ်ယောက် ခြင်းတစ်လုံးစီယူကာ ဆိုင်ထဲ လှည့်ပတ်ကြည့်လေသည်။

"တွေ့လား ငါတို့နှစ်ယောက် တွဲဝင်မှ သူက သတိထားပြီး ကြည့်မိတယ်၊ တွေ့ပြီလား အဂ္ဂ"

"အံမာ ... ငါ တစ်ယောက်တည်း သီးသန့်ဝင်တော့ သူက ဘာကြောင့် မကြည့်မိစရာရှိလဲ။ ငါ့ရုပ်က မိန်းကလေးတွေ သတိမထားမိချင်စရာရုပ်မှ မဟုတ်တာ၊ မင်းသာ တစ်ယောက်တည်းဝင်ရင် ဘယ်သူမှ မကြည့်မိမှာ"

မင်းအဂ္ဂက သူ့အကျင့်အတိုင်း ဆန်းသစ်နေ၏ အသားမည်းပြီး ရုပ်ဆိုးမှုကို ထိနိုက်ပြောလိုက်ပါသည်။ ဆန်းသစ်နေကတော့ ဒါကို ရိုးနေပြီဖြစ်ရာ ပြုံးလျက် ...

"မဟုတ်ဘူး၊ မင်းနဲ့ငါဟာ ဆန့်ကျင်ဘက်ပုံစံ Opposite ဖြစ်နေလို့ သူ သတိထားမိတာပါ။ ငါ ပြောပြောနေသလို





ပါပဲ၊ မင်းကို ပိုပြီးအရောင်ထွက်စေအောင် ငါက မင်းအနားမှာ အမြဲပါနေလို့ မင်းကို လူပိုကြည့်မိတာပါကွာ"

"ဒါဖြင့် မင်းနဲ့ငါ ဒီဆိုင်ကို အတူတူ တစ်ရက်သွားကြရအောင်လို့ ငါ ခေါ်တော့ မင်း ဘာကြောင့် သဘောတူလဲ၊ မင်းကြောင့် ငါ ပိုပြီး အရောင်ထွက်တယ်ထင်ရင် ငါနဲ့ အတူ တွဲမလာနဲ့လေ"

ဆန်းသစ်နေ အသံထွက်ရယ်လိုက်ပါသည်။

"ငါလည်း ငါ့အကြံနဲ့ပဲလေ၊ ငါတစ်ယောက်တည်းဆိုရင် သူ သတိပြုမိမှာမဟုတ်ဘူး၊ ဒီတော့ မင်းနဲ့ တမင်တွဲလာပြီး မင်းကို အသုံးချရတာပေါ့"

ထိုသို့ သိလိုက်ရတော့ မင်းအဂ္ဂ စိတ်ထဲမှာ မခံချိမခံသာတော့ ဖြစ်သွားပါသည်။ ဒီကောင့်ကို အထင်မကြီးဘူး။ ဒီကောင် ရှုံးမယ်မှန်းသိရက်နဲ့ တမင်စိန်ခေါ်ပြီး ပြိုင်ဖို့စဉ်းစားတယ်။ တမင်အနိုင်ယူမယ်လို့ အသေအချာ တွက်ထားပေမဲ့ မင်းအဂ္ဂကလည်း လူတစ်ဖက်သားကို လျှော့တော့မတွက်တတ်ပါ။ တစ်ခါတစ်ရံမှာ မထင်မှတ်တာတွေလည်း ဖြစ်သွားတတ်တာမို့ ဆန်းသစ်နေဟာ ရုပ်ဆိုးကောင်ပဲ၊ ကောင်မလေးတွေက သူနဲ့ငါ ယှဉ်ရွေးရင် ငါ့ကိုပဲ ရွေးမှာပဲလို့တော့ တစ်ရာ့ရာနိုင်နှုန်း (100%)တော့ စိတ်ချမထားခဲ့ပါ။ ကိုယ့်ဘက် 75% သူ့ဘက် 25% လောက်တော့ ပေးထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လာတာက ဟုတ်ပြီ၊ ဘာဝယ်ကြမလဲ"

ဆန်းသစ်နေသည် စဉ်းစားမရဖြစ်ပြီး ဟိုပစ္စည်းကိုင်၊ ဒီပစ္စည်းကိုင်လုပ်ကာ တွေဝေပြီးမေးသည်။

"ကားကီးချိန်းတို့၊ After shave တို့ ဝယ်ကွာ"

"ဒီဆိုင်သေးလေးမျိုးက Brand အကောင်းတွေ ရှိမယ် မထင်ဘူး"

"မင်းက ဘာသုံးလို့လဲ ဆန်းသစ်ရ"

"ငါက Giorgio Armani(ဂျော်ဂျီယို အာမေရီ)ကထုတ်တဲ့ Brand တွေပဲ တစ်မျိုးတည်း စွဲသုံးတယ်၊ After shave (အာဖတာရှေ့ဖ်)တို့ Body spray(ဘော်ဒီစပရေး)တို့ နောက်ပြီး မျက်နှာသစ်ဆပ်ပြာ ခရင်(မ)တို့၊ Lotion တို့လည်း အဲဒီတံဆိပ်ပဲ"

"အေးပါ ... အေးပါ၊ ရုပ်ဆိုးတဲ့လူတွေကတော့ ကိုယ့်ကိုယ်ကိုယ် ပိုဂရုစိုက်ပြင်ဆင်ရတာပေါ့လေ၊ ငါ သိပါပြီ။ ငါကတော့ တစ်မျိုးတည်း စွဲမသုံးတော့ ဘာသုံးသုံးရတယ်၊ အပေါစားသုံးလည်း မျက်နှာမှာ ဝက်ခြံမှ မထွက်ဘူး၊ အကောင်းစားသုံးလည်း ဘာမှ မဖြစ်ဘူး"

မင်းအဂ္ဂက ပြောဖြစ်အောင်တော့ပြောပြီး ဆန်းသစ်နေကို နှိမ်လိုက်သေးလေသည်။ သူ ပြောလည်းပြောစရာ ဆန်း





သစ်နေဟာ ရုပ်မချောပါဘူးဆိုမှ မျက်နှာမှာ ဝက်ခြံမှုကလည်း အမြဲတမ်း အနည်းဆုံး သုံးလုံးလောက်ကတော့ ရှိနေတတ်ပါသည်။

"မင်းက ဘာမှ မရွေးဘဲ သုံးတယ်ဆိုတော့ မင်း ဝယ်ရင်ဝယ်၊ ငါတော့ လက်ဆေးဆပ်ပြာရည်တို့ ပန်းကန်ဆေးဆပ်ပြာရည်တို့ လျှောက်ဝယ်လိုက်မယ်၊ အဲဒါတွေက အိမ်မှာ အသုံးတည့်တယ်ကွ။ ပြီးတော့ အမေတို့ ဝယ်နေကျ သုံးနေကျတံဆိပ်ကို ငါ သိတယ်"

ဆန်းသစ်နေသည် ပန်းကန်ဆေးဆပ်ပြာရည်တန်းရောက်နေသဖြင့် စိတ်ကူးရသွားပြီး ထိုဆပ်ပြာဘူးများ ဝယ်ဖို့ လျှောက်ရွေးနေလေသည်။ မင်းအဂ္ဂကတော့ ကီးချိန်းသုံးလေးခုကို အသေအချာမရွေးဘဲ ခြင်းထဲပစ်ထည့်၊ ဆန်းသစ်နေကို အနိုင်ယူပြီးတော့သာ သူဟာ နာမည်ကြီး Brand တွေ မသုံးပါဘူး ပြောပေမဲ့ တကယ်တော့ သူလည်း Joop !(ဂျူ(ပ)) တံဆိပ်ကိုသာ နှစ်စွဲမြဲမြဲသုံးသူမို့ ဒီဆိုင်မှာ Joop ! တံဆိပ်တင်မထားသဖြင့် တွေ့ကရာတံဆိပ်တစ်ခုတည်းမှ After shave နှင့် Body spray တို့ကို ပြီးပြီးရော ကောက်ဝယ်ထည့်လိုက်ရပါသည်။

ဒီဆိုင်လေးက ရိုးရိုးမိနီမားတ်လေးမို့ ဈေးကြီးတွေမှာရောင်းသော နာမည်ကြီး Brand တွေတော့ မတင်ပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်နဲ့သူ နာမည်ရှိပြီးသား လူသာမန်တိုင်း သုံးနိုင်သော အမျိုးအစားတွေကတော့ စုံမှစုံတင်ထားပါသည်။ အဓိက,ကတော့ ဒီလို လူစည်ကားရာ ရပ်ကွက်အကျယ်ကြီးမှာ အရောင်းအဝယ်ဖြစ်ဖို့ လူတိုင်းဝယ်ယူသုံးစွဲနိုင်သော ကုန်ပစ္စည်းတွေ၊ အလှကုန်တွေ အဓိကထားတင်ထားတာမျိုး ဖြစ်ပါသည်။

ပြီးတော့ ဆိုင်ရှေ့မှာလည်း လမ်းသွားရင်း ဘူးလေးဖြင့် သောက်သွားနိုင်သော ကော်ဖီ၊ တီး၊ မေ့စ်ရှိတ်တွေ၊ သစ်သီးဖျော်ရည်တွေနှင့် ဝက်အူချောင်းဖြစ်ဖြစ် ကြက်အူချောင်းဖြစ်ဖြစ်ကို ပေါင်မုန့်ရှည်အား ဘေးဘက်မှ ဓားလေးဖြင့် ခွဲပြီးထည့်၊ ကြက်သွန်နီကွင်းလိုက် ပျော့ရုံကြော်ထားတာလေး နည်းနည်းထိုးထည့်၊ ပြီးတော့ ခရမ်းချဉ်သီး ဆော့(စ)ဖြစ်ဖြစ်၊ ငရုတ်သီးဆော့(စ)ဖြစ်ဖြစ်၊ ကြိုက်ရာဆော့(စ) အချဉ်ရည်တစ်မျိုး ညှစ်ထည့်ပေးလိုက်ပြီး တစ်ရှုးစက္ကူအပါးစလေးဖြင့် ပေါင်မုန့်ကို အပြင်ကပြန်ပတ်ပေးလိုက်သော Hot Dog (ဟော့ဒေါ့ထ်)ဟု ခေါ်သည့် စားစရာတစ်မျိုးကို တွဲရောင်းသော ဆိုင်သေးလေးလည်း ရှိပါသည်။ ထိုဆိုင်က ပြာလဲ့နဒီရဲ့ အိုင်ဒီယာပဲလား၊ ဒါမှမဟုတ် ဆိုင်လာဖွင့်ချင်သော တစ်စုံတစ်ယောက်ကို ငှားထားတာပဲလားတော့ မသိ၊ ဆိုင်က တော်တော်တော့ ရောင်းနေရတာတွေ့ရသည်။





ဆိုင်ထဲကို ဈေးဝင်ဝယ်သူပဲဖြစ်ဖြစ် ဈေးဝယ်ပြီး ပြန်ထွက်သွားသူပဲဖြစ်ဖြစ်တို့သည် လက်ထဲမှာ ကော်ဖီတစ်ဘူးဖြစ်ဖြစ်၊ ဖျော်ရည်တစ်ဘူးဖြစ်ဖြစ်နဲ့အတူ အရသာကောင်းလားကောင်းလားတော့မသိ။ ကြက်သွန်ကို ဆီနဲ့လှိမ့်သော အနံ့လေးကတော့ တော်တော်မွှေးသည့် Hot dog ကိုတော့ လက်ကကိုင်စားသောက်သွားကြတာတွေလည်း တွေ့နေရပါသည်။

ဆန်းသစ်နေသည် ဟိုကြည့်ဒီကြည့် လှေလာပြီးလျှင် ဆိုင်ထဲမှာ ဆက်ကြည့်ချင်စိတ်လည်း မရှိတော့သဖြင့် ပိုက်ဆံရှင်းဖို့ ကောင်တာကို ထွက်လာလိုက်သည်။ သူတို့က ယောကျ်ားလေးတွေလည်းဖြစ်ရာ မိန်းကလေးတွေလို ဝယ်စရာ သိပ်ရှိရှိ မရှိရှိ လျှောက်ငေးမောတာမျိုးလည်း မလုပ်ချင်။ ဝါသနာလည်း မပါလေရာ နောက်ဆုံးတော့ ခဏလေးနဲ့ ကောင်တာရှေ့မှာ ပိုက်ဆံချေဖို့ ဆုံးဖြတ်မိတော့သည်။

မင်းအဂ္ဂလည်း ဆန်းသစ်နေနောက်မှာ ဝင်ရပ်လိုက်သည်။ ဘာကြောင့်လဲဆိုတော့ ဆန်းသစ်နေရပ်သော ကောင်တာက ပြာလဲ့နဒီပါ ဝင်ထိုင်နေသော ကောင်တာဖြစ်နေ၍ပင်။ ပြာလဲ့နဒီကတော့ စုတော့ ဖုန်းပြောပြီးပြီဖြစ်ရာ Cashier ငွေသိမ်းမိန်းကလေးနှင့်အတူ ဝင်ပါနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဖြစ်ပြီး ပန်းကန်ဆေးဆပ်ပြာရည်တွေချည်း လေးဘူးဝယ်သော ဆန်းသစ်နေကို ပြာလဲ့နဒီက တစ်ချက်တော့ မော့ကြည့်လေသည်။ ဆန်းသစ်နေရဲ့ ခပ်တည်တည် မျက်လုံးတွေကို မြင်ပြီး မျက်လုံးပြန်လွှဲသွားပါသည်။

"ဒီအစ်ကိုနဲ့ အတူတူပဲ ငွေရှင်းမှာလားရှင်"

Cashier ဝန်ထမ်းမိန်းကလေးကလည်း မင်းအဂ္ဂနဲ့ ဆန်းသစ်နေတို့ အတူတူ ဝင်လာတာကို သတိပြုမိလိုက်ပုံရပြီး ဆန်းသစ်နေ နောက်မှာ ခြင်းတစ်လုံးဆွဲပြီး ရပ်စောင့်နေသော မင်းအဂ္ဂကို လှမ်းမေးပါသည်။

"သတ်သတ်စီ ရှင်းမှာပါ၊ သူ့ကို သတ်သတ်တွက်လိုက်ပါ"

ကောင်မလေး ခေါင်းညိတ်ပြီး ကွန်ပျူတာ ကီးဘုတ် ခလုတ်တွေ တချောက်ချောက် နှိပ်ပါသည်။

"အားလုံး သုံးထောင့်ရှစ်ရာငါးဆယ် ကျပါတယ်"

ထိုအခါ ဆန်းသစ်နေသည် သူ့ရဲ့ ဝေါလ်လက် ထဲမှာ ထောင်တန်လေးရွက်ကို ထုတ်ယူလိုက်ပြီး ...၊

"အကြွေတော့ မပါဘူးဗျာ၊ ကျွန်တော်တော့ သကြားလုံးပဲ ပြန်အမ်းခံရတော့မယ် ထင်တယ်"

ဟု သူ့ဘာသာ Cashier ဝန်ထမ်းမိန်းကလေးကို ပြောလိုက်တာပေမဲ့ ပြာလဲ့နဒီ ကြားသဖြင့် ...





"ကျွန်မတို့ဆိုင်က သကြားလုံးတော့ ဖြစ်နိုင်ရင် မအမ်းဖြစ်အောင် ကြိုးစားထားပါတယ်၊ ဥပမာ ရှင့်ကို သူက တစ်ရာငါးဆယ် ပြန်အမ်းရမယ်ဆိုရင် တစ်ရာငါးဆယ်နဲ့ တန်ဖိုးညီတဲ့ စနီးတာဝါ ယူမလား၊ ဒီနားမှာ ထောင်ပြထားတဲ့ ဘောလ်ပင်န် ယူမလား၊ ဒီ Tray(ထရေး)လေး ထဲမှာရှိနေတဲ့ အိတ်ဆောင်တစ်ရှုးပေပါထုပ်လေး ယူမလား ဆိုပြီး မေးမှာပါ။ သိပ်ညှိမရလွန်းမှ သကြားလုံးနဲ့ အမ်းတာပါ"

ဟူ၍ သူမ၏ ဆိုင်အကြောင်း ဝင်ပြောလိုက်ပါသည်။

"ဒါဖြင့် ရှစ်ဆယ်ကိုးဆယ်လောက်ပဲ အမ်းရမဲ့လူကျတော့ ရော"

"အဲဒါလည်း သူ့တန်ဖိုးနဲ့သူ ရှိနေတဲ့ ပစ္စည်းလေးတွေနဲ့ ပြန်အမ်းပါတယ်ရှင်။ သိပ်ပြီး အမ်းရခက်အောင် နှစ်ဆယ် သုံးဆယ်လေးဆယ်လောက်ပဲ ဖြစ်နေမှသာ သကြားလုံး ကို အမ်းတာပါ"

"မဆိုးဘူး၊ ကျွန်တော်လည်း အဲဒီနည်းကို အတုခိုးဦးမှပဲ"

ပြာလဲ့နဒီက ရှင်ရော ဘာဆိုင်ဖွင့်လို့လဲဟု မေးချင်ပေမဲ့ အခုမှသိရတဲ့ လူတစ်ယောက်ကို သိပ်ပြီး စကားမပြောသင့်ဘူးလို့ သူမဘာသာ တွေးမိပြီး စကားမဆက်တော့ပါ။ ဆန်းသစ်နေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို အမ်းရမည့် တစ်ရာငါးဆယ်အတွက် စနိုးတာဝါကိုပဲ ရွေးချယ်လိုက်ပြီးလျှင် ...

"အဂ္ဂ ... ငါ စောင့်ရဦးမလား"

လို့ လှည့်မေးလိုက်သည်။

မင်းအဂ္ဂသည် ဆန်းသစ်နေတစ်ယောက် မထင်မှတ်ပါဘဲ ပြာလဲ့နဒီနဲ့ စကားတော်တော်ပြောဖြစ်သွားသည်ကို မကျေမနပ် ဖြစ်သွားလျက် ငါ့အလှည့်ကျရင် ဘာများစကားရောဖောရော လုပ်ရမလဲလို့ အသည်းအသန် စဉ်းစားနေမိလေရာ ဆန်းသစ်နေ လှည့်မေးလိုက်သောအခါ ရုတ်တရက် အင်း,အဲဖြစ်ပြီး ပြန်မဖြေဖြစ်ပေ။

"ငါ စောင့်ရမလား ဟေ့ကောင်"

"ဩော် ... အင်း ... မစောင့်နဲ့ ပြန်နှင့်"

"ငါ ပြောတာ ဒီဆိုင်ထဲမှာ စောင့်ရမှာလားမေးတာ မဟုတ်ဘူးနော်၊ မင်းနဲ့ငါ ကားတစ်ပြိုင်တည်းမောင်းပြန်မလား၊ စောင့်ပေးရမလားမေးတာပါ။ ဆိုင်ခဏပြန်ကြမလားလို့ပါ"

Cashier မိန်းကလေးကတော့ မင်းအဂ္ဂ ဝယ်လာသော ကီးချိန်းငါးခုအပါအဝင် ပစ္စည်းတချို့ကို စတွက်နေလေရာ သူတို့ ပြောတာကို နားမစွင့်အားပါ။ ပြာလဲ့နဒီကတော့ အားနေပြီး





မိုဘိုင်းလ်ဖုန်းဖြင့် သူငယ်ချင်းတွေဆီ SMS တွေ လျှောက်ပို့ဖို့ ကလိနေသဖြင့် သူတို့ ပြောနေတာတွေ အတိုင်းသားကြားနေ၊ နားစွင့်နေမိပါသည်။

ပြာလဲ့နဒီ စိတ်ထဲမှာ အံ့ဩသလို တွေးနေသည်။ ကြည့်စမ်းပါဦးလေ၊ အသားသိပ်မည်းပြီး ရုပ်က နီဂရိုးရုပ်လို ဖြစ်နေတဲ့ ကောင်လေးမှာ တွဲစရာရှားလို့ ရုပ်က Keanu Reeves (ကီယားနူးရိဗ)လို ရုပ်မျိုးလောက် ချောမောသန့်ပြန့်နေတဲ့ မင်းသားရုပ် တကယ့် Prince Charming (ပရင့်(စ)ချားမင်း)လေးနဲ့ တွဲရဘယ်လို့။ ဆန့်ကျင်ဘက်ကြီးနှစ်ခု တွဲပြထားတော့ တစ်ယောက် ရုပ်ဆိုးတာ သိပ်သိသာသွားပြီး တစ်ယောက်ရုပ်ချောတာကလည်း သိပ်သိသာနေတာ။ ဒီကောင့်နယ် ဘာကြောင့် ဒါကို မတွေးမိဘဲ ဒီတစ်ယောက်နဲ့ တွဲနေတာပါလိမ့်။ ပြီးတော့ သူတို့ ကြည့်ရတာ သိပ်ခင်တဲ့သူငယ်ချင်းပုံစံ ဟန်ဆောင်ထားပေမဲ့ တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် ဘာတွေပြိုင်မှန်းမသိ ပြိုင်နေသလိုပဲလို့ စိတ်ထဲမှာ ခံစားရတယ်။ နောက်ပြီး မိန်းကလေးတို့ရဲ့ ပညာအရပြောရရင် ဒီဆိုင်ထဲ ဝင်လာလိုက်ကတည်းက ငါ့ကိုပဲ တိုက်ရိုက်လာရှာကြသလို မျက်လုံးတွေနဲ့ဆိုတာ သိကိုသိတယ်။ သူတို့ မျက်လုံးတွေဟာ ငါ့ကိုတွေ့လည်း တွေ့လိုက်ရော ကျေနပ်အားရသွားတဲ့ မျက်လုံးတွေနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကတော့ ခြောက်သောင်း အတိကျပါတယ်"

Cashier မိန်းကလေးက တွက်ချက်ပြီး ပြောနေစဉ် မင်းအဂ္ဂကတော့ ဆန်းသစ်နေကို ...

"မင်း ဆိုင်သွားနှင့်လိုက်ကွာ၊ ဆိုင်မှာပဲ တွေ့ကြမယ်"

ဟု လှမ်းပြောလိုက်လေသည်။

ဆန်းသစ်နေသည် ထိုသို့ သိလိုက်ရတာနဲ့ ...

"အိုခေ"

ဆိုပြီး ချာခနဲ လှည့်အထွက် ...

"ဝှမ်း"ခနဲ အသံကျယ်ကြီး မြည်လာသော အသံကျယ်ကို အားလုံး ကြားလိုက်ရပါသည်။

အဲဒါကတော့ ဆန်းသစ်နေ ဝယ်လာသော ဆပ်ပြာရည်ဘူးလေးဘူးတို့ကို ကြွပ်ကြွပ်အိတ်တစ်အိတ်တည်း နဲ့ပြီ ထည့်ပေးလိုက်လေရာ ထိုအိတ်အောက်ခြေက မလုံဘဲ ဘူးလေး ဘူးအလေးချိန်ဖြင့် ကွဲသွားပြီး အထဲက ဘူးတွေ ကြမ်းခင်းပြ ပြားပေါ် အကုန်ပြုတ်ကျသွားသောအသံပဲဖြစ်ပါသည်။

အဆိုးဆုံးကတော့ ဆပ်ပြာရည်ဘူးတစ်ဘူးမှာ ... ကပဲ ယိုနေသလား အက်နေသလားမသိ။ အောက်သို့ ကျကျခြင်းပဲ ထက်ခြမ်းတော့ မကွဲဘဲ အကွဲကြောင်း အကြီးကြီး ဖြစ်သွား ကာ ဆပ်ပြာရည်တွေ ချက်ချင်းပဲ ယိုစိမ့်အိုင်ထွန်းသွားတော့တာ ဖြစ်ပါသည်။





"ဟယ် ... ဒုက္ခပါပဲ၊ ကြမ်းပြင်တွေ ညစ်ပတ်ကုန်ပြီ မြန်မြန်သုတ်ပစ်မှပဲ၊ ဆပ်ပြာရည်တွေ တက်နင်းမိရင် ချော်လဲကုန်လိမ့်မယ်"

ပြာလဲ့နဒီမှာ ကြမ်းပြင်မှာ ဆပ်ပြာရည်တွေ စီးကျ ဘာကိုပဲ အရေးတယူ ပြောလိုက်ကာ ...

"သန့်ရှင်းရေးလုပ်တဲ့ Mop (မော(ပ))နဲ့ Bucket (ဘက်ကက်)ယူခဲ့ပါဦး"

ဟု ဆိုင်အတွင်းဘက်ကို လှည့်အော်လေသည်။ ဆိုင်ထဲမှာ လိုအပ်သောပစ္စည်းတွေ ဖြည့်တာ၊ ပွနေသော ပစ္စည်း ဆွဲလိုက်စီတာ၊ ဖုန်သုတ်စရာရှိ သုတ်တာ၊ တံမြက်စည်းလှည်း ကြမ်းတိုက်တာတွေလုပ်ဖို့ ခန့်ထားသော ဝန်ထမ်းကောင်လေး နှစ်ယောက် ရှိပါသေးသည်။ သူတို့ထဲကတစ်ယောက် ပုံးနှင့် အဝတ်တပ်ထားသော ကြမ်းတိုက်တုတ်တံကိုင်ပြီး ထွက်လာပါ သည်။

မင်းအဂ္ဂသည် ပြာလဲ့နဒီအတွက် မှတ်မှတ်ရရ ဖြစ်စေရအောင် ဆန်းသစ်နေရဲ့ အဖြစ်အပျက်တွေက မယုံနိုင် လောက်အောင်ကောင်းလောက်အောင် ဖြစ်ပျက်နေလေရာ သူ့ကို အမှတ်တရ ဖြစ်တော့မှာစိုးကာ ဆန်းသစ်နေ ဘာမှ မပြောခင် သူကပဲ ဦးပြီး ရှေ့က ကြိုပြောလိုက်သည်မှာ ...

www.burmeseclassic.com



"တကယ်ဆို ကြွပ်ကြွပ်အိတ်နှစ်လုံးနဲ့ဖြစ်ဖြစ် ခွဲထည့်သင့်တယ်၊ ဒါမှမဟုတ်လည်း နှစ်အိတ်ထပ်ပြီး ထည့်သင့်တယ်နော်"

မင်းအဂ္ဂဝင်ပြောသံကြောင့် ပြာလှဲ့နဒီရော Cashier မှ မိန်းကလေးပါ လှည့်ကြည့်ကြလေသည်။ သန့်ရှင်းရေး လာလုပ်ပေးနေသော ဝန်ထမ်းကောင်လေးကတော့ မကွဲဘဲ ကျန်သော ဆပ်ပြာရည်ဘူး သုံးဘူးတို့ကို ကောက်ပြီး ဆန်းသစ်နေကို အိတ်အသစ်နဲ့ ထပ်ထည့်ပေးနေလေပြီ။ ပြာလှဲ့နဒီက မင်းအဂ္ဂကို ပြန်ကြည့်ရင်း ...

"သူကမှ ဘာမှမပြောတာ"

"ဩော် ... ဩော် ... တစ်ကမ္ဘာလုံးမှာ ကြွပ်ကြွပ်အိတ်အသုံးမပြုတော့ရေးဆိုပြီး Save the enviroment ဆိုတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ပုဒ်ကို စပြီး အကောင်အထည်ဖော်နေတာကို သိထားကြလို့လား။ Customer (ကက်စတန်မာ)က မတောင်းဆိုရင် ကြွပ်ကြွပ်အိတ် နည်းနိုင်သမျှနည်းအောင် ထည့်ပေးမယ်လို့ ဆုံးဖြတ်ထားလို့လား"

တစ်ကမ္ဘာလုံးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအနေနဲ့ ကြွပ်ကြွပ်အိတ်တွေကို သိပ်အသုံးမပြုဖြစ်





အောင် လုပ်ဆောင်ခြင်း၊ ကြွပ်ကြွပ်အိတ်အစား စက္ကူအထုပ်အိတ်၊ အဝတ်အိတ်၊ မိုးကာသားအိတ်တွေသုံးဖို့ တိုက်တွန်းခြင်း၊ ဝယ်သူစားသုံးသူက ပစ္စည်းတစ်မျိုးနှစ်မျိုးလောက်သာ ဝယ်မည်ဆိုလျှင် "အိတ်နဲ့ထည့်မလား၊ ဒီအတိုင်း ကိုင်သွားမလား"လို့တော့ မေးဖြစ်အောင်မေးပြီး ဝယ်သူက မယူဘူးဆိုလျှင် မပေးဘဲ ယူမယ်ပြောမှ ပေးစေခြင်းဟူသော နည်းလမ်းတွေဖြင့် ကြွပ်ကြွပ်အိတ်သုံးခြင်း နည်းနိုင်သမျှနည်းအောင် ပပျောက်အောင် လုပ်ဆောင်နေသောကြောင့် မင်းအဂ္ဂက သူ သိထားသမျှဖြင့် မှန်းပြီး မေးမိတာဖြစ်ပါသည်။

ဒါကို ကြားသော ပြာလှဲ့နဒီကတော့ သူမတို့ကို ဘမင်ရွှဲ့ပြီး မေးသည်ထင်ကာ ဒေါသဖြစ်သွားလျက် ...

"ဘာလဲ ရှင်က ရွဲ့မေးတာလား"

ဟု ပြန်၍ ဘုပြောပြောလိုက်သည်။

"ဟောဗျာ ... မရွဲ့ပါဘူး၊ ဒီဆိုင်မှာ ကြွပ်ကြွပ်အိတ် အသုံးလျှော့နေတယ်ထင်လို့ပါ"

"ကြွပ်ကြွပ်အိတ် ကပ်စေးနဲတယ်လို့ ရှင် ထင်တာ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ မထင်ပါဘူးဗျာ တကယ်ပါ။ ကျွန်တော် သဘောရိုးနဲ့မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း သိပ်တတ်နိုင်နေရင်တော့ စက္ကူထုထု အညို ရောင်အိတ်တွေပဲ သုံးမှာပေါ့။ ဒါမှမဟုတ်ဘဲ ဈေးဝယ်သူ တော်တော်များများဟာ ရှင့်လို ကမ္ဘာနဲ့ချီတဲ့ ဗဟုသုတရှိနေ ရင် ဈေးလာဝယ်တိုင်း အဝတ်လက်ဆွဲအိတ်ဖြစ်ဖြစ်၊ မိုးကာ သားလက်ဆွဲအိတ်ကိုဖြစ်ဖြစ် ပစ္စည်းတွေထည့်ဖို့ ယူလာ ခဲ့ရင်လည်း ကောင်းတာပေါ့လေ"

မင်းအဂ္ဂသည် ပြာလဲ့နဒီ ပြောသည်ကို အပြီးထိ နားထောင်ပေးပြီးမှ ...

"ဆောရီးပါ ကျွန်တော် မရည်ရွယ်ဘဲ သူများကိစ္စ ဝင်ပါ မိသွားတယ် ဆောရီး"

ဟု ထပ်ပြီး တောင်းပန်လိုက်လေသည်။

ထိုသို့ တောင်းပန်တော့ ပြာလဲ့နဒီကလည်း သိပ်ပြီး စိတ်အဆိုးကြီးမဖြစ်လေရာ အသာအယာ ပြုံးလိုက်လျှက် ...

"ကျွန်မကလည်း တောင်းပန်ပါတယ်လေ၊ တကယ်ဆို ကိုယ့်ဆိုင်လာဝယ်တဲ့ Customer ကို ရန်မတွေ့သင့်ပါဘူး၊ ရှင့်ကို ရန်တွေ့လိုက်မိတာ ဆောရီးနော်၊ ဩော် ... ဟို အစ်ကိုကိုလည်း တောင်းပန်ပါတယ်၊ ကျွန်မတို့ ပေါ့ဆ လို့ ဆပ်ပြာတစ်ဘူး ကွဲသွားတာ ပြန်အလျော်ပေးပါ့ မယ်"





ဆန်းသစ်နေက သူ့အိတ်သူ ဆွဲပြီး လှည့်ထွက်ပြီး နေသည်မှာ ဆိုင်၏ မှန်တံခါးကိုပင် တွန်းဖွင့်တော့မလို လက် လှမ်းပြီးနေလေပြီ။ စိတ်ထဲမှာ မင်းအဂ္ဂတော့ နေရာဝင်ယူလိုက် ပြန်ပြီ။ ပြာလဲ့နဒီ သတိပြုမိမှုကို သူ့ဆီမှာ အများကြီးရောက် သွားအောင် လုပ်လိုက်နိုင်ပြန်ပြီလို့ တွေးနေခဲ့သည်။ ပြာလဲ့နဒီ အသံက မထင်မှတ်ဘဲ သူ့ကို လှမ်းပြောသလို အသံမျိုးမို့ တစ် ချက်လှည့်ကြည့်လိုက်သည်။

"ဆပ်ပြာဘူးတစ်ဘူး ပြန်လျော်ပေးတယ်တဲ့ အစ်ကို"

သန့်ရှင်းရေးလုပ်နေသော ကောင်လေးက ပါဝင်ပြော ပေးလေသည်။ ဒီတော့မှ ဆန်းသစ်နေလည်း ...

"ဩော် ... နေပါစေ ရပါတယ်၊ ကျွန်တော် မယူတော့ပါဘူး၊ ကျွန်တော့်လက်ထဲရောက်မှဖြစ်တာ ကျွန်တော်နဲ့ပဲ ဆိုင် သွားပြီလေ"

ဆိုင်တွင်းရှိ ဈေးဝယ်ပြီး၍ Cashier မှာ တန်းစီနေကြ သူတွေရော၊ ဝန်ထမ်းတွေရော ဆိုင်ရှင်က အလျော်ပြန်ပေးပါသည် ဆိုတာတောင် မယူဘူး၊ ငြင်းသည့်လူကို အံ့သြသလို ကြည့်နေကြ လေသည်။ ဆပ်ပြာရည်ဘူးတွေ တန်ဖိုးကလည်း တစ်ရာ နှစ်ရာ တန်တွေမဟုတ်။ တစ်ဘူးကို တစ်ထောင်နား ကပ်နေကြသော ဆပ်ပြာရည်ဘူးတွေကို သူမို့ အလျော်မယူပါဘူးပြောသဖြင့် တချို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စိတ်ထဲမှာတော့ "ဟယ် ... သူ့မှာ ပိုက်ဆံဘယ်လောက်များ ပေါ်နေလို့လဲ"တို့။ "ဆိုင်ရှင်ကောင်မလေးက ချောချောလေးမို့ အလကား အိုက်တင်ခံတာ"တို့။ "ရှက်ပြီး မယူဘူးပြောနေသလား" တို့ စသဖြင့် တွေးနေမိကြပါသည်။

ဆန်းသစ်နေ ပြောပြောပြီးပြီးပဲ တံခါးကို ဆွဲဖွင့်ပြီး ထွက်လာခဲ့တော့လေသည်။





## ၂

ဆန်းသစ်နေ ဆိုင်ရောက်တော့ သူနဲ့ မင်းအဂ္ဂသာ ဝင်ခွင့်၊ ထိုင်ခွင့်ရသော ဆိုင်နောက်ဘက်အံဆောင်၏ ရုံးခန်းလေး ထဲမှာ မင်းအဂ္ဂ မရောက်သေး။ ဆန်းသစ်နေက သူ့မှာ အသင့်ပါလာ သောသော့ဖြင့် ရုံးခန်းလေး၏ တံခါးကို ဖွင့်လိုက်ပါသည်။ ရုံးခန်းပေမဲ့ ခပ်ကျဉ်းကျဉ်းအခန်းလေးဖြစ်သည်။ မီးဖိုဆောင်ထဲ မှာ သီးသန့်အကန့်ကန့်ကာ အခန်းဖွဲ့ထားပြီး မှန်အပေါ်ပိုင်း တစ်ခြမ်း အောက်ဘက်သစ်သားဖြင့် ပြုလုပ်ထားသော တံခါး၏ သော့ကို သူနဲ့ မင်းအဂ္ဂသာ ကိုင်ထားပါသည်။ ထိုရုံးခန်းထဲမှာ ဆိုင်၏ ငွေစာရင်း အဝင်အထွက်တွေ၊ ဝန်ထမ်းတွေရဲ့ ကိုယ်ရေး ရာဇဝင်တွေ သိမ်းဆည်းထားသော ကွန်ပျူတာတစ်စုံနှင့် အခြား သော ဖိုင်လ်တွဲများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးခံသေတ္တာတစ်လုံးတော့ ရှိပေမဲ့ ငွေများများစားစား ထားလေ့မရှိပါ။ ထိုငွေကလည်း ဆိုင်အတွက် လိုအပ်တာတွေ ဝယ်ဖို့လိုလျှင် ထုတ်သုံးဖို့ စာရင်းဖယားနှင့်ထားသော သိန်းဆယ်ဂဏန်းမကျော်သည့် ငွေမျှသာထားသည်။

ဆိုင်တစ်ဆိုင်လုံးကို ပါဝါအားကောင်းသော အအေးပေးစက်ဖြင့် အအေးပေးထားလေရာ မီးဖိုဆောင်ထဲလည်း အေးနေသဖြင့် သူတို့ရဲ့ ရုံးခန်းလေးထဲလည်း အေးစိမ့်စိမ့်[illegible]သည်။ ရုံးခန်း၏ အဝင်တံခါးအပေါ်ဘက်တစ်ခြမ်းက မှန်မို့ ထိုမှန်ကလည်း ရိုးရိုးအပြုသာ တပ်ဆင်ထားတာမို့ ထိုမှန်ကိုကာသော Blinds (ဘလိုင်း(စ))ဟုခေါ်သည့် အဖွင့်အပိတ်လုပ်လို့ရသော မှန်အကာကားလိပ်တွေကို တပ်ဆင်ထားသည်။ ဆန်းသစ်နေ ရုံးခန်းထဲရောက်တော့ အတွင်းမှပင် ထို Blindsကို အသာကြိုးဆွဲပိတ်လိုက်ပါသည်။

ထိုအချိန်မှာပင် ဆိုင်၏ ရုံးခန်းမှာ သီးသန့်လိုင်းခွဲသွယ်ထားသော ဖုန်းမြည်လာပါသည်။ ဆန်းသစ်နေ ကောက်ကိုင်၍ နားထောင်လိုက်သည်။

"ဟဲလို ... Milky Way Burgers & Fast Foodsဆိုင်ကပါ"

"ဪ ... ကျွန်မ စုံစမ်းစရာလေး ရှိလို့ပါရှင်"

"ဟုတ်ကဲ့ ... ဘာများပါလဲ"





"ဆိုင်ကို ကျွန်မ ရောက်ဖူးပါတယ်၊ အဲဒီမှာ ကလေးမွေးနေ့ပွဲပါတီပေးဖို့ အခန်းလေးတစ်ခန်း သီးသန့်ပြင်ဆင်ထားတာတွေ့တော့ ကလေးမွေးနေ့ပွဲလုပ်လို့ရပြီလား သိချင်လို့ပါ"

"ရပါတယ်၊ ဒီအပတ်မှာတော့ စနေ တနင်္ဂနွေ ဘွတ်ကင်ပြည့်နေပါပြီ၊ ကျွန်တော်တို့က မွေးနေ့ပါတီကို တစ်ရက်နှစ်ပွဲပဲ လက်ခံပါတယ်၊ မနက်တစ်ပွဲ နေ့လယ်တစ်ပွဲပါပဲ"

"ဒီအပတ်လည်း မဟုတ်ပါဘူး၊ နောက်အပတ်မှပါ၊ တနင်္ဂနွေနေ့ယူချင်တယ် ရမလား ..."

"တနင်္ဂနွေ ခဏလေး၊ ကျွန်တော် ဘွတ်ကင်လုပ်ထားတာလေး တစ်ချက်ရှာလိုက်ဦးမယ်"

ဆန်းသစ်နေသည် ကွန်ပျူတာခလုတ်တွေကို တဒေါက်ဒေါက်နှိပ်ပြီး ရှာလိုက်ပါသည်။ များသောအားဖြင့်တော့ ကလေးမွေးနေ့ပွဲဘွတ်ကင်တွေက နှစ်ပတ်လောက် ကြိုလုပ်ထားကြသဖြင့် အခုလို တစ်ပတ်လောက်ကပ်မှ လုပ်လျှင် ရဖို့မရဖို့က မသေချာတတ်ပါ။

"တနင်္ဂနွေနေ့က ဆယ့်ခုနစ်ရက်နေ့နော်"

"ဟုတ်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့မှာ မနက်ပွဲ ဆယ်နာရီကနေ ဆယ့်နှစ်နာရီတော့ ယူထားပြီးနေပြီ၊ အစ်မ ယူချင်ရင် ညနေပဲရမယ်၊ နှစ်နာရီက လေးနာရီပဲကျန်တယ်"

ဖုန်းထဲမှ အမျိုးသမီးအသံမှာ သိပ်တော့လည်း အသက်မကြီးပေမဲ့ ဆန်းသစ်နေကတော့ ရိုသေသမှုဖြင့် "အစ်မ"ဟု သာ ခေါ်လိုက်ပါသည်။

"ညနေ ... အင်း ... ခဏလေးနေဦး၊ မမကို မေးလိုက်ဦး မယ်"

ဖုန်းထဲမှာ အသံခဏတိတ်သွားပြီး တစ်ဖက်မှာ ပြောဆိုတိုင်ပင်နေသည်ကို စောင့်ပေးရလေသည်။ ထိုအချိန်မှာ မင်းအဂ္ဂလည်း အခန်းတံခါး တွန်းဖွင့်ပြီး ဝင်လာတာ တွေ့ရ သည်။

"စောစောစီးစီး ဖုန်းနဲ့ဘာတွေ အလုပ်ရှုပ်နေသလဲကွ"

"ကလေးမွေးနေ့ပါတီကွာ၊ တစ်ပတ်လောက်လိုမှ ဘွတ် ကင်လာယူတော့ သူတို့ကိုပေးနိုင်တဲ့ အချိန်ကို မကြိုက် ဘူးထင်တယ်၊ ခဏဆွေးနွေးလိုက်ဦးမယ်ဆိုလို့ စောင့်နေ တာ"

ဆန်းသစ်နေ ပြန်ပြောနေတုန်းမှာပင် တစ်ဖက်မှ အသံပြန်ပေါ်လာသည်။





"ဟဲလို"

"ပြော် ... ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ဆယ့်ခုနစ်ရက်နေ့ တနင်္ဂနွေကို ညနေ နှစ်နာရီကနေ လေးနာရီနော် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို အဲဒီအချိန်ယူပါမယ်"

"နာမည်ပြောပါဦး"

"ကလေးနာမည် ပြောရမှာလား"

"ဟုတ်ပါတယ်၊ မွေးနေ့ပွဲလုပ်မဲ့ ကလေးရဲ့နာမည်ပါ။ အခန်းထဲမှာ သူ့နာမည်ကို ရွှေရောင်စက္ကူနဲ့ စာလုံးဖော်ပြီး ချိတ်ပေးပါမယ်၊ ဘယ်နနှစ်ပြည့် ဆိုတာလဲ သိချင်ပါတယ်၊ မွေးနေ့ပွဲကျင်းပတဲ့ ကလေးတိုင်းကို ဒီဆိုင်ကနေ အိုက်(စ) ကရင်(မ)နဲ့ လုပ်တဲ့ မွေးနေ့ကိတ်ကို လက်ဆောင်ပေးပါ တယ်၊ အဲဒီ အိုက်(စ)ကရင်(မ)ကိတ်ပေါ်မှာ စာလုံးထွင်း ထားပေးမှာပါ၊ ပြီးတော့ ဒီဆိုင်ကကိုယ်ပိုင်ထုတ်တဲ့ ကစား စရာ စတစ်ကာလေးတွေကိုတော့ မွေးနေ့ပွဲလာတဲ့ ကလေး တိုင်းကို လက်ဆောင်ပြန်ပေးပါတယ်"

ဆန်းသစ်နေသည် တောက်လျှောက်ပြောပြလိုက်ရ သဖြင့် မောသည်ဟု မင်းအဂ္ဂကို အသံမထွက်ဘဲ ရင်ဘတ်ဖိ



www.burmeseclassic.com

www.burmeseclassic.com



လှျာထွက်ပြလိုက်သည်။ မင်းအဂ္ဂက ရေခဲသေတ္တာအသေးလေးထဲမှ ရေသန့်ဘူးသေးတစ်ဘူး သွားထုတ်ကာ အနားလာချပေးလိုက်သည်။

"မြင့်မိုရ်ထွင့်ပါ"

"ဟုတ်ပြီ ထွတ်က တသတ်နဲ့လား၊ တ,တလင်းချိတ်နဲ့ သတ်တာလား"

"တ,တလင်းချိတ်နဲ့ သတ်တဲ့ထွင့်ပါ"

"အသက်က"

"ငါးနှစ်"

"ကလေးဘယ်နယောက်စာလဲ"

"ကလေးက ဆယ့်ငါးယောက်လောက်ပဲ"

"ဘယ်အရွယ်တွေလဲ"

"ရှင် ..."

"မွေးနေ့လာမဲ့ ကလေးအရွယ်တွေ အတိအကျ သိချင်တာပါ၊ ဒါမှ ဈေးနှုန်းကို ပြောလို့ရမယ် အစ်မ။ တစ်နှစ်ကနေ သုံးနှစ်ဆို တစ်ယောက်စာ ဈေးတစ်မျိုးပါ။ အဲဒီအရွယ်လေးတွေက သိပ်လည်းမစားနိုင်ဘူး၊ စားလည်း သိပ်မစားတတ်ကြဘူးဆိုတော့ ဈေးလျှော့ပြီး မုန့်ကို လျှော့ပြင်ပေးရတယ်။ လေးနှစ်ကနေခြောက်နှစ် ဈေးတစ်မျိုး၊ ခုနစ်နှစ်





ကနေကိုးနှစ် ဈေးတစ်မျိုး၊ အဲဒီလိုရှိပါတယ်။ ကလေးချည်းသီးသန့်မွေးနေ့ပွဲမို့ အသက်ဆယ့်နှစ်နှစ်ကျော်ကိုတော့ ကလေးလို့ မသတ်မှတ်တဲ့အတွက် ဆယ့်နှစ်နှစ်ကျော်ကလေး ပါလာရင် သူကတော့ လူကြီးနှုန်းပဲယူမှာပါ"

"ဟင် ... ဒါဆို အိမ်က ပါလာတဲ့လူကြီးတွေ ကလေးတွေကိုလိုက်ပို့မဲ့ လူကြီးတွေကျတော့ရော"

"အဲဒီလူကြီးတွေကျ ဒီရောက်မှပဲ သီးသန့်မှာပေး၊ သီးသန့်ဈေးတွက်ပေးလို့ရတယ်၊ သူတို့ မှာစားတဲ့အစားအသောက်ပေါ်မှာမူတည်ပြီး ဈေးတွက်ပါတယ်။ ဘာ့သ်ဒေးပါတီထဲမှာ ပါတဲ့ကလေးကတော့ ပုံသေသတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ပဲ စရန်ယူပါတယ်"

"ရှုပ်နေတာပဲနော်၊ ဒီလိုရှုပ်မှန်းမသိလို့ပါ၊ ရှုပ်ရင် ပါတီလုပ်ပေးမနေတော့ပါဘူး။ ခုတော့ ငါကလည်း ဆတ်ဆော့ပြီး ထွင့်ထွင့်ကို ပါတီလုပ်ပြီး မွေးနေ့လက်ဆောင်ပေးမယ် ပြောမိတော့ လုပ်ပေးရတော့မယ် ... ဟင်း"

တစ်ဖက်မှ သူ့ဘာသာပဲ ညည်းညူသလိုလို၊ သူ့ဘေးမှာရှိတဲ့ တစ်ယောက်ယောက်ကိုပဲ လှမ်းတိုင်တည်သလိုလို ပြောသောအသံကြောင့် ဆန်းသစ်နေမှာ ဘာပြန်ပြောပေးရမှန်းမသိဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ထွင့်ထွင့် ပြောပါဦး၊ နင်ဖိတ်မဲ့သူငယ်ချင်းက နင့်အရွယ်တွေလား၊ ဘယ်သူ နင့်ထက်ကြီးတာပါလဲ၊ ငယ်တာပါလဲ"

ဆန်းသစ်နေသည် စကားပြောရတာ ကြာပဲကြာလှပြီ။ ခုထိ ဘာမှ ရေရေရာရာ မစီစဉ်ရသေးသော တစ်ဖက်ကမိန်းမကို တော်တော်စိတ်ပျက်လာသည်။ အချင်းချင်း အသေအချာကြိုမတိုင်ပင်ထားဘဲနဲ့ ဖုန်းကောက်ဆက်ရသလားလို့ စိတ်တိုချင်သည်။ တကယ်တော့ ဆန်းသစ်နေသည် မင်းအဂ္ဂလိုမဟုတ်။ စကားသိပ်များများ မပြောတတ်။ ပြောလည်းမပြောချင်။ အေးအေးဆေးဆေးနေတတ်သည်။ ကွန်ပျူတာရှေ့ သုံးလေးနာရီထိုင်ပြီး Chat room(ချက်ရွမ်း)ဝင်ဖို့ကိုတော့ ဝါသနာပါပြီး ပါးစပ်ကနေစကားပြောဆိုနေရတာကျ ဆယ့်ငါးမိနစ်စာမျှပင် စိတ်မရှည်။ ဒါကြောင့် သူ့ကိုဆို ...

"ရုပ်ကလည်းဆိုး၊ အသားကလည်းမည်း၊ အပြောကလည်း မချိုတော့ ဘယ်မှာမှသုံးလို့မရဘူး"

ဟုပင် အဝေဖန်ခံရသည်။

"မိဘပိုက်ဆံချမ်းသာနေလို့သာ ကိုယ်ပိုင်အလုပ်အကိုင်နဲ့ နေနိုင်တာပါ။ မိဘသာ ပိုက်ဆံမတတ်နိုင်လို့ ကိုယ့်ဘာသာအလုပ်ရှာကြေးဆို သူ့ရုပ်ရည် သူ့အပြောအဆိုနဲ့ ဘယ်လိုမှ အလုပ်မရနိုင်ဘူး"





ဆိုတာမျိုးနဲ့လည်း အပြစ်ပြောခံရတာ သူကြားပါသည်။ ခက်တာက ဆန်းသစ်နေက တကယ့်ဘုကန့်လန့်။ တကယ့်သူတစ်မျိုး။ သူ့စိတ်ထဲက မပါလျှင် ဟန်ဆောင်ပြီးတော့တောင် ချိုချိုသာသာ မပြောချင်ပေ။ ဒီအကျင့်ဟာ မကောင်းမှန်းသိပေမဲ့ ပြင်လို့လည်းမရခဲ့ပါပေ။

ဆန်းသစ်နေသည် စိတ်မရှည်တော့သည့်အဆုံး တယ်လီဖုန်းစကားပြောခွက်ကို လက်ဖဝါးဖြင့် အသာအုပ်ပိတ်ရင်း ...

"ဟော့ကောင် ... အဂ္ဂ လာပြောတော့ကွာ၊ ငါ စိတ်မရှည်တော့ဘူး။ ပြောရတာ အာပေါက်ပြီး ပျင်းလာပြီ၊ မင်းလာပြောပေးလိုက်"

"ဘာဖြစ်လို့လဲ"

"ငါ ရှင်းပြပြီးသလောက်နဲ့ ကောက်ခံပြီး တစ်ခါတည်း ဘွတ်ကင်ချတော့မယ် ထင်နေတာကွာ၊ ခုထိ မရေရာသေးဘူး။ သူတို့အချင်းချင်း အမှုမှ လူစာရင်းကောက်နေကြတယ်။ ဘာတွေ ထပ်မေးလာဦးမလဲ မသိဘူး။ ငါလည်း စကားကို အချိုသာဆုံး ဆက်ပြောချင်စိတ် မရှိတော့ဘူး၊ မင်းပဲ ပြောပေးလိုက်ပါကွာ၊ လာပါ ပြီးခါနီးနေပါပြီ"

မင်းအဂ္ဂ ရယ်ရယ်မောမောဖြင့် Cordless(ကော့တ်လက်(စ))ဖုန်းကို လှမ်းယူလိုက်သည်။ သူတို့နှစ်ယောက်ရဲ့ စာဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ထားကာ အသီးသီး ဆုံလည်ကုလားထိုင်ကိုယ်စီနဲ့ဖြစ်သည်။ စားပွဲအသီးသီးပေါ်မှာတော့ ကွန်ပျူတာတစ်စုံစီရှိပြီး ဖုန်းကတော့ တစ်လုံးတည်းထားသည်။ ဒါပေမဲ့ Cordlessဖြစ်၍ ကိုယ့်နေရာကိုယ် ယူပြောနိုင်သည်။

"ဟဲလို ... ဆောရီးနော်၊ ကျွန်မတို့က တစ်ခါမှလည်း ဆိုင်မှာ ကလေးဘော့သ်ဒေးပါတီ မလုပ်ကြည့်ဖူးတော့ မသိလို့ အခုမှ ပြန်တိုင်ပင်နေရလို့ပါ။ စောင့်နေရတာ အားတောင်နာတယ်"

"ရပါတယ်ခင်ဗျာ"

"ဟင် ... ရှင် ဘယ်သူလဲ"

"ကျွန်တော် မင်းအဂ္ဂပါ၊ ဒီဆိုင်ရဲ့ တာဝန်ရှိသူပါ"

"မဟုတ်ဘူး၊ ကျွန်မနာမည်မေးတာ မဟုတ်ပါဘူး၊ ခုနက ပြောနေတဲ့လူ မဟုတ်တော့လို့ ကျွန်မ ဖုန်းလိုင်းများ မှားသွားလားလို့ပါ"

"သြော် ... ခုန ပြောနေတဲ့တစ်ယောက်ကလည်း ဒီဆိုင်ရဲ့ တာဝန်ရှိသူပါပဲ၊ သူ ကိစ္စလေးတစ်ခု အရေးတကြီးပေါ်လာလို့ ကျွန်တော့်ကို တာဝန်လွှဲသွားလို့ပါ"

မင်းအဂ္ဂ ပြန်ဖြေရင်းမှ ဆန်းသစ်နေတစ်ယောက် ဓိမ်နဲ့ ဆုံလည်ကုလားထိုင်ကို မှီ၍ လှည့်လျက်ထိုင်နေသည်ကို





အံကြိတ်အသံတိတ်၍ ဆဲပြလိုက်သေးလေသည်။ ဘာအရေးတကြီး အလုပ်မှမရှိဘဲ ပြောနေရတာ စိတ်မရှည်တော့လို့ ဆိုသော ဆန်းသစ်နေကတော့ သူ အသစ်ဝယ်ထားတာ မကြာသေးသော ဒီဒီယိုကင်မရာဖုန်းကို စိမ်ပြေနပြေ ကလိနေလေသည်။

"ကိုမင်းအဂ္ဂ နော် ... ဟုတ်လား"

"ဟုတ်ကဲ့"

"ပါတီပွဲကိုလာမဲ့ ကလေးက စုစုပေါင်း ဆယ့်ခြောက်ယောက်တဲ့၊ ထွင်ထွင်က ပြောတယ်"

"ဟုတ်ပါပြီ"

"ငါးနှစ်သားက ဆယ်ယောက်ပါမယ်၊ သုံးနှစ်က တစ်ယောက်၊ လေးနှစ်ကနှစ်ယောက်၊ ခြောက်နှစ်ကတစ်ယောက်၊ ခုနစ်နှစ်နဲ့ရှစ်နှစ်က တစ်ယောက်စီ"

"အဲဒီ ငါးနှစ်သား ဆယ်ယောက်ထဲမှာ မွေးနေ့ရှင်ပါပြီလား"

"ဟင် ... မပါသေးဘူး"

"ဒါဆို ငါးနှစ်သားက ဆယ့်တစ်ယောက်လို့ တွက်ရမယ်။ စုစုပေါင်း ကလေးဆယ့်ခုနစ်ယောက် ဖြစ်နေမယ်နော်"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်"

"ဈေးနှုန်းတွေ ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးနှုန်းတွေတော့ မပြောပါနဲ့တော့၊ ရှင်တို့ ဖြေနေရတာ လည်း ကြာပြီဆိုတော့ အားနာလာပြီ၊ ဒီတော့ အကြမ်း လောက်ပဲ စုစုပေါင်းကုန်ကျငွေကိုတွက်ပြီး စရန်ဘယ်လိုပေး ရမလဲ၊ ဘယ်တော့ပေးရမလဲပဲ ပြောလိုက်ပါနော်"

မင်းအဂ္ဂ ကွန်ပျူတာကို တတောက်တောက် နှိပ် တွက်လိုက်ပြီး ကုန်ကျငွေကိုပြောပါသည်။ စရန်ဘယ်လောက် ဘယ်တော့လာပေးရမယ်လို့ပါ ထည့်ပြောလိုက်ပါသည်။

"ဒါဆို ကျွန်မ ခုပဲ အပြင်ထွက်ပြီး ဆိုင်သွားတော့မှာမို့ အခုပဲ ဝင်ပေးမယ်နော်"

"ရပါတယ်ခင်ဗျာ"

"ဘယ်လိုပြောပြီး ပေးရမလဲ"

"ဆိုင်ကောင်တာမှာ ကလေးမွေးနေ့ပွဲအတွက် စရန်ပေးဖို့ လာပါတယ်သာပြောလိုက်ပါ။ ဝန်ထမ်းတွေက အစ်မကို ဆိုင်နောက်ဘက်ရုံးခန်းဆီ ပို့ပေးပါလိမ့်မယ်"

"ဟုတ်ပြီ အိုခေ၊ ကျွန်မ နောက်လေးဆယ့်ငါးမိနစ် တစ် နာရီအတွင်း ရောက်လာခဲ့မယ်၊ ဪ ... ဒါနဲ့ ကလေး ခေါ်ခဲ့ရဦးမလား"

"မခေါ်ပါနဲ့ ရပါတယ်၊ သူ့နာမည်နဲ့ အသက်သာ သိရရင် ရပါတယ်"





အမျိုးသမီးက နှုတ်ဆက်ပြီး ဖုန်းချသွားလေသည်။

ဒါဟာ လုပ်ရိုးလုပ်စဉ် အကြောင်းအရာမို့ မင်းအဂ္ဂရော ဆန်းသစ် နေပါ ဒီအကြောင်းအရာကို ဆက်ပြီးပြောမနေဖြစ်ဘဲ သူတို့နှစ် ယောက်စလုံး ခုတလောလေးမှ စင်ကာပူအလည်သွားရင်း ဝယ်လာ သော ဗီဒီယိုကင်မရာဖုန်းအကြောင်း ဆက်ပြောနေဖြစ်ကြသည်။ ဗီဒီယိုကင်မရာဖုန်းအကြောင်း ပြောပြီးသောအခါ မင်းအဂ္ဂက နေ့တစ်နေ့က မိနီမာ့တ်မှာ ဖြစ်ခဲ့သောအကြောင်းအရာကို သတိ ရ ထပ်ပြောနေသေးသည်။

"အဲဒီနေ့က မင်း ထွက်သွားတော့ကွာ သူက ဟိုအစ်ကို ဆပ်ပြာဘူး အလျှော်ပေးတာ အားနာလို့မယူဘူးထင်တယ် တဲ့၊ ဒီကအစ်ကိုနဲ့ သူငယ်ချင်းတွေဆိုရင် အစ်ကိုပဲ သူ့ အစား ယူသွားပေးပါလားတဲ့၊ အတင်းထိုးပေးနေလို့ ငါ့မှာ မနည်းငြင်းပြီး ထွက်လာရတယ်ကွာ၊ ငါတို့ကိုတော့ ဘယ်လို ကောင်တွေလဲလို့တွေးပြီး ကျန်ခဲ့မလဲမသိဘူး"

"သူ့ကို ကြည့်ချင်လို့ တမင်လာတယ်ဆိုတာ တဖြည်းဖြည်း မှ သူတွေးမိရင်တွေးမိလာမှာပေါ့"

"အဲဒီလိုထင်ရင် ကောင်းတာပေါ့ကွာ၊ ကြေညာစရာ မလိုတော့ဘူး"

"မင်း ခုထိ ဘာမှ ဆက်မလုပ်သေးဘူးလား အဂ္ဂ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နည်းနဲ့ ရှေ့တိုးရမလဲ စဉ်းစားတုန်းပဲ ရှိသေးတယ်"

"သူက ဆိုင်မှာ အမြဲရှိတာပဲလေ"

"မင်း ပြောပုံအရ နေ့တိုင်းသွားဝယ်ရမဲ့အပေါက်ပဲ ဆန်းသစ်ရာ။ အဲဒါတော့ သိပ်မမိုက်ပါဘူး၊ အဲဒီနည်းက ရိုးလွန်းတယ်"

"ငါလည်း ဘယ်နည်းသုံးရမှန်းမသိလို့ ငြိမ်နေတာပဲ မိန်းကလေးတစ်ယောက်ရဲ့စိတ်ထဲမှာ မှတ်မှတ်ရရ အမှတ်ရသွားစေဖို့ ဘာကိုလုပ်ပြရမလဲလို့ စဉ်းစားလို့မရဘူး ဘယ်တုန်းကမှ မိန်းမ,မပိုးခဲ့ဖူးတော့ ခုမှ ကိုယ့်ညံ့မှန်းသိနေပြီ"

မင်းအဂ္ဂကတော့ သူ့ထုံးစံအတိုင်း ...

"ငါကတော့ ငါ သွားပိုးစရာကိုမလိုဘဲ ငါ့အနားရောက်ရောက်လာတဲ့ မိန်းကလေးတွေများတော့ အခုမှ ကိုယ့်ဘက်က အရင်စ,ရမှာကို မစ,တတ်ဘူး ဖြစ်နေပြီ"

ဟူ၍ သူ့ကိုယ်သူ အထင်ကြီးကျေနပ်စွာပြောနေချိန်မှာပင် ...

"အစ်ကို ကလေးမွေးနေ့ပွဲအတွက် စရန်ပေးမယ်ဆိုတဲ့ အစ်မတစ်ယောက် ကောင်တာမှာ လာပြောတယ်၊ အဲဒါ လွှတ်လိုက်ရမလား"





ဆိုင်ဝန်ထမ်းကောင်လေးတစ်ယောက် မှန်တံခါးအသာတွန်း၍ လာသတင်းပေးလေသည်။

"သြော် ... အေး ... လွှတ်လိုက်ပါ၊ မင်းတို့ အသေအချာလိုက်ပြပြီး ရုံးခန်းထိ လာပို့ပေးလိုက်ပါ"

သိပ်မကြာခင်မှာပင် ရုံးခန်းမှန်တံခါးကို တွန်းဖွင့်ကာ ဝင်လာလိုက်သော ပြာလဲ့နဒီကို မြင်လိုက်ရလျှင် သူတို့နှစ်ဦးသား တအံ့တသြ၊ ငေးမောမှင်တက်ပြီး ကြည့်နေမိလိုက်တော့သည်။

ထို့အတူပင် ပြာလဲ့နဒီသည်လည်း လွန်ခဲ့တဲ့နှစ်ရက်လောက်ကပဲ ဈေးလာဝယ်ပြီး ဆိုင်မှာ ပြဿနာဖြစ်သွားခဲ့သော ဆန်းသစ်နေကိုလည်းကောင်း၊ ရုပ်သိပ်ချောလွန်းသဖြင့် တစ်ခါမြင်ရုံဖြင့် ဘယ်တော့မှ မမေ့စေသော ရုပ်ရည်ပိုင်ရှင် မင်းအဂ္ဂကိုလည်းကောင်း မြင်မြင်ချင်းပင် ချက်ချင်းမှတ်မိသွားလေသည်။ သူမလည်း အံ့သြပြီး ကြည့်လိုက်မိပေမဲ့ မိန်းကလေးပီပီ ချက်ချင်း ဟန်ဆောင်လိုက်နိုင်ကာ ...

"ကျွန်မ ကလေးမွေးနေ့ပွဲအတွက် စရန်ပေးဖို့ လာတာပါရှင်"

ဟု စတင်နှုတ်ဆက်ပြောလိုက်နိုင်လေသည်။

ပြာလဲ့နဒီ ထိုသို့ပြောလိုက်သောအခါ ဆန်းသစ်နေစိတ်ထဲမှာ မင်းအဂ္ဂကို အပြစ်တင်သွားသည်။ ဟာ ... ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



အသေအချာလည်း မစုံစမ်းဘဲနဲ့ ကလေးအမေကို အပျိုထင်ပြီး ပိုးပန်းဖို့ စိတ်စဉ်တာပါလား။ ဒုက္ခပါပဲ။ သူ့မှာ ယောက်ျားရှိနေရင် ငါတို့ ငရဲကြီးမယ့် အဖြစ်ပဲ။

မင်းအဂ္ဂ စိတ်ထဲမှာလည်း ထိုသို့ ကြားရတော့ စိတ်မကောင်းဖြစ်သလိုလို၊ နမြောတသ,သလိုလို ဖြစ်သွားပါသည်။ ဒီလောက်ချောမောလှပပြီး အသက်နှစ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်လောက်အရွယ်လေးမှာ ငါးနှစ်အရွယ်သား ရှိနေပြီလား။ ဒီအရွယ်လေးနဲ့ ကလေးအမေဖြစ်နေပြီလား။ မဖြစ်ပါစေနဲ့၊ သူ့ရဲ့မောင်လေးဖြစ်ဖြစ် တူလေးဖြစ်ဖြစ် ဖြစ်ပါစေ။ ဟုတ်နေရင်တော့ တော်တော်ဝမ်းနည်းစရာပဲ။

ဟာ ... ကြည့်စမ်း။ ဆန်းသစ် ဒီကောင် ငါ့ကို ကြည့်ပုံက ခနဲ့သလိုလို၊ ကဲ့ရဲ့သလိုလိုနဲ့ပါလား။ သေသေချာချာ မစုံစမ်းဘဲ ပြောရသလားဆိုတဲ့ပုံစံနဲ့။

ယောက်ျားလေးနှစ်ယောက်တို့မှာ ကိုယ့်,အတွေးကိုယ်စီ။ ကိုယ့်စိတ်ကူးကိုယ်စီနဲ့ ဖြစ်နေလေရာ ပြာလဲ့နဒီကို ဖိတ်မန္တကပင် မပြုနိုင်။ ဘာမှလဲ မပြောနိုင်သဖြင့် ပြာလဲ့နဒီသည်ပင် စိတ်ထဲမျက်သွားသည်။ ကိုယ့်ဆိုင်ကိုလာပြီး အားပေးတဲ့သူကိုများ ဖော်ဖော်ရွေရွေမဖိတ်ရတာနဲ့ ဘာနဲ့ပါလား။ ထွင့်ထွင့်မွေးနေ့ပွဲလုပ်ရင် အဆင်မပြေပါ့မလားလို့ စိတ်ထဲတွေးလေသည်။

"ကျွန်မ ဘယ်လောက်စရန်ပေးရမှာလဲ"





ပြာလဲ့နဒီသည် Gucci(ဂွစီ)တံဆိပ် ဟန်းဘက်(ခ) အိတ်အကြီးကြီးကို ငုံ့ဖွင့်ရင်း ထပ်မေးတော့မှ သူတို့နှစ်ယောက် သွပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

"ဪ ... ဆောရီး ... ဆောရီး ... ကျွန်တော်တို့ ထိုင်ခိုင်းဖို့ မေ့နေတယ် ထိုင်ပါ ... ထိုင်ပါ"

မင်းအဂ္ဂက စားပွဲနားမှာ အသင့်ချထားသောခုံကို ဆွဲပေးပါသည်။

"ဘာသုံးဆောင်မလဲ၊ အပူလား အအေးလား၊ ကျွန်တော်တို့ ဧည့်ခံပါရစေ"

"ရပါတယ်"

"ဟာ ... ရပါတယ် မလုပ်ပါနဲ့၊ တစ်ခုခုတော့ သောက်သွားပါ၊ ဆိုင်မှာ ပွဲလာလုပ်မဲ့ Customer ကို ဘာနဲ့မှ ဧည့်မခံလိုက်ရရင် ကျွန်တော်တို့ ရှင်းရာကျမှာပေါ့"

အင်း ... ခုနကတော့ နှစ်ယောက်သား သတိပဲ မေ့နေသလိုလို သရဲသဘက်ကိုပဲ မြင်ရသလိုလိုနဲ့ ကြောင်ငေးနေပြီးမှ။ အခုကျတော့ ဒီလူက စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေပြန်တာပါလား။

"ကျွန်တော် မင်းအဂ္ဂပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်က ဆန်းသစ်နေပါ”

“ဟုတ်ကဲ့ပါရှင်”

“ဘာသောက်မလဲ မပြာလဲ့နဒီ”

ပြာလဲ့နဒီသည် သူမအမည်ကို ကြိုသိနေသော ကိုရုပ်ဆိုး (သူမ တိတ်တဆိတ်မှည့်ခေါ်သည့်အမည်)ကို အံ့ဩသလိုကြည့်တော့ ကိုရုပ်ဆိုးက အသာအယာပြုံးရင်း ...

“ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ရက်က မပြာလဲ့နဒီ ဆိုင်မှာ လာဝယ်ခဲ့တယ်လေ”

“အင်း ... ဟုတ်ပါပြီ၊ ဒါနဲ့ ကျွန်မနာမည် ဘယ်လိုလုပ် သိနေလဲ”

“သူများတွေပြောကြတာပဲ၊ ဆိုင်ရှင်က သူ့နာမည်နဲ့ပဲ ဆိုင်ကို နာမည်ပေးထားတယ်ဆိုလား သိထားလို့ပါ”

ဒီလူ မဆိုးဘူး။ သူ နာမည်သိထားပြီးကြောင်း အမှန်အတိုင်းပြောရဲသားပဲ။

“ကော်ဖီ မှာလိုက်မယ်နော်”

မင်းအဂ္ဂသည် ပြာလဲ့နဒီဟာ ကလေးအမေ ဆိုပြီး စိတ်တော့ ပျက်သွားပေမဲ့ သိပ်ပြီးသေချာတာလည်းမဟုတ်သဖြင့် စကားပြောရင်း ဆက်စပ်ပြီးမေးမည်ဟု ဆုံးဖြတ်ပြီး ပြာလဲ့နဒီကို ကော်ဖီမှာပေးလိုက်သည်။





“ကလေးဆယ့်ခုနစ်ယောက်စာကတော့ (......)လောက်ကျပါတယ်၊ ဒါက ဈေးနှုန်းတွေနဲ့ ရမဲ့အစားအစာ မီနူးပါ။ အားလုံး ဘာဂါနဲ့ Chips (ချစ်(ပ))နဲ့ သစ်သီးဖျော်ရည် အနေနဲ့ လိမ္မော်သီးရည်ပဲ စီစဉ်ထားတဲ့ ပုံစံပါ။ အစားအသောက်ပုံစံက တူပေမဲ့ သူ့အရွယ်အလောက် စီစဉ်တာမို့ ဘာဂါကလည်း အကြီးအသေးကွာမယ်၊ Chipsပမာဏကလည်း များတာနဲ့ နည်းတာ ကွာမယ်၊ ဖျော်ရည်လည်း စက္ကူဘူးအသေးနဲ့အကြီးကွာမယ်ပေါ့။ အကယ်၍ ကလေးက ဘာဂါမကြိုက်ရင် အဲဒီနေရာမှာ Chicken Nuggets နဲ့ ပြောင်းပြီး စီစဉ်ရင်ရပါတယ်၊ ဒါပေမဲ့ ဈေးနှုန်းကတော့ နည်းနည်းပိုများသွားလိမ့်မယ်”

မင်းအဂ္ဂက စာရွက်ထဲမှာ ပုံသေချပေးထားသော ဈေးနှုန်းများနဲ့ အစားအသောက်စာရင်းကို အသေအချာပြရင်း ရှင်းပြပေးပါသည်။

“အားလုံးတစ်ပြေးညီ ဘာဂါပဲမှာရင် ကောင်းမယ်ထင်တယ်”

“ရပါတယ်”

“စရန်က တစ်ဝက်ပေးရမှာလား”



www.burmeseclassic.com

www.burmeseclassic.com



"စရန်က 20% ပေးရင် ရပါတယ်"

"ဟုတ်ပြီ၊ ဒါဆို ဒီမှာနော်၊ ရေကြည့်ပါဦး"

မင်းအဂ္ဂသည် ငွေရေစက်နဲ့ နှစ်ခါပြန်ရေပြီး နောက်ကွန်ပျူတာမှာ 20% ငွေချေပြီးကြောင်း ရိုက်ထည့်၊ ကျန်ငွေအယ်ငွေ့ဘယ်မျှဆိုတာ တွက်ချက်ပေးပြီးလျှင် Printerမှတစ်ဆင့် ထုတ်လိုက်သော Receipt ငွေရပြေစာကို ကမ်းပေးလိုက်သည်။

"လူကြီးက ခန့်မှန်းခြေ ဘယ်နှယောက်လောက် လာမယ်ဆိုတာ သိထားလား"

"လူကြီးအတွက်က ဒီဆိုင်ရောက်မှ သူတို့မှာတာ တွက်ပြီးသီးသန့်ရှင်းရမယ်ဆို"

"ဩော် ... ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ။ ဒါပေမဲ့ကျွန်တော်တို့က မွေးနေ့ပွဲနဲ့ သက်ဆိုင်သူတွေအဖြစ် ကလေးတွေ ပါတီကျင်းပရာအခန်းနဲ့ ကပ်ရပ်စားပွဲတွေမှာ နေရာချပေးချင်လို့ပါ။ အဲဒီစားပွဲတွေကိုသီးသန့်ချန်ပြီး Reserved (ရီဆာ့ဗ်) လုပ်ပေးထားမလို့ပါ"

"လူကြီးကတော့ ကျွန်မ အထင်ပြောရင် ဆယ့်နှစ်ယောက်လောက်ပဲရှိမယ်၊ ဖိတ်တဲ့ကလေးပေါင်းက ဆယ့်ခြောက်ယောက်လောက်ပေမဲ့ အဲဒီထဲမှာ မောင်နှမနှစ်ယောက်တို့





သုံးယောက်တို့၊ ညီအစ်မနှစ်ယောက်တို့တွေလည်းပါတော့သူတို့မိဘကတော့ ကလေးတစ်စုအတွက် အမေဖြစ်ဖြစ် အမေဖြစ်ဖြစ် အဒေါ်ဖြစ်ဖြစ် လာပို့မယ်ဆိုရင် ဆယ်ဦးထက်မပိုပါဘူး။ ဒါပေမဲ့ ပိုပိုသာသာပဲ ဆယ့်နှစ်ယောက်စာ နေရာချန်ပေးပါရှင်"

မင်းအဂ္ဂသည် သူ မေးလိုသောအကွက် ရသွားပြီဖြစ်သဖြင့် ခပ်မြန်မြန် ဆက်စပ်မေးလိုက်ပါသည်။

"အဲဒီထဲမှာ မွေးနေ့ရှင် အဖေ အမေ ပါပြီလား"

ဟု ဂမင်ပဲ အမေဟု ပြောသည့်အခါ ပြာလဲ့နဒီကိုသာ လက်သို့ညွှန်ပြီး ပြောသဖြင့် ပြာလဲ့နဒီမှာ အံ့ဩသလိုမျက်နှာတွေ ပင့်ပြလေသည်။

"ကျွန်မ အမေ မဟုတ်ပါဘူးရှင်၊ ကျွန်မက အဒေါ်ပါ၊ ကျွန်မအစ်မရဲ့ သားကို မွေးနေ့လက်ဆောင်အနေနဲ့ ကျွန်မအကုန်ခံပြီး ဒီဆိုင်မှာ ပါတီလာလုပ်ပေးတာပါရှင်။ ကျွန်မရဲ့တူလေး မွေးနေ့ပါ။ မွေးနေ့ရှင်ဘက်ကအနေနဲ့ အဒေါ်ရယ်။ အမေရယ်။ အဘွားရယ် သုံးယောက်ပါပါမယ်၊ ဒီတော့ လူကြီးဆယ့်ငါးယောက်စာ နေရာချန်ပေးပါနော်။ ကလေးအမေကတော့ ခုလောလောဆယ် U.Kမှာ ပညာ



www.burmeseclassic.com

www.burmeseclassic.com



တော်သင်သွားနေလို့ မပါနိုင်ပါဘူး။ ဒါကြောင့် အဖေတော့ မလာပါဘူး”

ပြာလဲ့နဒီမှာ ပြုံးပြုံးလေးပြန်ရှင်းပြပြီးမှ သူမဘာသာ ပြန်သတိထားမိသွားသည်။ ကြည့်စမ်း ... ဒီလူဟာ ငါ့ကို တမင် မေးတာများလား။ ငါ့ရဲ့ မိနီမှာယ်ထဲကို ဝင်လာပြီး ဘာမှလဲ မယ်မယ်ရရ မဝယ်ကြဘဲ ငါ့ကို သေသေချာချာ ကြည့်သွားတယ် လို့ ဝန်ထမ်းကောင်မလေးတွေပြောတာ တကယ်ပဲလား၊ တမင်ပဲ ပြာလဲ့နဒီကို မြင်ချင်လို့လာကြည့်ခဲ့သလား။ အခုလည်း ကြည့် အဲဒီလို ငါလည်း ဖြေလိုက်ရော သူတို့အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် လှမ်းကြည့်ကြပုံက ဘာအဓိပ္ပာယ်တွေမှန်းမသိဘူး။ ကြည့်စမ်း ... သူတို့ထဲက ဘယ်တစ်ယောက်ဟာ ငါ့ကို စိတ် ဝင်စားနေတာပါလိမ့်။ အခုမှ ရိပ်မိတယ်။ ညံ့လိုက်တဲ့ ငါ။

“ဟုတ်ပါပြီ၊ ဒါဆို လူကြီးဆယ့်ငါးယောက်အတွက် စားပွဲ ဝိုင်းတွေ Reservedထားထားပေးပါမယ် စိတ်ချပါ။ မွေးနေ့ ပါတီမှာ ခာတ်ပုံဗီဒီယိုရိုက်ချင်ရင်လည်း ကိုယ့်ဘာသာ ရိုက်လို့လည်းရတယ်၊ ဒါမှမဟုတ် ကျွန်တော်တို့ ဆိုင်ကို ပဲ တာဝန်ပေးရင်လည်း အဲဒီအတွက် ဓာတ်ပုံဆရာ။ ဗီဒီယိုဆရာ ခေါ်ပေးနိုင်ပါတယ်”





ဆန်းသစ်နေလည်း ပြာလဲ့နဒီဟာ ကလေးအမေ မဟုတ်မှန်းသိသွားလျှင် ခုနကလိုငြိမ်ပြီး ဘေးဖယ်မနေတော့ဘဲ အနားလာရပ်လိုက်ကာ ...

“ဓာတ်ပုံ ဗီဒီယိုလုပ်ငန်းကို ကျွန်တော့်အစ်ကိုက လုပ်ပါ တယ်၊ ပရော်ဖက်ရှင်နယ် လုပ်တာပါခင်ဗျာ”

“အဟင်း ... ကပ်စေးနှဲတာတော့ မဟုတ်ဘူးနော်။ ကလေး မွေးနေ့ပွဲဆိုတော့ အမှတ်တရလေးဖြစ်အောင် ကိုယ့်ဘာသာ ပဲ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ဖို့ စိစဉ်ထားလို့ပါ။ သိပ်ကြီးကြီး ကျယ်ကျယ်ကြီး လုပ်တာလည်း မဟုတ်တော့ အိမ်မှာရှိတာ တွေနဲ့ပဲ ရိုက်မယ်လို့ စီစဉ်ယားပြီးသားပါရှင်”

“ခြော် ... ရပါတယ် ကိစ္စမရှိပါဘူး။ ကြော်ငြာပေးတာပါ ခင်ဗျာ”

“အဲဒီဓာတ်ပုံဗီဒီယိုလုပ်ငန်းကိုတော့ Cardပေးရင်ပေးထား လေ။ ဒါမှ လိုအပ်ရင် ကိုယ်သိပြီးသားထဲက ဆက်သွယ် လို့ရအောင်ပေါ့”

“အိုခေ ... ဒါဆို ကျွန်တော် Cardသွားယူလိုက်ဦးမယ်”

ဆန်းသစ်နေ သူ့စားပွဲသို့ ပြန်လျှောက်သွားပြီး အံဆွဲထဲမှ သူ့အစ်ကို အောင်သစ်နေ၏ ဓာတ်ပုံဗီဒီယိုလုပ်ငန်း Visiting Card (ဗစ်ဇစ်တင်းကတ်ဒ်)ကို သွားယူလိုက်ပါသည်။ မင်းအဂ္ဂက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ဆိုင်က ဖွင့်ဖြစ်တာ သိပ်မကြာသေးပါဘူး။ တစ်နှစ်တောင်မပြည့်သေးဘူး ခင်ဗျ။ မပြာလဲ့နဒီက ဒီကို ဘယ်တုန်းက ရောက်မှုတာလဲ"

ပြာလဲ့နဒီက သူမကို ဧည့်ခံထားသော Espresso (အက်(စ)ပရက်ဆို)ကော်ဖီကို သောက်ရင်း ...

"တစ်ခေါက်ပဲ ရောက်ပါသေးတယ်၊ သူများတွေ ညွှန်းတာနဲ့ တစ်ခေါက်လာကြည့်တာလေ။ ဘာဂါက တခြားဆိုင်တွေနဲ့ မတူဘူး။ တစ်မျိုးလေးကောင်းတယ်၊ ဒါကြောင့် သဘောကျ သွားတာ၊ ပြီးတော့ ထူးခြားတဲ့ မွေးနေ့ပွဲလည်း ဒီမှာလုပ် ချင်သွားတယ်။ ဘယ်ဆိုင်မှာမှမရှိတဲ့ ကလေးမွေးနေ့ပွဲလေး လုပ်နိုင်တဲ့ သီးသန့်ခန်းလေးထားပေးလို့လေ။ နိုင်ငံခြားမှာ ရှိတဲ့ဆိုင်တွေနဲ့ တူနေတယ်"

"ကျွန်တော်တို့လည်း ဟိုက အတူနိုးပြီး ဒီမှာ ပြန်လုပ်တာ ပါဗျာ၊ အထင်မကြီးပါနဲ့ အတုခိုးတာ၊ ကျွန်တော်နဲ့ ဆန်းသစ်နေက စင်ကာပူမှာ ကျောင်းတက်ရင်း ခင်သွား ကြတယ်၊ ပြီးတော့ ဩစတြေးလျမှာ တစ်နှစ်ခွဲ ထပ်တက် တော့လည်း အတူတူပဲ။ အဲဒီမှာ Student(စ,တူးဒင့်)ဆိုရင် တစ်ပတ်နာရီနှစ်ဆယ် အလုပ်လုပ်ခွင့်ရတော့ McDonald's ဆိုင်မှာ နှစ်ယောက်စလုံး ဝင်လုပ်မှုကြတယ်။ အဲဒီက အတု





ခိုးပြီး ဒီရောက်တော့ သင်လာတဲ့ပညာနဲ့ ဘာမှမဆိုင်တဲ့ ဘာဂါဆိုင်ကို နှစ်ယောက်ပေါင်း ဖွင့်ဖြစ် သွားတာပါပဲ"

မင်းအဂ္ဂသည် ပြာလဲ့နဒီကို ဒီထက်ပို၍ ခင်မင်ရင်းနှီး လိုသောကြောင့် သူတို့အကြောင်းကို မလိုအပ်ပါဘဲ အပြည့်အစုံ ပြောပြလိုက်တော့လေသည်။

"ကျွန်မလည်း အဲဒီလိုပါပဲ။ သွားသင်တုန်းကတော့ ကွန်ပျူတာဆိုင်းယင့်(စ)ပါပဲ။ ဒီရောက်တော့ ဘာလုပ်ရမှန်း မသိသေးတာနဲ့ အဖေအမေတွေကို ပူဆာပြီး မိနီမာ့ထ်လေး ဖွင့်ထားလိုက်ရတယ်။ ပိုက်ဆံတွေအများကြီး အကုန်ခံ သင်လာပြီး ဘယ်မှာသုံးရမှန်းမသိဖြစ်နေတယ်"

"ကျွန်တော်တို့နှစ်ယောက်ကတော့ မိဘတွေက သွားသွား တက်တက်ဆိုတာနဲ့ သူများသွားဟာ ကိုယ်လည်း သွားနိုင် ရမယ်ဆိုပြီး သေသေချာချာ မစဉ်းစားဘဲ ဟိုတယ် Management နဲ့ဆိုင်တာ သွားတက်လိုက်မိတယ်လေ၊ အခု ဒီရောက်တော့ အလုပ်သွားလျှောက်ရင် ရမှာပေမဲ့ တစ် သက်လုံး မိဘကလည်း ကိုယ်ပိုင်အလုပ်ပဲ လုပ်လာတာဆို တော့ သူများဝန်ထမ်း မဖြစ်ချင်ကြတာနဲ့ အခုဆိုင်ကို ထဖွင့်ဖြစ်လိုက်တာပဲ"

"ကိုယ်တိုင် ဟိုတယ်ဆောက်ပြီး အုပ်ချုပ်လို့ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အထင်မကြီးပါနဲ့၊ အဲဒီလောက် ပိုက်ဆံမရှိပါဘူးဗျာ"

မင်းအဂ္ဂနဲ့ ပြာလဲ့နဒီ တစ်ခဏချင်း ခင်မင်ရင်းနှီးသွားလျက် ပြိုင်တူရယ်မောလိုက်ကြသည်။ ဆန်းသစ်နေကတော့ အရင်တုန်းကလည်း သူများနဲ့ဆို စကားနည်းလျက် အေးအေးဆေးဆေး နားထောင်တတ်သူဖြစ်လေရာ အခုလိုမျိုးကျတော့ သူ့တွင် ပြောစရာစကားရှားပါးသလို ဖြစ်နေသည်။ အကြောင်းအရာရာကြပြီး အစ်ကိုဖြစ်သူ၏ လုပ်ငန်းအကြောင်းတော့ ပြောလိုက်တာပါပဲ။ ဒါပေမဲ့ ပြာလဲ့နဒီက ခေတ်ပုံဗီဒီယို မလိုပါဘူးဟု အကြောင်းပြန်လေရာ သူ့မှာ စကားဆက်ဖို့ရာမရှိတော့သလိုဖြစ်သွားပါသည်။

"ကျွန်မရဲ့ဆိုင်ကိုလည်း လမ်းကြုံရင် ဝင်ခဲ့ပါဦး၊ ဆိုင်မှာ ဝယ်စရာမရှိလည်း ဆိုင်ရှေ့က ကျွန်မရဲ့ Fast Foods ဆိုင်လေးမှာ ဝယ်စားနိုင်ပါတယ်"

"ဪ … အဲဒီ Hot Dog ဆိုင်က ပြာလဲ့နဒီ ဖွင့်ထားတာပဲလား"

"ပြောရမှာ ရှက်တောင်ရှက်တယ်၊ စီးပွားရေးသောင်းကျန်းထားတာလေ။ ခုနဲ့ အတည်တကျထိုင်စားလို့တော့ မရဘူးပေါ့၊ လမ်းသွားရင်း ဈေးဝယ်ရင်း အလွယ်တကူ လက်ကကိုင်စားလို့ရတဲ့ဆိုင်လေ၊ ရှေ့မှာ ထပ်ဖွင့်ထားတာပါ"





"မဆိုးဘူး၊ အဲဒီအကြံကောင်းတယ်၊ ချီးကျူးပါတယ်"

"အဲဒီဘာဂါဆိုင်က ပိတ်ရက်မရှိ ဖွင့်တာနော်"

"ဟုတ်တယ်"

"ကျွန်မဆိုင်ကတော့ တနင်္လာတစ်ရက် ပိတ်လိုက်တယ်၊ ဆိုင်အတွက် လိုအပ်တာလေးတွေ ဝယ်ထည့်ဖို့၊ အဟင်း … ပြီးတော့ ကျွန်မလည်း ရှော့ပင်လေးဘာလေးလုပ်ပြီး အနားယူချင်လို့လေ။ စကားပြောတာလည်း တော်တော်ကြာသွားပြီ။ ကျွန်မ ဆိုင်သွားလိုက်ဦးမယ်နော်။ ကော်ဖီအတွက် ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး။ ဧည့်သည်ကို ရှိတာနဲ့ပဲ ဧည့်ခံလိုက်ရတာပါ။ အပန်းမကြီးပါဘူး"

"သွားလိုက်ပါဦးမယ်နော်"

ပြာလဲ့နဒီသည် သူတို့နှစ်ယောက်စလုံးကို ရည်ရွယ်နှုတ်ဆက်စကားပြောလိုက်ပါသည်။ ပြာလဲ့နဒီ ထွက်နိုင်ဖို့ မှန်တံခါးကို အသင့်တွန်းဖွင့်ပေးနေသော ဆန်းသစ်နေကတော့ နောက်ဆုံးအနေနဲ့ အပြုံးတစ်ခုဖြင့်သာ ပီပီပြင်ပြင် နှုတ်ဆက်လိုက်နိုင်ခဲ့လေသည်။

❤ ➻ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၄

သူတို့နှစ်ယောက် အစောင့်ကြီးစောင့်နေခဲ့သော ပြာလဲ့နဒီ၏တူလေး မွေးနေ့ကျင်းပရမည့်နေ့ကို ရောက်လာခဲ့လေပြီ။ မင်းအဂ္ဂကလည်း သူ့ရုပ်ရည်သူယုံကြည်လျက် သူ ကြိုးစားရင် ရကိုရမှာပဲ ဆိုသောစိတ်ဖြင့် ပြာလဲ့နဒီကို သူ စိတ်ဝင်စားနေကြောင်းပြဖို့ စဉ်းစားပြီးနေပြီ။ ထို့အတူ ဆန်းသစ်နေကလည်း သူ့ကိုယ်သူ ရုပ်ဆိုးပြီး အသားမည်းမှန်းတော့လည်း သိထားပေမဲ့ မင်းအဂ္ဂနဲ့ယှဉ်ရင် သူက ရုပ်ရည်မှာ ရှုံးပြီးနေမှန်းသိပေမဲ့ မခံချင်စိတ်ဖြင့် နိုင်အောင်လုပ်ကြည့်ဖို့ စိတ်အားထက်သန်နေလေပြီ။

မွေးနေ့ကျင်းပမည့်နေ့တွင် ပြာလဲ့နဒီကတော့ မွေးနေ့ရှင်တွေပီပီ စောစောလာမည် ကြိုပြောထားသဖြင့် မင်းအဂ္ဂတို့တစ်တွေ အထူးတလည်ပင် ထိုအချိန်ကို စောင့်နေခဲ့ကြလေသည်။





း‌နေ့ပါတီကျင်းပရာ အခန်းငယ်လေးအတွင်းမှာ ပြင်ဆင်ပေးသားမှုဟာ တခြားပွဲတွေနဲ့မတူအောင်ပင် ပူစီဖောင်းတွေလည်းရေအတွက် ပိုများများသုံးပေးထားသေးသည်။ ဒီကြားထဲလေးတွေ မုန့်ထိုင်စားရာ စားပွဲရှည်ကြီးရဲ့အလယ်မှာ ...

"Happy Birthday Myint Mo Htut"

ဟူသော စာတန်းတွေ အလုံးတိုင်းပါသည့် မိုးပျံပူဆောင်းအတွဲလိုက်ကြီးကို ချပြထားသည်။ မိုးပျံပူဖောင်းတွေ အပေါ်သို့မတက်သွားအောင် ကျောက်စရစ်ခဲတစ်ထုပ်ကို အပြင်ကန်းစက္ကူလေးဖြင့် ပြန်ထုပ်ပိုးပြီး မိုးပျံပူဖောင်းရဲ့ကြိုးတွေနဲ့ တွဲည်ထားပါသည်။

ဒါ့အပြင် မင်းအဂ္ဂကလည်း သူ့အစီအစဉ်နဲ့သူကလေးတွေပျော်အောင်၊ Surprise(စပရိုက်)ဖြစ်အောင် သူ့သဘောနဲ့သူ စီစဉ်ထားသော အစီအစဉ်တစ်ခုလည်းရှိပါသည်။ ဒါကိုဆန်းသစ်နေကိုပင် အသိပေးမထားပါ။

ဆန်းသစ်နေကတော့ သူနဲ့ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ပြာလဲ့နဒီ၏တူလေးကို မွေးနေ့လက်ဆောင်ကြီးတစ်ခု ဝယ်ပေးထားပြီး ရောက်လာတဲ့အခါမှပေးမည်ဟု သူ့ဘာသာသူ ကျိတ်စီစဉ်ထားပြန်သည်။ သူ စီစဉ်ထားတာကိုလည်းမင်းအဂ္ဂအား သူလည်း အသိမပေးပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်နှစ်နာရီမှာစမည့် ပွဲအတွက် ကြိုရောက်လာကြသော လူစုသည် ဆိုင်ထဲကို နေ့လယ်တစ်နာရီခွဲမှာ ဝင်လာပါသည်။

မြင့်မိုရ်ထွဋ်ကတော့ ဆိုင်မှန်တံခါး တွန်းဖွင့်ဝင်လိုက်တာနဲ့ နွားအော်သံကျယ်ကျယ် ...

"မူး ... ဟူး ... ဟူး"

ဟူသော အသံအထူးအဆန်းကို ကလေးပီပီသဘောကျကာ ဆိုင်ထဲ မဝင်လာသေးဘဲ အဝင်တံခါးကို ဝင်လိုက်ထွက်လိုက် ဆော့ကောင်းနေတော့သည်။

ပြာလဲ့နှင်းဒီတို့ဝင်လာပြီး Reserved နေရာချန်ပေးထားသော စာတန်းတင်ထားရာ စားပွဲဝိုင်းတစ်ဝိုင်းမှာ နေရာယူလိုက်သည်နှင့် ဆိုင်ရုံးခန်းထဲမှာ စောင့်နေကြသော မင်းအဂ္ဂတို့ကို ဝန်ထမ်းတစ်ယောက်က လာအကြောင်းကြားသည်။

"ဒီနေ့ မွေးနေ့ပါတီလုပ်မဲ့ မိသားစုတွေ ရောက်လာပြီ ကိုမင်းအဂ္ဂ"

ဆိုင်ဝန်ထမ်းတွေကလည်း ဒီနေ့မွေးနေ့ ကျင်းပမည့် ကလေး၏ အဒေါ်သည် ဆိုင်ပိုင်ရှင်နှစ်ယောက်တို့နှင့် တစ်စုံတစ်ခုသောအကြောင်းဖြင့် အရေးကြီးကြောင်းသိထား၊ အကဲခတ် မိထားကြပြီဖြစ်ရာ ခါတိုင်းနဲ့မတူ ချက်ချင်းသတင်းလာပို့တော့လေသည်။



"ဟုတ်လား ... အေး ... လာပြီ"

မင်းအဂ္ဂက ဆန်းသစ်နေကို ကြည့်လိုက်သည်။ ဆန်းသစ်နေက ...

"မင်း သွားနှင့်၊ ငါ ပြီးမှ ထွက်လာခဲ့မယ်"

ဟု ပြောလိုက်သဖြင့် မင်းအဂ္ဂတစ်ယောက်တည်း အရင်ထွက်လာခဲ့ပါသည်။

အမှန်တော့ ဆန်းသစ်နေက မြင့်မိုရ်ထွဋ်အတွက် လက်ဆောင်ကို ကားထဲမှာ သိမ်းထားသဖြင့် လက်ဆောင်သွားသတ်ယူပြီးမှ ထွက်တွေ့မှာမို့ မင်းအဂ္ဂကို အရင်သွားခိုင်းလိုက်တာဖြစ်ပါသည်။ သူကတော့ ဆိုင်နောက်ပေါက်မှ ထွက်သွားပြီး ဆိုင်နောက်ဘက်ဝန်ထမ်း အဝင်အထွက်လုပ်ရန်အပေါက်မှာ ရပ်ထားသော သူ့ကားထဲမှ လက်ဆောင်ထုပ်ကြီးကို သွားထုတ်ယူလိုက်ပါသည်။

မင်းအဂ္ဂ ဆိုင်အတွင်းဘက်မှနေ သူမတို့ဆီ လျှောက်လာတော့ ပြာလဲ့နှင်းဒီက စတင်နှုတ်ဆက်ပါသည်။

"ကိုမင်းအဂ္ဂတို့က နည်းနည်းလေး စောလာခဲ့ပါဆိုတာကို မေမေ့ပြန်ပြောမိတော့ မေမေက လူကြီးပီပီ စိတ်စောပြီး တစ်နာရီခွဲအရောက် ဒီကို လာနေမိတယ်လေ"

ပြာလဲ့နှင်းဒီနှင့် သိပ်အဆင်ကြီးမဟုတ်သော အမျိုးသမီးကြီးက မင်းအဂ္ဂကို အသာအကဲခတ်ရင်း ပြုံးပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ စောစောရောက်တော့လည်း မိသားစု ဓာတ်ပုံတွေ ဘာတွေ ကြိုရိုက်ချင်လည်း ရိုက်လို့ရတာပေါ့"

"ထွင့်ထွင့်က ပြောမရဘူး၊ တံခါးက နွားအော်သံထွက်တာကို ဆော့နေတယ်"

ပြာလဲ့နဒီ၏ အစ်မဖြစ်ဟန်တူသူက မင်းအဂ္ဂကို အားနာပြီး လှမ်းပြောလေသည်။

"ရပါတယ်၊ ဒီဆိုင်လာတဲ့ကလေးတိုင်း အဲဒီလိုပါပဲ၊ ဆော့ကြတယ်၊ ထားလိုက်ပါ အစ်မ၊ ဘာမှ မဖြစ်ပါဘူး။ ကလေးဆိုတာဟာ အဲဒီလိုပဲ မလှုပ်နဲ့ပြောရင် နေမှာမဟုတ်ဘူး။ ပိုလှုပ်ချင်ကြတယ်၊ သူတို့မောမှ ရပ်သွားလိမ့်မယ်"

"ဆိုင်တံခါးတွေ တော်တော်များများတွေ့ဖူးပါတယ်၊ အများစုက ဝင်လာရင် တင်းတောင်ဆိုတဲ့ အသံသာလေးမျိုး ခေါင်းလောင်းသံလေးမျိုး။ "ဟဲလို Guys (ဂိုင်း(မ်)"ဆိုတဲ့ နှုတ်ဆက်သံလေးမျိုးတွေ ကြားတတ်တယ်၊ မင်းတို့ဆိုင်ကတော့ နွားအော်သံကြီး လုပ်ထားတယ်နော်၊ ထူးဆန်းနေသလိုပဲ"

"အဲဒါ ကျွန်တော်တို့နှစ်ယောက် စင်ကာပူသွားလည်ရင်း ဆိုင်အတွက် ဘာတွေ ထူးဆန်းမလဲ လျှောက်ရှာရင်း အဲဒီလို အသံအဆန်းအပြားကို မျက်စိကျသွားလို့ ထည့်ထားတာပါ"





"ဘာပဲဖြစ်ဖြစ် သူများထက်ဆန်းပြားတော့လည်း စိတ်ဝင်စားခံရတာပေါ့"

ပြာလဲ့နဒီ အစ်မဖြစ်သူက မင်းအဂ္ဂကို အသေအချာပင် အကဲခတ်ပြီး စကားတွေ ဆက်တိုက်ပြောလိုက်တာဖြစ်ပါသည်။

"ဩော် ... ဒါက ပြာလဲ့နဒီရဲ့ အစ်မပါ၊ ဖြူလဲ့ဝတီတဲ့။ မမက ဒေါက်တာပါ၊ အခုတော့ X-ray ပိုင်းကို ဘွဲ့လွန်ဆက်တက်နေတယ်၊ မမရဲ့အမျိုးသားကတော့ U.K မှာ ပညာတော်သင် နှစ်နှစ်သွားနေပါတယ်"

ပြာလဲ့နဒီက အရင်ကလို "ကျွန်မ"ဟု သူမကိုယ်သူမ မသုံးတော့ဘဲ "ပြာလဲ့"ဟု ရင်းနှီးစွာသုံးလျက် သူမ၏ အစ်မနှင့် အရင်ဆုံးမိတ်ဆက်ပေးလိုက်ပါသည်။

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် အစ်မ"

"ဒါက မေမေပါ၊ ဒေါ်မေလဲ့တဲ့၊ ဖေဖေကတော့ ခရီးလွန်နေလို့ မပါလာနိုင်ဘူး"

"ဩော် ... ဟုတ်ကဲ့ အန်တီ၊ အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ကျွန်တော် မင်းအဂ္ဂပါ"

"ပြာလဲ့ ပြောပြထားလို့ သိပြီးပါပြီ၊ အရင်ဆုံး မင်းတစ်ယောက်တည်း မြင်လိုက်ရပေမဲ့ ဒါ မင်းအဂ္ဂ ဖြစ်မယ်လို့ မှန်းလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဩော် ... ပြာလဲ့နဒီက သူတို့နှစ်ယောက် အကြောင်း ပြန်ပြောရာမှာ မင်းအဂ္ဂဆိုတာ ဘယ်လိုပုံ၊ ဆန်းသစ်နေဆိုတာ ဘယ်လိုပုံလို့ သေသေချာချာခွဲပြောပြီးပုံရတယ်။ ရုပ်သိပ်ချောတဲ့တစ်ယောက်ဟာ မင်းအဂ္ဂပါပဲလို့ ပြာလဲ့နဒီရဲ့ မိခင်က အပွင့်လင်းဆုံးပြောလေရာ မင်းအဂ္ဂမှာ ဒီလို သိလိုက်ရတာကိုပဲ ကျေနပ်သွားလေသည်။ ကိုယ့်ရုပ်ရည်ဟာ ချောမှန်းသိပေမဲ့ ရုပ်ချောတယ်အပြောခံတော့လည်း လူ့သဘာဝအရ ကျေနပ်ပြန်တာပင်။ ပီတိဖြစ်မိဖြစ်လျက် ဂုဏ်ယူဝင့်ကြွားရပြန်တာပင်။

ထိုအချိန်တွင် ဆန်းသစ်နေဟာ လက်ထဲမှာ လက်ဆောင်ပစ္စည်းဘူးကြီးပိုက်လျက် သူတို့နားရောက်လာခဲ့သည်။ အထဲမှာ ဘာပါမှန်းတော့ မသိပေမဲ့ အရုပ်ပုံလေးတွေပါသော ပန်းစက္ကူအနီရဲရဲလေးဖြင့် ထုပ်ပိုးထားသဖြင့် လက်ဆောင်ထုပ်မှန်း မြင်ရုံဖြင့်သိပါသည်။ အထုပ်ပေါ်တွင် ကတ်ပြားလေးကိုပါ တိပ်(ပ)ဖြင့် တွဲကပ်ထားသည်။

မြင့်မိုရ်ထွဋ်က လက်ဆောင်ထုပ်မြင်တာနဲ့ တံခါးဝမှာ စပ်စုမနေတော့ဘဲ အနားပြေးလာတော့သည်။

"ရော ... သားအတွက် ပရဲဆင့်၊ ဟက်ပီဘာ့ဒ်ဒေး ထွဋ်ထွဋ်၊ ဦးဦးက ဦးဆန်းသစ်နေပါ၊ သားကို ဘာ့ဒ်ဒေး လက်ဆောင်ပေးတာပါ"





မြင့်မိုရ်ထွဋ် တစ်ယောက် ကလေးပီပီ ဝမ်းသာပြီး သူ့အရုပ်တစ်ဝက်လောက်ရှိမည့် လက်ဆောင်ထုပ်ကို ယူလိုက်ပါသည်။

ဖြူလဲ့ဝတီက ဆန်းသစ်နေကို သေသေချာချာ အကဲခတ်ကြည့်နေရင်းမှ သတိရသွားပြီး ...

"ဟဲ့ ... သားသား လက်ဆောင်ယူပြီးရင် ဘာပြန်ပြောရလဲ၊ မေမေ သင်ထားတယ်လေ၊ ပြန်ပြောလိုက်ဦးလေ သားရဲ့"

"ဟုတ်ကဲ့ ဦးဦး။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ"

"လိမ္မာလိုက်တာကွာ၊ ကဲ ... အထဲမှာ ဘာပါလဲ စိတ်ဝင်စားရင်လည်း ဖွင့်ကြည့်ပါကွာ ရပါတယ်"

"ဟယ် ... နေပါစေ ဆန်းသစ်နေ၊ အမှိုက်ပွနေပါ့မယ်၊ အိမ်ရောက်မှ ဖွင့်ပါစေ"

"ရပါတယ် အစ်မ၊ အမှိုက်မပွပါဘူး၊ ဒီမှာ သန့်ရှင်းရေး လုပ်တဲ့လူရှိပါတယ်၊ ချက်ချင်းရှင်းခိုင်းရင် ရပါတယ်"

ဖြူလဲ့ဝတီသည် ဆန်းသစ်နေ ဘယ်သူဘယ်ဝါမှန်း ကြိုသိပြီးနေကာ နာမည်ခေါ်ပြောလိုက်မိပြီးမှ သူမဘာသာ ပြန်သတိပြုမိသွားပုံရသည်။ ဒီဆိုင်က ပိုင်ရှင်နှစ်ယောက်ထဲမှာ ရုပ်ဆိုးအသားမည်းတဲ့သူဟာ ဆန်းသစ်နေဟု သူတို့ ကြိုသိထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကြေညာလိုက်သလို ဖြစ်သွားပြီဟုတွေးကာ အားနာသလိုလို ဖြစ်သွားပါသည်။

မြင့်မိုရ်ထွန်းကတော့ ပန်းစက္ကူတွေကို ဆွဲဖြဲပြီး အထဲက ဘာလဲဆိုတာ ကြည့်နေလေပြီ။ ပြာလဲ့နဒီက အပေါ်မှာပါသော မွေးနေ့ဆုတောင်းလေးကို ဖွင့်ဖတ်ပြလေသည်။

"ပျော်စရာအများကြီးတွေ့ရသောမွေးနေ့ဖြစ်ပါစေ ထွန်းထွန်းတဲ့၊ ဦးဦးဆန်းသစ်နေက ဆုတောင်းထားတယ် သား၊ ဒါလေး မေမေ့ကို သိမ်းခိုင်းထားလိုက်"

"ပေး ... ပေး ... ငါ့အိတ်ထဲ သိမ်းလိုက်မှပါ၊ အဲဒီကောင်က မရှုဘူး။ အရုပ်မြင်ရင် ဘာမှ ဂရုမစိုက်တော့ဘူး။ အိမ်မှာလည်း သူ့အရုပ်တွေချည်းပဲ သိလား။ အရုပ်တစ်ခုဝယ်ပေးရင် ခဏပဲ တစ်ပတ်လောက်ပဲ ကောင်းကောင်းကိုင်တယ်၊ ပြီးရင် အသစ်ပူဆာရော၊ အဲဒါကြောင့် သူ့ကို ရှော့ပင်းသွားရင် မခေါ်ရဲတော့ဘူး၊ ပူဆာလွန်းတော့ စိတ်ညစ်ရတယ်လေ၊ သူလိုချင်တာသာ လိုက်ဝယ်ပေးနေရရင် မီလျံနာတောင် မွဲသွားမယ်"

ဖြူလဲ့ဝတီက သားအကြောင်း ရယ်မောပြောပေမဲ့ တစ်ဦးတည်းသောသားမို့ အချစ်ပိုပုံရသည်။ ဖြူလဲ့ဝတီကတော့ ဆန်းသစ်နေကိုရော မင်းအဂ္ဂကိုပါ တစ်ပြေးညီ စကားပြောပေမဲ့





ပြာလဲ့နဒီ၏ မိခင်ဖြစ်သူ ဒေါ်မေလဲ့မှာတော့ အသားတော်တော်မည်းပြီး ရုပ်ရည်မဆိုးရုံတမယ်ရှိသော ဆန်းသစ်နေကို အမြင်ဖြင့် သဘောမတွေ့တော့ပါ။ ဒါကြောင့် အသိအမှတ်ပြု ပြုံးရုံးပြုံးပြပြီး စကားပြော နှုတ်ဆက်ခြင်းပင် မလုပ်မိပါ။ မည်းလိုက်တဲ့အသားအရေဟာ သပိတ်ရောင်ထနေတယ်ဆိုတာမျိုး ပြောရမလားပဲ။ သမီးပြာလဲ့နဲ့သာဆိုရင် ကျီးကန်းဘဲဥချီလာတယ် ပြောခံရလိမ့်မယ်။ နီဂရိုးနဲ့ ဆွေမျိုးများ တော်သလားမသိပါဘူး။ သွားတွေကတော့ ဖြူဖွေးနေသား။ အသားမည်းလို့လည်း သွားက ဖြူဖွေးနေသလားမသိ။

နီဂရိုးလို မည်းရင်လည်းမည်းပါ။ ဒါပေမဲ့ ရုပ်ရှင်မင်းသားတွေလို ရုပ်ချောရင်လည်းကောင်းသား။ Denzel Washington(ဒန်ဇယ်ဝါရှင်တန်)တို့၊ Samuel L.Jackson(ဆင်မြူရယ်အယ်လ်ဂျက်ဆင်)တို့ဆိုလည်း အသားမည်းမည်း နီဂရိုးတွေပဲ၊ ဒါပေမဲ့ ရုပ်ရည်ပြေပြစ်ပြီး ကြည့်ကောင်းတော့ ကမ္ဘာကျော်ရုပ်ရှင်မင်းသားတွေ ဖြစ်တာမဲလေ။ သူ့ကျတော့ အရုပ်ကြီးမြင့်ပြီး ကိုယ်လုံးကိုယ်ထည်တောင့်တောင့်နဲ့ မျက်ခုံးလေးတစ်ခုပဲ ကောင်းတာရှိတယ်။ မျက်နှာမှာ ဘယ်နေရာမှာမှ ထူးထူးခြားခြား လှနေတာမရှိတော့ အသားမည်းပြီး ရုပ်ဆိုးသလိုဖြစ်နေတာပေါ့။ အသားမည်း၊ အသားညိုတဲ့ သူတွေဟာ သိသိသာသာကြီး



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားပြီး ချောနေလှနေမှ သူတို့ရုပ်ချောကြောင်း အသိအမှတ်ပြုခံရတာမျိုးလေ။ အသားဖြူတဲ့ လူတွေကျတော့ ရုပ်ရည်လေးနည်းနည်းပြေပြစ်ရင်လည်း အရောင်ထွက်ပြီး လှသွားတာမျိုး၊ ဒေါ်မေလှဲဟာလည်း သူကိုယ်တိုင် အသားဖြူဖြူ ရုပ်ချောမောသူ၊ ယောကျ်ားဖြစ်သူ ဦးရဲအောင်ကလည်း အသားဖြူရုပ်ချောသူ၊ သမီးတွေကလည်း အသားဖြူဖြူချောချောလေးတွေ ဖြစ်ရုံမက သမီးအကြီး ဖြူလှဲ့ဝတီရဲ့ ယောကျ်ားလည်း အသားဖြူဖြူမို့ မြေးဖြစ်သူကလည်း ဖြူဖြူချောချောကလေးလေးဖြစ်ခွင့်ရလေရာ အသားညိုသူ၊ မည်းသူတွေဆို အလိုလိုနေရင်း သဘောမကျချင်။ လက်မခံချင်သလိုဖြစ်ချင် စသော ဘာရယ်မဟုတ်သည့် စိတ်တစ်မျိုးကြောင့် ဆန်းသစ်နေကို လက်မခံနိုင်သလို ဖြစ်သွားပါသည်။

မိခင်ပီပီ ဒီကောင်လေးနှစ်ယောက်ရဲ့ အချိုးအချိတ်ကို အကဲခတ်ခွင့်ရတာနဲ့ တစ်ခဏချင်းပဲ သူတို့ရဲ့ စိတ်သဘောကို အကဲခတ်နိုင်လေရာ သမီးငယ် ဖြာလှဲ့နဒီကို သူတို့နှစ်ဦးစလုံး စိတ်ဝင်စားနေကြကြောင်း ရိပ်မိလေသည်။ မြင်မြင်ချင်းပဲ မင်းအဂ္ဂကို အပေါ်ယံကြောကြည့်ပြီး အမှတ်ကိုးဆယ်လောက် ပေးထားပြီးသော ဒေါ်မေလှဲသည် ဆန်းသစ်နေကိုတော့ အပြင်ပန်းအမြင်ဖြင့်ပင် အမှတ်တစ်မှတ်မှကို မပေးချင်တော့ပေ။





"ဟာ ... ကားကားလေး"

"ကားကားလေး မဟုတ်ပါဘူး။ ကားကားကြီးပါကွာ။ ဒီမှာရိမုဒ်ပါတယ်။ ရိမုဒ်နဲ့ ကွန်ထရိုးလုပ်ပြီးမောင်းရတယ်၊ သား မောင်းချင်တဲ့ဘက်ကိုမောင်း ပြန်ကွေ့ချင်ရင် ဒီခလုတ်နှိပ်၊ မကွေ့ဘဲနောက်ဆုတ်ချင်ရင် ဒီခလုတ်။ မြန်မြန်မောင်းရင်ဒါ၊ နှေးနှေးမောင်းရင်ဒါ တွေ့လား"

ဆန်းသစ်နေက မြင့်မိုရ်ထွဋ်ကို ကားမောင်းပြလေရာ ပြိုင်ကားပုံစံ မီးရောင်တလက်လက်၊ အသံဆူဆူကားမှာ ဆိုင်ထဲပတ်ချာလည် မောင်းနေတော့လေသည်။

မင်းအဂ္ဂမှာ သူကတော့ ထူခြားနည်းလမ်းတစ်မျိုးနှင့် ကလေးကို Surprise ဖြစ်ဖို့ စီစဉ်ထားတာဖြစ်လေရာ ဆန်းသစ်နေ ဦးသွားသဖြင့် တော်တော်အ...ကျဖြစ်သွားသည်။ သူ Surprise လုပ်မည့် အစီအစဉ်ကလည်း ကလေးအားလုံးခံသွားမှ စရမှာဖြစ်လေရာ မြင့်မိုရ်ထွဋ် ပျော်ပျော်ချင်း စီစဉ်၍မရပါ။

"သားသား ... သုငယ်ချင်းတွေ ဝင်လာ...ပြီ၊ သွားကြိုလိုက်ဦး"

"နေ ... နေ ... အစ်မ ... ကျွန်တော် ကားကို ပြန်သိမ်းပေးပါမယ်၊ အစ်မတို့ ဧည့်သည်တွေကို ကြိုလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေသည် ကားကို ကောက်သိမ်းမလို့ပြင်သော ဖြူလဲ့ဝတီကို တားလိုက်ပြီး သူပဲ ကားကို အသေအချာ ကောက်သိမ်း၊ ဘူးထဲထည့်ပေးလိုက်သည်။ ပြာလဲ့နဒီကတော့ အခုမှစပြီး Handy Cam(ဟန်ဒီကင်(မ))ဟုခေါ်သော ဗီဒီယိုကင်မရာအသေးလေးဖြင့် ရိုက်ကူးမှတ်တမ်းတင်နေလေပြီ။

ကလေးအုပ်စုကြီး တဖွဲဖွဲရောက်လာသောအခါ ကလေးတွေကတော့ ပါတီကျင်းပရာ သီးသန့်ခန်းထဲမှာ ထိုင်ရပြီး ကလေးကို လိုက်ပို့သော လူကြီးမိဘတွေကတော့ Reserved လုပ်ထားရာ စားပွဲတွေမှာ နေရာယူလိုက်ကြလေသည်။

"ကလေးအကုန်စုံရင် ပြောနော် အစ်မ"

မင်းအဂ္ဂက ဖြူလဲ့ဝတီကို ပြောထားသဖြင့် နစ်နာရီဆယ့်ငါးလောက်မှာ ကလေးအကုန်လည်းစုံရော ...

"လူစုံပြီ မင်းအဂ္ဂရေ၊ မုန့်တွေ ချတော့မလို့လား"

"မုန့်ကို သုံးနာရီထိုးခါနီး ဆယ့်ငါးမိနစ်မှ ချရင်ရမလား အစ်မ၊ ဒါမှမဟုတ် မုန့်အရင်စားခိုင်းမလား"

"ဘာဖြစ်လို့လဲ၊ ဘာအစီအစဉ်ရှိလို့လဲ"

"ဩော် ... ကျွန်တော်က ထွင့်ထွင့်အတွက် Surprise လုပ်ထားတာလေးတစ်ခုရှိလို့ပါ၊ ဒါကြောင့် မုန့်စားပြီးမှလုပ်ရင်ကောင်းမလား၊ မစားခင်လုပ်ရင်ကောင်းမလားလို့ပါ"





ဆန်းသစ်နေ ကြားသွားပြီး မင်းအဂ္ဂကို ပြုံးကြည့်နေပါသည်။ ဩော် ... ဒီကောင်လည်း အကြံတစ်ခု ရှိနေတာကိုး၊ အေးလေ ... မဆန်းပါဘူး၊ ငါ ထင်တော့ထင်သားပဲ၊ မြင့်မိုရ်ထွင့်ကို ခုတုံးလုပ်ပြီး ငါတို့ဟာ ပြာလဲ့နဒီကို စိတ်ဝင်စားနေသူတွေဖြစ်ကြောင်း ကြေညာကြတာပဲ။ ကလေးကို အသုံးချရတာ ကောင်းတော့မကောင်းပါဘူးလေ။ ဒါပေမဲ့ ဒီနည်းပဲရှိတာ ... ဟား ဟား။ ဒီလိုနည်းပဲ သုံးရတော့မှာပေါ့။

"ကလေးတွေ အရင်စားခိုင်းလိုက်တာပဲ ကောင်းပါတယ်"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

"လူကြီးတွေအတွက်ရော"

"ကျွန်တော် ကောင်လေးနှစ်ယောက် ဒီဘက်လွှတ်ပြီး မှာတာတွေ မှတ်ခိုင်းလိုက်မယ်၊ အစ်မတို့မှာဖို့ မလိုပါဘူး။ ဒါက ပွဲလုပ်တဲ့နေ့ဆိုတော့ Waiter သွားပေးပါတယ်"

"ကိုမင်းအဂ္ဂက ဘာများ Surpris... လုပ်ထားလို့လဲ"

ပြာလဲ့နဒီက တရင်း... မေးလာသည်။

"ဩော် ... Surprise ပါဆိုမှ ကြိုပြောလို့ ဘယ်ဖြစ်မလဲဗျာ"

"ကလေးတွေအတွက်ပဲလေ"

"ကလေးတွေရော လူကြီးတွေပါ Surprise ဖြစ်ရရင် ပိုပျော်စရာကောင်းတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေအတွက် ကြိုတင်ပြင်ဆင်ပြီးသားဖြစ်သော အစားအသောက်တွေကိုလည်း ဝန်ထမ်းကောင်မလေးနှစ်ယောက် အသေအချာ ပြင်ဆင်ချပေးနေသည်။ ကလေးတွေကိုလိုက်ပို့သော လူကြီးတွေအတွက်တော့ သီးသန့် ခုမှုပြင်ဆင်ကြရပါသည်။ ဆန်းသစ်နေကတော့ ပြာလဲ့နဒီတို့ အကူအညီတောင်း၍ ပြာလဲ့နဒီ၏ Digital Camera (ဒစ်ဂျစ်တယ်ကင်မရာ)လေးဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးနေလေသည်။ မင်းအဂ္ဂကလည်း ပြာလဲ့နဒီလက်လွှဲပေးခဲ့သော ဗီဒီယိုကင်မရာဖြင့် လိုက်ရိုက်ပေးနေရသည်။

ပြာလဲ့နဒီက တစ်ချက်တစ်ချက်တော့ သူတို့နားလာရပ်ရင်း ...

"ပြာလဲ့က ကပ်စေးနဲ့ပြီး ဓာတ်ပုံ၊ ဗီဒီယိုသမား မငှားဘဲ ကိုမင်းအဂ္ဂတို့ ကိုဆန်းသစ်နေတို့ကို ခိုင်းမိနေပြီနော် ... ဟင်း ဟင်း"

ဟု အားနာသလို လာလာပြောသည်။

ဒီတော့လည်း မင်းအဂ္ဂတို့ ဆန်းသစ်နေတို့ဟာလည်း မိန်းကလေးတွေခိုင်းလျှင် (အထူးသဖြင့် အချောအလှ မိန်းကလေးတွေကခိုင်းလျှင်) ခြေထောက်တွေ မြောက်ကြွမြောက်ကြွဖြစ်ပြီး ကူညီပေးချင်နေတတ်ကြသည့် ယောကျ်ားလေးတွေထဲက ယောကျ်ားလေးတွေပီပီ သွားကြီးအဖြီးသား၊ ခေါင်းကြီးတညိတ်ညိတ်နဲ့ပဲ ...





"ရပါတယ်၊ လုပ်ပေးရမှာပေါ့၊ ကူညီပေးရမှာပေါ့"

တွေ တွင်တွင်ပြောရင်း မမောနိုင်မပန်းနိုင် ကူညီလှုပ်ရှားနေကြရတော့လေသည်။

နောက်ဖေးဆောင်ထဲက ဆိုင်ရဲ့ ဝန်ထမ်းတွေကြားမှာတော့ ...

"ငါတို့ Boss နှစ်ယောက်လည်း ကလေးမွေးနေ့ပါတီအကြောင်းပြပြီး မင်းသမီးလေးရဲ့ ပန်းကုံးအစွပ်ကို ခံရဖို့ ပြိုင်ပွဲဝင်နေကြပြီဟော့၊ ဘယ်သူနိုင်မလဲ လောင်းကြမလား"

ဟူသော တီးတိုးလောင်းကြေးထပ်သံတွေ ကြားနေရလေပြီ။

အများစုကတော့ ...

"ဦးမင်းအဂ္ဂပဲ နိုင်မှာပေါ့"

ပြောပြီး မင်းအဂ္ဂဘက်က လောင်းသူများနေသဖြင့် ဒိုင်လုပ်သူက ...

"ဦးမင်းအဂ္ဂဘက်လောင်းတဲ့သူဟာ တစ်ရာဖိုးလောင်းရင် တစ်ရာ့ငါးဆယ်ပဲရမယ်၊ ဦးဆန်းသစ်နေဘက်လောင်းရင်တော့ တစ်ရာဖိုးလောင်းရင် သုံးရာရမှာနော်"

ဆိုသော လောင်းကြေးအသစ်ဖြင့် ဆွယ်လေသည်။ ဒီတော့ တချို့ကလည်း စိတ်ကူးပြောင်းပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ဆိုးအသားမည်းတိုင်း မိန်းမချောချော မရနိုင်ဘူးလို့ ဘယ်ပုံသေနည်းကမှ ပြဋ္ဌာန်းမထားဘူး။ ဦးဆန်းသစ်နေ ကံကောင်းပြီးနိုင်ရင် ဘယ့်နှယ်လုပ်မလဲ။ ပြီးတော့ အတိတ် ရေးရေစက်ဆိုတာလည်း ရှိသေးတယ်၊ သူတို့ ရေစက်ပါနေ ရင် ဘယ့်နှယ်လုပ်မလဲ"

လို့ ပြောသူက ပြောလာသည်။

"ရေစက်ပါလို့ ဒီဘဝမှာ ဆုံရတယ်ဆိုတာဟာ မင်းကုသနဲ့ ပပဝတီပဲ ရှိတယ်၊ ဒီနှစ်ဆယ့်တစ်ရာစုခေတ်မှာ ရှိမယ် မထင်ဘူး"

လို့ မယုံသူက မယုံတာတွေရှိလာသည်။

သို့သော် ငြင်းရင်းခုန်ရင်း ပြောရင်းဆိုရင်းနဲ့ နောက် ဖေးဆောင်ဘက်မှာလည်း လောင်းကြေးတွေ ပလူပျံနေသည်။

မင်းအဂ္ဂရော ဆန်းသစ်နေပါ အသက်သိပ်မကြီး သော အလုပ်ရှင်တွေဖြစ်သလို၊ သူတို့က ပျော်ပျော်လည်းနေတတ် ပြီး ဆိုင်ဝန်ထမ်းတွေအပေါ်လည်း တော်တော့်ကို ညှာတာထောက် ထားလေရာ ဝန်ထမ်းတွေက သူတို့အလုပ်ရှင်နှစ်ဦးကို နှစ်သက် ချစ်ခင်ကြလေသည်။ ဘယ်သူ့ကိုမှ သာစေနာစေ မရည်ရွယ်ဘဲ ပျော်ရင်ပြီးရော စိတ်ဝင်စားရရင်ပြီးရောသဘောထားပြီး အလောင်း အစားကို အပျော်လုပ်ကြည့်ကြတာဖြစ်လေသည်။





ထိုအချိန်တွင် အပြင်မှာ ကလေးတွေ စားသောက် ပွဲက ပြီးသွားလေပြီ။ ဆိုင်၏လက်ဆောင်ဖြစ်သော အိုက်(စ) ကရင်(မ)ကိတ်ကိုပင် လှီးပြီး ဟက်ပီးဘာ့ဒ်ဒေးသီချင်းဆိုပြီးသွား လေပြီ။ ကလေးအားလုံး အိုက်(စ)ကရင်(မ)ကိတ်တစ်လုံးစီ အချိုတည်းနေစဉ်မှာပင် ဆိုင်ထဲကို ပြေးဝင်လာသောအရာတစ်ခု ကြောင့် ကလေးတွေအကုန်သာမက လူကြီးတွေပါ အံ့သြသွား ကြရလေသည်။

ဆပ်ကပ်ပွဲထဲက ဂျိုကာကြီးတစ်ယောက် ဆပ်ကပ် ထဲမှာစီးသော နှစ်ဘီးသေးသေးလေးပါသည့် ဆပ်ကပ်စက်ဘီးကို စီးရင်း ဝင်လာသောကြောင့်ဖြစ်သည်။ ဂျိုကာကြီးဟာ တကယ့် ရုပ်ရည်အစစ်မှာ ဘယ်သူမှန်းပင်မသိရအောင် မျက်နှာမှာ ဆေး ရောင်စုံတွေခြယ်၊ နှုတ်ခမ်းနေရာမှာ အကျယ်ကြီး အထူကြီး အနီရောင်ကြီးခြယ်၊ နှာခေါင်းထိပ်မှာ ဘူသီးနီနီကြီးတပ်လျက် ဆံပင်တို ငါးမ်ကျစ်ကျစ်ကောက်ထောက်ပေါ်သော ဦးထုပ်လေး ဆောင်းထားသည်။

အဖြူနဲ့အနက်ကြား ကော်လံကြီးကြီး၊ လက်ရှည် လက်ဖောင်း ရှပ်အင်္ကျီနှင့် ဘောင်းဘီအနီရောင် ပွပွကြီးကို ပခုံး သိုင်းကြိုးဖြင့် ဝတ်ထားသည်။ ဘွတ်ဖိနပ်ကတော့ အနက်ရောင် အကြီးကြီးဖြစ်သည်။ သူဟာ နဂိုဝသူလား၊ ပိန်သူလားလည်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ဗိုက်ကြီးကို ပူနေအောင် လုပ်ထားတာလည်း အကျႌ ဖုံးထားပေမဲ့ မြင်နေရသည်။

"ကဲ ... အဲဒါ ကျွန်တော်ရဲ့လက်ဆောင်ပဲ ပြာလဲ့နဒီ။ ကလေးတွေပျော်ရအောင် ဆပ်ကပ်ထဲက ဂျိုကာ သွားငှား ထားတာပါ၊ သူက ကလေးတွေကို နာရီဝက်လောက် ဖျော်ဖြေပါလိမ့်မယ်"

"ဟယ် ... အဲဒါ ဒီဆိုင်မှာ ပါတီလုပ်တိုင်းပါတဲ့ အစီအစဉ်လား"

ကလေးအမေတစ်ယောက်ဖြစ်ဟန်တူသူက သိချင်ပြီးမေးလာသည်။ မင်းအဂ္ဂ ရယ်ကျဲကျဲဖြင့် ခေါင်းကုတ်သလိုလုပ်ရင်း ခေါင်းအသာခါပြကာ ...

"အဟဲ ... မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်နဲ့ ဒီက ပြာလဲ့နဒီတို့က ခင်မင်ပြီးသားဖြစ်နေလို့ သူ့တူလေးအတွက် ကျွန်တော်က မိတ်ဆွေတစ်ယောက်အနေနဲ့ Surprise လုပ်တာပါ၊ တမင်သီးသန့် လက်ဆောင်ပေးတာပါ"

ထိုကလေးအမေက အခြေအနေကို သဘောပေါက်သွားသလိုသုံးသပ်ရင်း ပြုံးနေလေသည်။ ဒေါ်မေလဲ့ကတော့ မင်းအဂ္ဂကို သေသေချာချာပဲ ထပ်၍ အကဲခတ်မဆုံးဖြစ်နေလေသည်။





ပါတီပွဲကျင်းပရာ အခန်းငယ်ထဲမှာတော့ ကလေးအုပ်စုကြီးဟာ တဝါးဝါး တဟားဟားဖြင့် ဂျိုကာကြီးလုပ်ပြသမျှ ရယ်စရာအကွက်တွေကို ဆူညံစွာအားပေးနေကြတော့သည်။ ဂျိုကာကြီး၏ နှာခေါင်းဘူသီးနီနီကြီးကို ညှစ်သူညှစ်၊ ဆံပင်ဆွဲကြည့်သူဆွဲ၊ ဗိုက်ပူပူကြီးကို လက်သီးဖြင့်ထိုးသူထိုး (ထိုဗိုက်ကြီးက အတွင်းသားဗိုက်အစစ်မဟုတ်ဘဲ အထဲမှာ သားရေဘောလုံးကြီးသည့်ထားလေရာ လက်သီးဖြင့် ထိုးလိုက်တိုင်း တစွပ်စွပ်အသံမြည်နေလေသည်။)ဖြင့် ဝုန်းဒိုင်းကျဲဆူညံနေတော့သည်။

နာရီဝက်ဝေါ်တီ ဖျော်ဖြေပြီးသောအခါ ဂျိုကာကြီးသည် သူ ဝင်လာတုန်းကလိုပဲ စက်ဘီးသေးသေးလေးပေါ် သူ့ခန္ဓာကိုယ် မဆန့်မပြဲကြီး တင်နင်းပြီး အဝင်ဝမှ ထွက်သွားပါသည်။

"သူ ဘယ်လိုပြန်မှာလဲဟင်"

ပြာလဲ့နဒီက စိတ်ဝင်စားပြီးမေးသည်။

"သူ့ကို ကျွန်တော့်ကားပေါ်မှာ ပုန်းခိုင်းထားတာပါ၊ သူ ဆိုင်နောက်ဘက်က ကျွန်တော့်ကားဆီပဲ ပြန်မှာပါ။ ကျွန်တော် ပြန်လိုက်ပို့ပေးရမယ်လေ"

"ကိုမင်းအဂ္ဂရယ် ... တော်တော့်ကို ကြံကြံဖန်ဖန် ရှာလာတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ကျွန်တော်လည်း ကလေးတွေ ပျော်တာမြင်ရရင် ပျော်တယ်၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း Surpriseဖြစ်ရတာကို ငယ်ငယ်တည်းက ကြိုက်တယ်လေ"

မြင့်မိုရ်ထွန်းသည် သူ့အမေ ဖြူလဲ့ဝတီက ပြောလိုက်၍ မင်းအဂ္ဂဆီ ပြေးလာပြီး ...


"ဦးဦး ... ဦးဦးမင်းအဂ္ဂ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ၊ ထွန်းထွန်း သိပ်ပျော်တာပဲ သိလား။ ထွန်းထွန်း ဂျိုကာကြီးကို သိပ်ကြိုက်တာပဲ"

ဟု မင်းအဂ္ဂ လက်ကို လာဆွဲကိုင်၍ တတွတ်တွတ် ပြောတော့လေသည်။

ဒီနေ့ပွဲတွင် ကလေးကို အကြောင်းပြပြီး မသိမသာ ပြိုင်လိုက်ကြသော မင်းအဂ္ဂနှင့် ဆန်းသစ်နေတွင် ဆန်းသစ်နေပဲ ရှုံးသွားကြောင်း ဆိုင်ရဲ့ ဝန်ထမ်းတွေကြားထဲ ထင်မြင်ချက်တွေ ပျံ့နှံ့သွားပါသည်။







# အပိုင်း(၂)

www.burmeseclassic.com

## ၅

"ထွင့်ထွင့်ကတော့ မင်းအဂ္ဂကို ပိုပြီး အမှတ်ပေးနေပြီ ပြာလဲ့ရေ"

အိန္ဒယ်က ပြာလဲ့နဒီနှင့် ဆုံဆုံချင်း စကားစလိုက်ပါသည်။

"ထွင့်ထွင့် ဘာတွေ ပြန်ပြောလို့လဲ"

"ဘာပြန်ပြောရမလဲ၊ တနင်္လာနေ့ ကျောင်းရောက်တော့ ထွင့်ထွင့်တောင် သူ့မွေးနေ့ပါတီအကြောင်း မပြောရသေးပါဘူး။ သူ ဖိတ်လို့ ပါတီပွဲလာရတဲ့ သူ့သူငယ်ချင်းတွေက စပြောနေပြီ၊ ဂျိုကာကြီး ဘယ်လိုလုပ်ပြကြောင်း ထွင့်ထွင့်အတွက် အဲဒီဆိုင်ရှင်ဦးဦးက ခေါ်ပေးထားကြောင်းတွေပေါ့၊ ကလေးတွေ ကျွက်ကျွက်ညံအောင်ပြောလိုက်ကြတာလေ။





ငါနဲ့ အလုပ်အတူတူလုပ်တဲ့ တခြား Teacher (တီချာ) လေးတွေတောင် Milky Wayကို စိတ်ဝင်စားကုန်ကြတယ်၊ ကလေးမွေးနေ့ပါတီလုပ်ရင် အဲဒီလို စီစဉ်ပေးလားတွေ ဘာတွေ မေးကုန်ကြတယ်"

ပြာလဲ့နဒီသည် ဒီအကြောင်းအရာကို ထွင့်ထွင့်မွေးနေ့လုပ်ပြီး အိမ်ပြန်လာလာချင်းပဲ သူငယ်ချင်းတွေအကုန်လုံးဆီ ဖုန်းဆက်ပြောပြပြီးနေပြီမို့ သူငယ်ချင်းတွေကလည်း သိနှင့်နေလေပြီ။

ဒီနေ့လိုတနင်္ဂနွေနေ့တွေမှာ အလုပ်ရှိသော အိန္ဒယ်တို့၊ မေယမုံတို့က နားရပြီး၊ ငွေနှင်းမှုန်ကတော့ ခုထိ စိတ်တိုင်းကျအလုပ်မရနိုင်သေးဘဲ အလုပ်လျှောက်နေသူမို့ အမြဲအားသဖြင့် သူတို့သုံးယောက်ကတော့ လုံးဝ အားနေလေသည်။

ပြာလဲ့ရဲ့ မိနီမာ့ထ်ကတော့ တနင်္ဂနွေလို ပိတ်ရက်နေ့တွေမှာ ပိုပြီးရောင်းသဖြင့် မပိတ်လေရာ ပြာလဲ့ကတော့ မအားပါ။ သို့သော် သူငယ်ချင်းတွေနဲ့ ခဏတဖြုတ်ဆုံပြီး ရှော့ပင်းလုပ်ချင်သဖြင့် နှစ်နာရီ သုံးနာရီနီးပါးလောက်တော့ ဆိုင်ကို ပစ်ထားခဲ့ပြီး အပြင်ထွက်ဖြစ်တာများပါသည်။ နှစ်ပတ်တစ်ခါလောက်ကတော့ မိန်းကလေးတွေပီပီ ပလာဇာတွေ၊ ရှော့ပင်းမောလ်တွေ သွားလေ့ရှိကြပါသည်။

www.burmeseclassic.com



မြင့်မိုရ်ထွန်းက ဒီနှစ်မှ ငါးနှစ်ပြည့်သဖြင့် သူငယ်တန်းကို အခုကျောင်းဖွင့်မှသာ တက်ရမှာပေမဲ့ အခုခေတ်ကလေးတွေရဲ့ 'ဖက်ရှင်အတိုင်း သူ သုံးနှစ်ခွဲလောက်မှာ အိန္ဒယ်တို့ရဲ့ ပုဂ္ဂလိကပိုင် အင်္ဂလိပ်စာသင်ကျောင်းမှာ ထားထားခဲ့ပါသည်။ အိန္ဒယ်ရဲ့ တပည့်ဖြစ်နေသော မြင့်မိုရ်ထွန်းဆီမှ သူ့မွေးနေ့ပွဲအကြောင်း အိန္ဒယ် တော်တော်ကြားထားပုံရသည်။

"နင်တို့ကို ပြောထားပြီးသားပဲ၊ ထွန်းထွန်းမို့ သူတို့က ဝိုင်းလက်ဆောင်ပေးကြတာလေ၊ တခြားကလေးတွေ ပွဲလာလုပ်ရင်တော့ ဒါတွေ မပါဘူးတဲ့၊ အဲဒီအတိုင်း ပြန်ရှင်းပြလိုက်ပေါ့"

"ထွန်းထွန်းမို့ မဟုတ်ပါဘူးဟယ်၊ ပြာလဲ့နဒီရဲ့ တူလေးမို့ပါ"

"သိရင်လည်း ငြိမ်ငြိမ်နေပါ ယမုံရယ်"

ငွေနှင်းမှုန်က ...

"အင်း ... နင်တော့ ခုမှ တကယ့်ကို ထိဆုနစ်ဆု တစ်ပြိုင်တည်း ပေါက်တာပဲ"

ဟု ပြောလေသည်။ ဒါကို အိန္ဒယ်က လက်မခံဘဲ ...

"ဟယ် ... ဘယ်ကထိဆုနစ်ဆုရမှာလဲ၊ ဆန်းသစ်နေက အသားမည်းမည်း ရုပ်ဆိုးဆိုးကြီးပါ၊ သူ့ကိုရရင် ဒါ ထိ ပေါက်တာဖြစ်မလား"





"အိန္ဒယ်ရယ် ... နင်ရော ငါတို့ရော မင်းအဂ္ဂတို့ ဆန်းသစ်နေတို့ဆိုတာတွေကို ပြာလဲ့ အပြောနဲ့ပဲကြားဖူးတာပါ၊ လူဖြင့်မမြင်ဖူးဘဲနဲ့။ ဆန်းသစ်နေကို အသားမည်းမည်း မောင်ရုပ်ဆိုးလို့ ဘာလို့ ထင်နေလဲ"

"မသိဘူးလေ နင်းမှုန်ရယ်၊ ပြာလဲ့ကပြောတာ ဟိုး။ ပြာလဲ့စိတ်ထဲမှာလည်း မင်းအဂ္ဂက ချောတယ်၊ Prince Charmig ပေါ့၊ မင်းသားချောချောလေးပေါ့။ ဆန်းသစ်နေကတော့ ရုပ်ဆိုးဆိုးဆိုတော့ The Beast ကြီးပေါ့။ နင်တို့ သိလား Walt Disney (ဝေါ့လ်ဒစ္စနေ)ကာတွန်းကားလေ Beauty & the beast ဆိုတာရှိတယ်၊ အလှပဂေးမင်းသမီးလေးနဲ့ ရုပ်ဆိုးဆိုးတိရစ္ဆာန်လို အကောင်ကြီးဆိုတဲ့ ဇာတ်လမ်းလည်း ရှိတယ်။ ဒါမှမဟုတ် မင်းသားချောချောလေးနဲ့ ဇာတ်လမ်းမျိုးဆိုရင်တော့ အများကြီးပဲ၊ Cinderella(စင်ဒရဲလား)တို့၊ Sleeping Beauty (ဆလီဗင်းဗျူတီ)တို့၊ Snow White (စနိုးဝှိုက်)တို့။ အဲဒီမင်းသား ချောချောလေးတွေကျရင် နာမ်စားသုံးတာ၊ Prince Charming လို့ သုံးကြတယ်"

အိန္ဒယ်သည် ကလေးတွေအတွက် အင်္ဂလိပ်စာ ဆရာမပီပီ ကလေးပုံပြင်တွေနဲ့ သက်ဆိုင်တာတွေ ရှေ့ပြောနေသဖြင့် ကျန်တဲ့သုံးယောက်တို့က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အိန္ဒယ် ... နင့်ဟာက ကလေးပုံပြင်တွေနဲ့ ရော ကုန်ပြီ"

ဟူ၍ ဝိုင်းဝေဖန်ကြရတော့လေသည်။

"ဒါနဲ့ နေပါဦး နှင်းမှုန်ရဲ့၊ နင်က ဆန်းသစ်နေဟာ ပြာလဲ့ပြောသလောက် ရုပ်ဆိုးမှာမဟုတ်ပါဘူးလို့ ဘာကြောင့် ထင်လဲ"

မေယမုံက မေးလိုက်သည်။

"ကြော် ... ဒီလိုလေ တစ်ယောက်က သိပ်ချောနေတဲ့အခါ သူ့ဘေးမှာရှိတဲ့သူဟာ တော်ရုံတန်ရုံ ရုပ်ရည်မျိုးရှိပြီး အသားမည်းနေခဲ့ရင် အဲဒီလူကို ရုပ်ဆိုးတယ်လို့ မြင်သွားကြတာမျိုး ဖြစ်နိုင်တယ်လေ၊ သူဟာ သူ့ဘာသာ တစ်ယောက်တည်းနေရင် သိပ်မသိသာဘူး။ မင်းအဂ္ဂလိုလူနဲ့ သွားတွဲမိတော့မှ ပိုပြီးများ အရုပ်ဆိုးတယ်ထင်ခံရလားလို့ပါ၊ အဲဒီလို တွေးကြည့်တာပါ၊ တစ်ခါတလေကျလည်း Tall, Dark and Handsome ဆိုတဲ့စကားမျိုးနဲ့ မြင်ကြည့်ရင် သူ့ရုပ်က ဘယ်လိုနေမလဲပေါ့လေ။ အရုပ်မြင့်မြင့် အသားညိုမောင်းမောင်းလူရည်သန့်ဆိုတာမျိုးတွေ ရှိတယ်လေ"

"ငါတို့ အဲဒီနှစ်ယောက်ကို မြင်ဖူးချင်လိုက်တာ"

အိန္ဒယ်က ပြာလဲ့ကို ကြည့်ပြီး ပြောလိုက်သည်။ ပြာလဲ့က သဘောပေါက်ပြီး ...





"ဟော့ ... ဟော့ ... စကားမဓေါ်နဲ့နော်၊ Milky Way ကို ဘာအကြောင်းကြောင့်နဲ့မှ သွားဖို့စိတ်မကူးတော့ဘူး။ ကိုယ့်ကို စိတ်ဝင်စားနေတဲ့ ယောကျ်ားနှစ်ယောက်ရှိမှန်း သိရက်နဲ့ သွားရမှာ အောက်တယ်၊ မျက်နှာပူတယ်၊ ညှိမြလာလုပ်တယ် အထင်ခံနေရဦးမယ်"

"အခုထိတော့ သူတို့ဆီက ဘာခြေလှမ်းမှ ထပ်မလာသေးဘူး မဟုတ်လား"

"မင်းအဂ္ဂဆီက SMS တစ်ခါပို့ထားတာပဲ ရသေးတယ်၊ ဆန်းသစ်နေဆီကတော့ ဘာသံမှ မကြားဘူး"

"ဘာတွေ Message (မက်ဆေ့ချ်)ပို့ထားကာလဲ"

"နေကောင်းလား၊ သတိရလို့ နှုတ်ဆက်တာပါတဲ့၊ ဒါပဲ ဒီထက်ပိုရေးမထားဘူး။ ကြည့်ချင်ရင် ယူဖတ်ကြည့် ... ရော့"

မိုးပြာရောင်ဖုန်းလှလှလေး သူငယ်ချင်းသုံးယောက်သား ခေါင်းချင်းဆိုင် ဖွင့်ဖတ်နေကြလေသည်။

"နင်ကရော ဘယ်သူ့အပေါ် ပိုအမှတ်ပေးချင်လဲ"

"ဒါကတော့ ဘယ်လိုလုပ် ဆုံးဖြတ်လို့ရဦးမှာလဲ ယမုံရယ်။ သူတို့ကဖြင့် သဘောလောက်အမူအရာပြတာကို ကိုယ်က စိတ်ကူးတွေကြိုယဉ်ပြီး မရွေးချင်ဘူး"

"ဟီဟိ ... အနိုတ်ခါမေလုံကတော့ မင်းအဂ္ဂမှ မင်းအဂ္ဂပဲ နော်။ ငါတို့ နင့်အိမ်လာတော့ ထွင့်ထွင့် မွှေးနေပါတီ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြန်ပြောပြရင်း မင်းအဂ္ဂအကြောင်းတွေ ကောင်းကြောင်းချည်းပဲ ပြောနေတယ်။ ဆန်းသစ်နေ့ကို ထည့်တောင် မပြောဘူး။ ကောင်လေးက တော်တယ်၊ လူငယ်ပေမဲ့ စီးပွားရှာတတ်တယ်နဲ့ ဟီဟီ ... အန်တီလည်း ရုပ်ရည်ကိုကြည့်ပြီး ဆုံးဖြတ်ပြီးပြီထင်တယ်"

ပြောလဲ့နဒီက ရယ်မောနေရင်း ...

"ဟုတ်တယ် ... ငါ့အမေမှာ စိတ္တဇရှိတယ် ထင်တယ်၊ သူက ရုပ်ချောတဲ့လူမှ အကောင်းထင်ပြီး ရုပ်ဆိုး အသားမည်းတဲ့သူဆို အမြင်မကြည်ဘူးဟဲ့။ ပြီးတော့ အရင်တည်းကပဲ ပြောနေကျရှိတယ်၊ မမတောင် ယောက်ျားမရသေးပါဘူး။ အဲဒီကတည်းက ဘာပြောလဲဆို သမီးတွေ ဘယ်လိုလူမျိုးယူကြမယ်တော့ မသိဘူးတဲ့။ ဒါပေမဲ့ ကြိုမှာထားမယ်။ အသားဖြူတဲ့လူ ရုပ်ရည်ပြေပြစ်တဲ့သူပဲ ရွေးလာခဲ့တဲ့ ဒါမှ ကိုယ့်သမီးတွေကမွေးတဲ့ မြေးချောချော လှလှလေးတွေကို မြင်ရမှာတဲ့။ အဖေရုပ်ဆိုး အသားမည်းလို့ ကလေးလည်း အဲဒီလိုလေးဖြစ်နေရင် ကိုယ်ကတော့ ကိုယ့်မြေးမို့ ချစ်နိုင်ပေမဲ့ စိတ်တော့ ဘယ်ကောင်းမလဲတဲ့။ ငါ့မြေးလေး အသားမည်းလိုက်တာ၊ ရုပ်ဆိုးလိုက်တာဆိုပြီး စိတ်မကောင်းဖြစ်ရမယ်တဲ့လေ"

အိအိနွယ်က သူ့အသားအရေသူ ပြန်ကြည့်ရင်း ...





"ဟင် ... အန်တီက အသားဖြူမှ သဘောကျမယ်ဆို ငါဆို ဘယ်လိုလုပ်မလဲ၊ ငါက အသားညိုတယ်၊ အန်တီတော့ ငါ့ကို အမြင်မကြည်ဘူးထင်တယ်"

"ဟယ် ... အဲဒီလို မဟုတ်ပါဘူးဟယ်၊ မေမေက နင့်ကိုတော့ ချီးကျူးပါတယ်၊ အိနွယ်က တကယ့်ညိုညက်ညက်လေးနဲ့ ရုပ်ကလေးကလည်း ချောတော့ အသားညိုတဲ့လူထဲမှာ သူက တစ်ပန်းသာတယ်တဲ့။ တကယ်ပြောတာပါဟယ်၊ မေမေ ပြောပါတယ်။ အသားညို အသားမည်းတဲ့သူတွေဟာ သိသိသာသာကြီးကို ရုပ်ရည်က ထူးခြားပြီး ချောမောနေမှ ကြည့်ကောင်းတာ၊ သူ့ကို လှမှန်း ပုံပေါ်တာတဲ့၊ နင်က ညိုချောလေးတဲ့"

ငွေနှင်းမှုန်ကလည်း ...

"အသားဖြူတာ သဘောကျတာတွေ မြန်မာပြည်မှာသာ ခေတ်စားနေတာပါဟယ်၊ နိုင်ငံခြားမှာ ဗိုလ်မတွေဆို သူတို့အသားဖြူလွန်းလို့ ညိုအောင်တမင်ကို လုပ်နေရတယ်။ နေလောင်ခံရတာနဲ့၊ အညိုရောင်မိတ်ကပ် ...မ်းရတာနဲ့၊ နောက်ပြီး ရုပ်ရှင်ထဲမှာဆို တွေ့ဖူးတယ်နော်၊ မီးချောင်းအပုတွေပေးထားတဲ့ အခေါင်းပုံစံ Tube (ကျူ့)ကြီးထဲ ဝင်ပြီး Tanning (တန်နင်း)လုပ်တာလေ။ အသားကို



www.burmeseclassic.com

www.burmeseclassic.com



မီးကင်သလို အလုပ်ခံပြီး အရောင်တင်ရတာနဲ့၊ ဘယ်လို
နည်းနဲ့ ညိုရမလဲပဲ ကြိုးစားနေတာ"
"ဟိုမှာက ဖြူတဲ့လူတွေများတော့ ညိုတာက ရှားပါးပစ္စည်း
ဖြစ်နေပြီ၊ လူကြိုက်များတယ်၊ ဒီမှာကျတော့ ညိုတဲ့လူများ
တော့ ဖြူတဲ့လူက ပေါ်ပြူလာဖြစ်တယ်"

ဟူ၍ မေယမုံကပါ ဝင်ဆွေးနွေးပါသည်။

ပြောလဲ့သည် စကားဝိုင်းရဲ့ အကြောင်းအရာကို
ပြန်စဉ်းစားမိရင်း တဟင်းဟင်းရယ်မိကာ ...

"သြော် ... ငါတို့လည်း ဘယ်လိုများဖြစ်ပြီး အသားဖြူ
တာတွေ ညိုတာတွေ ဆွေးနွေးမိကုန်လည်း မသိပါဘူး။
ကလေးဆန်နေပြီနော်၊ ဒီအရွယ်ကြီးကျမှ အသားဘာလို့
ဖြူရလဲ ညိုရလဲတွေ ပြန်ပြောရတယ်လို့"

"အေးလေ ... သူ့ဘာသာ အပြင်ပန်း ရုပ်ချောချောဆိုးဆိုး၊
အသားဖြူဖြူမည်းမည်း ဘာမှ အရေးမကြီးပါဘူး။ တကယ်
တော့ အတွင်းစိတ်က စိတ်သဘောကောင်းပြီး ဖြူစင်ဖို့ပဲ
လိုတယ်။ အတွင်းစိတ် ပုပ်ရင် သိပ်ကြောက်ဖို့ ကောင်း
တာ"

အိန္ဒယ် ထိုသို့ ပြန်ပြောလိုက်တော့ ငွေနှင်းမှုန်က
လည်း ...





"ပြီးတော့ မိန်းကလေးတစ်ယောက်ကို သစ္စာရှိရှိချစ်နိုင်၊
မချစ်နိုင်ဆိုတာကလည်း အရေးကြီးပါတယ်။ မရခင်က
တော့ ကိုယ့်ကိုပဲ အချစ်ဆုံး၊ ရလည်းပြီးရော့ ကိုယ်ကလွဲ
ရင် တခြားမိန်းကလေးတွေကိုပဲ ချစ်နေမဲ့ယောကျ်ားမျိုး
ဆို စိတ်ညစ်စရာကြီး"

ဟု ထောက်ခံပါသည်။

"ငါလည်း အဲဒီလို အရွေးမှားမှာ သိပ်ကြောက်တာပဲ
သိလား"

မေယမုံက ပြောလိုက်သည်။ ပြီးမှ ဆက်ပြောပြန်
သည် ...

"ထိထိုးသလိုပါပဲ ကံကောင်းရင် ထိပေါက်မယ်၊ မကောင်း
ရင် မပေါက်ဘူးပေါ့"

ပြောလဲ့သည် သူငယ်ချင်းတွေနဲ့ စကားပြောဆွေးနွေး
ရင်း စိတ်ကူးမျက်စိထဲမှာလည်း သူမကိုယ်သူမတော့ မင်းအဂ္ဂနဲ့
တွဲမြင်ယောင်ကြည့်လိုက်၊ ဆန်းသစ်နေနဲ့ တွဲမြင်ယောင်ကြည့်
လိုက် လုပ်နေမိလေသည်။

လူ့စိတ်သဘောဝအရ ကိုယ်ဟာ မင်းအဂ္ဂနဲ့ တွဲမြင်
ယောင်ကြည့်တုန်းကတော့ စိတ်ထဲမှာ တော်တော်စိတ်ချမ်းသာ
ကျေနပ်နေပေမဲ့ ဆန်းသစ်နေနဲ့ တွဲမြင်ယောင်ကြည့်ရတဲ့အခါမှာ
ကျ သိပ်တော့လက်မခံချင်သလို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူမ စိတ်က ဘယ်သူ့အပေါ်မှာမှ ပိုသာနေမိတာမျိုး မရှိသေးပေ။ မင်းအဂ္ဂအပေါ်မှာလည်း ရုပ်ချော လို့ လို့ သဘောကျနှစ်ခြိုက်မိတာပေမဲ့ အကျီလေးတစ်ထည် လှလို့ ကြိုက်နှစ်သက်တဲ့စိတ်မျိုးလောက်သာရှိကြောင်း သူမဘာသာ သုံး သပ်မိလေသည်။ ဆန်းသစ်နေအပေါ်မှာကျ ကြိုက်သည်လည်း မဟုတ်၊ မကြိုက်ဘူးလည်းမဟုတ် ရိုးရိုးသာမန်လူတစ်ယောက်နဲ့ ဆုံစည်းရသလိုသာ စိတ်ထဲမှာ ခံစားရပါသည်။ တစ်ဖက်သတ် ကြီး သူ အသားမည်းလို့ ဆိုပြီးတော့ သဘောမကျတာ၊ မခေါ် မပြောချင်တာမျိုးလည်း ဖြစ်မနေတာတော့ သေချာပါသည်။

သူငယ်ချင်းတွေနဲ့ ဆုံပြီး ဆိုင်ပြန်လာ၊ ဆိုင်ဆက် ထိုင်၊ ညကိုးနာရီမှာ ဆိုင်ပိတ်၊ အိမ်ပြန်လာ။ တနင်္လာနေ့တွေ ဆို ဆိုင်လုံးဝပိတ် စသော အချိန်ယန္တရား အလုပ်ယန္တရားထဲ ပုံမှန်လည်ပတ်နေခဲ့သော ပြာလဲ့နဒီထံသို့ မင်းအဂ္ဂတို့လို ဆန်းသစ်နေတို့လို လာပိုးပန်းချဉ်းကပ်မှုသော ယောကျာ်းလေး တချို့နဲ့လည်း မကြာခဏတော့ ကြုံမှုးပါသည်။ ပြာလဲ့နဒီဟာ ချောမောလှပသောမိန်းကလေး၊ ကိုယ်ပိုင်အလုပ်အကိုင်လေးနဲ့ စီးပွားရေးလုပ်နေသော မိန်းကလေးလည်းဖြစ်လေရာ ယောကျာ်း လေးတစ်ယောက်အတွက်ကတော့ ဘယ်ဘက်ကကြည့်ကြည့် မငြင်း ချင်စရာ အရည်အချင်းတွေနဲ့ မိန်းကလေးမို့ သူမ အနီးအနားရှာ ရှုးဆွတ်ချင်သူတွေ မနည်းလှပါ။





သို့သော် မင်းအဂ္ဂတို့နှစ်ယောက်လိုတော့ သူငယ် ချင်းနှစ်ယောက်ပြိုင်ပြီး တစ်ပြိုင်တည်း ပိုးပန်းလာကြတာတော့ မကြုံဖူး၍ အခုမှ အထူးအဆန်းဖြစ်ပြီး ဒါကို ထည့်ပြောနေမိကြ တာဖြစ်လေသည်။ ပြိုင်ဆိုင်ပိုးပန်းကြသူတွေကလည်း စီးပွားရေး ပင် တစ်ဆိုင်တည်း ရှယ်ယာထည့်ပြီး အတူတူလုပ်ကိုင်နေကြသူ တွေဖြစ်ရာ ပိုပြီးထူးဆန်း၊ ပိုပြီးစိတ်ဝင်စားစရာ ကောင်းနေပါ သည်။

ဒါကြောင့် ဒီအကြောင်းကို ရိပ်မိသွားကြသော အစ်မနဲ့ အမေကပင် သတိထားပြောမိလာသည်အထိပင်။

မမဖြူလွဲ့ဝတီကတော့ ...

"ရုပ်ရည်ကိုမကြည့်ဘဲ အရည်အချင်းကို ကြည့်မယ်ဆိုရင် သူတို့နှစ်ယောက်ဟာ အရည်အချင်း အတူတူပဲနော်။ မိဘ မျိုးရိုးကောင်းကြတယ်၊ ပိုက်ဆံလည်း ချမ်းသာကြတယ်၊ သူတို့ကိုယ်တိုင်လည်း ပညာလည်းတတ်တယ်၊ စီးပွားရေး လုပ်ငန်းလည်းရှိတယ် ဆိုတာဟာ အရည်အချင်းတူပါပဲ"

ဟူသော မှတ်ချက်ပြုခြင်းကို ပြောခဲ့ပါသည်။ မေမေ ကတော့ ...

"ဟိုကောင်လေးက အသားမည်းလိုက်တာကွယ်၊ မေမေ တော့ ဆုတောင်းပါတယ်၊ ပြာလဲ့ သူ့ကို မရွေးမိပါစေနဲ့ လို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဟိုလူ့ရွေးပါ၊ ဒီလူ့ရွေးပါဆိုသော သတ်မှတ်ချက်တော့ မဟုတ်ပေမဲ့ အဲဒါနဲ့အလားတူ စကားမျိုးတော့ ပြောလာခဲ့သည်။

ဒီရက်ပိုင်းအတွင်းမှာ မင်းအဂ္ဂထံမှ နှုတ်ဆက်စကားပို့သော SMS(အက်(စ)အမ်(မ)အက်(စ)) တစ်ခါရပြီး၊ သိပ်မကြာတစ်ရက်လောက်ခြားပြီး ဆန်းသစ်နေထံမှ ဖုန်းခေါ်သံတစ်ခုဝင်လာသည်။ သူတို့ဆိုင်မှာ စရန်သွားပေးတုန်းက သူတို့ တောင်းထားသဖြင့် အိမ်ဖုန်းနှင့် ပြာလဲ့၏ မိုဘိုင်းလ်ဖုန်းနံပါတ်ကို ပေးခဲ့ရသည်ဖြစ်ရာ သူတို့နှစ်ဦးစလုံးဟာ ပြာလဲ့နဲ့ ပတ်သက်၍ ဆက်သွယ်လို့ရသော လမ်းကြောင်းတွေကို သိထားခွင့်ရလေသည်။

ပြာလဲ့ရဲ့ မိုဘိုင်းလ်ဖုန်းကို ဆန်းသစ်နေ ဆက်လာသောအချိန်မှာ ပြာလဲ့က ကားမောင်းနေရင်း ဖုန်းခေါ်သံတီးလုံးလေးကြား၍ နားကျပ်ဖြင့် နားထောင်လိုက်ရတာဖြစ်သည်။ ဖုန်းမှာ ပေါ်နေသော တခြားမိုဘိုင်းလ်ဖုန်းတစ်ခု၏ နံပါတ်ကို ပြာလဲ့ မသိပေမဲ့ ပြာလဲ့ထံ မီနီမာ့ထံနှင့်ပတ်သက်၍ ဒီလိုပဲ ဖုန်းတွေဝင်နေကြဖြစ်သဖြင့် လက်ခံနားထောင်လိုက်တာဖြစ်သည်။ ပြာလဲ့ရဲ့ မီနီမာ့ထံတွင် အခုနောက်ပိုင်း အိမ်တွင်းမှုလုပ်ငန်းလေးတွေဆီမှ တစ်ပိုင်တစ်နိုင် မုန့်လုပ်ထားတာလေးတွေ လာတင်ရောင်းချင်ကြသဖြင့် ဆက်သွယ်သူတွေ မကြာခဏ ကြုံရသည်။





တချို့က အိမ်တွင်းမှု မြန်မာမုန့်လုပ်ငန်းလေးမှလာသော မြန်မာမုန့်မျိုးစုံတွေ တင်ရောင်းပေးဖို့ ပြောလာတာရှိသည်။ တချို့က သူတို့ကိုယ်တိုင် ဖန်တီးထားသော အိုက်(စ)ကရင်(မ)တစ်မျိုးကို ဆိုင်ရှေ့မှာ အိုက်(စ)ကရင်(မ)စက်ချပြီး ကန်တော့လေးတွေ၊ ပလတ်စတစ်ခွက်လေးတွေနဲ့ ထည့်ရောင်းတာမျိုး လုပ်လိုကြသည်။ အဲဒီလိုလေးတွေ ခုတလော လာဆက်သွယ်ခံရသဖြင့် ဖုန်းလက်ခံနားထောင်လိုက်တုန်းက အဲဒီလူတွေဆီကပဲလို့ ထင်နေလေသည်။

"ဟဲလို"

"ပြာလဲ့နဒီလား"

"ရှင်"

"ပြာလဲ့နဒီ ကျွန်တော်ပါ၊ ဆန်းသစ်နေပါ"

ကားမောင်းရင်း နားထောင်ရသဖြင့် မသဲမကွဲဖြစ်နေပေမဲ့ ဆန်းသစ်နေ ဆက်တာဖြစ်ကြောင်းတော့ ကြားလိုက်သည်။

"ဆောရီး ... ပြာလဲ့နဒီ၊ ကားမောင်းနေတယ် ထင်တယ်၊ အသံတွေ ဆူနေသလိုပဲ"

"ဟုတ်တယ်၊ ကားမောင်းနေတာပါ"

"ကားမောင်းရင်း ဖုန်းပြောရင် အန္တရာယ်များပါတယ်။ နေပါစေတော့ ကျွန်တော် နောက်မှပဲ ထပ်ဆက်လိုက်မယ်"

"ကိုဆန်းသစ်နေ ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဟဲ ... ကိစ္စမရှိပါဘူး။ မတွေ့တာကြာပြီမို့ ဖုန်းနဲ့ နှုတ်ဆက်တာပါ၊ ဘာမှ အကြောင်းထူးမရှိပါဘူး၊ ကဲ ... ကဲ ... ဒါပဲ၊ ပြာလဲ့ ကားမောင်းရင်း ဖုန်းလက်ခံပြောရတယ်ဆိုလို့ ကျွန်တော် စိတ်ပူသွားပြီ။ ဖုန်းမြန်မြန် ပိတ်လိုက်ပါတော့မယ် ... ဘိုင့်ဘိုင်"

သူ့ဘာသာပြော၊ သူ့ဘာသာ ဖုန်းချသွားသော ဆန်းသစ်နေနှင့် ဖုန်းလက်ခံစကားပြောရခြင်းက ဒီလောက်သာ ကြာခဲ့သည်။ သို့သော် သူ ဘာကြောင့် ဆက်ပါသည်ဆိုတာတော့ သိခွင့်ရလိုက်လေရာ ပြာလဲ့နဒီသည် နားကျပ်ကို ပြန်ဖြုတ်ရင်း မျက်ခုံးတွေပင့် ပြုံးမိတော့သည်။

ရှေ့ဆက် ဘာတွေထပ်ကြုံရဦးမယ် မသိပေမဲ့ ပြာလဲ့နဒီသည် တကူးတကကြီး စောင့်မျှော်နေမိတာမျိုးတော့ မဖြစ်မိပေမဲ့ သူတို့ ဘယ်လို ချဉ်းကပ်လာကြမယ်ဆိုတာကိုတော့ သိချင်နေလေသည်။

"ဘယ်သူက ပိုပြီး ပို Romantic (ရိုမန်တစ်) ဖြစ်မလဲ ကြည့်ရသေးတာပေါ့လေ"





## ၄

ပြာလဲ့ မျှော်လင့်ထားသော သူတို့ဆီက ဘယ်လို Romantic ဆန်ဆန်တွေ ရောက်လာခဲ့ဦးမလဲ ဆိုတာမျိုး ဖြစ်ပေမဲ့ တကယ်ကြုံရတာကတော့ သူတို့ဆီက အချိန်မဆိုင်းသော ဖွင့်ပြောလာခြင်းပဲ ဖြစ်နေလေသည်။

အရင်ဆုံး ရောက်လာသူက ဆန်းသစ်နေ ဖြစ်လေသည်။

လွန်ခဲ့တဲ့နှစ်ရက်လောက်က ဖုန်းနှင့် နှုတ်ဆက်စကားပြောခဲ့သော ဆန်းသစ်နေသည် ပြာလဲ့နဒီထံကို ဆိုင်မှာလူကျနေသော ရုံးဆင်းချိန် ကျောင်းဆင်းချိန် ညနေပိုင်းမှာ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုင်ထဲဝင်လာတော့ ဆိုင်မှာ ခုလေးတင် မီးပျက် သွားသဖြင့် မီးစက်ကြီးမောင်းပြီး မီးစက်သံဆူဆူ၊ လူတွေစကားပြောသံ ရယ်သံဆူဆူတွေကြားမှာ ဖြာလဲ့နဒီလည်း အလုပ်ရှုပ်နေသည်။ ဆိုင်မှာ ဝန်ထမ်းစုစုပေါင်း ဆယ့်နှစ်ယောက် ခန့်ထားရာ Cashier ကောင်မလေးက နှစ်ယောက်ပုံမှန်။ အတွင်း စတိုခန်းက ပစ္စည်းအထုတ်အသွင်းလုပ်ဖို့၊ ပစ္စည်းလိုတဲ့နေရာဖြည့်ဖို့၊ ဝယ်သူကျကွဲတာတွေ မှောက်ကျတာတွေ ဖွထားတာတွေ ရှင်းဖို့လုပ် ရသော ကောင်လေးက သုံးယောက်ထားသည်။

ပစ္စည်းရောင်းချရာ နေရာတွေမှာတော့ ဝယ်သူကို စောင့်ကြည့်ကူညီဖို့၊ အရိပ်အခြည်ကြည့်ပေးဖို့ဆိုပြီး ကောင်လေး နှစ်ယောက် ကောင်မလေးနှစ်ယောက် ထားရသည်။ အလှကုန် ပစ္စည်းကောင်တာက သီးသန့်ဖွင့်ထားကာ ထိုပစ္စည်းတွေကျ မှန် ဗီရိုထဲမှာ သော့ခတ်သိမ်းဆည်းပြသထားရသဖြင့် အဲဒါတွေ ဖွင့် ပြ၊ ထက်ယူပြ၊ စမ်းသပ်ပြဖို့ ရုပ်ရည်လှပပြီး စကားပြောချိုသာ သော မိန်းကလေးသုံးယောက် ခန့်ပေးထားရသဖြင့် ဆိုင်ခပ်သေး သေးကျဉ်းကျဉ်းပေမဲ့ ဝန်ထမ်း ဆယ့်နှစ်ယောက်တော့ ရှိပါသည်။

ဖြာလဲ့နဒီရဲ့ဆိုင်က တိုက်အောက်ထပ် နှစ်ခန်းတွဲ အကျယ်ကြီးမှာဖွင့်သော မီနီမာ့ထ်မျှသာ ဖြစ်ပါသည်။ ဒါပေမဲ့ ဈေး၊ ရုံး၊ ကျောင်း၊ ကျူရှင်တွေနဲ့ နီးသဖြင့် အမြဲလူမပြတ်ဘဲ စည်ကားနေတဲ့အထိ ရောင်းရပါသည်။





ဆိုင်မှာ ဝန်ထမ်းတွေချည်းပဲ ပစ်မထားချင်သဖြင့် ဖြာလဲ့နဒီကတော့ ကိုယ့်အတွက် လုပ်စရာရှိရှိ မရှိရှိ ဆိုင်ကို ပုံမှန်သွားပြီး ကောင်တာမှာ ထိုင်လေ့ရှိသည်။ ဒီနေ့တော့ ဆိုင်မှာ လူကျနေသဖြင့် နှစ်ခုတည်းသာရှိသော Cashier တွင် လူတွေတန်းစီ နေလေရာ ဖြာလဲ့နဒီလည်း ကူညီပြီး ပစ္စည်းတွေ ကြွပ်ကြွပ်အိတ် ထဲ ထည့်ပေး၊ Code နံပါတ် ဝိုင်းပြောပေးနှင့် ဝိုင်းဂါနေရသည်။

လူမကျသောရက်တွေ ဆိုရင်တော့ ကောင်တာမှာ ထိုင်ပြီး စာအုပ်ဖတ်လိုက်၊ ဖုန်းပြောလိုက်သာ အချိန်ဖြုန်းလေ သည်။

ဆန်းသစ်နေ ဆိုင်ထဲဝင်လာသည်ကို မမြင်သေးဘဲ ကိုယ့်အောနဲ့ကိုယ် အလုပ်များနေစဉ် ဆန်းသစ်နေက ဖြာလဲ့နဒီ ရှိနေသော Cashier ကောင်တာဆီ ရောက်လာခဲ့ပြီး ...

"အလုပ်ရှုပ်နေပြီလား ဖြာလဲ့နဒီ"

"ဟင် ... ရှင် ... ဪ ... ကိုဆန်းသစ်နေပါလား"

"အလုပ်ရှုပ်နေတယ်နော်"

"ဟုတ်တယ်၊ ဒီအချိန်တွေက အမြဲလိုပဲ လူကျတတ်တယ် လေ၊ ညနေ ရုံးဆင်း၊ ကျောင်းဆင်းချိန်ဆိုတော့လေ။ ဟိုဘက် မျက်နှာချင်းဆိုင်အခြမ်းက တိုက်မှာလည်း ကျူရှင် တွေရှိတော့ လူဝင်များနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရှုပ်နေရင် လုပ်ပါ ရပါတယ်၊ ကျွန်တော် အပြင်မှာ မုန့်ဝယ်စားပြီးစောင့်မယ်၊ လူရှင်းမှ ပြန်ဝင်လာမယ်နော်"

"ကိစ္စရှိလို့လား ကိုဆန်းသစ်နေ"

"အင်း ... ဟုတ်တယ်၊ ကိစ္စလေးတစ်ခုရှိလို့ပါ"

ပြာလဲ့နဒီမှာ ဘာများလဲဟု စဉ်းစားမရဖြစ်သွားပါသည်။ မျက်မှောင်လေးပင် တွန့်သွားမိသဖြင့် ဆန်းသစ်နေလည်းချက်ချင်း ရယ်ရယ်မောမောလုပ်လျက် ...

"ဘာမှ အရေးတကြီးတော့ မဟုတ်ပါဘူး ပြာလဲ့နဒီ။ အေးအေးဆေးဆေးပါ။ ကဲ ကဲ ... အလုပ်ဆက်လုပ်ဦးနော်၊ ကျွန်တော် အပြင်မှာဖွင့်ထားတဲ့ အိုက်(စ) ကရင်(မ)ဆိုင်အသစ်ကို စိတ်ဝင်စားလို့ သွားစပ်စုလိုက်ဦးမယ်"

ပြာလဲ့နဒီ၏ မီနီမာ့ထ်ရှေ့တွင် တစ်ခြမ်းမှာ Hot Dogsနှင့် တွဲရောင်းသော ကော်ဖီ၊ တီး၊ ဖျော်ရည်ဆိုင်လေးတစ်ဆိုင်။ ဒီဘက်အခြမ်းမှာ သူတို့ကိုယ်ပိုင်တံဆိပ်ဖြင့် ပုံးလာချကာ အကြီးအကျယ်ရောင်းချနေသော အိုက်(စ)ကရင်(မ)ဆိုင်အသစ်တစ်ဆိုင် ရောက်နေတာ သိပ်မကြာသေး။ ရာသီက ပူတဲ့ရာသီမို့ပဲလားမသိ။ ရောင်းတာဖြင့် ရက်ပိုင်းမျှသာ ရှိသေးပေမဲ့ လူတော်တော်ဝယ်စားတာ တွေ့ရသည်။ သူတို့က ပြာလဲ့နဒီဆိက





ဆိုင်နေရာကို ပြန်ဖဲ့ယူငှားထားပြီး ရောင်းတာမျိုးဖြစ်သည်။ ဆိုင်စဖွင့်ဖွင့်ချင်းကတော့ ပြာလဲ့နဒီတို့တစ်ဆိုင်လုံး စားဖို့ အိုက်(စ) ကရင်(မ)ဘူးလေးတွေ လာပေးလေရာ တစ်ခါတော့ စားဖူးပါသည်။

အချိုနည်းနည်းကဲထားရုံကလွဲလျှင် အရသာလည်း မဆိုးလှပါ။ လူတိုင်းဝယ်စားနိုင်အောင် အထူးသဖြင့် ကျောင်းသူကျောင်းသားလေးတိုင်း ဝယ်စားနိုင်အောင် ဈေးကို ညှိထားသဖြင့် တကယ့် ဆိုင်ကြီးတွေက အိုက်(စ)ကရင်(မ) ရေခဲမုန့်လောက်တော့ မကောင်းပေမဲ့ ဘာပဲဖြစ်ဖြစ် သူ့အရသာနဲ့သူ စားပျော်ပါသည်။

ဆန်းသစ်နေကတော့ ပြောပြောဆိုဆို ဆိုင်ထဲက ပြန်ထွက်သွားပြီး ထိုအိုက်(စ)ကရင်(မ)ဆိုင်ရှေ့သွားစပ်စုနေသည်။ လေးထောင့်ဗီရိုလေးပုံစံ Freezerထဲကို ငုံ့ကြည့်ပြီး ဟိုဟာ လက်ညှိုးထိုး၊ ဒီဟာလက်ညှိုးထိုးဖြင့် မေးနေလေသည်။ ထိုလေးထောင့် Freezerအိုက်(စ)ကရင်(မ)ပုံးထဲမှာ စတော်ဗယ်ရီအရသာ၊ Vanilla (ဗင်နီလာ)အရသာ၊ ချောကလက်အရသာ၊ သရက်သီးအရသာ၊ လိမ္မော်သီးအရသာ၊ ဖရဲသီးအရသာနှင့် Yogurtဒိန်ချဉ်အရသာဆိုပြီး အိုက်(စ)ကရင်(မ)အမျိုးပေါင်းများစွာ ရှိကြောင်း ပြာလဲ့နဒီ သိပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ခွက်လေးဖြင့် ဝယ်ရင်တစ်မျိုး၊ ဝေဖာကန်တော့ခွက်လေးဖြင့်ဝယ်ရှင်တစ်မျိုး၊ ဈေးနှုန်းသတ်မှတ်ထားပြီး သူ့ဆိုင်ကလည်း ဆိုင်မှာထိုင်စားလို့မရပါ။ လက်ကကိုင်ပြီးစားသွားရတာမျိုးဖြစ်သည်။

ဆန်းသစ်နေသည် အမှန်တော့ ဘာမှ ဝယ်မစားချင်လှပေမဲ့ ရာသီဥတု ခပ်ပူပူကို တစ်ချက်ကြည့်ရင်း အိုက်(စ)ကရင်(မ)သာ ဝယ်စားဖို့တွေးလိုက်သည်။

"ဖရဲသီးအရသာ တစ်ခွက်ပေးပါ၊ ဝေဖာနဲ့ မဟုတ်ဘူး၊ ခွက်နဲ့"

အိုက်(စ)ကရင်(မ)ကို ခွက်ဖြင့် ကိုင်စားရင်း ဟိုလျှောက်ဒီလျှောက် လုပ်နေလိုက်သည်။ ကားထဲဝင်ထိုင်နေရင်တော့ရပေမဲ့ ကားထဲကနေဆို ပြာလဲ့နဒီဆိုင်ကို လှမ်းမမြင်သဖြင့် မထိုင်ချင်။ ဒီနေ့ သူလာတာ ပြာလဲ့နဒီအတွက် အနှောင့်အယှက်များဖြစ်နေသလားမသိ။ ဆန်းသစ်နေရဲ့ စိတ်ထဲမှာ အစပျိုးတာတွေ၊ ဖုန်းဆက်စကားပြောတာတွေ လုပ်မနေတော့ဘဲ ပြာလဲ့နဒီကို တိုက်ရိုက်လာဖွင့်ပြောထားလိုက်တာ ကောင်းမည်လို့ ဆုံးဖြတ်မိပြီး နှစ်ခါတောင် ပြန်မစဉ်းစားတော့ဘဲ ထွက်လာလိုက်တာဖြစ်သည်။

"မင်းလည်း မင်းနည်းနဲ့ကြိုးစား၊ ငါလည်း ငါ့နည်းနဲ့ကြိုးစားမယ်၊ နောက်ပိုင်းကိစ္စ တစ်ယောက်နဲ့တစ်ယောက်





မပြောကြေး၊ အသိမပေးကြေး၊ မတိုင်ပင်ကြေးနော်။ သူ့ဆီက အဖြေရလာတဲ့သူသာ အနိုင်ဆိုတော့ အဖြေရလာရင်တော့ အသိပေးကြမယ်"

မင်းအဂ္ဂက ဘာပဲလုပ်လုပ် သူကသာ ဆရာကြီးနေရာယူပြီး စီစဉ်ဆုံးဖြတ်လေရာ အခုနောက်ပိုင်းမှာ ဒီလိုပြောလာတော့ ဆန်းသစ်နေလည်း စိုးရိမ်လာသည်။ ဒီကောင် ဘာတွေများ ခြေလှမ်းကြိုလှမ်းထားပြီးပြီလဲလို့ စိတ်ပူမိလာသည်။ ရှင်းရှင်းပြောရရင် ကိုယ့်ကိုယ်ကိုယ် မညာစတမ်း အမှန်အတိုင်း ဝန်ခံရရင်ပေါ့လေ။ မင်းအဂ္ဂနဲ့ ယှဉ်ရင် ရပ်ရည်နေရာမှာ ကိုယ်က ရှုံးပြီးသားဆိုတော့ ပြာလဲ့နဒီကို ဖွင့်ပြောရာမှာ ကိုယ်က နောက်လူ မဖြစ်စေချင်ပါ။ ကိုယ်က ဒီနှစ်ယောက်ထဲမှာ အရင်ဆုံး လာဖွင့်ပြောသူ ဖြစ်ချင်သည်။

ဆန်းသစ်နေရဲ့စိတ်ထဲမှာ ပြာလဲ့နဒီကို ချစ်သလားဆိုတော့ မသေချာ။ လှလို့ သဘောကျသည်။ ချစ်သူအဖြစ် ပိုင်ဆိုင်ခွင့်ရရင် ပိုင်ဆိုင်ချင်သည်ဟူသော စိတ်ဓာတ်ကတော့ ရှိပါသည်။ သို့သော် သူမှသူပဲ။ မရရင် အသည်းကွဲတော့မယ်ဆိုရလောက်အောင်လည်း မဖြစ်မိတာတော့ ထူးဆန်းသည်။ ဒါပေမဲ့ သူ ဆုံးဖြတ်ထားသည်။ အကယ်၍ပေါ့ ပြာလဲ့နဒီသာ သူ့ကို ပြန်ချစ်ခဲ့ရင် သူ ဒီမိန်းကလေးအပေါ် တစ်သက်လုံး သစ္စာရှိရှိ မြတ်နိုးချစ်ခင်သွားနိုင်ပါသည်ဟူသော ဆုံးဖြတ်ချက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ တော်တော်စောင်းသွားပြီး မှောင်ရီပျိုးလာသောအခါ မီးနီမှာထဲလေးထဲမှာ ညနေစောင်းခါစကလောက် လူသိပ်မရှိတော့တာ တွေ့လိုက်ရသည်။ ဆန်းသစ်နေလည်း ဒီတော့မှ ဆိုင်ထဲ တစ်ခေါက်ပြန်ဝင်လာလေရာ Cashierကောင်တာနောက်မှာထိုင်နေသော ပြာလဲ့နဒီက ချက်ချင်းမြင်သည်။

"ဟော ... ကိုဆန်းသစ်နေ ပြန်လာပြီပဲ"

"ကျွန်တော် ဒီနားတစ်ဝိုက် လမ်းလျှောက်ကြည့်နေတာပါ၊ မဆိုးဘူးနော်၊ လူတော်တော်စည်တာပဲ၊ ဒါကြောင့် ဒီမှာ ဆိုင်ခန်းတွေ အများကြီး ဖြစ်နေတာ"

"ကိုဆန်းသစ်နေရော ဆိုင်တစ်ဆိုင်လာဖွင့်ဖို့ စိတ်မကူးဘူးလား"

"ရောင်းတဲ့သူ သိပ်များနေရင် ဝယ်တဲ့သူ သိပ်မရှိတော့မှာစိုးလို့ မရောင်းတော့ပါဘူးဗျာ"

"အခုရော ဘာကိစ္စရှိလို့လဲ၊ ပြာလဲ့က တွေးနေတာ၊ ဆိုင်ကိစ္စများလားလို့"

"ဟုတ်လား ဘာကြောင့်လဲ"

"ပြာလဲ့ဆိုင်မှာ ခုတလော မုန့်လုပ်နင်းလေးတွေက သူတို့မုန့်တွေ တင်ရောင်းပေးဖို့ လာပြောထားတာတွေလည်း ရှိနေတယ်။ ပြီးတော့ ပြည်တွင်းဖြစ် ဖိနပ်လုပ်ငန်းတစ်ခုကပဲ သူတို့ရဲ့ ဖိနပ်တွေ ကောင်တာတစ်ခု လာဖွင့်ထားချင်





တယ် ပြောနေလို့ နေရာစဉ်းစားနေရတယ်၊ ဆိုင်က နေရာသိပ်မကျန်တော့ ကောင်တာတစ်ခုစာ နေရာရှိပါ့မလားလို့လေ"

"ကျွန်တော်ကတော့ ဘာဂါဆိုင်လုပ်ငန်းပဲ ရှိပါသေးတယ်၊ ဖေဖေ မေမေတို့ကတော့ မုန့်ဆိုင်ဖွင့်တာ သိပ်အားမပေးဘူး။ နောက်တစ်မျိုးလုပ်ဖို့ ပြောနေတာတော့ ရှိတယ်၊ အဲဒါ မသေချာသေးပါဘူး"

"ဪ ... ကိုဆန်းသစ်နေ မတ်တတ်ကြီး ရပ်နေရပြီနော်၊ ထိုင်ပါလား။ လာ ... လာ ... အဲဒီဘက်ကနေ ပတ်ဝင်လာခဲ့။ ကောင်တာနောက်မှာ ထိုင်ခုံအပိုတစ်လုံး ရှိပါတယ်"

"ပြာလဲ့နဒီ ခဏလောက် အပြင်ထွက်လို့ရမလား"

"ရှင်"

ဆန်းသစ်နေသည် သူလာပုံလာနည်း၊ ခေါ်ပုံခေါ်နည်းတွေက သိပ်ပြီး Romantic မဖြစ်ဘူးဟု အခုမှတွေးမိသွားတော့သည်။ ဒီတော့မှ နောင်တနေချင်သွားလေသည်။

အလုပ်လုပ်နေတဲ့ မိန်းကလေးကို ခဏအပြင်လိုက်ခဲ့ပါလားခေါ်ပြီး ရည်းစားစကားပြောရမှာ သိပ်ပြီးလည်းလမ်းမကျသလိုပဲ။ ဒီနေ့လိုနေ့မျိုးဆို ပိုဆိုးသေးတယ်။ ပထမတစ်ခေါက်ဝင်လာတော့ သူအလုပ်များနေလို့ ပြန်ထွက်သွားရတယ်။သူအလုပ်ပါးတာကိုစောင့်ပြီးမှ ပြန်ဝင်လာ။ ပြန်ခေါ်ပြီး ပြောမဲ့စကားကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်မိပါတယ် ကြိုက်မိပါတယ်ပြောမဲ့စကားမျိုး ဖြစ်နေတယ်။ ခက်တာပဲ။ ငါ လုပ်ပုံလုပ်နည်းတွေ မှားနေပြီထင်တယ်။

ပြာလဲ့နဒီမှာ ဆန်းသစ်နေတစ်ယောက် ငြိမ်သွားပြီး တွေတွေဝေဝေ ဆက်စဉ်းစားနေတာတွေ့လျှင် ဘယ်လို နားလည်ရမှန်းမသိဖြစ်သွားသည်။ ဘာမျှားပြောစရာရှိလို့ ဒီလောက်အသေအချာတောင် စောင့်ပြီးခေါ်ရသလဲ။ သူနဲ့ကိုယ် အဲဒီလောက်ကြီး မရင်းနှီးလှပါဘဲ အပြင်အတူထွက်ပြီး စကားပြောဖို့ ခေါ်ရဲသတဲ့။ တော်တော်ပြောရဲတဲ့သူပဲ။ နေစမ်းပါဦး။ သူဟာ ဘာမျှားပြောမှာမို့လဲ။ ကြည့်ရသေးတာပေါ့လေ။ ပြာလဲ့နဒီလည်း စိတ်ထဲမှာ နည်းနည်းချဉ်သွားပြီး ဆန်းသစ်နေကို တည့်တည့်ပြန်စိုက်ကြည့်လိုက်လေသည်။

"ကိုဆန်းသစ်နေ ပြောမဲ့ကိစ္စဆိုတာ ဘာမျှားလဲရှင်၊ ပြာလဲ့ အပြင်လိုက်ပြီး နားထောင်ဖို့လိုလို့လား"

"ကျွန်တော်တို့နှစ်ယောက်တည်းပြောရရင် ပိုအဆင်ပြေမှာမို့ပါ"

"ပြာလဲ့ ဆိုင်အပြင်မှာ ခဏလိုက်ရပ်ပေးမယ်လေ၊ အဲဒီလိုဆိုရင်ရော"

ပြာလဲ့နဒီတို့နှစ်ယောက် ပြောနေသောစကားက သူတို့နှစ်ယောက်တည်း ကြားသာရုံပြောတာမို့ ဘေးလူတွေတော့ မကြားပါ။ သို့သော် ပြာလဲ့နဒီ ဝင်ထိုင်နေသော Cashier ကောင်





တာမှာလုပ်ရသည့် မိန်းကလေးကတော့ ကြားသဖြင့် သူ့အလုပ်သူ လုပ်နေရင်းမှ မကြာခဏတော့ လှည့်ကြည့် နားစွင့်လေသည်။

ဆန်းသစ်နေသည် ပြာလဲ့နဒီ တမင်ရွတ်ပြီး ဆိုင်အပြင် ခဏလိုက်ရပ်ပေးမယ်ပြောသဖြင့် အကြံအိုက်သွားသည်။ သူ ဖြစ်ချင်တာက လှပသားနားတဲ့ ကော်ဖီဆိုင်လေးတစ်ဆိုင်ကို ခေါ်သွား၊ စကားပြောလိုက်ချင်တာမျိုးပါ။ သူ့ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံလည်းမရှိ။ မိန်းကလေးမိတ်ဆွေလည်း မထားမိသလို တစ်ခါမှလည်း မိန်းကလေးတစ်ယောက်ကို မချစ်မိသေးလေရာ ဘယ်လိုဘယ်ပုံနဲ့ ရည်းစားစကား ပြောရမလဲဆိုတာ မသိပါ။ လူပျိုလူရွယ်ဖြစ်ခါစမှတောင် အပျော်သဘောနဲ့ မိန်းကလေးတွေကို မပိုးကြည့်ခဲ့ဖူးလေရာ သူ့ဘဝမှာ ဒါ ပထမဦးဆုံးအတွေ့အကြုံ ဖြစ်နေပါသည်။ ရပ်ရှင်ထဲမှာမြင်ဖူးသော ကောင်မလေးကို ခေါ်သွား၊ ဆိုင်မှာထိုင်ရင်း စကားပြောရင်း ချစ်နေပါပြီလို့ပြောဖို့သာ စိတ်ကူးရပြီး ကောင်မလေး သူနဲ့အတူ ပါလာအောင် ဘယ်လိုခေါ်ရမလဲ ဆိုတာတော့ မသိချေ။

အခုမှခက်နေပြီ။ ပြာလဲ့နဒီကတော့ တမင်ပဲရွတ်ပြီး ဆိုင် Cashier ကောင်တာမှ ထွက်လာနေလေပြီ။ ဆန်းသစ်နေကို မထိဟရိုလေးကြည့်လျက် ...

"အပြင်သွားကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပင် သူမက ကြိုပြီးခေါ်နေသေးသည်။

ဆန်းသစ်နေသည် ပြောမိပြီးမှ မထူးတော့ပါဘူး သဘောထားပြီး ပြာလဲ့နဒီနောက်မှ ဆိုင်အပြင်ဘက်သို့ လိုက်ပါလာခဲ့သည်။ ပြာလဲ့နဒီသည် ဒီနေ့လည်း မိုးပြာရောင်လွင်လွင် ဝတ်စုံဖြင့် ကြော့ရှင်းနေသည်။ ဘယ်တော့တွေ့လိုက် တွေ့လိုက် အပြာရောင်နဲ့ပတ်သက်သော အဝတ်အစား၊ အသုံးအဆောင်တွေသာ အသုံးပြုတတ်သောသူမဟာ အပြာရောင်ကို Crazyဖြစ်သလားလို့တွေးမိသည်။ ပြာလဲ့နဒီနှင့် ယှဉ်ပြီးရပ်လိုက်တော့ သူ့ရဲ့နားရွက်အောက်နား အဖျားလောက်မှာ ရှိနေသည့် သူမရဲ့ ငယ်ထိပ်လေးကို ငုံ့ကြည့်မိလျှင် ရင်ထဲမှာ ဘာမှန်းမသိသော ခံစားချက်ကို ရလိုက်သည်။

မိန်းကလေးတစ်ယောက် သူ့နံဘေးမှာ ပါလာတယ်ဆိုသောအသိသည် သူ့ဘဝမှာ ထူးခြားသောခံစားချက်ကို ပထမဦးဆုံး ခံစားရစေလေသည်။

လေအေးအေးလေး တစ်ချက်တိုက်လိုက်တော့ ပြာလဲ့နဒီထံမှ ရေမွှေးနံ့သင်းသင်းလေး တစ်ချက်ရလိုက်သည်။ မိန်းကလေးတွေ သုံးလေ့ရှိသော ရေမွှေးအမျိုးအစားကို အနံ့ရရုံဖြင့် မခွဲခြားတတ်၍ ဘာရေမွှေးလဲတော့ မသိပေမဲ့ ဒီရနံ့လေးကတော့ ရင်ထဲကို အေးသွားသလိုပဲ ခံစားလိုက်ရသည်။ ဘာကြောင့်လဲဆိုတော့ ဆန်းသစ်နေရဲ့ရင်ထဲမှာ အခုမှ ပူလာ၍ဖြစ်သည်။





ဘာကယ့်တကယ်ပြောမယ်ဆိုတော့ မပြောရဲတော့ပေ။ ပါးစပ်မဖွင့်ရဲတော့ပေ။

"ဒီမှာ-မှာစပ်ရင် ရပါပြီနော်"

ပြာလဲ့နဒီ ပြောသောနေရာက လမ်းဘေးပလက်ဖောင်းပေါ်မှာပေမဲ့ သူတို့နှစ်ယောက်တည်းတော့ သီးသန့်ဖြစ်နေသည်။ ပြာလဲ့နဒီက လက်ကလေး အသာပိုက်ရပ်ရင်း ဆန်းသစ်နေကို ရင်ဆိုင်ကြည့်သည်။

"ကိုဆန်းသစ်နေ ပြောမှာ ဘာကိစ္စလဲ"

"ဪ ... အင်း ... ဒီလိုပါ"

"အလုပ်ကိစ္စ မဟုတ်ဘူးလား"

"အလုပ်နဲ့ မဆိုင်ပါဘူး"

"ဒါဖြင့် ကိုယ်ရေးကိုယ်တာလား"

"အဲဒီလိုပြောရင်ရတယ်၊ ဒါပေမဲ့ အခု ကျွန်တော် ဆုံးဖြတ်လိုက်ပြီ၊ ကျွန်တော် ဒီနေရာမှာ ဒီလိုကြီးမတ်တတ်ရပ်ပြီး ပြီးပြီးရော ပြောမသွားချင်ဘူး။ ဒါကြောင့် မပြောတော့ပါဘူး ပြာလဲ့နဒီ"

"ဘယ်လိုနေရာမျိုးမှာ ပြောချင်တာလဲ"

ပြာလဲ့နဒီ ပုံစံက တမင်ပဲညစ်ပြီး စိန်ခေါ်သလိုလို ပညာပေးသလိုလို ဖြစ်နေကြောင်း ဆန်းသစ်နေ ရိပ်မိသွားပါသည်။ ထိုသို့ သိလိုက်ရသောအခါ သူ တော်တော်စိတ်မကောင်းဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါ ငါ့ရဲ့ ရုပ်ရည်ကြောင့် သူ ဒီလိုလုပ်ရဲနေတာ။ ငါနေရာမှာ မင်းအဂ္ဂဆို သူ ဒီလိုလုပ်ချင်မှလုပ်မယ်။ တမင်ပဲ အပြင်ခေါ်ထုတ်တာကို သိသိကြီးနဲ့ မသိချင်ဟန်ဆောင်ပြီး ကျေကျေနပ်နပ် လိုက်ရင် လိုက်မယ်။ ငါကတော့ အသားမည်း ရုပ်ဆိုးကောင်ဆိုတော့ ရှင့်လိုလူကများ ကျွန်မကို ဒီလို ခေါ်ပြောရဲသလားလို့ စိန်ခေါ်လာချင်ဟန်တွေ ဖြစ်လာတာပဲ။

ဪ ... သူ့လို သိပ်ချောသိပ်လှပြီး Perfect (ပါဖက်(ထ်))ဖြစ်နေတဲ့ မိန်းကလေးကို ငါ့လို ရုပ်ဆိုးကောင်က လာကြိုက်လို့ ဆက်ဆက်ခါ နာနေပြီထင်ပါရဲ့။

"ကျွန်တော် အမှန်အတိုင်း ပြောရရင်၊ ဆိုင်လေးတစ်ဆိုင်မှာ အကူထိုင်မယ်၊ စကားပြောမယ်လို့ စိတ်ကူးပြီးလာခဲ့တာ"

"သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေပြီ"

"ခင်ဗျာ"

"ပြာလဲ့လို မိန်းကလေးက ယောကျ်ားလေးတစ်ယောက် တွဲသွားဖို့ လာခေါ်တိုင်း အလွယ်တကူ လိုက်ပေးမယ်ထင်လို့လား။ ပြီးတော့ ရှင်နဲ့ ပြာလဲ့ ဆိုတာက ဘယ်နှခါများ ဆုံဖူး သိဖူး စကားပြောဖူးလို့လဲ၊ အခုမှတွေ့ရတဲ့ လူတစ်ယောက်ကို အဲဒီလောက်ထိတော့ မလိုက်လျောပါဘူး။ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင်မကြီးပါနဲ့လေ"





ဆန်းသစ်နေသည် ပြာလဲ့နှုဒီထံမှ မထင်မှတ်သော ပြတ်ပြတ်သားသား တုံ့ပြန်မှုကို သိလိုက်ရသောအခါ သူလည်း ဒေါသတော့နည်းနည်းဖြစ်သွားသည်။ ဒါက ဘာသဘောလဲ။ ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် တင်းမာပြနေရတာလဲ။

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ လူစားမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကိုလည်း အလကားနေရင်း လျှောက်မတွက်ပါဘူး။ နောက်ပြီး ကိုယ် မြတ်နိုးတဲ့ မိန်းကလေးကိုတော့ လမ်းမလယ်ကောင်ကြီးမှာ ချစ်စကား ကြိုက်စကားပြောရလောက်အောင် တန်ဖိုးမထားတတ်တဲ့လူလည်း မဟုတ်ပါဘူး ပြာလဲ့နှုဒီ"

"အံမယ်လေး ... ဖြစ်ရလေ၊ ရှင် တော်တော်လူလည်ကျတာပဲ၊ စကားထဲမှာ ရအောင် ထည့်ပြောသွားရဲသေးတယ်နော်"

ဆန်းသစ်နေမှာ ရုတ်တရက် စကားထဲပါသွားသဖြင့် ပြောပြီးမှ သတိပြုမိသည်။ ပြောလိုက်မိသဖြင့် နောင်တမရပေမဲ့ ပြာလဲ့နှုဒီကတော့ ဖြစ်သင့်တာထက်ပိုပြီး စိတ်ဆိုးသွားလေရာ ဆန်းသစ်နေမှာ အရွဲ့တိုက်ပြောချင်စိတ် ဖြစ်သွားပါသည်။

"မပြောရဲရအောင် ကျွန်တော်က ဘာဖြစ်နေလို့လဲ၊ နူနေသလား၊ ကျိုးကန်းနေသလား၊ မတူဘူး မတန်ဘူးပြောရလောက်အောင် ပြာလဲ့နှုဒီနဲ့ ကျွန်တော် အဆင့်အတန်းချင်း မိုးနဲ့မြေလို ကွာခြားနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အပေါ် မရိုင်းချင်လို့ အသာတကြည်လေး ထွက်လိုက်လာပြီး စကားပြောတယ်မှတ်ပါ။ အားနာပြီး လိုက်လျှောလိုက်မိတာ ကျွန်မ ကိုယ့်ကိုယ်ကိုယ် နောင်တ ရတယ်"

"ဟား ဟား ... ကျွန်တော့်နေရာမှာ မင်းအဂ္ဂသာဆို ပြာလဲ့နဒီ ဒီလိုဖြစ်မှာမဟုတ်ဘူး ထင်တယ်"

"ဘာပြောတယ်"

"ကျွန်တော်သာ မဟုတ်ဘဲ မင်းအဂ္ဂသာ Romantic ဆန်ဆန်တွေလည်း လုပ်မပြဘဲ အခုလို ပေါ်တင်ကြီးလာခေါ်ထုတ်၊ ဆိုင်တစ်ဆိုင်သွားထိုင်ရအောင် ပြောပြီးခေါ်ရင် ပြာလဲ့နဒီဆီမှာ ခပ်ရွတ်ရွတ် ပြန်ပြောမယ့်စကားတွေ ဆတ်ဆတ်ထိမခံအောင်နာတဲ့ အမူအရာတွေ ရှိမယ်မထင်ဘူး။ ဒါမှမဟုတ် အခုလိုပဲ စကားပြောနေရင်း မတော်တဆ စကားထဲပါသွားတဲ့ ချစ်စကား ကြိုက်စကားမျိုးကိုလည်း ပြာလဲ့နဒီရဲ့စိတ်ထဲမှာ အံမယ်လေး သူကများပြောရဲသေးတယ်လို့ ခံစားရမယ်မထင်ဘူး ဟုတ်တယ် မဟုတ်လား"

ပြာလဲ့နဒီမှာ ဆန်းသစ်နေထံမှ မထင်မှတ်သော ခနဲ့စကားကို ကြားရလျှင် သူ့ကို မီးဝင်းဝင်းတောက်အောင်ပင် ပြန်ကြည့်လိုက်မိသလားမသိ။ ဖြစ်နိုင်ရင် သူ့ကို ပါးတောင်ရိုက်ပစ်ချင်တာ။ ရိုက်ရဲတဲ့သတ္တိမရှိလို့။





"ကျွန်တော့်ကို ပါးပိတ်ရိုက်ချင်လောက်အောင် ဒေါသဖြစ်သွားပြီထင်တယ်၊ ရတယ် ရိုက်ရင်ရိုက်လိုက်လေ၊ ကျွန်တော် ကျေနပ်ပါတယ်၊ အငြိုးအတေး မထားပါဘူး။ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ရုပ်ဆိုးတဲ့ ယောက်ျားလေးတစ်ယောက်က ချစ်တယ်ပြောမိလို့ အဲဒီမိန်းကလေးက လက်မခံနိုင်ဘဲ ပြန်ရိုက်တယ်ဆိုတာ တရားပါတယ်"

"တောက်"

ပြာလဲ့နဒီသည် လက်သီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ရင်း "တောက်" ခေါက်မိတော့လေသည်။

"သိပ်ရိုင်းတဲ့လူ၊ ရုပ်နဲ့လှနဲ့ လိုက်တယ်"

"ရုပ်ဆိုးရင် အရိုင်းအစိုင်းကောင်၊ ရုပ်ချောရင် လူယဉ်ကျေးပေါ့ ဟုတ်လား"

"ရှင့်ကို သိပ်မုန်းတယ်၊ ဘယ်တော့မှ မကျေဘူး။ ကျွန်မကို တမင်လာ စော်ကားရန်စတဲ့ အတွက် ဘယ်တော့မှ အခဲမကျေဘူးမှတ်။ ရှင် ဘယ်တော့မှလဲ ကျွန်မဆီ မလာပါနဲ့၊ ရှင့်ကို မမြင်ချင်ဘူး။ မုန်းတယ်၊ မမြင်ချင်လောက်အောင် မုန်းတယ်"

"အပြေပေးတာ စောလွန်းနေပြီ၊ ကျွန်တော့်ဘက်ကလည်း တရားဝင် ဖွင့်မပြောရသေးပါဘူး။ "ပြာလဲ့နဒီကို ချစ်တယ်" လို့ ခုထိ စကားထဲမှာ အသေအချာမပြောရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြရင်း အမှတ်မထင်ပါသွားတဲ့ အကြောင်းအရာ လောက်ပဲ ရှိသေးတယ် ပြာလဲ့နဒီ"

ဆန်းသစ်နေသည် အခုမှ သူ့ရင်ထဲမှာ နာသလို ဖြစ်သည်မှာ ခုနက နာတာမျိုးနဲ့မတူသော နာကျင်ခြင်းဖြစ်နေကြောင်းသိလိုက်သည်။

အခုမှ ရင်ထဲမှာ ဆုံးရှုံးမှုတစ်ခုကြောင့် ပြင်းပြင်းထန်ထန် နာကျင်ကြေကွဲသွားသောအခါ သူသည် "အချစ်" ဆိုတာကို ချက်ချင်းခံစားလို့ ရသွားပါသည်။

သူ တကယ်သိပြီ။ သူ ပြာလဲ့နဒီကို တကယ်ပဲ ရင်ထဲမှာ ချစ်သွားမိနေပြီတည်း။ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ။ အခုမှ ဒီမိန်းကလေးကို ပြိုင်ထားတာတစ်ခုကြောင့် အနိုင်ရယူလိုမှုဖြင့် ချစ်ခွင့်ရချင်တာ မဟုတ်ဘဲ ရင်ထဲမှာ မြတ်မြတ်နိုးနိုး တကယ်ချစ်မိကြောင်း သိလိုက်ရချိန်တွင် သူ အရွဲ့တိုက်ပြောသောစကားတွေကတော့ ပြောပြီးသွားခဲ့လေပြီ။

"ရှင့်ကို ကျွန်မ သေတဲ့အထိ မုန်းမယ်"

ဟူသော နာကြည်းမုန်းတီးစွာ ပြောခဲ့သော စကားသံသည် ဆန်းသစ်နေ၏ နားထဲတွင် အထပ်ထပ်ပဲ့တင်နေခဲ့တော့လေသည်။





## ၇

ပြာလဲ့နဒီသည် ထိုအဖြစ်အပျက်ကြောင့် တစိမ့်စိမ့် ဒေါသတွေဖြစ်နေခဲ့တာ သွေးပင်မအေးသေး။ နောက်နစ်ရက် လောက်ခြားတော့ ပြာလဲ့နဒီဆီကို မင်းအဂ္ဂထံမှ ဖုန်းခေါ်သံ ဝင်လာခဲ့ပြန်သည်။ ပြာလဲ့နဒီသည် သူမ၏ မိုဘိုင်းလ်ဖုန်းထဲ ဝင်လာသော နံပါတ်ကို ဘယ်သူ့ဆီကမှန်းမသိပေမဲ့ သေချာတာ ကတော့ ဆန်းသစ်နေထံမှ မဟုတ်ဘူး ဆိုတာပဲ ဖြစ်လေသည်။ ဆန်းသစ်နေ တစ်ခါလာဆက်ထားဖူးသည်ဖြစ်ရာ သူ့ဖုန်းနံပါတ်ကို မှတ်မိသလိုဖြစ်နေပါသည်။

"ပြာလဲ့နဒီ ကျွန်တော်ပါ မင်းအဂ္ဂပါ"

ဟူသော တစ်ဖက်မှအသံကို ကြားလိုက်ရသောအခါ ပြာလဲ့နဒီသည် တအံ့တသြ ငြိမ်သက်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တိုင်ပင်ပြီးတော့များ မင်း ဒီနေ့ ဆက်သွယ်။ ငါ ဒီနေ့ဆက်သွယ်မယ်လို့ စီစဉ်ထားကြသလား။ ပြာလဲ့နဒီသည် လွန်ခဲ့တဲ့နှစ်ရက်က အဖြစ်အပျက်ကြောင့် သူတို့နဲ့ မပတ်သက်ချင်တော့သလို ဖြစ်နေလေရာ ဖုန်းလက်ခံနားထောင်လိုက်မိတာကိုပင် နောင်တရသွားသည်။

"ဘာကိစ္စရှိလို့လဲ ကိုမင်းအဂ္ဂ"

"ပြာလဲ့နဒီ အခု ဆိုင်မှာရှိနေတာလား"

"ဆိုင်မှာပါပဲ"

"ဒါဆို ကျွန်တော် အဲဒီဘက် ရောက်နေတုန်း လမ်းကြုံလို့ ခဏဝင်လာခဲ့မလို့ အသိပေးတာပါ"

"စောင့်နေရမှာလား"

"ခင်ဗျာ ဩော် ... ပြာလဲ့နဒီ အပြင်ထွက်စရာများရှိလို့လား၊ ရှိရင်လည်း သွားပါ။ ကျွန်တော်က လမ်းကြုံလို့ဝင်တွေ့ချင်တာပါ၊ တကူးတကကြီး စောင့်နေဖို့မလိုပါဘူး"

"ပြာလဲ့ ဘယ်မှတော့ သွားစရာမရှိပါဘူး။ ဒါပေမဲ့ အကယ်၍ ကိုမင်းအဂ္ဂ လာခဲ့ရင် ရှိရင်လည်းရှိနေမယ်၊ တစ်ခါတလေကျ မထင်မှတ်ဘဲ သွားစရာပေါ်လာရင် ထွက်သွားမိတာတွေရှိတော့ မရှိရင်လည်း မရှိနိုင်ဘူး။ ဒါကြောင့်ပြောတာပါ"





"မစောင့်နေပါနဲ့ ရတယ်၊ သွားစရာရှိရင်သွားလိုက်၊ ကျွန်တော် တစ်ပတ်တော့ဝင်ကြည့်မယ်လေ"

မင်းအဂ္ဂသည် ဖုန်းပြောရင်း ပြာလဲ့နဒီ အသံက ခပ်စိမ်းစိမ်းဖြစ်နေသလိုပဲလို့ ထင်မိလေသည်။ ဘာများအဆင်မပြေဖြစ်နေသလဲ။ ဘာများစိတ်မကြည်လင်စရာရှိနေလဲ။ မှတ်မှတ်ရရ ပြာလဲ့နဒီနဲ့ သေသေချာချာ စကားပြောဖူးတာဆိုလို့ ဖုန်းထဲမှာတစ်ကြိမ်၊ အပြင်မှာနှစ်ကြိမ်လောက်သာ ဆုံဖူးပေမဲ့ အရင်အခေါက်တွေနဲ့မတူအောင် စိမ်းနေသောအသံက ထူးခြားနေသည်။

သို့သော် မင်းအဂ္ဂသည် ဒီဘက်ကို တမင်ထွက်လာတာမို့ ရောက်ပလက်စနဲ့ မထူးပါဘူး။ ဆိုင်ဘက်ဝင်ကြည့်လိုက်ဦးမယ်ဟု ဆုံးဖြတ်ပြီး ဆိုင်ရှေ့မှာ ကားရပ်လိုက်လေသည်။ ဆိုင်က နေ့ခင်းဘက်ပိုင်းဖြစ်တာမို့ လူရှုပ်မနေသဖြင့် ဆိုင်ရှေ့မှာ ကားပါကင်ရတာဖြစ်သည်။ လူရှုပ်နေတတ်သော ညနေပိုင်းတွေဆိုရင်တော့ ကားနေရာရဖို့မသေချာသော လမ်းမကျယ်ကြီးဘေးမှာ ဖွင့်ထားသော မီနီမာ့ထ်လေးလည်း ဖြစ်ပါသည်။

ပြာလဲ့နဒီသည် ဆိုင်၏ မှန်တံခါးများမှတစ်ဆင့် ဆိုင်ထဲဝင်လာနေသော မင်းအဂ္ဂကို အသာငေး၍ စောင့်ကြည့်နေမိသည်။ ဇာတ်လိုက်မင်းသားတစ်ယောက်လိုပဲ ကြော့ရှင်းချော မောတည်ကြည်နေသော ရုပ်ရည်သည် ဖွဲ့လမ်းချင်စရာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အရည်အချင်းတွေ၊ အဆင့်အတန်းတွေကိုသာ သိလိုက်ရရင်တော့ ဒီကမ္ဘာမှာ သူ့လောက် Perfect ဖြစ်တဲ့ သူ့လောက် အရာရာမှာ အဘက်ဘက်မှပြည့်စုံတဲ့ ယောက်ျားမျိုး မရှိတော့ဘူးရယ်လို့ ထင်သွားချင်စရာလည်း ဖြစ်ပါသည်။

ပြာလဲ့နဒီကတော့ သူတို့နှစ်ယောက်၏ ဘာမှန်းမသိသော အကြံအစည်နဲ့ ပတ်သက်လာမှန်းမသိသည့် အဖြစ်ကြောင့် ဘယ်သူ့ကိုမှ မယုံရဲတော့သလို ဖြစ်နေပါသည်။

"ဟော ... ပြာလဲ့နဒီ ဆိုင်မှာ ရှိနေသေးတယ်"

မင်းအဂ္ဂသည် ဆိုင်ထဲဝင်ဝင်ချင်း ကောင်တာနောက်မှာ ထိုင်နေသော ပြာလဲ့နဒီကို တွေ့သဖြင့် နေကာမျက်မှန်ကို နဖူးပေါ်ပင့်တင်ရင်း နှုတ်ဆက်စကား စ,ပြောလိုက်လေသည်။

"ဘယ်မှ သွားစရာပေါ်မလာတာနဲ့ ဆိုင်မှာပဲ ရှိနေတာပေါ့ရှင်"

"ဒါဖြင့် မုန့်သွားစားကြရအောင်၊ လိုက်ခဲ့နော်"

"ပြာလဲ့ ဗိုက်မဆာပါဘူး"

"ဒီအချိန်ဆို ကော်ဖီလက်ဖက်ရည် သောက်တဲ့အချိန်ပဲ၊ အရည်တော့ သောက်လို့ရမယ်ထင်တယ်"

"ကော်ဖီသောက်ချင်ရင် ဒီဆိုင်ရှေ့မှာပဲ ဘူးနဲ့ယူသောက်ရုံပါပဲ"





"ဩော် ... ဩော် ... အဲဒီလိုလား၊ ဒါဆိုလည်း ရပါတယ်၊ ပြာလဲ့နဒီ အပြင်မသွားချင်ဘူးဆိုလည်း နေပါစေတော့။ ကျွန်တော် နောက်မှ ဖုန်းဆက်လိုက်မယ်၊ ကဲ ... အခုတော့ ဆိုင်ထဲဝင်ပြီးမှ မထူးပါဘူး။ တစ်ခုခု အားပေးလိုက်ဦးမယ်"

ပြာလဲ့နဒီ အားနာသလိုဖြစ်သွားပြီး ...

"ကိုမင်းအဂ္ဂ ဝယ်စရာမရှိလည်း ရတယ်နော်၊ ဘာမှ မဝယ်ပါနဲ့၊ ဆိုင်ထဲဝင်ပြီး အားနာလို့ဝယ်ရတာကို ပြာလဲ့က ပြန်ပြီး အားနာမိတယ်"

"ဝယ်စရာတွေ့ပါပြီ၊ ဒီမှာ မြန်မာမုန့်တွေ တင်ထားပါလား အတော်ပဲ။ မေမေတို့ အန်တီလေးတို့အတွက် ဝယ်သွားရမယ်၊ သူတို့က အချိုပွဲကြိုက်ကြတယ်လေ"

မင်းအဂ္ဂသည် ပလတ်စတစ်ဘူးအကြည်လေးတွေနဲ့ ထည့်ထားသော မြန်မာမုန့်များ ပြင်ဆင်ပြသထားရာ စားပွဲဆီ လျှောက်သွားရင်း ရွေးချယ်နေသည်။ ထိုမြန်မာမုန့်တွေက အသင့်စားသုံးရန် အနေတော်အတုံးလေးတွေတုံးပြီး၊ မကြီးမသေး ထမင်းဘူးပုံစံ ပလတ်စတစ်ဘူးများဖြင့် ထည့်ကာ အဖုံးပါပိတ်ထားသဖြင့် သန့်ရှင်းလတ်ဆတ်နေသည်။ မုန့်တင်ရောင်းသူတွေက ...



www.burmeseclassic.com

www.burmeseclassic.com



"သုံးရက်တစ်ခါလောက် ရောင်းမကုန်တာတွေကို ပြန်လာသိမ်းမယ်နော်။ မုန့်တွေက သုံးရက်လောက်ပဲထားမှ လတ်တာ။ အုန်းသီးပါတော့ သိုးသွားတတ်တယ်လေ၊ အဲဒါကြောင့် မုန့်လုပ်ငန်းနာမည်မပျက်ချင်တာနဲ့ သုံးရက်တစ်ခါ အဟောင်းပြန်လာသိမ်း၊ အသစ်ပြန်တင်လုပ်ပါမယ်"

ဟူ၍ အသိပေးထားလေရာ မုန့်တွေက ဘယ်တော့မှ ဆိမ့်ချေးနံ့နံ့တာ၊ သိုးနေတာ၊ မှိုတက်နေတာ မရှိဘဲ လတ်ဆတ်သန့်ရှင်းပြီး ဘူးအဖုံးဖွင့်လိုက်လျှင် မွှေးပျံ့နေပါသည်။

ပြာလဲ့နဒီသည် မင်းအဂ္ဂ၏ အေးဆေးငြိမ်သက်သော အမူအရာကို အကဲခတ်ရင်း ပုံတစ်ယောက်နဲ့ ပြဿနာဖြစ်ထားတာ သူနဲ့မဆိုင်ဘဲ သူ့ကို ခပ်တည်တည်၊ ခပ်စိမ်းစိမ်း ဆက်ဆံဖို့ မသင့်ပါဘူးလေဟု စဉ်းစားလျက် ကောင်တာမှာ ထိုင်နေရာမှ ထလာလိုက်ပါသည်။ မင်းအဂ္ဂ လျှောက်ရွေးချယ်နေရာ မုန့်ပြင်ဆင်ပြသထားသော စားပွဲနားသွားရပ်လိုက်ပြီးနောက် ...

"ကိုမင်းအဂ္ဂ အိမ်က လူကြီးတွေမှာ သွေးတိုးဆီးချိုတွေ မရှိရင်တော့ ဒီလို အချိုအဆိမ့်မုန့်တွေစားရင် ဘာမှ ဖြစ်မှာမဟုတ်ဘူးပေါ့။ ပြာလဲ့ရဲ့ မေမေမှာတော့ အသက်ကြီးလာလို့ သွေးနည်းနည်းပါးပါးတိုးတတ်တာလွဲရင် အဲဒီလို





အစားရှောင်ရတဲ့ရောဂါတွေ မရှိပါဘူး။ ဒါပေမဲ့ မေမေက တော့ မြန်မာမုန့် မကြိုက်ဘူးလေ၊ သူက ချောကလက်ကြိုက်တယ်။ ဖေဖေကတော့ မြန်မာမုန့်ကြိုက်တယ်။ ဖေဖေ့မှာလည်း သွေးတိုးဆီးချို မရှိပါဘူး၊ ဒီတော့ စားချင်တာစားရတယ်၊ ကံကောင်းတယ်ပေါ့လေ"

မင်းအဂ္ဂသည် တကယ့်တကယ်တော့ အိမ်က အမေတွေ အဒေါ်တွေ မြန်မာမုန့်ကြိုက်မကြိုက် မသိပါ။ သို့သော် ဝယ်စရာတစ်ခု အကြောင်းရှာလို့ရသွားသဖြင့် ဝယ်မယ်ပြောပြီး ရွေးချယ်နေမိတာ ဖြစ်ပါသည်။ တကယ်ရွေးရတဲ့အခါ ဘာရွေးရမှန်းမသိပြန်ပါ။ ယောက်ျားလေးတွေမို့ မုန့်လည်းသိပ်မစားလေရာ (အထူးသဖြင့် မုန့်အချိုတွေ မစားဖြစ်သောကြောင့်) ဘယ်လိုမုန့်မျိုး ဝယ်ရမှန်းမသိဖြစ်နေသည်။

မုန့်အမျိုးအစားတွေသည်လည်း မြင်ရုံဖြင့် အမျိုးအစားမခွဲတတ်ပြန်။ ခပ်ညိုညိုမုန့်တွေ၊ ခပ်ဖြူဖြူကောက်သွင်းနဲ့လုပ်တဲ့ မုန့်တွေ၊ မည်းသည်းနေသောမုန့်တွေ၊ ထန်းလျက်ရောစပ်ထားသော မုန့်တွေ၊ စုံလှသဖြင့် သူဘာရွေးရမှန်းမသိ ဖြစ်နေသည်။ သူ သေသေချာချာ သိတာဆိုလို့ အထပ်နှစ်ထပ်ပါသော အုန်းနို့ ကျောက်ကျောတုံးလေးတွေကိုသာ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ကျောလည်း ကောင်းတယ်၊ ပြီးတော့ ဒိငှက်ပျော ရွှေချည်လည်းကောင်းတယ်၊ ပြာလဲ့ အဲဒီနှစ်မျိုးတော့စမ်းပြီး အိမ်ဝယ်သွားကြည့်ပြီးပြီ၊ ကျန်တာမဝယ်ဖူးသေးဘူး"

"ဩော် ... ဒီအတုံးတွေက ငှက်ပျောရွှေချည်လား"

နီသလို ညိုသလိုအရောင်နဲ့ မုန့်လေးတွေကို ငှက်ပျောရွှေချည်လို့ခေါ်မှန်း အခုမှ သိတော့သည်။

"ဩော် ... ဒါကို ငှက်ပျောရွှေချည်လို့ ခေါ်လား၊ ဒါဖြင့် ဒီညိုညိုတွေကရော"

"အဲဒါ မုန့်ကျွဲသည်းတဲ့"

"ဒါကရော ..."

"အဲဒါ မုန့်ကုလားမည်းလေ"

"ဩော် ... ဩော် ... မည်းနေလို့"

"ကိုမင်းအဂ္ဂ ယူမှာ ကျောက်ကျောပဲလား"

"ကျောက်ကျောပဲသိလို့ ကျောက်ကျောပဲ ရွေးလိုက်မိတာပါ၊ ကျန်တဲ့မုန့်တွေနာမည် မသိလို့ လိုက်ကြည့်နေတာလေ"

"ဟောတော့် နာမည်မသိဘူးများ ရှိသေးတယ်ရှင်"

"ကျွန်တော် မုန့်လည်း သိပ်မစားတတ်ဘူး။ မုန့်အချိုတွေဆို သိပ်လည်းမကြိုက်တော့ မစားဖြစ်တာနဲ့ ဘယ်ဟာကို ဘယ်လိုခေါ်မှန်း မသိတာလေ"





"ဩော် ... ဖြစ်ရလေ၊ ပြာလဲ့က ကိုမင်းအဂ္ဂ သိတယ်ထင်လို့"

"မသိပါဘူး၊ တကယ်ပြောတာ ဒီကောက်ညှင်းအဖြူနဲ့ လုပ်ထားတဲ့မုန့်က ဘာလဲ"

"အဲဒါ ကောက်ညှင်းငွေထမင်း"

"ဒါကရော ..."

"ဒါက ရွှေချည်ဆနွင်းမကင်း၊ ဒါကတော့ ကောက်ညှင်းရွှေထမင်း၊ သူ့ကိုတော့ ထန်းလျက်ရည်နဲ့ လုပ်တော့ ကောက်ညှင်းက နီညိုညိုလေး ဖြစ်သွားတာပေါ့။ ဒါကတော့ သကြားရည်နဲ့ပဲ လုပ်တော့ ဒီအရောင်က ဖြူနေတော့ ကောက်ညှင်းငွေထမင်းခေါ်တာပေါ့၊ ဒါက သာကူပြင်တဲ့။ ကဲ ... ဒီမှာ ခင်းကျင်းပြသထားတာ ကုန်ပြီနော်၊ ဘာထပ်ပြောရဦးမလဲ၊ မုန့်လုပ်ပုံလုပ်နည်းတော့ မမေးနဲ့၊ ဒါပြာလဲ့ လုပ်တာ မဟုတ်ဘူး၊ အိမ်တွင်းမှုလုပ်ငန်းလေးတစ်ခုက လာအကူအညီတောင်းလို့ တင်ရောင်းပေးထားတာ"

ပြာလဲ့နဒီသည် မင်းအဂ္ဂကိုကျ စကားတွေ အများကြီး ကျေကျေနပ်နပ် စိတ်ပါလက်ပါပြောနေမိပြီးမှ သူမကိုယ်သူမ ပြန်သုံးသပ်မိသွားသည်။ ဆန်းသစ်နေရဲ့ ပြုံးထေ့ထေ့၊ ခနဲ့တဲ့တဲ့ မျက်နှာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နေရာမှာ မင်းအဂ္ဂသာဆို ဒီလောက်စိတ်ဆိုးမယ် မထင်ဘူး"

လို့ ပြောသွားခဲ့သံကို ပြန်ကြားယောင်သွားသော အခါ အလိုလို ဒေါသဖြစ်လာမိသည်။

သူ ဝေဖန်စရာလား။ သူ ပြောစရာလား။ ငါ့ဘာသာ ဘယ်လိုစိတ်သဘောပဲရှိရှိ။ ဘယ်သူ့ကိုပဲ ဘယ်လိုဆက်ဆံ ဆက်ဆံ။ သူ့ ဂရုစိုက်စရာလား။

မင်းအဂ္ဂသည် ပြာလဲ့နဒီတစ်ယောက် စကားပြော နေရင်းမှ တစ်ချက်ငြိမ်သက်တွေဝေပြီး အတွေးလွန်သွားကြောင်း သတိပြုမိလျှင် သိသိသာသာ စိုက်ကြည့်အကဲခတ်လိုက်လေသည်။

"ပြာလဲ့နဒီ ဘာများစိတ်အနှောင့်အယှက် ဖြစ်သွားလဲဟင်"

"ရှင် ... ဟင်"

"ကျွန်တော်နဲ့ စကားပြောနေရင်း ဘာစိတ်အနှောင့်အယှက် ဖြစ်စရာများ ပေါ်လာလို့လဲ။ မျက်နှာပျက်သွားသလိုပဲ သတိထားလိုက်မိတယ် ဆောရီးနော်။ ကျွန်တော် သူများ ကိုယ်ရေးကိုယ်တာကို သိပ်ဝင်စွက်ဖက်မိသလိုများ ဖြစ်နေ ပြီလား မသိဘူး"

"ဩော် ... ရပါတယ်၊ ပြာလဲ့ လူတစ်ယောက်အပေါ် မုန်းပြီး မကျေမနပ်ဖြစ်နေလို့"





ပြာလဲ့နဒီသည် ဒီအကြောင်းတွေ မင်းအဂ္ဂကိုသာ ပြောလိုက်ရင် ဆိုသော စိတ်ကူးတစ်ခု ဖျတ်ခနဲ ပေါ်သွားသဖြင့် ဆုတ်ပြောလိုက်လေသည်။

"သူက ပြာလဲ့နဒီကို အနှောင့်အယှက်ပေးနေလို့လား"

"အင်း _ အနှောင့်အယှက်ပေးတယ်ရယ် မဟုတ်ပါဘူး။ သူ ပြောသွားတဲ့စကားတွေကို ပြာလဲ့ မကျေနပ်လို့ပါ"

"ပြာလဲ့နဒီသာ ပြောပြချင်တယ်ဆိုရင် ကျွန်တော်ကတော့ နားထောင်ဆွေးနွေးပေးဖို့ အသင့်ပဲနော်"

ပြာလဲ့နဒီသည် ဆန်းသစ်နေ ဝေဖန်ခဲ့သလိုပဲ ရုပ် ရည်ချောမောသော မင်းအဂ္ဂအပေါ်မှာကျ သိပ်ပြီး တင်းတင်းမာမာ မဆက်ဆံမိဘဲ လိုက်လျောလက်ခံဖို့ အလွယ်တကူ ဆုံးဖြတ်၍ ရနေတော့သည်။ သူမ မင်းအဂ္ဂနဲ့ပတ်သက်ပြီး တစ်ခုခုကို လိုက် လျောမိလိုက်တိုင်း၊ ဆုံးဖြတ်လက်ခံမိလိုက်တိုင်း ဆန်းသစ်နေ၏ စကားတွေကိုတော့ ခဏခဏ ပြန်ကြားယောင်နေမိတာတစ်ခုပဲ စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်ရတာဖြစ်သည်။

နောက်ဆုံးတော့ ပြာလဲ့နဒီသည် မင်းအဂ္ဂ၏ ကားပေါ်ပါလာခဲ့ပြီး မနီးမဝေးဖြစ်သော ဆိုင်လေးတစ်ဆိုင်ဆီ သွားဖြစ်ခဲ့ပါသည်။ သူတို့နှစ်ဦး သတိမပြုလိုက်မိတာကတော့ မင်းအဂ္ဂ ကားပေါ်ပါသွားသော ပြာလဲ့နဒီကို ဆန်းသစ်နေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် သူတို့မမြင်အောင် ပုန်းကြည့်ပြီး စောင့်ကြည့်နေခဲ့တာပဲ ဖြစ်လေသည်။ သူတို့နောက်ကို နောက်ယောင်ခံ လိုက်ခဲ့ပေမဲ့ သူတို့ လုံးဝသတိမပြုမိအောင် လိုက်ကြည့်ခဲ့တာလည်းဖြစ်ပါသည်။

ကော်ဖီဆိုင်လှလှလေးထဲ တွဲဝင်သွားသော သူတို့ကို ခပ်ပြုံးပြုံး၊ ခပ်ထေ့ထေ့လေးကြည့်ရင်း ဆန်းသစ်နေ ကားကို ပြန်လှည့်လာခဲ့ပါသည်။

"အနိုင်အရှုံးကတော့ မပီပြင်သေးပါဘူး အဂ္ဂရာ"

ဆန်းသစ်နေသည် သူ့ဘာသာ ရေရွတ်ရင်း အသံထွက် ရယ်မိသည်။ သူ့ရယ်သံက ကြေကွဲ ဆွေးမြည့်သလိုလို နာကြည်းမှုတွေနဲ့ ပြည့်နေသလိုလို။

ထိုအချိန်တွင် ကော်ဖီဆိုင်ထဲမှာ ထိုင်နေခဲ့ကြသော မင်းအဂ္ဂနှင့် ပြာလဲ့နဒီတို့ကတော့ တစ်လောကလုံးက သူတို့စုံတွဲအား သိပ်လိုက်ဖက်တဲ့စုံတွဲလေးအဖြစ် ချီးကျူးအကြည့်ခံရတာကို ပီတိဖြစ်စွာ ခံယူနေဆဲဖြစ်သည်။

"ပြာလဲ့ ဒီအကြောင်းတွေကို သူငယ်ချင်းတွေတောင် မပြောပြမိသေးပါဘူး။ စိတ်ထဲမှာ တနုံ့နုံ့နဲ့ ခံစားနေရတုန်း ကိုမင်းအဂ္ဂကို တွေ့လိုက်ရတော့ ဘာကြောင့်မှန်းမသိဘူး ပြောပြချင်သွားတယ်"





ပြာလဲ့နဒီသည် ခါးသက်သက်ကော်ဖီလေးကို တစ်ငုံ သောက်လိုက်ပြီးနောက်မှာ ထိုသို့ စတင်ရင်ဖွင့်မိပါသည်။ မင်းအဂ္ဂကလည်း အလိုက်တသိလေး ဘာမှ ဝင်မပြော၊ ဝင်မမေးဘဲ ခေါင်းညိတ်ရုံသာညိတ်ပြီး နားထောင်ဟန်ပြပါသည်။

"ကိုမင်းအဂ္ဂနဲ့ ကိုဆန်းသစ်နေတို့က ဘယ်လောက်ထိ ချစ်ကြခင်ကြတဲ့ သူငယ်ချင်းတွေလဲဟင်"

ထိုသို့ မေးလိုက်တော့ မင်းအဂ္ဂ အံ့သြသွားပါသည်။ သူ ထင်တာက တခြားအကြောင်းအရာ တစ်ခုကို တရင်းတနှီး တိုင်ပင်ဆွေးနွေးချင်သလားလို့ ထင်မိတာဖြစ်ခဲ့သည်။ ဆန်းသစ်နေနဲ့ ပတ်သက်သောအကြောင်းအရာဟု ရုတ်တရက် ကြားလိုက်ရသော အခါ မင်းအဂ္ဂ ရင်ထဲမှာ စိုးရိမ်သွားသည်။ ဒီကောင် ဘာတွေများ ကြိုခြေလှမ်းလှမ်းပြီးနေပြီလဲ ကြည့်စမ်း။ တစ်ယောက်နဲ့တစ်ယောက် ပြန်မပြောကြကြေး၊ အသိမပေးကြေး၊ အနိုင်အရှုံးပေါ်မှသာ ကြေညာကြေးဆိုပြီး ငါပဲ သတ်မှတ်ထားမိတာ ခုတော့ ငါ ဘာမှ မသိရသေးခင်မှာ ဟိုကောင်က လက်ဦးသွားပြီထင်တယ်။

"ငယ်သူငယ်ချင်းတွေတော့ မဟုတ်ဘူး"

"အဲဒါတော့ ပြာလဲ့ကို ပြောပြဖူးလို့ သိပါတယ်၊ ဒါပေမဲ့ တချို့လည်း ငယ်သူငယ်ချင်းမှရယ် မဟုတ်ပါဘူး။ အသက်ကြီးမှ ဆုံတွေ့သိကျွမ်းကြရပေမဲ့ စိတ်သဘောထားချင်း



www.burmeseclassic.com

www.burmeseclassic.com



တူတယ်၊ ပြဿနာတွေ အခက်အခဲတွေမှာ နှစ်ယောက် အတူတူ တက်ညီလက်ညီ ဖြေရှင်းကြရတယ်ဆိုရင် တစ်ခဏအတွင်းမှာ ခင်ရလည်း နှစ်ပေါင်းများစွာက ခင်ခဲ့တဲ့ လူတွေလိုပဲ သိပ်ရင်းနှီးချစ်ခင်သွားတာတွေ တွေ့ဖူးတယ်။ အဲဒီလိုများ ဖြစ်နေမလားလို့ပါ"

"ပြာလဲ့ သူငယ်ချင်းတွေရော အခုမှပေါင်းတဲ့ သူငယ်ချင်းတွေပဲလား"

"နှင်းမှုန်ဆိုတဲ့ သူငယ်ချင်းနဲ့က သုံးတန်းကတည်းက ခင်လာတာ။ ယမုံက ခုနစ်တန်းမှ စခင်ခဲ့တဲ့သူ။ အိန္ဒြယ်ကတော့ ဆယ်တန်းမှာ ဝိုင်းကျူရှင်ဖွဲ့ကြတော့ ပြာလဲ့တို့ဝိုင်းထဲ ဝင်လာတဲ့သူပေါ့၊ ကျူရှင်တက်ရင်း ခင်သွားကြတာပါ၊ ဒါပေမဲ့ ပြာလဲ့တို့က အားလုံး ငယ်ပေါင်းတွေလို ဖြစ်နေတယ်"

"ဒါဖြင့် အားလုံးထဲမှာ ငယ်ပေါင်းအရင်းဆိုလို့ နှင်းမှုန်ဆိုတဲ့တစ်ယောက်ပဲ ရှိတာပေါ့"

"ဒါပေမဲ့ ပြာလဲ့တို့က တစ်ပြေးညီခင်တာပါ၊ ပြာလဲ့ မမဖြူလဲ့ဆိုလည်း သူ ဆေးကျောင်းတက်ရတော့ သူနဲ့ အထက်တန်းကျောင်းမှာ သိပ်တွဲခဲ့တဲ့ သူငယ်ချင်းတွေက တစ်ယောက်မှ ပါမလာတော့ သူတစ်ယောက်တည်း ဘက်ပဲ့





သွားတယ်လေ၊ ဒါပေမဲ့ ဆေးကျောင်းရောက်မှ ထပ်သိကျွမ်းခင်မင်ရတဲ့ သူငယ်ချင်းသုံးယောက်နဲ့ တကယ့်ငယ်ပေါင်းတွေလိုပဲ ခင်သွားကြတာတွေ့တယ်၊ အခုထိ အဆက်အသွယ်မပြတ်ကြဘူး၊ Field (ဖီးလ်)ချင်းတူတော့ ပိုပြီးခင်မင်ကြသလားမသိဘူး။ ပြီးတော့ ကျောင်းတက်တုန်းက စာအတူတူကျက်ကြ၊ စာမေးပွဲတွေ အခက်အခဲတွေကို စိတ်တူကိုယ်တူ ညည်းညူပြီး ရင်ဆိုင်ကြနဲ့ဆိုတော့ သိပ်ပြီး Close(ကလို့(စ))ဖြစ်ကြတာပဲ၊ ပြာလဲ့က အဲဒီလို တွေ့မြင်ဖူးနေလို့ ကိုမင်းအဂ္ဂတို့လည်း ကြီးမှ ခင်မင်ရပေမဲ့ သိပ်ပြီး Close ဖြစ်ကြသလားလို့ပါ"

မင်းအဂ္ဂ ခေါင်းခါလိုက်သည်။ မဖြစ်တော့ဘူး။ ဒီမိန်းကလေးကိုတော့ သူတို့ရဲ့ စိတ်သဘောထားတွေ အမှန်အတိုင်း ပြောမှဖြစ်တော့မယ်ထင်တယ်။

"ပြောရင် ယုံမှာမဟုတ်ဘူး၊ သူနဲ့ကျွန်တော်က အနီးကပ်ဆက်ဆံနေရင်းနဲ့ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုအနိုင်ရအောင် လုပ်ရမလဲပဲ အကွက်ချောင်းနေကြတဲ့ ပြိုင်ဘက်တွေလေ"

ပြာလဲ့နဒီမှာ မယုံကြည်ဟန်ဖြင့် မျက်လုံးပြူးကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း ကျွန်တော့်ကို ပြိုင်တယ်၊ ကျွန်တော်ကလည်း သူ ကျွန်တော့်ကို ပြိုင်မှန်းသိရက်နဲ့ သူ့ကို ပေါင်းတယ်"

"ဟင် ... မဖြစ်နိုင်တာ၊ လူတစ်ယောက်ဟာ ကိုယ့်ကို မနာလိုပဲ ကျိတ်ပြိုင်နေမှန်းသိရင် ဘယ်သူက အမိုက်ခံပြီး သူ့ကို အနားမှာထားမလဲ၊ သူနဲ့ ဆက်ဆံနေပါ့မလဲ"

"မဟုတ်ဘူး၊ ကျွန်တော်တို့ချင်း ပါးစပ်က ထုတ်ပြောပြီး ပြိုင်နေတာမှ မဟုတ်တာ။ ဆန်းသစ်နေကလည်း အဂ္ဂမင်းကို ငါ မနာလိုပါဘူး လိုက်ပြိုင်မယ်လို့ ထုတ်မပြောပါဘူး။ ကျွန်တော် စိတ်ထဲမှာ အလိုလိုသိနေတာ။ အဲဒီလိုပဲ ကျွန်တော်ကလည်း သူ့ကို အသုံးချစရာရှိလို့ ပေါင်းနေတယ်ဆိုတာ ဆန်းသစ် သိတယ်၊ ဒါပေမဲ့ သူကလည်း သူ သိကြောင်း ထုတ်မပြောဘဲနဲ့ ကျွန်တော့်ကိုပေါင်းတယ်။ ဘယ်လိုပြောရမလဲ၊ ကျွန်တော်တို့ဆက်ဆံရေးက ထူးတော့ ထူးဆန်းပါတယ်၊ အများအမြင်မှာ သိပ်တွဲတဲ့ သူငယ်ချင်း နှစ်ယောက်ပေါ့။ အမှန်တော့ အပြင်ပန်းသာပေါင်းနေတာ၊ အတွင်းစိတ်ထဲမှာ မပါကြဘူး"

ပြောလဲ့နဒီ ပုံစံက သိပ်တော့နားမလည်ပေမဲ့ မင်းအဂ္ဂ ပြောတာကိုတော့ လက်ခံလိုက်ပုံရသည်။

"သူ့ကို ဘာအသုံးချစရာရှိလို့လဲ"





"ဆန်းသစ်က စီးပွားရေးကိစ္စတွေမှာ ကျွန်တော့်ထက်ပိုပြီး လာဘ်မြင်တယ်၊ ဒီဆိုင်အောင်မြင်အောင်လုပ်တဲ့နေ့ရာမှာ သူ့အိုင်ဒီယာတွေ အများကြီးပါတယ်။ ပြီးတော့ ကျွန်တော် "ကံ"ဆိုတာကိုလည်းယုံတယ်။ သူနဲ့ကျွန်တော် ကံစပ်တယ်ပေါ့၊ စီးပွားရေးအတူတွဲလုပ်တိုင်း အောင်မြင်တာချည်းပဲ။ ဒီဆိုင်လုပ်ငန်းတင်မကဘူးပေါ့။ ဘာမဟုတ်တဲ့ အသေးအဖွဲပေါ့၊ ကားတစ်စီး စပ်တူဝယ်တယ် ပြန်ရောင်းတယ်၊ အိမ်ခန်းတစ်ခန်းအကြမ်းထည်ပဲရှိနေတာကို စပ်တူဝယ်တယ်၊ သေသေချာချာပြင်ဆင်မွမ်းမံပြီး ပြန်ရောင်းတယ်၊ မြေကွက်တစ်ကွက်ဝယ်တယ်၊ အိမ်လေးတစ်လုံးဆောက်ပြီး ပြန်ရောင်းတယ်၊ အဲဒီလိုတွေ စပ်တူလုပ်ခဲ့တာအများကြီးပဲ လုပ်တိုင်း အရှုံးမရှိဘူး။ မြတ်တာချည်းပဲ။ မြတ်တာမှ နှစ်ဆတောင် မဟုတ်ဘူး၊ လေးဆတောင် မြတ်တာမျိုးပေါ့၊ ဆန်းသစ်က အကွက်လည်းမြင်တော့ ဘယ်အချိန်မှာ ရောင်းရင်မြတ်မယ်၊ ဘယ်အချိန်ရောင်းရင် မမြတ်ဘူး ဆိုတာလည်း ကြိုသိတော့ လုပ်ရကိုင်ရတာ အဆင်ပြေဟာပဲ။ အဲဒါ အမှန်အတိုင်း ဝန်ခံတာပါ။ ကျွန်တော် သူတစ်ပါးအရည်အချင်းကို မချီးကျူးချင်တဲ့လူလည်း မဟုတ်ဘူး။ ဆန်းသစ်က အရည်အချင်းတွေ၊ အိုင်ဒီယာတွေကတော့ အပြည့်ပဲ။ ကျွန်တော့် မိဘတွေဆီ ဆန်းသစ်နဲ့ စပ်တူလုပ်မယ် ငွေထုတ်ပေးပါဦးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခွန်းမှကို မမေးတော့ဘူး ယုံတယ်။ ချက်ချင်းကိုထုတ်ပေးတာ၊ အဲဒီထိ သူ့ကို သဘောကျပြီး စိတ်ချနေပြီလေ၊ ဒါကြောင့် ကျွန်တော်လည်း ကျွန်တော့် အကျိုးအတွက် ပေါင်းတာပါ"

အမှန်တော့ မင်းအဂ္ဂသည် တစ်ဖက်မိန်းကလေးရဲ့ စိုးပါယ်မှာ သူ့ကို အထင်ကြီးလေးစားသွားစေချင်၍ ဆန်းသစ်နေ၏ အရည်အချင်းတွေကို တမင်ပဲထုတ်ဖော်ပြောပြချီးကျူးပြတာ ဖြစ်သည်။

ဒီယောကျ်ားဟာ စိတ်ဓာတ်မြင့်မြတ်လှချည်လား၊ တခြားလူတစ်ယောက်ရဲ့ အရည်အချင်းတွေကို ထုတ်ပြောရဲတယ်။ ချီးကျူးပြရဲတယ်ဆိုတဲ့ အသိနဲ့ မင်းအဂ္ဂ အပေါ် ဖြာလဲ့နဒီရဲ့ အထင်ကြီးလေးစားမှုကို အရယူလိုက်တာပဲ ဖြစ်ပါသည်။

"သူကရော ကိုမင်းအဂ္ဂကို ဘာတွေပြိုင်လဲ"

"ဪ ... ဒါကတော့ ..."

မင်းအဂ္ဂ ဆက်မပြောဖြစ်ဘဲ ပြုံးရင်း စဉ်းစားနေသည်။ ကျွန်တော် ရုပ်ချောနေပြီး သူကတော့ ရုပ်ဆိုးနေလို့ မနာလိုတာ။ ပြိုင်တာဟု ပြောလိုက်ရင် မသင့်ဘူးဟု ထင်မိသည်။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ငါကတော့ သိပ်ရုပ်ချောတယ်၊ သူကတော့ သိပ်ရုပ်ဆိုးတယ်လို့ မိန်းကလေးတစ်ယောက်ရှေ့မှာ ထုတ်မပြောချင်တာလည်းပါပါသည်။





ဖြာလဲ့နဒီသည် မင်းအဂ္ဂ ဆက်မပြောပေမဲ့ သဘောပေါက်သွားပြီး ထပ်မမေးတော့ပါ။ သူ ချောလို့ ဆန်းသစ်နေက မနာလိုဘူးဆိုတာ မပြောပြချင်ဘူးထင်တယ်။

"ဒါတွေထားပါတော့လေ၊ ဖြာလဲ့ စစချင်းပြောတာက ကျွန်တော်တို့နှစ်ယောက် ဘယ်လောက်ထိခင်လဲ ဆိုတဲ့ အကြောင်းအရာတော့ မဟုတ်ပါဘူး။ လူတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေတယ်ဆိုတော့ ဘယ်သူများလဲ။ ဆန်းသစ်နေနဲ့ ပတ်သက်နေလို့လား"

ဖြာလဲ့နဒီသည် အချိန်မဆိုင်းနေတော့ပဲ ...

"သူပဲပေါ့၊ အဲဒီ ဆန်းသစ်နေပဲပေါ့ ကိုမင်းအဂ္ဂရဲ့။ ဖြာလဲ့ သူ့ကြောင့် စိတ်ထဲမှာ မကြည်မလင်ဖြစ်နေတာ"

ဟု ဆုတ်ပြောလိုက်တော့လေသည်။ မင်းအဂ္ဂလည်း မျှော်လင့်ပြီးသားဖြစ်ရာ သိပ်တော့အံ့ဩဟန်မပြမိတော့ပါ။

"သူ့အကြောင်းပြောချင်လို့ ကျွန်တော်နဲ့ ဘယ်လောက်ထိခင်လဲ ကြိုမေးတာကိုး။ ဖြစ်ရလေ ဖြာလဲ့ရယ်။ ဖြာလဲ့ ပြောချင်ရင် ပြောလိုက်ပါ ရပါတယ်၊ ကျွန်တော်နဲ့ သူ သိပ်ခင်နေတယ်ပဲထားဦး။ ဖြာလဲ့ ပြောပြလာခဲ့ရင် ကျွန်တော်ကတော့ ဘက်မလိုက်ဘဲ နားထောင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းအဂ္ဂနဲ့ သိပ်ခင်တယ်ဆိုလည်း ပြာလဲ့ကတော့ ပြောမှာပါပဲ။ ဒါပေမဲ့ သိချင်လို့ ဘယ်လောက်ထိခင်ကြလဲ ကြိုမေးတာပါ။ ကိုမင်းအဂ္ဂတို့ သိပ်ခင်နေခဲ့ရင်လည်း သူ့ကို အကျိုးအကြောင်းပြောပြပြီး တားလို့ရတာပေါ့။ သိပ်မခင်ရင်လည်း ကိစ္စမရှိပါဘူး၊ ပြာလဲ့က သူ့အကြောင်းတွေ အသိပေးတဲ့သဘောပဲထားပါ"

"သိပ်ပြီးမခင်ပေမဲ့လည်း ပြာလဲ့အတွက် လိုအပ်ရင် ကျွန်တော်က ဝင်ပြောပေးစရာရှိ ပြောပေးမှာပါ"

ပြာလဲ့နဒီသည် မင်းအဂ္ဂကိုတော့ စိတ်ထဲမှာရှိတာ၊ ခံစားရတာတွေကို အလွယ်တကူပင် ရင်းနှီးစွာပြောပြလိုက်မိပါသည်။ ဆန်းသစ်နေ ရောက်လာတာ။ ဆိုင်ပြင်ဘက် လမ်းမပေါ်မှာ စကားရပ်ပြောရင်းမှ သူ့ဆီက ခနဲ့တဲ့တဲ့ စကားတွေကြောင့် ကတောက်ကဆ ဖြစ်ကြရတာ၊ သူ့ရဲ့ ရိထေ့ထေ့ ပြောသွားတဲ့ အပြောတွေကို အခံမကျေ၊ တနုံ့နုံ့ခံစား၊ သတ်ပစ်ချင်လောက်အောင်မုန်း စသဖြင့် ခံစားရတာတွေ အကုန်လုံးကို အသေးအချာပင် ပြောပြလိုက်ပါသည်။

မင်းအဂ္ဂမှာ နားထောင်နေစဉ်တစ်လျှောက်လုံး အံ့သြသွားလိုက်၊ ရင်ပူလာလိုက်၊ ဒီကောင် ခြေလှမ်းသွက်လှချည်လားလို့ နည်းနည်းလန့်သွားလိုက်ဖြစ်လျက် ငြိမ်၍နားထောင်နေမိ





သည်။ တစ်ချက်တစ်ချက် "ဟုတ်လား"တို့။ "အင်းပေါ့ သူလွန်တာပေါ့"တို့။ "ဟာ ... ဒီကောင် ဒီလိုပဲ ပြောသလား"တို့တော့ အလိုက်သင့်လေးဝင်ထောက်လိုက်။ ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်တွေလုပ်ရင်း ပြာလဲ့နဒီ ပြောသမျှ စိတ်ဝင်စားဟန်ပြလေသည်။

"သူ့ကို ပြာလဲ့ ပြောလိုက်မိပြီးမှ ပြန်တွေးပြီး လန့်တော့ လန့်လာတယ်။ သူ စိတ်နာပြီး ပြာလဲ့ကိုများ ငြိုးမလားလို့ပါ။ ပြာလဲ့ သူငယ်ချင်းတွေလည်း ပြောမပြရဲဘူး၊ သူတို့က ဟယ် ... နင် အဲဒီလိုပြောလိုက်ရလား၊ သူက နင့်ကို ငြိုးသွားရင် ဒုက္ခဆိုတာမျိုး ကပ်ပိုင်းပြောခံရမှာ ကြောက်နေတယ်၊ မေမေတို့ မမတို့ကိုလည်း မပြောရဲဘူး။ နင်က အရောဝင်တာကိုးလို့ အပြစ်တင်မှာ၊ မေမေကဆို ဟိုလေ ... သူ့အသားမည်းလို့ ရုပ်မလှလို့ဆိုပြီး သဘောမကျဘူး။ မကြိုက်ဘူးလေ"

မင်းအဂ္ဂသည် အစအဆုံး ကြားလိုက်ရတော့ ဆန်းသစ်နေဘက်မှာ နိုင်ခြေနည်းသွားတဲ့အကြောင်း သိလိုက်ရသဖြင့် ကျိတ်၍ ဝမ်းသာနေတော့သည်။

"ကိုမင်းအဂ္ဂ ဘယ်လိုထင်လဲဟင်"

"ဆန်းသစ်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ အငြိုးအတေးထားတတ်တဲ့သူလား။ ဒါမှမဟုတ် စိတ်ထဲမှာ သိပ်အမှတ်မထားတတ်တဲ့သူလား ဆိုတာပါ။ သိပ်ပြီး မခင်ကြပေမဲ့ သူ့စိတ်နေသဘောထား တော့ သိမယ်ထင်လို့ပါ"

"အမှန်ပြောရရင် သူ တမင်ကြိုလုပ်တာပါ"

"ရှင် ..."

ဟြာလဲ့နဒီမှာ နားမရှင်းသလိုဖြစ်ပြီး မင်းအဂ္ဂကို ပြန်ငေးကြည့်နေလေသည်။ မင်းအဂ္ဂသည် မထူးတော့ပြီမို့ သူက ပါ ဖွင့်ပြောပြီးသွားဖြစ်အောင် စကားကို ဆက်စပ်ဖွဲ့နွဲ့ပြီး လုပ်ကြံဇာတ်လမ်းတစ်ခုကို ဖန်တီးလိုက်ဖို့ စိတ်ကူးရပြီးနေလေပြီ။

"ဟုတ်တယ်၊ ကျွန်တော် ဟြာလဲ့ကို ပြောပြီးသားပဲ။ သူက ကျွန်တော့်ကိုဆို လိုက်ပြိုင်နေတာဆိုတော့ ဘယ်လိုနည်းနဲ့ ပြိုင်ရမလဲ အမြဲတွေးနေတဲ့ကောင်လေ။ သူ့ကို ကျွန်တော် အမှတ်မထင် ပြောလိုက်မိတာရှိတယ်၊ ဒါကြောင့် သူ တမင်ပဲ ဦးအောင်နေရာဝင်ယူတာလေ။ ကျွန်တော် ဟြာလဲ့ ကို မြင်မြင်ချင်း ချစ်မိခဲ့တယ်လို့ ပြောပြမိတာကို သူက လိုက်ပြိုင်ပြီး သူကပါ ဟြာလဲ့ကို ချစ်တယ်ပြောဖို့ ဝင်လာ တာဖြစ်မယ်"





"ဟင် ... ရှင် ... ကိုမင်းအဂ္ဂ ဟြာလဲ့ကို ... ဟို ..."

"ရည်းစားစကားပြောတာပါ၊ ချစ်တယ်ဆိုတဲ့စကား တမင် အသိပေးလိုက်တာပါ"

ဟြာလဲ့နဒီသည် ရုတ်တရက်ကြီး သူက ဖွင့်ပြောလိုက် တော့ အငိုက်မိပြီး ရှက်အမ်းအမ်းလည်း ဖြစ်သွားပါသည်။ စိတ် ထဲမှာလည်း တွေးမိသေးသည်။ ဪ ... ငါ့နှယ် ... ဘားကြောင့် များ Romantic မဆန်တတ်တဲ့ လူတွေပဲ လာတွေ့နေလည်း မသိဘူး။ မျှော်လင့်ထားမိတာက Romantic ဆန်ဆန်လေးတွေ ရုပ်ရှင်တွေထဲကလို ပန်းစည်းတွေ ပို့ခိုင်းတာတို့။ ညဘက်တွေမှာ ခြံရှေ့လမ်းမမှာ ကားလာရပ်ပြီး စောင့်ကြည့်ပြတာတို့။ အခုကျ တော့ သူတို့ဆီက အချိန်မဆိုင်းဘဲ သူ့ကုက်ငါ ဦးအောင်ဖွင့်ပြော လာတာတွေပဲ။ တစ်ယောက်နဲ့တစ်ယောက် မတူတာကတော့ ဆန်းသစ်နေကကျတော့ စကားပြောတာ မပြောပြစ်ဘူး။ သူ့ကို တစ်ခွန်းပြောရင် သူကလည်း တစ်ဖက်ကို အာယိန်နာစေမဲ့ စကားနဲ့ တုံ့ပြန်တယ်။ ခနဲ့တယ်။ ရိတ္တေ့ရေ့ ပြန်ပြောတယ်။ သူ့မှာရှိတဲ့ ရုပ်ဆိုး အသားမည်းတဲ့ အားနည်းချက်ကြောင့် သူ့မှာ အလှအပတစ် ကောင်က မာန်ဖိသလို အမူအရာနဲ့ ကြောက်ဖို့ကောင်းတယ်။ မင်းအဂ္ဂကတော့ စကားပြောပြေပြေပြစ်ပြစ်လေးနဲ့ပဲ သူပြောချင် တာကို ဆွဲယူပြီးပြောသွားတယ်။ အေးအေးဆေးဆေး အချိန်ယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ ပြောလိုက်တယ်။ ဆန်းသစ်နေလို့ ကမူးရှူးထိုး ဒေါသနဲ့ပြောတာမျိုးမပါဘဲ ပြောခဲ့တာမျိုးပဲ။

"ပြာလဲ့ကို မြင်မြင်ချင်း ချစ်တယ်လို့ ဘာကြောင့်ပြောရလဲဆိုတော့ ပြာလဲ့ ကျွန်တော့်ကို လုံးဝ မသိခင်မှာ ကျွန်တော်က အရင်မြင်ဖူး သိဖူးထားလို့ပါ၊ ပြာလဲ့ မှတ်မိမလားတော့မသိဘူး။ ဟိုတယ်လ်တစ်ခုက Pool side မှာလုပ်တဲ့ ပါတီပွဲတစ်ပွဲကို ပြာလဲ့ လာဖူးတယ်။ အဲဒီမှာ ကျွန်တော် လှမ်းမြင်လိုက်တာပါ။ ဘယ်သူလဲလို့ သူများတွေဆီက မေးမြန်းခဲ့ပြီး ကြိုသိနေခဲ့တယ်၊ ကြိုပြီး ချစ်နေမိခဲ့တယ်ပေါ့"

ပြာလဲ့နဒီသည် အခုတော့ ရင်ခုန်တာနည်းနည်းငြိမ်သက်သွားနိုင်ပြီမို့ ရှက်ပြုံးလေးပြုံးရင်း ...

"ရှင်လည်း ဘာထူးလို့လဲ၊ ပြာလဲ့ကို အပြင်ခေါ်ထုတ်နိုင်ပြီး ဖွင့်ပြောချင်တာကို ရအောင် ဖွင့်ပြောလိုက်တာပဲနော်"

"ဒါပေမဲ့ ကျွန်တော်က ပြာလဲ့ မလိုက်နိုင်ဘူး ငြင်းတုန်းက အတင်းမခေါ်ပါဘူး။ ပြာလဲ့မှာ ပြောစရာရှိတယ်ဆိုတော့မှ အပြင်မှာ ကော်ဖီသွားသောက်ရင်း ပြောကြမယ်လို့ စီစဉ်တာပါ"





"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ရှင့်ကို ပြာလဲ့ကပဲ စပြီး ပြောပြချင်သွားလို့ပါ"

"ကျွန်တော့်ကို စိတ်ဆိုးနေပြီလား"

"ရှင် ..."

"ပြာလဲ့ စကားပြောချင်တာကို အခွင့်ကောင်းယူပြီး ဖွင့်ပြောလို့လေ"

"အဲဒါ စိတ်ဆိုးစရာမှ မဟုတ်တာ"

"ဒီလိုကြားရတာ ဝမ်းသာပါတယ်ဗျာ"

"ဒါပေမဲ့ ပြာလဲ့ ဘာမှ မစဉ်းစားရသေးဘူးနော်၊ အဖြေမတောင်းပါနဲ့။ ပြာလဲ့တို့ တွေ့ကြသိကြတာဖြင့် ဘယ်လောက်မှ မရှိသေးဘူး။ ပြာလဲ့ ကိုမင်းအဂ္ဂကို လေ့လာပါရစေဦးနော်"

"ရပါတယ် လေ့လာပါ၊ ဒါနဲ့ ကျွန်တော် ဆန်းသစ်ကို ဘာပြောပေးရဦးမလဲ"

ပြာလဲ့နဒီ စဉ်းစားလိုက်ရင်း ...

"ကိုမင်းအဂ္ဂသဘောပါ၊ သူ ပြာလဲ့ကို ဘာမှ အနှောင့်အယှက်ပေးမဲ့ပုံမမြင်ရင်လည်း မသိသလိုပဲ ထားလိုက်ရင် ပိုကောင်းမလားလို့တော့ ပြာလဲ့ တွေးမိပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ပြာလဲ့ဘက်က အပိုင်းလေ။ ကိုမင်းအဂ္ဂတို့ချင်း ရှင်းစရာရှိရင်တော့လည်း ရှင်းကြပေါ့"

ဟူ၍ မယုတ်မလွန်လေးဖြေပါသည်။ သဘောက ကိုယ်ချစ်နေပြီးသား မိန်းကလေးကို ဘာကြောင့် ကြားဖြတ်ဝင်လု ရသလဲဆိုပြီး ဆန်းသစ်နေနဲ့ ယောကျ်ားချင်း စာရင်းရှင်းချင်လည်း ရှင်းနိုင်တယ်ဟု အဓိပ္ပာယ်ပါသောစကား ဖြစ်ပါသည်။

မင်းအဂ္ဂကတော့ ခပ်ပြုံးပြုံးလုပ်နေလျက် ဘာမှ ပြန်အသိမပေးခဲ့ပါ။ ပြာလဲ့နဒီ မသိထားသော နောက်ကွယ်က ပြိုင်ဆိုင်ထားမှုတစ်ခုကြောင့် ဆန်းသစ်နေ ဒီလို လုပ်လာတယ် ဆိုတာ မင်းအဂ္ဂ သိလေသည်။ ဒါကြောင့် ဘာမှ စာရင်းရှင်းစရာ တော့မရှိ။ သူလည်း သူ့အပိုင်းက ကြိုးစားတာ၊ ငါလည်း ငါ့အပိုင်းက ကြိုးစားတာပဲပေါ့။ ဟား ဟား ဟား ... ဆန်းသစ်၊ ဆန်းသစ်၊ မင်းကိုမင်း တော်တော်အထင်ကြီးပါလားကွာ။ အရင်ဦး အောင် ကြိုပြောထားတာနဲ့ နိုင်ဖို့အခွင့်အလမ်း များမယ်များထင် နေသလား။

မင်း ဒီကိစ္စမှာတော့ တော်တော်တုံးတဲ့ ငတုံးပဲ။ တခြားကိစ္စတွေမှာသာ ငါ့ထက် ဉာဏ်ပြေးရင် ပြေးမယ်။ ဒီမှာ တော့ မင်း တုံးသေးတယ်။





ဘယ်မိန်းကလေးကိုမှ မပိုးပန်းဖူးသေးဘူး။ "ချစ်ဘယ်"လို့ မပြောဖူးသေးဘူးဆိုပေမဲ့ ငါဟာ မင်းထက်စာရင် မိန်းကလေးတွေရဲ့ စိတ်သဘောကို ပိုပြီးသိပါတယ်ကွာ။ ကိုယ်က မစ,ဘဲနဲ့တောင် ကိုယ့်အနား အလိုလိုရောက်လာတဲ့ မိန်းကလေး တွေရှိနေတော့ သူတို့ရဲ့စိတ်ခံစားချက်ကို ငါ မင်းထက်ပိုသိတယ်။

မှတ်ထား မိန်းကလေးတွေက အလှအပကြိုက်တယ်။ အလိုက်သိတာကို ကြိုက်တယ်။ အပြောအဆိုနူးညံ့ချိုသာတာ ကြိုက်တယ်။ သူတို့ကို အရေးပေးပြီး သိပ်ချစ်ပြတတ်တာကို ကြိုက်တယ် ဆန်းသစ်ရ။ မင်းက အခုတော့ မိန်းကလေးတစ် ယောက်ကို ခနဲ့တာတွေ၊ ရွဲ့တာတွေနဲ့ သွားစ,ပြောခဲ့တာကိုး။ ရုပ်မလှရတဲ့အထဲ စကားအပြောအဆိုကလည်း မတတ်တော့ မင်းတော့ ရှုံးဖို့ဘက်ကို ခြေလှမ်းလှမ်းမိနေပြီ ဆန်းသစ်ရေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို Cafe Bay (ကဖီးဘေး)ဆိုင်ထဲ အတူဝင်သွားတာ တွေ့လိုက်တယ်၊ ဘယ်လိုလဲ အဆင်ပြေနေပြီလား"

ဆန်းသစ်နေသည် ဒီနေ့ မင်းအဂ္ဂနဲ့ ဆုံရတော့ တမင်ပဲ ထုတ်မေးလိုက်ပါသည်။ မင်းအဂ္ဂကလည်း ခပ်ပြုံးပြုံး ခေါင်းညိတ်ရင်း ...

"သူက ငါ့ကို အားကိုးတကြီး တိုင်ပင်စရာရှိတယ်ဆိုလို့ ဘာများလဲထင်နေတာ။ လက်စသတ်တော့ မင်း သူ့ကို ဖွင့်ပြောတဲ့အကြောင်း ပြောပြချင်တာဖြစ်နေတယ်၊ မင်းကို သူ လန့်နေပုံရတယ်၊ စိတ်အနှောင့်အယှက်လည်း ဖြစ်နေပုံရတယ်"



မင်းအဂ္ဂရဲ့ ထုံးစံအတိုင်း ဆန်းသစ်နေကိုဆို ခပ်နှိမ့်နှိမ့်လေး ပြောနေကြမို့ ဆန်းသစ်နေ ထူးပြီးစိတ်မဆိုးဘဲ မင်းအဂ္ဂ ဘာပြောမလဲလို့ ဆက်နားစွင့်နေပါသည်။

"ငါနဲ့ မင်း သိပ်ခင်ကြရင် နည်းနည်းပါးပါး တားပေးဖို့ပေါ့ကွာ၊ အဲဒါ ပြောတာပါ"

"မင်းက ငါ့ကို တားမလို့လား"

"မတားပါဘူး ဘာတားစရာရှိလဲ။ ဒါ မင်းနဲ့ငါပဲ သိတဲ့ Secret (စီးကရက်)လေ၊ လျှို့ဝှက်ထားရမှာလေ။ မင်းနဲ့ ငါ သဘောတူညီချက်နဲ့ ပြိုင်ဆိုင်တဲ့ပွဲလေ။ ပြာလဲ့ သိလို့လည်းမဖြစ်ဘူး၊ ဘာမှ ပြောပြဖို့ မလိုဘူး"

"မပြောပါဘူး၊ မင်းတားလည်း ငါက နောက်မဆုတ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"ဟုတ်လား ဘာဖြစ်လို့လဲ၊ သူ့ကို အရွဲ့တိုက်ချင်လို့လား"

"မဟုတ်ဘူး အရွဲ့တိုက်ချင်တာ မဟုတ်ဘူး၊ သူ ငါ့ကို ဘယ်လောက် အရုပ်ဆိုးတယ်ပြောပြော ဘယ်လောက် အသားမည်းတယ်ပြောပြော ရှင်နဲ့ ကျွန်မ လိုက်ရောလိုက်ဖက်ရဲ့လားပဲပြောပြော ငါ မနာဘူး။ ဂရုမစိုက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ သူ့ကို တကယ်ချစ်သွားတယ်ဆိုတာ အခုကျမှ သိလိုက်လို့ပဲ"

www.burmeseclassic.com



မင်းအဂ္ဂမှာ မထင်မှတ်သောစကားကြောင့် မျက်ခုံးတွေ ပင့်ပြမိသည်။ စိတ်ထဲမှာ နည်းနည်းလည်း လန့်သွားသည်။ ဆန်းသစ်ဟာ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်အကြောင်း စကားထဲ ထည့်ပြောလေ့ရှိတာလည်း မဟုတ်သလို မိန်းကလေးတွေကို စိတ်ဝင်တစား ငေးကြည့်တာတောင် မတွေ့ရတဲ့သူမျိုးပါ။ သူကသာ ရုပ်ရည် ဘာမှမရှိတာပေမဲ့ သူဟာ မိန်းကလေးတစ်ယောက် ဘယ်လောက်ပဲကြည့်ကောင်းကောင်း၊ ဘယ်လောက်ပဲ ဆွဲဆောင်မှုရှိနေနေ၊ ဘယ်လောက်ပဲ လှနေနေ သဘောတကျကြည့်တာပင် မလုပ်တတ်ပါ။ ယောက်ျားအများစုဆီမှာရှိသော စိတ်ဓာတ်မျိုးတွေလို မိန်းကလေးမြင်လိုက်ရင် တစ်ချက်တော့ ကြည့်လိုက်မယ်ဟဲ့ဆိုသော စိတ်ဓာတ်မျိုး ဒီကောင့်မှာ လုံးဝ မရှိကြောင်း မင်းအဂ္ဂ သတိထားမိပါသည်။

အဲဒီလို ယောက်ျားမျိုးက မိန်းကလေးတစ်ယောက်ကို သေသေချာချာ တကယ်ချစ်သွားပါပြီဟု ဝန်ခံခြင်းမှာ ယုံစရာကောင်းနေသည်။

ထို့အတူ တစ်ခါမှမချစ်ဖူးသူက တကယ် ချစ်လာသောအခါ ပိုပြီး ဖွဲ့နပဲကြီးကြီးနဲ့ ကြိုးစားလာနိုင်သည်ဟူ၍ တွေးမိပြီး လန့်လာတာဖြစ်သည်။

"မင်း ယုံချင်မှယုံပါ အဂ္ဂ၊ ငါ သူ့ကို တကယ်ချစ်မိတယ်။ အဲဒါတော့ သေချာတယ်၊ သူ ငါ့ကို မုန်းတယ်လို့ ပြော





လိုက်တဲ့အချိန်မှာ ငါ့ရင်ထဲမှာ သူ့ကို လက်မလွှတ်ချင်လောက်အောင် ချစ်မိသွားတယ်လို့ သိလိုက်တယ်"

"ငါ ဘာလို့ မယုံဘူးလို့ မင်း ထင်ရလဲ"

"မင်းက ပြာလဲ့နဒီ ပြောလိုက်တဲ့စကားတွေကို နားထောင်လာပြီးပြီလေ၊ ဒီတော့ မင်း ငါ့ကို ယုံချင်မှယုံတော့မယ်ပေါ့။ ပြာလဲ့နဒီက ဘာပြောမလဲဆိုတော့ ငါက သူ့ကို ငြိုးသွားပြီ၊ သူ့ကို ရွဲ့ပြီး အနှောင့်အယှက် ပိုပေးလာနိုင်တယ်ဆိုတာမျိုး ပြောလာဖို့များတယ်လေ။ ငါ အဲဒီလောက်တော့ မုန်းတတ်ပါတယ်၊ ငါ့ပါးစပ်က တကယ်ချစ်ပါပြီ ပြောလည်း ယုံချင်မှယုံနိုင်တယ်"

"ဒါက ငါနဲ့ မဆိုင်ပါဘူး၊ ပြာလဲ့ စဉ်းစားရမဲ့အလုပ်ပါ။ ပြာလဲ့ စဉ်းစားဆုံးဖြတ်ပါလိမ့်မယ်၊ ငါက ဘာမှဝေဖန်စရာ မရှိဘူး။ ပြာလဲ့ ငါ့ကို ရွေးခဲ့ရင်လည်း ငါတို့ရဲ့ အပြိုင်အဆိုင်ကိစ္စကို မင်းသွားမပြောကြေး။ တကယ်လို့ မင်းကိုရွေးတယ်ဆိုလည်း ငါမပြောဘူး၊ အဲဒီတစ်ခုပဲ ကတိတည်ဖို့လိုတယ်"

"မင်းတို့ရဲ့ အခြေအနေက ငါ့လောက် မဆိုးပါဘူး။ သူက မင်းနဲ့တော့ ကြည်ကြည်သာသာတွဲသွားတာပဲ။ မင်း နိုင်ဖို့တော့များပါတယ်၊ ငါကတော့ စပြောကတည်းက သူနဲ့ ကတောက်ကဆဖြစ်သွားခဲ့ပြီး သူ့ဆီက မုန်းတယ်ဆိုတာ ကြားထားရတဲ့ အခြေအနေနဲ့ ဆက်ကြိုးစားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းအဂ္ဂက ဖြတ်မေးလိုက်သည်။

"မင်းကို သူက မုန်းတယ်လို့ အဖြေပေးလိုက်ပြီးပြီဆို တော့ မင်း ရှုံးသွားပြီလို့ ဘာကြောင့် မင်း ဝန်မခံသေး တာလဲ"

ဆန်းသစ်နေက မထေ့တထေ့ပြုံးရင်း မင်းအဂ္ဂကို ပြန်ကြည့်ပါသည်။

"ငါ ရှုံးရအောင် သူက မင်းကိုရော ချစ်ပါပြီလို့ အဖြေ ပေးပြီးပြီလား"

ထိုသို့ အမေးခံလိုက်ရတော့ မင်းအဂ္ဂမှာ တစ်ချက် ဆောင့်တွန်းခံလိုက်ရသလိုပဲ စိတ်ထဲမှာ ခံစားလိုက်ရပါသည်။

"ငါ ဖွင့်ပြောလိုက်တယ်၊ သူ ခါးခါးသီးသီးမဖြစ်ဘူး။ ငါ့ကို ခင်ခင်မင်မင် ဆက်စကားပြောတယ်။ ဒါ မင်းနဲ့ မတူတဲ့ တုံ့ပြန်မှုလေ"

"စောင့်ကြည့်ပါဦးကွာ၊ အနိုင်အရှုံးဆိုတာ သူ့အဖြေကိုရ မှလေ၊ သူ ငါ့ကို မုန်းတယ်ပြောတာဟာ တဒင်္ဂ ဒေါသ တစ်ခုနဲ့ စကားနိုင်လုပြီး ပြောလိုက်တဲ့စကားပါ၊ သူ သေသေချာချာ မစဉ်းစား မဆုံးဖြတ်ရသေးပါဘူး။ ငါက လည်း သူ့ကို သေသေချာချာ ဖွင့်ပြောတာမျိုးလည်း မလုပ်ခဲ့ရသေးဘူး။ စကားပြောရင်း ပါးစပ်က လွတ်ခနဲ ထွက်သွားတာမျိုးပါ"





"အေးပါ မင်းသဘောပါ၊ မင်း စိတ်မလျှော့သေးရင်လည်း ဆက်ကြိုးစားပါ၊ ငါလည်း သူ့အဖြေရတဲ့ထိ ကြိုးစားရမှာ ပေါ့၊ ဟော့ကောင် ... ဒါပေမဲ့ မင်း ကတိတော့ပေးနော်။ ငါ သူ့ဆီကအဖြေရတာနဲ့ မင်း နောက်ဆုတ်ပေးရမယ်"

"မင်းလည်း ကတိတည်ရမယ်လေ၊ အကယ်၍ ငါ နိုင်ခဲ့ ရင်ပေါ့၊ ငါတို့ရဲ့ အပြိုင်အဆိုင်တွေ၊ အနိုင်အရှုံးတွေကို သူ ဘယ်တော့မှ တစ်သက်လုံး ပေးမသိစေချင်ဘူး"

"ဟား ဟား ... စိတ်ချပါကွာ၊ မင်းကတော့ လေမလျှော့ ဘူးနော်၊ မင်းမှာ ဘယ်လိုနိုင်ကွက်များရှိလို့ ငါ့ကို အလျှော့ မပေးသေးတာပါလိမ့်"

"ငါ မင်းလို မချောပေမဲ့ ငါ့မှာလည်း အရည်အချင်းတွေ ရှိပါတယ်။ ယောကျ်ားတစ်ယောက်ဆီမှာ ရုပ်ချောဖို့အဓိက အရေးကြီးသလား၊ မိန်းမတစ်ယောက်အတွက် တစ်ဘဝလုံး စိတ်ချမ်းသာအောင်ထားနိုင်တဲ့ အရည်အချင်းရှိမှုက အရေး ကြီးလားဆိုတာ ပြာလဲ့နဒီ စဉ်းစားတတ်လာစေရမယ်"

"တစ်ခုတော့ရှိတယ်နော်၊ Fair play (ဖဲပလေး)နော်။ သူ့ကို မရလို့ ကားတင်ပြေးတာတွေ ခိုးပြေးတာတွေနဲ့ တော့ အနိုင်မယူနဲ့"

"ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေ ဆတ်ခနဲ တစ်ချက်အော်ပစ်လိုက်ကာ မင်းအဂ္ဂကို ခပ်စိုက်စိုက် ကြည့်လိုက်ရင်း ...

"ဒီမှာ ငါ့ကို သေသေချာချာကြည့်ထားပါ။ အသားမည်းပြီးရုပ်ဆိုးပေမဲ့ စိတ်ဓာတ်ကတော့ အောက်တန်းမကျပါဘူး။ ကိုယ်ချစ်တဲ့ မိန်းကလေး သိက္ခာကျအောင်တော့ ဘယ်တော့မှမလုပ်ဘူး။ လူကိုရရင်ပြီးရောဆိုတဲ့ စိတ်ထားမျိုး ငါ့မှာမရှိဘူး။ သူ ငါ့ကို တကယ်ချစ်လာတာကိုပဲ လိုချင်တယ်၊ မင်း ငါ့ကို အဲဒီလောက် အထင်မသေးပါနဲ့"

ဟု ခက်ထန်စွာ ပြောလိုက်သည်။

မင်းအဂ္ဂမှာ သူ့အပြောလွန်သွားမှန်းသိပေမဲ့မတောင်းပန်ချင်သဖြင့် ပခုံးနှစ်ဖက်တွန့် လက်ဖြန့်ပြလိုက်ပြီး ...

"အိုခေ ... ဒါဆိုလည်း ပြီးတာပဲ"

ဟူ၍ တောင်းပန်တာလည်းမဟုတ်၊ ဖြေရှင်းတာလည်းမဟုတ်သော စကားတစ်ခွန်းကိုသာ ပြန်ပြောလိုက်လေသည်။

အဲဒီနေ့ အဲဒီအချိန်ကစပြီး သူတို့ဟာ တစ်ဦးနဲ့တစ်ဦး ခြေလှမ်းတွေကို အကြီးအကျယ် စောင့်ကြည့်နေကြလျက် တစ်ဖက်နဲ့တစ်ဖက် အလျှော့မပေးစတမ်း၊ လျှော့မတွက်စတမ်း ကြိုးစားကြဖို့ စိတ်ထဲမှာ အသီးသီးဆုံးဖြတ်လိုက်ကြတော့လေသည်။

❤ ❤








www.burmeseclassic.com

www.burmeseclassic.com



## ၉

ပြာလဲ့နဒီသည် ရုတ်တရက် သူ့ကို မျက်နှာချင်းဆိုင်ဆုံလိုက်ရသောအခါ မျက်စိမျက်နှာပျက်သွားပြီး မျက်နှာမှာ ချက်ချင်း ဖြူဖွေးဖျော့တော့သွားကြောင်း ဆန်းသစ်နေ သတိထားလိုက်မိသည်။ သူနဲ့ မဆုံအောင် ဘယ်လိုရှောင်ပြေးရင် ရမလဲလို့ တွေးရင်တွေးနေမဲ့ ပြာလဲ့နဒီသည် မျက်လုံးတွေ ဟိုကြည့်ဒီကြည့်လုပ်ပြီး ဘယ်လမ်းက ရှောင်သွားရင် ရမလဲလို့ စဉ်းစားနေပုံရသည်။

ကိုယ့်ချစ်ရသော မိန်းကလေးက ဒီလိုခါးခါးသီးသီးလုပ်ပြ၊ ကိုယ့်ကို ကြောက်လန့်ပြတော့ ရင်ထဲမှာ နာကျင်ရပေမဲ့ ဆန်းသစ်နေသည် အပြုံးမပျက်ဘဲ ပြာလဲ့နဒီကို သေသေချာချာ စိုက်ကြည့်လိုက်ပြီး ...





"ဓာတ်လှေကားထဲ ဝင်မလို့မဟုတ်လား၊ လာပါ ဝင်ခဲ့ပါ၊ ကျွန်တော် ဘာမှ အန္တရာယ်မပေးပါဘူး၊ စိတ်ချပါ"

ဆန်းသစ်နေ ရှိနေပြီးသော ဓာတ်လှေကားထဲ ပြာလဲ့နဒီ ဝင်တော့မလို့လုပ်ပြီးမှ လန့်ပြီး ရပ်နေလျှင် ဆန်းသစ်နေသည် ခလုတ်ကို မနှိပ်သေးဘဲ တံခါးကို မပိတ်အောင် Hold (ဟိုးလ်ထ်) လုပ်ပေးထားပြီး လှမ်းပြောလိုက်သည်။

"အို ... နေပါစေ၊ ရှင် အရင်သွားပါ"

"ခုန ပြာလဲ့နဒီ ဒီထဲဝင်ဖို့ ခြေတစ်လှမ်းတောင် လှမ်းပြီးပြီ။ ကျွန်တော် ရှိနေတာမြင်မှ ခြေလှမ်းပြန်ရုပ်သွားတာလေ။ အဲဒါ ကျွန်တော့်ကြောင့်လို့ ထင်တယ်၊ ဒါကြောင့် ကျွန်တော် ကတိပေးတာပါ၊ ဘာမှ အန္တရာယ်မဖြစ်စေရဘူး။ စိတ်ချလို့"

"ရှင် တမင် ကျွန်မနောက် လိုက်နေတာလား"

"ဟောဗျာ ... မဟုတ်ပါဘူး၊ ဒီအပေါ်ထပ်က ရုံးခန်းတစ်ခုကိုလာတာပါ၊ မယုံမှာစိုးလို့ ထပ်ပြောလိုက်ဦးမယ်၊ ကျွန်တော့် အဖေ ဦးနေအောင်၊ ဟဲ ဟဲ ... ရုပ်ရှင်မင်းသားနေအောင်တော့ မဟုတ်ဘူးနော်၊ နာမည်တူတာပါ၊ ရုပ်ရှင်မင်းသားနေအောင်ကတော့ ချောတယ်၊ အဖေကတော့ ကျွန်တော့်လိုပဲပေါ့။ ဒီအဖေကမွေးတော့ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီရုပ်ဖြစ်နေတာပေါ့၊ ကဲပါ အဲဒါထားပါ၊ ဦးနေအောင်ရဲ့ ကုမ္ပဏီရုံးခန်းကို ကျွန်တော် လာတာပါ၊ အဖေ့ဆီ လာတာပါဗျာ”

“ရှင် အရင်သွားတော့”

“ကဲပါ ဒါဆိုလည်း ဖြာလဲ့နဒီကို ကျွန်တော် ဦးစားပေးပါတယ်၊ ကျွန်တော် နောက်မှတက်ပါတော့မယ်၊ ဖြာလဲ့နဒီပဲ တစ်ယောက်တည်း ဓာတ်လှေကားကို စီးသွားလိုက်ပါ”

ဆန်းသစ်နေ ချက်ချင်းပဲ ထွက်ရပ်ပေးလိုက်ပြီး ဖြာလဲ့နဒီကို အထဲဝင်ဖို့ ခါးကိုင်းပြီး လက်ဖြင့် ညွှန်ပြလိုက်သည်။

“ရှင် အရင်ဝင်နေတာလေ”

“ရပါတယ် ဘယ်သူအရင်ဝင်ဝင် ဖြာလဲ့နဒီကို ဦးစားပေးတာပဲ၊ လက်ခံလိုက်ပါ”

ဖြာလဲ့သည် စဉ်းစားမနေတော့ဘဲ ဓာတ်လှေကားထဲ ချက်ချင်းဝင် ချက်ချင်း ကိုယ်တက်ချင်သည့် ခလုတ်ကို နှိပ်၍ တက်သွားလိုက်ပါသည်။ အံ့သြစရာပဲ၊ ဒီကိုအရင်ထဲက ခဏခဏ လာနေတာပဲ၊ သူနဲ့ လုံးဝ မဆုံဖူးဘူး။ ဒီတစ်ခါမှ တိုက်တိုက် ဆိုင်ဆိုင် ဆုံတာပဲလား။ ဒါမှမဟုတ် တမင် သူ ငါ့နောက်က လိုက်နေသလား။ သူ ပြောတာတာကိုပဲ ယုံလိုက်ရမလား။ ဒီအဆောက်အအုံကြီးထဲမှာ ရုံးခန်းတွေ၊ လေယာဉ်လက်မှတ်





အရောင်းဌာနတွေ၊ အားကစားခန်းမတွေ၊ ဖြူတီဆလွန်းတွေနဲ့ နာမည်ကြီး ဒီဇိုင်နာတစ်ယောက်ရဲ့ အဝတ်အစား လက်ခံချုပ်လုပ်ပေးသည့် ဆိုင်ကြီးတစ်ဆိုင်ရှိကြောင်း သိထားပါသည်။

ဖြာလဲ့နဒီ မကြာခဏ လာဖြစ်တာကတော့ ဒီမှာပဲ အင်္ကျီလာအပ်၊ ဒီမှာပဲဖွင့်ထားသည့် ဖြူတီဆလွန်းကိုပဲ သဘောကျသဖြင့် ဆံပင်လာပြင်တာ။ လက်သည်းခြေသည်း အလှပြင်တာတွေ၊ မျက်နှာနဲ့ပတ်သက်ပြီး အလှပြင်တာတွေ မကြာခဏ လာလုပ်ဖြစ်သဖြင့် ဒီတာဝါကြီးကို အရောက်များပါသည်။ အခုကျမှသာ တိုက်ဆိုင်စွာဆုံရသဖြင့် စိတ်ထဲတွင် မယုံချင်သလိုဖြစ်နေသည်။

သူ့ကို စတွေ့လိုက်ခါစကတော့ ရုတ်တရက်လန့်ပြီး လူက ထူပူထိတ်ပျာသွားကာ ဘယ်ကို ရှောင်ပြေးရမလဲလို့ပင် စဉ်းစားလိုက်မိသည်။ သူ့ကို မောက်မောက်မာမာ၊ ရင့်ရင့်သီးသီး ပြောတုန်းကပြောပြီး အခုကျပြန်မျက်နှာချင်းဆိုင်တွေ့ရမှာ တွေးကြောက်နေခဲ့တာ။ ကြောက်ပါတယ်ဆိုမှ တွေ့ပဲတွေ့တတ်လွန်းနေတာပဲလား။ သူ တမင်နောက်က လိုက်နေလို့ ဆုံတာပဲလား။ ဘာပဲဖြစ်ဖြစ် သူကတော့ အငြိုးအတေးမထားဟန်ဖြင့် ရယ်ရယ်မောမော၊ ပြေပြေလည်လည်ပြောပြီး ဖြာလဲ့ကိုပင် အရင်သွားခိုင်းလိုက်သဖြင့် သူနဲ့ ဓာတ်လှေကားတစ်ခုထဲ အတူရှိသွားရမည့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှ လွတ်သွားပါသည်။ သူ အနားမှာ မရှိတော့မှပဲ ပြာလဲ့အသက်ကို ဝအောင်ရှူရဲသလိုလို၊ စိတ်ချလက်ချ ရှူရဲသလိုလို ဖြစ်သွားပါသည်။

ဒီနေ့တော့ ပြာလဲ့သည် ဒီဇိုင်နာဆီမှာ အင်္ကျီလာအပ်တာဖြစ်သဖြင့် ထိုဆိုင်ထဲကို မှန်တံခါးတွန်းဖွင့်ဝင်လာခဲ့သည်။ ဒီဇိုင်နာအစ်မကြီးက ပြာလဲ့ကို မြင်တော့ ပြုံးပြရင်း ...

"ညီမတောင် အင်္ကျီအပ်ဖို့ ထပ်ရောက်လာပြီ၊ အစ်မဆီမှာ ညီမ အပ်ထားတဲ့ အင်္ကျီတွေက ခုထိ လက်စမသတ်ရသေးဘူး၊ အားတောင်နာတယ်ကွယ်။ ပုလဲလုံးတွေ ပုတီးစေ့လေးတွေ၊ ဖန်ချောင်းလေးတွေသိတဲ့ အကွ ညီမလေးတွေထဲက နှစ်ယောက်လောက် ခွင့်ယူသွားလို့ လက်စသတ်မရဖြစ်နေတယ်"

"ရပါတယ် ပြာလဲ့ နားလည်ပါတယ်၊ နောက်အပတ်လောက်ပြီးရင် ရပါပြီ"

"နောက်အပတ်တော့ ပြီးပါတယ်"

"ဒီပိတ်စလေးတွေကတော့ ပြာလဲ့ သဘောကျလို့ ဝယ်ထားမိတာနဲ့ လာချုပ်တာပါ။ ပွဲနေပွဲထိုင်သွားမဲ့ပုံမျိုးတော့ မဟုတ်ဘူး Casual (ကက်ရှွယ်)ပေါ့"

"ဟုတ်ပြီ၊ ဘာပုံစလေးတွေယူမလဲ"





"အစ်မ အဆင်ပြေမဲ့ပုံပဲ ချုပ်လိုက်ပါ၊ ပြာလဲ့က ဘလောက်စ(စ)နဲ့ စကပ်လေးတွေ တွဲဝတ်တာတို့၊ စတိုင်လ်ပန်လေးနဲ့ တွဲဝတ်တာတို့ပေါ့၊ အဲဒီပုံမျိုးလေးတွေပဲ လိုချင်တယ်၊ အဲဒီအစတွေထဲမှ စကပ်ချုပ်ရင်ကောင်းမယ့်အစလည်း ချုပ်ပေးလိုက်ပါ။ တချို့ပြောင်အရင့်စလေးတွေကို စတိုင်လ်ပန်လေးတွေ ချုပ်ပေးပါ"

ဒီဇိုင်နာက ပြာလဲ့ အင်္ကျီအတိုင်းအတာလည်း အမြဲချုပ်နေကျမို့ သိထားလေရာ အင်္ကျီတိုင်းစရာလည်းမလိုပါ။ ပိတ်စတွေကို ထားခဲ့ရုံသာ။ ပြာလဲ့သည် အပ်ပြီး ပြန်သွားရင်ရပေမဲ့ စိတ်ထဲမှာ ဆန်းသစ်နေ ပြောသော ဦးနေအောင်ဆိုသူ၏ ရုံးခန်း ဒီမှာရှိမရှိ သိချင်သဖြင့် ဒီဇိုင်နာအစ်မကိုပင် စပ်စုဖို့ တွေးလိုက်မိသည်။ ဘာရယ်မဟုတ် သူပြောတာ ဟုတ် မဟုတ် သိသွားချင်တာမျိုး ဖြစ်ပါသည်။

"အစ်မ သိလားတော့မသိဘူး။ ဒီတာဝါမှာလေ ဦးနေအောင်ဆိုတဲ့သူရဲ့ ရုံးခန်းများ ရှိသလားလို့ပါ"

"ဦးနေအောင်"

ထိုအစ်မက နာမည်ကို ပြန်ရေရွတ်ရင်း မေးဟန်ပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေအောင်တဲ့။ ကုမ္ပဏီရုံးခန်းဖွင့်ထားတယ်လို့ ကြားဖူးလို့ပါ"

"အစ်မသိတဲ့ ဦးနေအောင် ဆိုရင်တော့ သူ့ရုံးခန်းက ဒီအထပ်ပဲလေ၊ Exports (အိပ်(စ)ပို့) Imports (အင်န်ပို့) လုပ်ငန်းလုပ်တာလေ ဟုတ်တယ် မဟုတ်လား"

"ဘာလုပ်ငန်းလဲတော့ မသိပါဘူး၊ မိတ်ဆွေတစ်ယောက်က သူလည်း ဒီရုံးခန်းကို လာစရာရှိတယ် ပြောလို့ပါ၊ ဟုတ်လဲ သေသေချာချာ မသိပါဘူး"

"ဦးနေအောင်က အစ်မရဲ့ ဦးလေးတစ်ဝမ်းကွဲလည်း တော်တယ် ညီမရဲ့။ ဘာဖြစ်လို့လဲ"

"ရှင် ..."

ဟုတ်လဲ့နဲ့ဒီ တအံ့တသြ အသံပြုလိုက်မိတာမျိုး ဖြစ်လေသည်။ ကြည့်စမ်း ... ဟုတ်လဲ တစ်ချိန်လုံး အကျိုးလာအပ်နေတဲ့ ဒီဇိုင်နာမကေသီက ဆန်းသစ်နေတို့ရဲ့ အမျိုးတော်နေသတဲ့၊ အံ့သြစရာပဲ။

ဘယ်တုန်းကမှ ဆက်စပ်ပြီး မမှန်းခဲ့မိဖူးပါဘူး။ ဘာကြောင့်ဆိုတော့ အဲဒီမကေသီကတော့ အသားညိုစိမ့်စိမ့်လေးနဲ့ လက်ချောင်းလေးတွေဟာ ဒီဇိုင်နာမို့ သိပ်လှနေကာ ရုပ်အချောကြီး မဟုတ်သော်ငြား မိန်းကလေးမို့ ပြင်တတ်ဆင်တတ် လို့လားမသိ။





ကြည့်ကောင်းသည်ဟု ဟုတ်လဲ စတွေ့ခါစကတည်းက အမှတ်ပေးထားမိသူပါ။ အမျိုးတော်တယ်သာ ဆိုပေမဲ့ မကေသီ ကျတော့ ဆန်းသစ်နေလို မည်းချိပ်မနေဘဲ ညိုစိမ့်နေသဖြင့် တခြားစီ ဖြစ်နေသည်။

"ညီမ ဘယ်သူနဲ့ သိလို့လဲ"

"သြော် ... အင်း ... မဟုတ်ပါဘူး၊ ဟုတ်လဲ သူငယ်ချင်းက အလုပ်လာလျှောက်မယ်ပြောလို့ မေးမိတာပါ။ အစ်မနဲ့ အမျိုးတော်မှန်းတောင် မကြားဖူးဘူး။ သိလည်း မသိဖူးတော့ အံ့သြသွားတာပါ"

"အစ်မအမေနဲ့ မောင်နှမတစ်ဝမ်းကွဲပေါ့၊ အန်ကယ်လ်က တစ်ဦးတည်းသောသားဆိုတော့ သူ့ရဲ့ ဝမ်းကွဲမောင်နှမတွေနဲ့ကျ သိပ်ရင်းနှီးပြီး သိပ်ချစ်တတ်တယ်လေ။ အမေနဲ့တော့ ပိုပြီ နီးတယ်။ အမေလည်း သူ့ကို ထိန်းလာရလို့ အမေ့ကို အစ်မရင်းလိုပဲ ချစ်တယ်လေ။ အစ်မ ဒီဇိုင်နာ ကျောင်းပြီးလာပြီး ဆိုင်ဖွင့်မယ်ဆိုတော့လည်း အန်ကယ်လ်ပဲ သူ့ရုံးခန်းနဲ့နီးတဲ့ အခန်းမှာ နေရာလွတ်တယ်ဆိုပြီး ရှာဖွေစီစဉ်ပေးတာပေါ့။ အန်ကယ်လ်ကျ သမီးမရှိဘူး။ သားတွေချည်းပဲ သုံးယောက်တောင်ဆိုတော့ သူ သိပ်ချစ်တဲ့ အစ်မဝမ်းကွဲရဲ့ သမီး အစ်မကိုလည်း သူ့သမီးလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားတယ်၊ အစ်မ ဘာလိုလဲ လိုတာမှန်သမျှ ကူညီပေးနေကျပဲ၊ အစ်မ ဒီလိုအောင်မြင်ပြီး နေရာရလာတာ အန်ကယ်လ်ကြောင့်ပါတယ်။ အရင်က အစ်မတို့မှာ သိပ်မချောင်လည်ဘူးလေ၊ အန်ကယ်လ်ပဲ ကျောင်းစရိတ်ထုတ်ပေး၊ အလုပ်နေရာစီစဉ်ပေးနဲ့ ကူညီထားတာပါ၊ အန်ကယ်လ်က လူကောင်းပါ"

မကေသီက သူ့ဦးလေးဘက်က အပြည့်အဝထောက်ခံပုံနှင့် ဖြာလဲ့နဒီကို ပြောပြလေသည်။

"ညီမသူငယ်ချင်း အလုပ်ရဖို့ သိပ်လိုအပ်နေတယ်ဆိုရင် အစ်မ ပြောပေးရမလား၊ အန်ကယ်လ်က ကူညီတတ်ပါတယ်။ အရည်အချင်းမှီရင် အလုပ်လည်း သိပ်လိုချင်နေရင် ခန့်ပေးမှာပါ"

ဖြာလဲ့မှာ ကိုယ့်လုပ်ကြံဇာတ်လမ်းနဲ့ ကိုယ်မို့ ဘာဆက်ပြောရမှန်းမသိဖြစ်ပြီး ခေါင်းသာညိတ်နေရသည်။ စိတ်ထဲမှာတော့ ငါ့နယ် ဆန်းသစ်နေရဲ့ ဆွေမျိုးသားချင်းထဲက တစ်ယောက်နဲ့မှ ကြုံကြုံဖန်ဖန် လာဆုံရတယ်ဆိုပြီး တိုက်ဆိုင်မှုကို အံ့ဩလို့မဆုံး ဖြစ်နေပါသည်။

ဒီတိုက်ဆိုင်မှုကတော့ တကယ့်ကို မတော်တဆတိုက်ဆိုင်မှုပင်။ ဆန်းသစ်နေကို မသိကျွမ်းရခင်ကတည်းက





မကေသီဆီ အကျိုးလာအပ်နေတာ ကြာပဲကြာလှပြီ။ ဒီနေ့ ဆန်းသစ်နေ ပြောလိုက်မှ ဦးနေအောင်ဆိုတာ ဒီမှာ ရှိ,မရှိ သိချင်ပြီး မေးမိမှာပဲ ဇာတ်ရည်လည်ရတော့သည်။

"သူက ကုမ္ပဏီအလုပ်ပဲ လိုချင်တယ်ဆိုရင်တော့ အန်ကယ်လ်က နေရာလွတ်ကြည့်ပြီး ခန့်လိမ့်မယ်ဆိုတော့ တစ်ခါတလေ စောင့်ရတတ်တယ်။ ဒါမှမဟုတ် အလုပ်ချက်ချင်းရဖို့ သိပ်လိုအပ်နေတဲ့ လူမျိုးအတွက်ဆိုရင်တော့ သူ့သားတွေဆီမှာလည်း ကိုယ်ပိုင်အလုပ်တွေရှိတော့ အဲဒီမှာ လုပ်ချင်လားမေးပြီး ထည့်ပေးလို့လည်း ရတယ်၊ အန်ကယ်လ့်မှာ သားက သုံးယောက်တောင်လေ၊ အကြီးက ဇာတ်ပုံဗီဒီယိုရိုက်ကူးရေးလုပ်ငန်းရှိတယ်၊ နာမည်ကြီးဇာတ်ပုံဆရာပဲလေ။ မိုးသစ်နေ ဆိုတာပေါ့၊ အစ်မဆီမှာလာချုပ်တဲ့ မော်ဒယ်လ်တွေဆို ဇာတ်ပုံမိုးသစ်နေနဲ့ ရိုက်ချင်တယ်ဆိုပြီး တန်းစီ နေကြရတာပေါ့။ ဆိုင်ဖွင့်ထားတော့ ရုံးအလုပ်လည်း ရှိတော့ အဲဒီမှာ လုပ်ရင်ရမယ်၊ အလတ်ကောင် ဆန်းသစ်နေကတော့ Milky Way ဆိုတဲ့ ဘာဂါဆိုင်သိလား၊ သူက အဲဒီဆိုင် ဖွင့်ထားတယ် ညီမရဲ့။ သူ့သူငယ်ချင်းနဲ့ ပေါင်းဖွင့်ထားတာဆိုပေမဲ့ သူတစ်ယောက်တည်းရဲ့ သဘောနဲ့ လူခန့်ရင်လည်း ရတယ်လေ။ အငယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် လင်းသစ်နေကတော့ ကားပစ္စည်းအရောင်းဆိုင် ဖွင့်ထားပြီးပြီ၊ အရောင်းစာရေးလိုတယ်လို့ ပြောနေသံ ကြားတယ်၊ ဆန်းသစ်နဲ့ လင်းသစ်က ကားလုပ်ငန်းလည်း ဝါသနာပါကြတော့ အခုခေတ်စားနေတဲ့ ပြည်တွင်းဖြစ် စက်မှုဇုန်ထုတ် ကားလေးတွေ စမ်းပြီးထုတ်ကြည့်ဖို့တော့ စီစဉ်နေပြီပေါ့၊ စက်မှုဇုန်မှာ လုပ်ငန်းအကောင်အထည်ပေါ် လာရင်လည်း ဝန်ထမ်းတွေက ထပ်လိုဦးမှာပဲ၊ ဘာမှ မပူနဲ့၊ ညီမသူငယ်ချင်းရော သူငယ်ချင်းရဲ့ပတ်သက်သူတွေ ရော အလုပ်လိုချင်ရင် Resume (ရီဆူမီ)သာရေးပြီး အစ်မဆီ လာအပ်ထား။ အစ်မ တစ်ဆင့်ပေးပေးမယ် စိတ်ချ။ အစ်မက ပြာလဲ့ကိုခင်လို့ ပြောပေးဖို့လည်း ဝန် မလေးဘူး"

မကေသီက ဘာစိတ်ကူးပေါက်ပြီး အကုန်ပြောပြ နေသည်မသိ။ ပြာလဲ့နဒီမှာ တစ်ထိုင်တည်းနဲ့ ဆန်းသစ်နေတို့ ညီအစ်ကိုတွေအကြောင်း သိလိုက်ရသလို ဖြစ်သွားသည်။ မကေသီ က ဘာမှ မသိဘဲ ပြောပြနေတာပေမဲ့ ပြာလဲ့ စိတ်ထဲမှာတော့ အလိုလိုနေရင်း မလုံမလဲရှိလှသည်။ ဆန်းသစ်နေ ပြန်သိရင် သူ့ အကြောင်းတွေ နောက်ကွယ်မှာ လိုက်စုံစမ်းနေသလားလို့ အထင် ခံရမှာ စိုးရိမ်နေသည်။





မကေသီကို နှုတ်ဆက်ပြီး ပြန်ဆင်းလာသော ပြာလဲ့ နဒီသည် ဆန်းသစ်နေကိုများ ဆုံဦးမလားလို့ မသိမသာရှာတော့ ရှာကြည့်မိပေမဲ့ ဆန်းသစ်နေ ရှိမနေခဲ့ပါ။ အမှန်တော့ ဆန်းသစ် နေသည် ပြာလဲ့နဒီ မမြင်နိုင်သော တစ်နေရာမှာ စောင့်ကြည့် နေခဲ့ပါသည်။

သူ သွားစကားပြောရင် အနှောင့်အယှက်ပေးတယ် ထင်မှာစိုးသဖြင့် မပြောတော့ဘဲ အဝေးကပဲ ကြည့်နေခဲ့မိသည်။ သူ့ကို ဆုံလိုက်တိုင်း မြင်လိုက်တိုင်း သရဲသဘက်ကို မြင်ရသလိုပဲ အထိတ်တလန့်နဲ့ ခါးခါးသီးသီးဖြစ်နေတတ်သော အမူအရာကို ရင်နာစွာ ပြန်တွေးရင်း မြင်ယောင်ရင်း ဆန်းသစ်နေသည် ပြာလဲနဒီ အိမ်ပြန်တဲ့အထိ မသိမသာ နောက်ယောင်ခံပြီး လိုက် ကြည့်မိပါသည်။

ပြီးမှ အဖေ့ရုံးခန်းဖွင့်ထားရာ တာဝါကြီးဆီ ပြန်သွား ပြီး ပြာလဲ့နဒီ ဝင်သွားခဲ့တဲ့ မကေသီရဲ့ ဆိုင်ထဲ သူဝင်သွားမိ သည်။ အမျိုးသမီးအများစု ကြိုက်စိုးသော အကျီချုပ်ဆိုင်ကြီးပေမဲ့ ဆန်းသစ်နေ ဝင်သွားသောအခါ ဘယ်သူမှ အထူးအဆန်း မဖြစ် နေဘဲ ဘစ်ချက်သာကြည့်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဆန်းသစ် ထူးထူးဆန်းဆန်း ဆိုင်ထဲ ဝင်လာပါလား၊ ဘာကိစ္စလဲ"

မကေသီ ဆိုင်ကို သူတို့ ညီအစ်ကို သုံးယောက်စလုံး ရောက်ဖူးပေမဲ့ အားလုံးထဲမှာ အစ်ကိုမိုးသစ်နေကတော့ အများဆုံး ရောက်သူဖြစ်သည်။ ဓာတ်ပုံရိုက်လိုသော မော်ဒယ်လ်တွေနဲ့ လာလာတွေ့ရသဖြင့် ဒီဆိုင်ကို အရောက်များဆုံးဖြစ်သည်။ ညီလေး လင်းသစ်နေကတော့ မကေသီ အချစ်ဆုံးမောင်ချမ်းဆွဲမို့ သူ့အလုပ်နဲ့ သိပ်မဆိုင်ပေမဲ့ မကြာခဏ မကေသီဆီ လာလည်တတ်ကာ မှန့်ဝယ်လာလိုက်၊ သူ့ကောင်မလေးတွေကို ကြွားပြီး ... "ငါ့အစ်မ ဒီဇိုင်နာဆိုင်"ဆိုပြီး ခေါ်လာပြလိုက် လုပ်တတ်သည်။ ညီလေး လင်းသစ်နေကတော့ ရည်းစား များတဲ့ ကောင်လေးတစ်ယောက် ဖြစ်သည်။ ရုပ်ရည်တို့ အသားအရေတို့ကတော့ ဒီအဖေ ဒီအမေက မွေးတဲ့ပုံစံတူတွေမို့ ဆန်းသစ်နေတို့နဲ့ သိပ်မကွာခြားလှပေမဲ့ ရုပ်ချောလှသည်မဟုတ်ဘဲ ရုပ်မဆိုးရုံတမယ် ရုပ်ရည်မျိုးဆိုပေမဲ့ လင်းသစ်နေကပဲ စန်းပွင့်သည်ပဲ ဆိုရမလား။ သူကိုယ်တိုင်ကပဲ မိန်းကလေးတွေကို ဘယ်လိုအကြိုက်လိုက်ပြီး စကားပြောရမလဲ ဆိုတာ ကျွမ်းကျင်နေလို့ပဲလားတော့မသိ။ လင်းသစ်နေ့မှာ ရည်းစားကောင်မလေးတွေဆိုတာ တစ်ယောက်ပြီးတစ်ယောက် ဖြစ်နေသည်။





"ယောက်ျားဆိုတာ ရုပ်ချောဖို့မလိုပါဘူး၊ စတိုင်လ် မိုက်ရမယ်၊ မိန်းကလေးတွေကို စကားလုံးတွေနဲ့ ဆွဲဆောင်နိုင်ရမယ်၊ သူတို့အကြိုက်ကို လိုက်တတ်ရမယ်၊ အဲဒါဆို ရုပ်မချောလည်း ဖွံ့ပါတယ် ကိုဆန်းသစ်ရာ"

ဟုလည်း ဆန်းသစ်နေကို မြှောက်ပေးတတ်သည်။

"အမှန်တော့ တချို့လူတွေလိုပဲ မင်းက ရုပ်မချောပေမဲ့ စန်းပွင့်တာပါကွာ၊ တချို့ဆို ယောက်ျားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ကြည့်လိုက်ရင် ရုပ်က သိပ်ပြီးထူးထူးခြားခြား ချောလှနေတာ မဟုတ်ပေမဲ့ သူတို့ဆို အလိုလို နေရင်း လူကြိုက်များတယ်လေ။ အဲဒါကျတော့ စန်းပွင့်တာလို့ခေါ်တယ်၊ တချို့ကျ ရုပ်ချောတယ်၊ ရုပ်ရည်ပြေပြစ်တယ်၊ ဒါပေမဲ့ သူ့ကို စိတ်မဝင်စားဘူး။ သူ့ကို တစ်ခါကြည့်ပြီးရင် ထပ်ကြည့်ချင်လောက်အောင် မဆွဲဆောင်ထားနိုင်ဘူး။ ဆွဲဆောင်မှုမရှိဘူး၊ အဲဒါကျတော့ သူက ရုပ်ချောပေမဲ့ စန်းမပွင့်ဘူးလို့ ပြောရင်ရတယ်၊ လင်းသစ်ကတော့ ရုပ်မချောပေမဲ့ စန်းပွင့်တဲ့အထဲမှာ ပါလို့ ဖွံ့တာပါ"

အစ်ကိုမိုးသစ်နေကတော့ ဓာတ်ပုံဆရာ၊ ဗီဒီယိုဆရာ ပီပီ လူတွေ၏ ရုပ်ရည်အသွင်အပြင်နဲ့ စန်းပွင့်ပုံတို့ကို တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လေ့လာနိုင်သည်ဖြစ်ရာ လင်းသစ်နေကို ထိုသို့ဝေဖန်ပါသည်။ ကိုမိုးသစ်နေသည် ညီအစ်ကိုသုံးယောက်ထဲမှာတော့ ရုပ်ရည်ကြည့်အကောင်းဆုံးလို့ ဆိုရမည်။ အသားမဖြူပေမဲ့ အရုပ်မြင့်မြင့်နှင့် ကြည့်ကောင်းလှသော ပုံစံကြောင့် ...

"ညီအစ်ကိုသုံးယောက်ထဲမှာ သားကြီးက အချောဆုံး"

ဟု မိဘတွေက ချီးကျူးပေမဲ့ ကိုမိုးသစ်နေကတော့...

"ဟား ဟား ... အဖေ အမေတို့ကလည်းဗျာ ခပ်ရိုင်းရိုင်း နှိုင်းရရင် အနှုတောမှာလူချောဖြစ်နေတာမျိုးပါ၊ ညီလေးတွေ စိတ်အားငယ်အောင် မပြောပါနဲ့ဗျာ"

ဟူ၍ သူ့ရုပ်သူ ဂုဏ်မယူဘဲ ဝေဖန်တတ်သည်။ "ငါကလည်း အညာသားစစ်စစ် တကယ့်အထက်ဘက်က ကောင်။ ရေနံချောင်းသားဆိုတော့ အသားခပ်မည်းမည်း ကွာ၊ ဒီကြားထဲ မင်း အမေကျတော့ ညိုစိမ့်စိမ့် မကွေးမြို့သူ လေးဖြစ်နေပြန်ရော၊ ဒီတော့ ငါတို့ မွေးတဲ့ သားတွေက အသားမည်းကုန်တာ မဆန်းပါဘူး။ သားကြီးကတော့ အမေနဲ့တူလို့ ကြည့်ကောင်းသွားတာ၊ သားငယ်တွေကျ ငါနဲ့လာတူတော့ ရုပ်ဆိုးကောင်တွေ ဖြစ်ကုန်ရောဗျာ။ ဘာဖြစ်လဲ ယောကျ်ားဆိုတာ စီးပွားအရှာကောင်းပြီး





ကိုယ့်မိန်းမ ကိုယ့်သားသမီးအပေါ် ကောင်းကောင်း စောင့်ရှောက်ကျွေးမွေးနိုင်ဖို့ပဲ လိုတာ။ ရုပ်ရည်ဆိုတာ ကြိုသောက် လို့မရဘူး။ "လှတာမကျက်ရင် ညစာခက်မယ်"ဆိုတဲ့ စကားပုံတောင်ရှိသေး"

အဖေကတော့ ပျော်တတ် နောက်တတ်၊ သားတွေကို သူငယ်ချင်းပေါင်းပေါင်းတတ်သူမို့ ထိုသို့ရယ်မောပြီး ကိုယ့်တစ်မိသားစုလုံး ငသို ငမည်းတွေ ဖြစ်နေတာကို ဝေဖန်တတ်သည်။

ကိုမိုးသစ်ကတော့ မကြာခင်မှာ လက်ထပ်တော့မည့်သူ့ ချစ်သူဇနီးလောင်းကို ရထားပြီးလေပြီ။ ကိုမိုးသစ်ရဲ့ ချစ်သူက အသားဝါဝါဝင်းဝင်းလေးနှင့် ကြည့်ကောင်းလှသော မိန်းမချောစာရင်းဝင်ဖြစ်သည့်ပြင် ဗျူတီဆလွန်းကို ကိုယ်တိုင်ဦးစီးပြီး ဖွင့်ထားသူလည်းဖြစ်ရာ သူ့ကိုယ်သူ ပြင်တတ်ဆင်တတ်လှသဖြင့် ရှိသောရုပ်ရည်ထက်ပင် ပိုလှသယောင်ယောင် ထင်ရသူဖြစ်လေသည်။

ညီ လင်းသစ်ကတော့ ခုထိ ချစ်သူဆိုတာ သတ်သတ်မှတ်မှတ်မထားသေးဘဲ ...

"ချစ်သူမဟုတ်ဘူး၊ Girlfriend (ဂဲလ်ဖရင့်ထ်)တွေပါ"

လို့ ကြေညာပြီး ထည်လဲတွဲနေသူ။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေတစ်ယောက်သာ အနေအေးလျက်၊ ဘယ်မိန်းကလေးကိုမှလဲ စိတ်မဝင်စားဘဲနေခဲ့လျက် အားလုံးထဲမှာ အငြိမ်ဆုံးဖြစ်နေသည်။ အခုလည်း မကေသီဆီကို ဆိုင်စဖွင့်ပြီးကတည်းက သုံးလေးခါမျှသာ ရောက်ဖူးသဖြင့် မကေသီက အံ့သြပြီး ပြောတာဖြစ်သည်။ ဆန်းသစ်နေက ...

"အစ်မဆီ သိပ်မလာချင်ဘူး၊ အကြောင်းမရှိဘဲ ဝင်ဝင်လာရင် မိန်းကလေးပရိသတ် များတဲ့နေရာကို ခဏခဏလာတယ်ဆိုပြီး အထင်ခံရမှာစိုးလို့။ တော်ကြာ တစ်ယောက်ယောက်ကို လာပိုးနေတယ် ထင်ကြလိမ့်မယ်"

ဟု၍ ကြံဖန်စိတ်ပူပြီး ပြောထားသဖြင့် တစ်နှစ်လုံးနေမှ သုံးခေါက်လောက် အဲဒါကလည်း အဖေမှာလိုက်သော အကြောင်းကိစ္စရှိတဲ့အခါမျိုးတွေမှသာ ဝင်ဖြစ်ပါသည်။

"အစ်မကေသီ ကြည့်လိုက်ရင် အမြဲအလုပ်ရှုပ်နေတာပဲ။ ကျွန်တော် စဉ်းစားမိတယ်၊ ဒီလောက်အင်္ကျီချုပ်နေရတာ ပိုက်ဆံတွေတော့ ထားစရာ မရှိအောင် ဝင်မှာပဲလို့"

ဆန်းသစ်နေသည် ဒီဇိုင်းတွေကို ကွန်ပျူတာဖြင့် ဆွဲလိုက်၊ တချို့လည်း လက်နဲ့ဆွဲလိုက် လုပ်နေသော မကေသီ၏ အလုပ်စားပွဲရှိ ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်ရင်း ပြောလိုက်သည်။

"အံမယ် ... နင်တို့က ပိုက်ဆံရတာပဲမြင်တာ၊ ဒီမှာရှိနေတဲ့ အလုပ်သမတွေ လခတို့၊ မီတာခတို့၊ ရေမီတာခတို့၊ အပ်





ချည်တွေ အပ်တွေ အင်္ကျီချုပ်ရာမှာ အလှဆင်ရတဲ့ အပိုဆာဒါးပစ္စည်းတွေ ထည့်ရ ကုန်ရတာတို့ကျ မမြင်ဘူးလေ"

"နိုင်ငံခြားမှာဆို Giorgio Armaniတို့၊ Vera Wangတို့ဆို သူဌေးတွေ"

"ဟဲ့ ... သူတို့က သူတို့ ဒီဇိုင်နာအရန်တွေ သီးသန့်ထုတ်ပြနိုင်တယ်၊ ငါကစက်ရုံကြီးတည်ပြီး ထုတ်မှမရောင်းနိုင်တာ"

"ဒါဖြင့် အဖေ ပြောသားပဲ၊ အခုပဲ သူများတွေ စက်ရုံတည်ပြီး ကိုယ့်ဘာရန် ကိုယ်ထုတ်နေကြပြီ၊ အစ်မကေသီလည်း လုပ်ချင်ရင်လုပ်၊ သူ အရင်းအနှီးမ,တည်ပေးမယ် ပြေလည်မှပြန်ဆပ်ပြောသားပဲ"

"အဲဒီလောက်ထိ မစဉ်းစားသေးပါဘူးဟယ်၊ တာဝန်ကြီးပါတယ်။ ကဲ ... နင်လာတာ အဲဒါထပ်ပြောဖို့လား၊ အန်ကယ်လ် ဟိုတလောက အဖေ့ကို ပြောသားပဲ။ ငါတို့မိသားစုမှာ အန်ကယ်လ့်ဆီက အကူအညီယူရတာများနေလို့ အဲဒီလောက်ကြီးတော့ မစွန့်စားရဲသေးဘူးလို့ တိုင်ပင်မိကြတာနဲ့ မလုပ်ဖြစ်သေးဘူးလို့တော့ ပြန်ရှင်းပြလိုက်ပြီးပါပြီ"

"ကျွန်တော် အဲဒီကိစ္စလာတာ မဟုတ်ပါဘူး၊ လာရတဲ့ အကြောင်းရင်းကို ချက်ချင်းမပြောချင်သေးလို့ အစ်မကေသီကို ဖားပြီး စကားရော ဖောရောလုပ်နေတာပါဗျာ ... ဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေ သူ့ဘာသာပြောရင်း ရှက်ပြီးရယ်သည်။ သူဟာ အသက်ပဲ အစိတ်ပြည့်တော့မယ်။

တစ်ခါမှလည်း မိန်းကလေးတစ်ယောက်ကို မချစ်ဖူး။ မပိုးပန်းဖူးလေရာ အခုလို အသိပေးဖွင့်ပြောပြီး မေးမြန်းရမှာ အလိုလို ရှက်နေပြန်သည်။

မကေသီက အလုပ်လုပ်လျှင် တပ်ရသော မှာကြည့် မျက်မှန်ကိုပင် ချွတ်လိုက်ရင်း ဆန်းသစ်နေကို အထူးအဆန်းလိုပဲ မျက်ခုံးပင့်၍ကြည့်တော့သည်။

"ပြောပါဦး ငါ့ကို ဘာမေးချင်လို့ လာဖားရသလဲ၊ ဟမ်း ... ကြည့်စမ်း သူ့မိတ်ဆွေပါလို့ ဖားတာမဟုတ်ဘဲ မေးစရာ ရှိလို့"

"မေးရမှာ ရှက်တောင် ရှက်တယ်"

"ပြောပါဦး ဒီလာနေတဲ့ ကောင်မလေးတွေထဲက ဘယ်သူ့ကို မျက်စိကျသွားလို့လဲ"

မကေသီဆိုင်ကို မော်ဒယ်လ်တွေ၊ ကုမ္ပဏီမှာ အလုပ်လုပ်ရတဲ့မိန်းကလေးတွေ၊ ကျောင်းသူတွေ အများဆုံးလာလေ့ရှိရာ မိန်းကလေးပေါင်းစုံ တွေ့နိုင်သောနေရာတစ်ခုလို ဖြစ်နေသည်။ ဒါကြောင့် ဒီလာပြီးမေးတယ်ဆိုတာဟာ ဒီကိုလာနေကျ ကောင်မလေးတွေထဲက တစ်ယောက်ယောက်ကို သဘောကျလို့ပဲဟု အပိုင်တွက်နိုင်၍ ရပါသည်။





"သူ့ကို ဒီဆိုင်မှာတွေ့တာ မဟုတ်ပါဘူး။ အရင်ကလည်း တွေ့ဖူးပါတယ်၊ ဆုံလည်း ဆုံဖူးပါတယ်၊ သူ ဒီနေ့ ဒီဆိုင်ထဲ ဝင်သွားတာ မြင်လိုက်မှ အံ့သြပြီး အစ်မကေသီကို လာမေးတာပါ"

"အင်း ... နင်ပြောပုံအရဆို ခုနကလေးက ပြန်သွားတဲ့ ပြာလဲ့နှင်းဒီလား"

"အဟဲ ..."

"ဘာအဟဲလဲ၊ ဟုတ်ရင် ဟုတ်တယ်ပြော"

ဆန်းသစ်နေ ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဘယ်တုန်းက တွေ့ထားတာလဲ"

"သိပ်မကြာသေးဘူး"

"နင် သူ့နောက်က လိုက်ကြည့်တာလား"

"မဟုတ်ဘူး၊ ကျွန်တော် အဖေ့ဆီကပြန်လာတုန်း သူနဲ့ ဓာတ်လှေကားထဲမှာဆုံတာ"

ဆန်းသစ်နေသည် ဓာတ်လှေကားထဲမှာ ဆုံကြစဉ် အဖြစ်အပျက်ကိုပဲ ပြောပြလိုက်ပါသည်။ အစပိုင်းတွေဖြစ်သော သူတို့ မပြေမလည်ဖြစ်ကြတာ၊ သူ့ကို ပြာလဲ့နှင်း[illegible]ပြော ထားတာတွေတော့ အစဖော်ပြီး မပြောပြချင်ပါ။ ဘာကြောင့်လဲ ဆိုတော့ မကေသီက အဖေ့မျက်နှာနဲ့ သူတို့ညီအစ်ကိုတွေကို ပိုပြီး သံယောဇဉ်ရှိကာ သူတို့ကို သူများက မကောင်းပြောချင်



www.burmeseclassic.com

www.burmeseclassic.com



အစ်မအရင်းကဲ့သို့ ခံစားနာကျင်တတ်ကြောင်း သူ သိထားပါသည်။ အကယ်၍များ ပြာလဲ့နဒီဟာ ဆန်းသစ်နေကို ရုပ်ဆိုး အသားမည်းလို့ မတူမတန်သလို သဘောပြောပါတယ်ဆိုတာသာ ပြန်သိရင် မကေသီဟာ သူ့ဖောက်သည်အပျက်ခံပြီးတော့ကို ပြာလဲ့နဒီကို ချဲရင်ချဲမှာဖြစ်သည်။ ဒါကြောင့် ဆန်းသစ်နေ ပြန်မပြောပြချင်တော့တာပဲဖြစ်သည်။

ပြီးတော့ ကိုယ့်ကို ဒီလောက်ထိ ဆက်ဆံထားသည့် မိန်းကလေးကို ဘာဖြစ်လို့ဆက်ပိုးပန်းနေစရာလဲဆိုပြီး မကေသီက တားမြစ်မှာ၊ ဝေဖန်မှာတွေလည်း သူ မကြားချင်ပြန်ပါ။ ကိုယ်က တကယ်ချစ်လို့ ဒီမိန်းကလေးရဲ့ မာကျောတင်းမာမှုကို သည်းခံနိုင်ပေမဲ့ ဘေးလူတွေကတော့ သည်းခံနိုင်မှာမဟုတ်ချေ။

"နင်က သူ့အကြောင်း ဘာသိချင်လို့လဲ"

"ဘာမှမသိချင်ပါဘူး၊ ကျွန်တော် တော်တော်များများ သိထားပါတယ်"

"ဒါဖြင့် ဘာလာမေးချင်တာလဲ"

"သူ ဘယ်တော့ အင်္ဂလိပ်... အကျီ လာရွေးမလဲသိချင်လို့"

"ဪ ... ဪ ... ဆုံအောင်လုပ်မလို့လား"

"တမင်လာစောင့်တာထက် မတော်တဆ ဆုံတယ်ဆိုရင် ပိုကောင်းတာပေါ့"

"ယုံပါ့မလားဟယ်၊ ဟိုက နင်နဲ့ငါပတ်သက်တာ သိသွားပြီ"





"ဟင် ... ဟုတ်လား၊ ဘယ်လိုလုပ်သိနေလဲ"

"သူ ဒီနေ့မှဟယ် ဦးနေအောင်ဆိုတာ သိလားတွေဘာတွေမေးပြီး သူ့သူငယ်ချင်းတစ်ယောက်လား အလုပ်လျှောက်ချင်တယ်ပေါ့၊ အဲဒီလိုမေးပြီး စုံစမ်းတော့ ငါလည်း သူ့ကို စေတနာကောင်းကောင်းနဲ့ အကုန်ပြောလိုက်မိတယ်တကယ်ပါ မရည်ရွယ်ပါဘူး။ သူ မေးတာက အန်ကယ်လ့်အကြောင်းပါ၊ ငါက လျှာရှည်ပြီး နင်တို့အကြောင်းတွေပါ ထည့်ကြွားလိုက်မိတော့ သူ သိသွားပြီ။ ဒါကြောင့် ပြောနေရင်း ထင်တော့ထင်မိသား။ သူ့ပုံစံက အံ့သြနေပုံပဲ၊ ဘာတွေအံ့သြနေပါလိမ့်ပေါ့ ထင်နေတာ၊ လက်စသတ်တော့ သူက နင့်နာမည်ကြားပြီး ငါနဲ့ နင် အမျိုးတော်မှန်းသိသွားတာကိုး"

"သူက ဘာလို့ အဖေ့နာမည်မေးပြီး စုံစမ်းရတာလဲ၊ ဟာ ... နေဦး ... သိပြီ၊ ကျွန်တော် အဖေ့နာမည် ထည့်ပြောမိတယ်။ ကျွန်တော် ဒီလာတာ သူနဲ့ မတော်တဆ ဆုံတာ၊ သူ မယုံမှာစိုးလို့ ဒီတာဝါက ရုံးခန်းကိုလာတာ ဦးနေအောင်ဆိုတာ ကျွန်တော့်အဖေတွေ ဘာတွေ ထည့်ပြောလိုက်မိတယ်၊ ဒါကြောင့် သူ ဟုတ်မဟုတ် စုံစမ်းတာကိုး"

ဆန်းသစ်နေလည်း သူ့ဘာသာ အဖြေရှာရသွားပြီး စိတ်ထဲမှာတွေးနေသည်။ ဪ ... ပြာလဲ့ ငါ့ကို တော်တော်မယုံတာပါလား။ မတော်တဆ ဆုံတယ်ပြောတာ နာမည်တပ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြောတာကိုပဲ လုပ်ကြံပြောတယ်ထင်ပြီး နီးစပ်ရာ စုံစမ်းလိုက်တာပဲ။ ဖြစ်ချင်တော့ မကေသီက ငါတို့အကြောင်းတွေ ထည့်ပြောလိုက်မိတယ်တဲ့။ ဒါဆို သူ မကေသီဆီတောင် လာပါတော့မလား။

"နင့်ဘာသာ ကြံဖန်ဆုံအောင်လုပ်ချင်ရင်လုပ်ပေါ့၊ ငါကတော့ သူ အရင်တစ်ခါအပ်သွားတာတွေအတွက် ရက်ချိန်းပေးလိုက်တယ်၊ ဒီလကုန်လာယူလို့ မှာလိုက်တယ် ... ကဲ"

"သူကိုယ်တိုင် လာယူပါ့မလား"

"အရင်ကတော့ လာယူပါတယ်၊ ဝတ်ကြည့်သေးတယ်၊ Fitting ချုသေးတယ်လေ၊ လိုတာပြင် ပိုတာဖြုတ် လုပ်နေကျပဲ၊ အခုတော့ မပြောတတ်ဘူး"

သို့သော် ဆန်းသစ်နေကတော့ ပြာလဲ့နှင်းဒီနဲ့ ဆုံစရာလမ်းစလေးတစ်စရသွားသဖြင့် ဒီလမ်းစကိုပဲ လက်မလွှတ်ချင်သူဖြစ်နေပါသည်။ မျှော်လင့်ချက်တစ်ခုနဲ့ ပြာလဲ့ကို ခဏလေးဖြစ်ဖြစ်ဆုံရအောင်တော့ သူ ကြိုးစားကြည့်ချင်နေသည်။

❤ ⟶ ❤





## ၁၀

မင်းအဂ္ဂ ဆိုင်ထဲဝင်လာချိန်တွင် ပြာလဲ့နှင်းဒီသည် တစ်နေရာကို သွားတော့မလို့ဟန်ဖြင့် အိတ်ကောက်လွယ်နေတာ တန်းတွေ့လိုက်ရသည်။ မင်းအဂ္ဂလည်း တွေ့တွေ့ချင်းပင် ...

"ဟော ... ဘယ်လဲ ... ပြာလဲ့"

ဟု မေးလိုက်မိသည်။

"ပြာလဲ့ ဒီအချိန်ဆို ထွင့်ထွင့်ကို ကျောင်းသွားကြိုပြီး အိမ်တစ်ခေါက်ပြန်ပို့နေကျလေ၊ ဒါကြောင့် အခု သူ့ သွားကြိုမလို့ပါ"

"ဟောဗျာ ... ကျွန်တော်က ခုမှ ရောက်လာမိတယ်"

"ဆိုင်မှာ ထိုင်စောင့်ရင်စောင့်လေ၊ ပြာလဲ့ အသွားအပြန်နဲ့ သူ့အိမ်ပြန်ပို့ရတော့ တစ်နာရီလောက်တော့ကြာမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်ခဲ့ရင် မရဘူးလား"

ပြာလဲ့ မျက်ခုံးလေးတွေ ပင့်ရင်း ...

"ဪ ... ဒါဆိုလည်း ရပါတယ်၊ လိုက်ခဲ့ပေါ့"

လို့ အလိုလို လိုက်လျောပြီးသား၊ ခွင့်ပြုပြီးသား ဖြစ်နေမိသည်။ သူ့ကိုတော့ ဘာကြောင့်မှန်းမသိ ယုံကြည်စိတ်ချလို့ရပြီး ဆန်းသစ်နေ့ကိုတော့ ခေတ်လေ့ကားထဲ ခဏတစ်ဖြုတ် အတူတူစီးသွားရမှာကိုတောင် လန့်နေမိတဲ့ ပြာလဲ့သည် လူတစ်ယောက် ရုပ်ချောရင် စိတ်သဘောကောင်းပြီး ရုပ်ဆိုးရင်တော့ စိတ်သဘောဆိုးနိုင်သလားဆိုသော မေးခွန်းကိုတော့ သတိတရ စဉ်းစားမိသေးလေသည်။ ပြာလဲ့ ကိုယ်တိုင်မှာတော့ လူတစ်ယောက်ကို ရုပ်ဆိုးလို့၊ ရုပ်ချောလို့ရယ်ဆိုပြီး အပေါ်ယံအမြင်နဲ့ မဆုံးဖြတ်တတ်ပါဘူးဟု သူမကိုယ်သူမ သတ်မှတ်မိပေမဲ့ မမျှော်လင့်ဘဲ ကိုယ်တိုင် ရင်ဆိုင်ရသောအခါ ဘယ်သူ့ဘက်ကို အလိုလိုနေရင်း အလေးသာမိသလဲလို့ မကြာခဏတော့ စဉ်းစားမိလေသည်။

မင်းအဂ္ဂကို ချစ်နေသလား။ ရွေးချယ်ချင်သလား ဆိုတော့လည်း မသေချာ။ ဦးနှောက်နဲ့ စိတ်ကူးယဉ်ကြည့်ပြီး သူဟာ ကိုယ်လက်တွဲရမဲ့ ချစ်သူ၊ ကိုယ့်ရဲ့ သတို့သားအဖြစ် မြင်ယောင်ကြည့်တဲ့အခါတိုင်းမှာတော့ သူ့ရုပ်ရည်၊ သူ့အရည်အချင်း၊ သူ့အသိုင်းအဝိုင်းဂုဏ်တွေအရ ဘယ်လိုမှ လက်မခံနိုင်





ဘာမရှိသလို ဖြစ်နေသည်။ လက်ခံလိုက်ပါပြောလျှင် အလွယ်တကူ လက်ခံနိုင်သောအခြေအနေမှာ ရှိနေသည်။ သို့သော် သူ့ကိုမှ မရရင် အသည်းကွဲရပါမယ်၊ သူနဲ့သာကွဲရရင် တစ်သက်လုံး လွမ်းနေရပါမယ်ဆိုတဲ့အထိ ခံစားချက်မျိုး ရှိ,မရှိကိုတော့ ခုထိ ဝေခွဲမရသေးချေ။ ဒီအရွယ်တွေရောက်မှ ရည်းစားကို အပျော်ထားပြီး စိတ်တိုင်းမကျရင် ကွဲပစ်မယ်ဆိုတဲ့ စိတ်ကူးလည်း မရှိတော့တာမို့ သေသေချာချာ စိတ်ဆုံးဖြတ်နိုင်မှသာ သူ့ကို အဖြေပေးချင်သည်။

ဆန်းသစ်နေ့ကိုကျတော့ ဘယ်လိုမှ စိတ်ထဲမှာ စိတ်ကူးလို့ကိုမရတာ ဖြစ်နေသည်။ သူ့ကို ကိုယ်နဲ့တွဲပြီး မြင်ကြည့်ရမှာကိုတောင် သဘောမကျနိုင်။ ကိုယ်ကတော့ ဖြူဖြူဥဥနဲ့ ချောလှနေပြီး သူ့ကျ အသားမည်းမည်း ပုံစံကြီးမို့ ကိုယ်ကိုယ်တိုင်မပြောနဲ့ ဘေးလူမြင်လျှင်ပင် ...

"ဟယ် ... မိန်းကလေးကတော့ ချောလိုက်တာ၊ ယောကျ်ားလေးကတော့ တော်တော့်ကို မည်းသည်းပြီး ရုပ်ဆိုးနေတာပဲ၊ မလိုက်ဖက်လိုက်တာ"

ဆိုပြီး ဝေဖန်ခံရမှာဖြစ်သည်။ စိတ်ကူးယဉ်ပြီးတော့တောင် လက်မခံနိုင်သည်ဖြစ်ရာ ချစ်ဖို့ဆိုတာ ဝေးရော။ ဘယ်လိုမှကို ချစ်မလာနိုင်တာ သေချာသည်။ ဒါ့အပြင် သူကများ လိုသို့



www.burmeseclassic.com

www.burmeseclassic.com



ကို မဲပြီး အနှောင့်အယှက်ပေးမလား၊ ဒုက္ခပေးမလားလို့ပင် ကြံဖန်စိုးရိမ်ကြောက်ရွံ့နေရသေးလေသည်။

"ကျွန်တော် ကားနဲ့ပဲ သွားလိုက်မယ်နော်"

သူတို့နှစ်ဦး တွဲထွက်လာသောအခါ ဆိုင်ထဲမှာ ကျန်ခဲ့သူတွေရော၊ ဆိုင်ပြင်မှာ ရှိနေသူတွေရော၊ လမ်းမပေါ်မှာ သွားလာနေကြသူတွေရော ငေးမောသွားခဲ့ကြသလို တချို့ဆို နှစ်ခါပြန်တောင် ပြန်လှည့်ကြည့်တဲ့အထိပင်။ သူတို့ လိုက်ဖက် လွန်းလှသဖြင့် ကြည့်မိကြတာမျိုးတွေ လက်ခံရပါသည်။

မင်းအဂ္ဂကတော့ ဒါကို အတော်ကြီး ကျေနပ်သဘော ကျသွားပါသည်။ ဖြာလဲ့နဒီနဲ့ တွဲသွားဖူးတာ ဒါနဲ့ပါမှ နှစ်ခါရှိပြီ။ အတူတွဲသွားတိုင်း သိပ်ချော၊ သိပ်လှ၊ သိပ်လိုက်ဖက်ညီသော သူတို့ကို လူတိုင်း အားကျစွာငေးမောကြရတဲ့အဖြစ်ကို သူ အတော် ပင် နှစ်ခြိုက်မိပါသည်။ သူ့လိုပဲ ဖြာလဲ့လည်း ဒါကို ပီတိဖြစ်ပြီး သာယာယစ်မူးခဲ့ရင် အစစအရာရာဟာ သူ့ဘက်မှာ ပိုပြီးအလေး သာဖို့သာရှိတော့မည်။ ဆန်းသစ်ကို ဘာကြောင့်ရယ်မသိ။ ဒီတစ်ခါ နိုင်လိုက်ချင်သည်။ ဆန်းသစ်ဟာ သူ့ဘဝမှာ အစစအရာရာ သူ့ ထက် အရည်အချင်းပိုရှိနေသဖြင့် သူသည် အမြဲတမ်းပဲ ဆန်းသစ် ရဲ့ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ စီးပွားရေးလုပ်ရာမှာ အကွက်မြင် တတ်မှုကို အားကျလိုက်၊ ကျိတ်ပြီးမနာလိုလိုက် ဖြစ်နေခဲ့ရသည်။





လူအများအမြင်မှာတော့ မင်းအဂ္ဂဟာ ရုပ်ချောလို့ ပိုပြီး အထင်ကြီး ကြပေမဲ့ တကယ်တော့ ဆန်းသစ်ဆီမှာ အထင်ကြီးစရာအချက်တွေ အများကြီးရှိကြောင်း အနီးကပ်ပေါင်းလာသော မင်းအဂ္ဂသာလျှင် သိထားပါသည်။

ထိုသို့သော မနာလိုစရာကောင်းလောက်အောင် ကိုယ် ပိုင်ဉာဏ်ထက်မြက်နေသော ဆန်းသစ်နဲ့ ယှဉ်လျှင် သူဟာ ဘယ်နေရာမှာ ရှုံးမှန်းမသိ ရှုံးနေသလို ခံစားရသဖြင့် ဒီတစ်ခါမှာ သိသိသာသာ နိုင်ပြတာမျိုး ဖြစ်ချင်နေသည်။ ဒါဟာ ဘယ်သူမှ မရိပ်မိရသော မင်းအဂ္ဂရဲ့ ပုဂ္ဂလိက ခံစားမှုမျိုးဖြစ်နေလေရာ သူ့ အတွက်တော့ ဒီပွဲက အရေးကြီးနေသည်။

ဖြာလဲ့ကို ချစ်သလားမေးရင် သူတကယ်လည်းချစ်မိ ရပါသည်။ ဒီလို မိန်းကလေးမျိုး ဘာမချစ်နိုင်စရာရှိလဲ။ ဒါကြောင့် ဆန်းသစ်တောင် အစကတော့ ကိုယ်ချစ်လား မချစ်လား မသိဘဲနဲ့လို့ အပြောကြီးခဲ့ပြီ အခုကျမှ တကယ်ချစ်ပါပြီ အသည်းနင့်အောင် ချစ်နေပါပြီတွေဘာတွေ ဖြစ်လာတာပေါ့။ ဆန်းသစ် အဲဒီလို ဝန်ခံ လိုက်လို့လန့်တာ။ ဒီကောင်က ဇွဲတော့ရှိတယ်။ ဉာဏ်လည်းကောင်း တယ်။ သူရယူချင်တာဆို ပညာရှိနည်းနဲ့ ရအောင်ယူတတ်တယ်။ ဒါကြောင့် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒီနေရာမှာကျ လန့်တော့ လန့်ရတာပဲ။ ရုပ်ဆိုးအသားမည်းကောင်ပေမဲ့ လျှော့တွက်လို့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ထွင့်ထွင့် ကျောင်းက ဘယ်မှာလဲ"

"(......) လမ်းမကြီးပေါ်က ကျောင်းလေ"

"အင်္ဂလိပ်လိုသင်တဲ့ကျောင်းလား"

"ဟုတ်တယ်၊ ဆရာ ဆရာမအများစုကတော့ မြန်မာပြည်က လူတွေပါပဲ၊ ပိုင်ရှင်ကတော့ အင်္ဂလန်ကလို့ပြောတယ်၊ ပိုင်ရှင်ကိုယ်တိုင်လည်း သင်ပါတယ်၊ သူကိုယ်တိုင်က သူ့နိုင်ငံမှာ ဆရာလုပ်ခဲ့တာလေ။ အဲဒီပိုင်ရှင်ဆရာကြီးကျတော့ စပီကင်းသင်ချင်တဲ့လူ၊ IELTSဖြေဖို့ သင်ချင်တဲ့လူတွေကိုပဲ ဦးစားပေးသင်တယ်၊ ထွင့်ထွင့်တို့ကတော့ ကလေးတွေ ကျောင်းပျော်အောင်ထားတယ်ဆိုတော့ မြန်မာဆရာ၊ ဆရာမတွေပဲ သင်ပါတယ်၊ ဩော် ... ပြာလဲ့သူငယ်ချင်း အိန္ဒယ်က အဲဒီကျောင်းမှာလုပ်တာလေ၊ အခု သူက ထွင့်ထွင့် ဆရာမပေါ့"

"ကျောင်းဖွင့်ရင် ထွင့်ထွင့်က သူငယ်တန်းစတက်မှာလား"

"တက်မှာပါ၊ ဒီကျောင်းကတော့ မူကြိုသဘောမျိုး လာထားတာပါ။ ကျောင်းကြီးတက်ရရင် စနေ တနင်္ဂနွေဆက်ရှင်တွေတော့ လာထားမယ်လို့ သူ့အမေက စိစဉ်နေတာပဲလေ"

ပြာလဲ့နဒီမှာ ကြည်နူးသလို ပြုံးလိုက်ရင်း ...





"ပြာလဲ့လည်း သူ့ကို ထိန်းပေးလာရတာလေ၊ သူ့အဖေ အမေက မွေးပြီး ကလေးကို အဘွားနဲ့ အဒေါ်လက်ထဲ လာထည့်ထားတာ။ သိတယ်မဟုတ်လား၊ စာသိပ်တော်တဲ့ ဆရာဝန်တွေက သူတို့ပညာတွေ ထပ်သင်ရဖို့ပဲ စိတ်ထဲရှိတာလေ။ စာကို လောဘကြီးနေကြတယ်၊ မမက သူ့သားလေးမွေးပြီးရော M Sc ဘွဲ့လွန်ထပ်တက်မယ်ဆိုပြီး စာတွေကျက်တော့တာပဲ၊ ပြာလဲ့ပဲ သူ့သားကို ထိန်းပေးလာရတော့ ခုထိ တာဝန်ယူရကန်းပဲ။ မမပါ အင်္ဂလန်လိုက်သွားပြီးဟိုကဘွဲ့လွန် သွားယူရင် ပိုဆိုးပြီ။ ထွင့်ထွင့်က ပြာလဲ့တို့နဲ့ပဲ ကျန်ခဲ့ရမှာ"

"ကျွန်တော်ကတော့ ခုထိ ကလေးနဲ့မနေဖူးသေးလို့လား မသိဘူး။ ကလေးကို ဘယ်လိုစိတ်ရှည်ရှည်နဲ့ ထိန်းရမလဲလို့ တွေးနေမိတယ်"

"ကိုမင်းအဂ္ဂမှာ ညီအစ်ကိုမောင်နှမ မရှိဘူးလား"

"အစ်မတစ်ယောက် ညီမတစ်ယောက်ရှိတယ်၊ အားလုံး အိမ်ထောင်မကျသေးတော့ တူ၊တူမ မရှိဘူးပေါ့"

"ကလေးကို ဘယ်လိုထိန်းရမှန်းမသိပေမဲ့ ကလေးတွေ ဘာကြိုက်လဲဆိုတာတော့ ကိုမင်းအဂ္ဂ သိနေသားပဲ"

"ဟုတ်လား ကျွန်တော် ဘာကို သိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထွင့်ထွင့် မွေးနေ့ပွဲတွန်းက Surprise လုပ်တာလေ၊ အဲဒီလိုမျိုးလုပ်ရင် ကလေးတွေ သိပ်ပျော်ပြီး ဝမ်းသာကြမယ်လို့ သိနေသားပဲ"

"ဩော် ... အဟဲ ... အဲဒါက ကျွန်တော့်စိတ်ကူးထဲ ပေါ်လာလို့တော့ မဟုတ်ပါဘူး"

"ဟင် ... ဒါဖြင့် ဘယ်သူပြောလို့လဲ"

"ရုပ်ရှင်တွေထဲမှာ မြင်ဖူးလို့လေ၊ ကလေးမွေးနေ့ပါတီတွေလုပ်ရင် သူတို့အခေါ် Clown(ကလောင်း)ပေါ့၊ မြန်မာတွေကတော့ ဂျိုကာလို့ခေါ်တာများတယ်၊ အဲဒီလူပြောင်ကြီးကို ငှားပေးတာတွေ တွေ့တွေ့နေလို့ ကျွန်တော်လည်း အတုခိုးပြီး လုပ်ကြည့်တာလေ"

"ဒါပေမဲ့ ဒါလည်း စိတ်ကူးကောင်းတာပါပဲ၊ ဘယ်သူမှ ဒီလိုအတုခိုးရမယ်လို့ မတွေးမိပါဘူး၊ ဟော ... ရောက်ပြီ ... ရောက်ပြီ၊ ဒီလမ်းထဲကွေ့ဝင်ရုံပဲ၊ လမ်းထိပ်လေးတင်ပါ။ လမ်းမကြီးပေါ်မှာ ဖွင့်ထားပေမဲ့ လမ်းချိုးထဲကားဝင်ရပ်မှရတယ်"

မင်းအဂ္ဂလည်း ပြာလဲ့နဒီ ညွှန်ပြရာ ကားရပ်လို့ရသော လမ်းချိုးထဲ ဝင်ရပ်လိုက်သည်။ ကားတွေ တော်တော်ရပ်ထားပြီးဖြစ်သဖြင့် ကျောင်းဆင်းခါနီးပုံရသည်။ အချိန်ကြည့်လိုက်





တော့ နေ့လယ်နှစ်နာရီခွဲမို့ စောသေးသလားဟု တွေးနေမိသည်။ ပြာလဲ့နဒီက မင်းအဂ္ဂ နာရီကြည့်လိုက်တာမြင်သဖြင့် ...

"ကျောင်းက နှစ်နာရီခွဲမှ ဆင်းတာလေ၊ မနက်ရှစ်နာရီခွဲကနေ နှစ်နာရီခွဲ ကျောင်းပေါ့"

ဟု ပြောပြပါသည်။

"ဒီကျောင်းကတော့ အချိန်တစ်မျိုးပြောင်းထားတယ်"

"ထွင့်ထွင့် ဘယ်အရွယ်ကစပြီးနေတာလဲ"

"သုံးနှစ်ခွဲကစထားတာပါ။ ဒီမှာတော့ တစ်နှစ်ခွဲကစပြီး လက်ခံပေမဲ့ မမက သူသာမထိန်းတာ၊ ကလေးကို သုံးနှစ်မတိုင်ခင် နေ့ကလေးထိန်းကျောင်းပို့တာဟာ ကလေးရဲ့ စိတ်ကို ထိခိုက်စေတယ်တဲ့၊ ဒါကြောင့် စောစောမပို့ဘူး၊ သုံးနှစ်ခွဲမှပို့ ဆိုတာနဲ့ သုံးနှစ်ခွဲမှ စ,နေရတာပါ"

မင်းအဂ္ဂနဲ့ ပြာလဲ့နဒီတို့ ကားပေါ်မှ အတူဆင်းလာပြီး ကျောင်းဝင်းတံခါးကြီးနား သွားရပ်စောင့်လိုက်ပါသည်။ သံပန်းတံခါးကြီးနှစ်ချပ် စေ့ပိတ်ထားသော ခြံဝင်းကျယ်ကြီးထဲပြီးလျှင် နှစ်ထပ်တိုက်အဆောက်အအုံ အကြီးကြီးကို တွေ့နေရသည်။ ကျောင်းလာကြိုဟန်တူကြသော မိဘတွေ၊ အမေတွေဖြစ်ပုံရသူတို့က ပြာလဲ့နဒီကိုတော့ ခါတိုင်း တစ်ယောက်တည်းမြင်နေကျဖြစ်၍ မထူးဆန်းသော်လည်း ဒီနေ့ မင်းအဂ္ဂပါ ပါလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ အကဲခတ်ကြည့်ရှုကြလေသည်။ တချို့မျက်မှန်းတန်းမိနေသော ကလေးအမေတွေကတော့ ...

"ဟော ... ညီမကားမတွေ့လို့ မရောက်သေးဘူးထင်နေတာ၊ ရောက်နေပြီနော်"

"ဟုတ်တယ်၊ ပြာလဲ့ မိတ်ဆွေတစ်ယောက် ကားနဲ့လာလို့ ကားမယူလာခဲ့ဘူး"

ဟူ၍ ပြန်ဖြေလျှင်တော့ မင်းအဂ္ဂကို အသိအမှတ်ပြုသလိုကြည့်ကြ၊ အကဲခတ်ကြတာလည်း ကြုံရလေသည်။

ထွန်းထွန်း မွေးနေ့ပွဲမှာ လာပို့ဖူးသော အမေတချို့ကတော့ မင်းအဂ္ဂ၏ ချောမောသော ရုပ်ရည်ကြောင့် တစ်ခါတည်းနဲ့ မှတ်မိနေပြီး အခု မင်းအဂ္ဂကို ထပ်မြင်ရသောအခါ Milky Way ဆိုင်ကလူပဲလို့ မှတ်မိစွာ ကြည့်ကြတာလည်းရှိပါသည်။

မင်းအဂ္ဂသည် ဒီအခြေအနေကို အသုံးချပြီး ပြာလဲ့နဒီကို စကားစ,လိုက်ဖို့ စဉ်းစားမိလေသည်။

"ပြာလဲ့တစ်ယောက်တည်း အမြဲလာကြိုနေကျကနေ ဒီနေ့တော့ ကျွန်တော် ပါလာတဲ့အခါ ကလေးအမေတွေက ကျွန်တော်နဲ့ ပြာလဲ့ကို ဘယ်လိုထင်မလဲမသိဘူးနော်"

ပြာလဲ့နဒီက မျက်စောင်းလေး မသိမသာ ထိုးပြရင်း ...





"မိတ်ဆွေပါလို့ ပြောပြပြီးပြီပဲ၊ ဘာထင်စရာရှိလို့လဲ"

"မယုံရင် ဘယ့်နှယ်လုပ်မလဲ"

"မယုံလည်း ကိစ္စမရှိပါဘူး၊ ကိုမင်းအဂ္ဂက နေ့တိုင်းပါလာမှာမှ မဟုတ်တာ"

"နေ့တိုင်း ပါလာချင်တယ်ဆိုရင်ရောရလား၊ ကျွန်တော်လည်း ထွန်းထွန်းရဲ့ဦးလေး လုပ်ချင်နေပြီလေ"

"ထွန်းထွန်း ဦးလေးလုပ်ဖို့ကို ထွန်းထွန်းအဒေါ်က လက်ခံမှလေ"

"အဒေါ်က လက်မခံသေးဘူးလား"

"ဟယ် ... ဘယ်လို ဖြစ်နေတာလဲ မသိဘူးနော်။ ကလေးကျောင်းလာကြိုပါတယ်ဆိုမှ ရည်းစားစကား အပြောခံနေရပြီ"

ပြာလဲ့နဒီမှာ ဘေးဘီကကြားမှာလည်းစိုးပြီး ရှက်ကိုးရှက်ကန်းဖြင့် ရန်တွေ့သလိုလေး တိုးတိုးပြောလေသည်။

"ရည်းစားစကားပြောတဲ့အဆင့် မဟုတ်တော့ဘူး။ အဖြေတောင်းတဲ့အဆင့်ရောက်နေပြီ၊ မေ့မသွားနဲ့ဦး၊ ကျွန်တော်ဖွင့်ပြောထားတာ နှစ်ပတ်ရှိပြီ"

"နှစ်ပတ်နဲ့ စဉ်းစားရတာ အချိန်နည်းသေးတယ်၊ ဘယ်လိုလုပ်အဖြေရှိဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြာလဲ့ ကျွန်တော့်ကို ဘာစိတ်တိုင်းမကျတာရှိလို့လဲဟင်"

"ရှင် ... ဟင့်အင်း ... မရှိပါဘူး။ အမှန်ဆုံးပြောရရင် ရှိလား မရှိလားတောင် မသိပါဘူး"

"ပြာလဲ့ စိတ်တိုင်းမကျတာရှိလို့ စဉ်းစားရခက်နေလားလို့ပါ"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဟို ဘယ်လိုပြောရမလဲ၊ ပြာလဲ့အရွယ်က ကလေးတွေလို ဒီလုတစ်ယောက်နဲ့ ရည်းစားဖြစ်လိုက် စိတ်သဘောချင်း မတိုက်ဆိုင်ရင် အလွယ်တကူကွဲလိုက် လုပ်သင့်တဲ့အရွယ်လည်း မဟုတ်တော့ဘူး ထင်တယ်လေ။ ဒါကြောင့် ပြာလဲ့ လေးလေးနက်နက်ပဲ စဉ်းစားချင်တယ်။ ဒီလူတစ်ယောက်ကို လက်ခံလို့ရရုံနဲ့တော့ အဖြေမပေးချင်ဘူး။ အပေါ်ယံဆုံးဖြတ်ပြီး လက်ခံတာမျိုးမဟုတ်ဘဲ စိတ်ထဲမှာ တကယ် လိုက်လိုက်လှဲလှဲ လိုလားမှ လက်ခံချင်တယ်"

မင်းအဂ္ဂသည် ပြာလဲ့နဒီ၏ စိတ်သဘောကို သဘောကျသွားပါသည်။

"အမှန်အတိုင်း ပြောမယ်ဆိုရင် ကိုမင်းအဂ္ဂလို ယောကျ်ားတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်အတွက်တော့ ဘာမှငြင်းစရာမရှိတဲ့ လူတစ်ယောက်ပါ။ ပြာလဲ့အနေနဲ့က





တော့ အဟင်း ... ပြောရရင် ဟို ... ဘယ်လိုခေါ်မလဲ၊ တကယ်လည်းချစ်မိမှ လက်ခံချင်လို့ပါ။ ဦးနှောက်နဲ့ ဆုံးဖြတ်တာကို နှလုံးသားက လက်ခံနိုင်မှ အဖြေပေးချင်တာပါ"

ပြာလဲ့သည် ယောကျ်ားတစ်ယောက်ရှေ့မှာ တစ်ခါမှ မပြောဖူးသော ချစ်တာတွေ နှလုံးသားထဲကခံစားရတာတွေ ထည့်ပြောရသဖြင့် ရှက်ပြီး မျက်နှာလေးနီနေသည်။ အသားဖြူသူမို့ မျက်နှာလေး ပန်းရောင်လွှမ်းသွားတာ သိသာပါသည်။

ထိုအချိန်တွင် ကျောင်းဆင်းဘဲလ်သံမြည်လာသော အခါ အပြင်မှာရပ်နေကြသော ကလေးမိဘတွေ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ ကျောင်းစောင့်ဒရဝမ်က ခြံတံခါးသော့ကို ဖွင့်ပေမဲ့ တံခါးကို အပြည့်မဖွင့်ပေးပါ။ တစ်ယောက်ဝင်ရုံသာ ဟ,ထားပြီး ထိုအပေါက်ကို သူက ပြန်ပိတ်ရပ်နေသေးသည်။

"ကလေးတွေက အတန်းလိုက် ထွက်ရမှာလေ၊ ကိုယ့်ကလေးကိုယ် ဆရာ၊ ဆရာမက ဦးဆောင်ပြီး ခြံတံခါးဆီထိ လျှောက်လာတယ်၊ ကလေးနာမည်အော်လိုက်ပြီး အဲဒီကလေးအိမ်က ဘယ်သူရောက်နေလဲ ရှာပြီးမှ လက်ထဲထည့်တယ်။ လာကြိုတဲ့သူကိုလည်း မှတ်ထားကြတယ်လေ၊ အိမ်က အဖေအမေ အမြဲကြိုနေရာကနေ တစ်ရက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်ဖြစ် အဒေါ်ဖြစ်ဖြစ် ဆွေမျိုးတစ်ယောက်ဖြစ်ဖြစ် သူတို့ မမြင်ဖူးတဲ့လူကို လွှတ်ပြီး ကြိုခိုင်းမိရင် ကလေးကို ဆရာ၊ ဆရာမတွေက အဲဒီလူလက်ထဲ လက်လွှတ်စပယ် မထည့်လိုက်ဘူး၊ အိမ်ဖုန်းရှိရင် ဖုန်းဆက်ပြီး အိမ်ကို လှမ်းမေးသေးတယ်၊ အိမ်က ထောက်ခံမှ ထည့်ပေးတာ လေ၊ ဒါကြောင့် ကလေးပျောက်မှာလည်း မစိုးရိမ်ရဘူး စိတ်ချရတယ်"

ပြာလဲ့နဒီက ကလေးတွေ သူကြီးတစ်ယောက်ဦး ဆောင်ပြီး ထွက်လာနေတာကို လှမ်းမျှော်ကြည့်ရင်း မင်းအဂ္ဂကို ဒီကျောင်းအကြောင်း ပြောပြပါသည်။

မြင့်မိုရ်ထွင့်တို့ကို ဦးဆောင်ခေါ်လာသော ဆရာမ အိအိနွယ်သည် သူမ သူငယ်ချင်း ပြာလဲ့နဒီဘေးတွင် အလွန်ချော မောကြည့်ကောင်းလှသော အမျိုးသားတစ်ယောက် ပါနေတာ တွေ့လိုက်လျှင် ချက်ချင်းပဲ ဒါဟာ မင်းအဂ္ဂဟု သိလိုက်သည်။ သိပ်ချောတဲ့လူပဲ၊ ပြာလဲ့နဲ့ သိပ်လိုက်တာပဲဆိုသော အရင်ဆုံး အမြင်မှာပင် ထိုသို့သတ်မှတ်လိုက်ပြီး ဖြစ်နေသည်။

"မြင့်မိုရ်ထွင့် အိမ်က ရောက်ပြီ"

အိအိနွယ်က ပြာလဲ့ကို မြင်ပြီးပြီဖြစ်ရာ ခြံတံခါးဝ ရောက်တာနဲ့ ထွင့်ထွင့်ကို ပြောလိုက်သည်။ ထွင့်ထွင့်သည်





ပြာလဲ့နဲ့အတူ မင်းအဂ္ဂပါ မြင်လျှင် ဝမ်းသာပြီး ခုန်ပေါက်ထွက် လာကာ ...

"ဟာ ... ဦးဦးအဂ္ဂ ပါလာတယ်၊ ဟေး ... ဦးဦး ... ဂျိုကာ ကြီး ခေါ်လာသေးလား။ ကားထဲမှာပါလာလား"

ဟု မင်းအဂ္ဂကို ပြေးဖက်ပြီး မေးတော့သည်။

အိအိနွယ်က ပြာလဲ့ကို မျက်လုံးချင်းဆုံအောင် လှမ်းကြည့်ပြီး အသံတိတ်ဖြင့် ဟဲ့ ... ငါနဲ့ မိတ်ဆက်ပေးဦးလို့ လှမ်းပြောလိုက်သည်။

"ဂျိုကာက အမြဲခေါ်လို့ မရဘူးကွာ၊ သူက ထွင့်ထွင့် မွေးနေ့ရှိမှ လာမယ်လို့ ပြောထားတယ်ကွာ"

"ဟာ ... ဒါဆို မွေးနေ့ထပ်လုပ်မယ်"

"ဟား ဟား ... မွေးနေ့က တစ်နှစ်မှ တစ်ခါကျတာကွ။ သားအခု ငါးနှစ်ဆို ခြောက်နှစ်ရောက်မှ မွေးနေ့ကြုံ မယ်"

"သား ဦးမင်းအဂ္ဂကို မပူဆာရဘူးလေ"

အိအိနွယ်က သူ့အတန်းက ကလေးတွေကုန်အောင် လွှတ်ပေးပြီးသည်နှင့် ခြံဝင်းတံခါးအပြင်ဘက်ကို သူမပါ ထွက် လာလိုက်တော့သည်။ ပြာလဲ့ကိုလည်း ပြုံးစေ့စေ့ကြည့်လျက် စ,နောက်ပြလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းအဂ္ဂ ဒါ ပြာလဲ့ သူငယ်ချင်း အိအိနွယ်၊ ထွင့်ထွင့်ရဲ့ ဆရာမပါ"

"ဪ ... ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ။ ပြာလဲ့က ပြောပြဖူးပါတယ်၊ သူ့မှာ အခင်ဆုံးသူငယ်ချင်း သုံးယောက်ရှိတယ်တဲ့။ ကျွန်တော် ခုမှ စတွေ့ဖူးပေမဲ့ နာမည်တွေကိုတော့ ရင်းနှီးနေပါပြီ"

"ကိုမင်းအဂ္ဂတို့ကိုလည်း အိနွယ်တို့ သိနေတာကြာပါပြီ၊ အထူးသဖြင့် ထွင့်ထွင့်ပေါ့၊ သူ့မွေးနေ့ပါတီလုပ်ပြီးကတည်းက ပြောလိုက်ရတဲ့ Milky Way ဘာဂါဆိုင်အကြောင်း ပြောလိုက်ရတဲ့ ဦးမင်းအဂ္ဂအကြောင်း အလွတ်တောင်ရနေပြီ"

"ဆိုင်လာခဲ့ကြပါဦးလား။ ပြာလဲ့ သူငယ်ချင်းတွေနဲ့ တစ်ရက်လာစားပါဦး"

"ပြာလဲ့တို့လာရင် ပိုက်ဆံမရှင်းရဘဲ အလကားကျွေးခံနေရမှာစိုးလို့ မလာတာပါ"

"ဪ ... မအိအိနွယ် ဘာနဲ့ပြန်မှာလဲ၊ ကျွန်ုတော် ကားယူလာတယ်၊ လိုက်ပို့ပေးမယ်လေ"

"ဟာ ... ရတယ် နေပါစေ၊ အိနွယ်တို့က ဖယ်ရီစီးတယ်လေ၊ ကျောင်းဖယ်ရီပဲသုံးတော့ အိမ်အပြန် ကားမောင်းပြန်ရတဲ့ Stress မရှိတော့ဘူး။ ခုချိန်ဆို ကားတွေ စပြီးရှုပ်နေပြီလေ"





မြင့်မိုရ်ထွင့်ကတော့ သူ့ကျောပိုးအိတ်ကိုရော ထမင်းဘူးထည့်ထားသည့် ပလတ်စတစ်ခြင်းကိုရော မင်းအဂ္ဂလက်ထဲ ဆို ထည့်ထားပြီး ဖြစ်နေသည်။ မင်းအဂ္ဂ လက်ကိုလည်း မလွတ်တမ်း ဆုပ်ကိုင်ထားကာ ခုန်ပေါက်ပြီး ဂုဏ်ယူဝင့်ကြွားပြနေသည်။ လူကြီးတွေမပြောနဲ့ ကလေးတောင် ရုပ်ရည်ချောမောကြည့်ကောင်းတဲ့လူကိုပဲ သဘောကျတာ လက်တွေ့ပင်။ မြင့်မိုရ်ထွင့်ရဲ့ မှတ်ဉာဏ်ထဲမှာ အသားမည်းရုပ်ဆိုးသော ဆန်းသစ်နေ ရှိမနေတော့ချေ။ သူ့အဒေါ်ဖြစ်သူနှင့် တွဲလာသော မင်းအဂ္ဂကို ကလေးပီပီ အမှတ်ပေးလျက် သဘောတကျ ဖြစ်နေသည်။

"ဒါဆို အိနွယ်ရေ ငါသွားပြီနော်"

"အေး ... ဖုန်းဆက်ပြီး ချိန်းပေးဦး၊ ရှောပင်းမလုပ်ရတာကြာပြီ"

"နှင်းမှုန် သူ့ အလုပ်ရသွားလို့ ကျွေးမယ်ပြောနေတယ်၊ သူ ကျွေးတာလိုက်စားရင်း ရှောပင်းလုပ်ကြတာပေါ့"

သူငယ်ချင်းနှစ်ယောက် နှုတ်ဆက်ပြီး လမ်းခွဲကြသောအခါ မင်းအဂ္ဂ ကားပေါ် ပြာလဲ့နဒီတို့တစ်ဝရီး ပါသွားသည်ကို အိနွယ်တစ်ယောက် ရပ်ကြည့်ကျန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာတော့ မြင့်မိုရ်ထွဋ်က ရှေ့ခန်းမှာ ထိုင်ပြီး ပြာလဲ့က နောက်ခန်းမှာထိုင်ရလေသည်။ မြင့်မိုရ်ထွဋ်သည် မင်းအဂ္ဂ၏ ကားရှေ့ဒက်(ရှ်)ဘုတ်မှာ အစီအရီတင်ထားသော ခေါင်းလှုပ် လှုပ် ကိုယ်လှုပ်လှုပ် အရုပ်မျိုးစုံတို့ကို စိတ်ဝင်တစား ဆော့လျက်ပါလာသည်။

"အိမ်တန်းမပြန်ခင်မှာ မုန့်စားဦးမလား"

"အန်တီလေး သား စားရမလား"

"ဘာလဲ ပြာလဲ့တို့က သူ့ကို မုန့်ကျွေးနေကျ မဟုတ်ဘူးလား"

"ကျွေးပါတယ်၊ ဒါပေမဲ့ အိမ်မှာ နေ့လယ်အဆာပြေ ဘီစကစ်နဲ့ မိုင်လိုဖြစ်ဖြစ် ခပ်ပေါ့ပေါ့ပါးပါး စားရုံလောက်ပဲ ကျွေးတာလေ၊ အပြင်မှာစားရင် သူ အများကြီးစားတော့ ညနေစာကျ မစားနိုင်ဘူး။ မစားနိုင်ရင် သူ့အမေနဲ့ သူ ပြဿနာတက်မှာ။ မမက မရဘူး၊ ကလေး ထမင်းကောင်းကောင်း မစားရင် ဗျစ်တောက်ဗျစ်တောက်နဲ့"

"ကိုမင်းအဂ္ဂက ဘယ်မှာဝင်ထိုင်မလို့လဲ"

"နေ့လယ်ဆိုတော့ ကော်ဖီတို့ တီးတို့လည်းရတယ်၊ ကလေးအတွက် သူတို့အကြိုက် အိုက်(စ)ကရင်(မ)တွေဘာတွေ ရမဲ့ဆိုင်ပဲ ဝင်လိုက်မယ်"





ပြာလဲ့နဒီသည် မင်းအဂ္ဂကို မငြင်းချင်တော့သဖြင့် သဘောတူလိုက်ရသည်။ တကယ်တော့ မင်းအဂ္ဂနဲ့ ဒီလို အတူတူ ရောရောနှောနှော သွားနေရတာကို တစ်ချက်တစ်ချက် တွေးမိရင်တော့ စိတ်ထဲမှာ သိပ်သဘောမကျလှ။ အဲဒီလို တတွဲတွဲသွားလာမိသားစုနဲ့ပါ ခင်မင်ပြနေတာဟာ သူ့ကို အဖြေမပေးရသေးပေမဲ့လည်း မျှော်လင့်ချက်တစ်ခု ကြိုပေးထားသလို ဖြစ်နေပြီလားဟု စိုးရိမ်လေသည်။ ကိုယ်တကယ်မချစ်နိုင်ဘဲနဲ့ ဘေးပတ်ဝန်းကျင်အမြင်မှာ သူတို့ အဆင်ပြေနေကြပြီလို့ ယူဆခံရမှာ စိုးရိမ်နေသည်။

သူ့ကို ရုပ်ချောမောလို့၊ အလိုက်သိတတ်လို့ မိန်းကလေးပီပီ နှစ်လိုမိပေမဲ့ စိတ်ထဲမှာ သူ့ကို မချစ်နိုင်သေးဟု သူမဘာသာ သုံးသပ်မိလျှင် ဒီလိုအတူတွဲသွားရတာကို ရင်လေးလာပြန်သည်။

ထိုနေ့က အအေးရော အမှုပါရသည့် ဆိုင်လေးတစ်ဆိုင်မှာ ထိုင်ဖြစ်ကြပြီး လေးဆယ့်ငါးမိနစ်လောက်တော့ အချိန်ဖြုန်းမိကြသည်။ အိမ်ပြန်လိုက်ပို့တော့ မင်းအဂ္ဂက မေမေနဲ့ ခဏထိုင်စကားပြောလိုက်သေးသည်။ ပြာလဲ့ ဆိုင်ပြန်သွားရမည်ဟု သတိရပြီး လိုက်ပို့ပေးမယ်ဆိုပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ညနေလည်း စောင်းနေပြီမို့ ပြာလဲ့ ဆိုင်ကိုပြန်မသွားတော့ပါဘူး။ ဆိုင်မန်နေဂျာကောင်မလေးကိုပဲ ဖုန်းဆက်ပြီး မှာစရာရှိတာ မှာလိုက်တော့မယ်"

ဟု ပြာလဲ့ ငြင်းသဖြင့် မင်းအဂ္ဂလည်း အဟုတ်ထင်ပြီး ပြာလဲ့ကို နှုတ်ဆက်ပြီး အိမ်က ပြန်ထွက်သွားလေသည်။

မင်းအဂ္ဂ ပြန်သွားပြီး နာရီဝက်လောက်ကြာမှ ...

"ပြာလဲ့ ကားလေး ဆိုင်ရှေ့မှာ ရပ်ကျန်ခဲ့လို့ သွားယူလိုက်ဦးမယ် မေမေ"

ဟု ပြောသောအခါ မေမေက စူးစမ်းကြည့်လေသည်။

"ဟဲ့ ... ခုနက မင်းအဂ္ဂ ပြန်ပို့ပေးမယ်ဆိုတော့ မန်နေဂျာကောင်မလေးကပဲ ကားကိုအိမ်ပြန်လာပို့ပေးမလို့လို ပြောလိုက်သံကြားတယ် ဘာလို့လဲ"

"ပြာလဲ့ သူနဲ့ သိပ်အကြာကြီး တွဲသွားတွဲလာ မလုပ်ချင်လို့ မေမေ"

"ဘာဖြစ်လို့လဲ၊ ဒီနေ့ ကလေးသွားကြိုပြီး အတူပြန်လာတော့ ငါ့စိတ်ထဲမှာတောင် ဩော် ... သူတို့ အဆင်ပြေတော့မယ် ထင်သွားတယ်"





"ပြာလဲ့ သူနဲ့ ပတ်သက်ပြီး ဘာမှ သေသေချာချာ မဆုံးဖြတ်ရသေးဘဲနဲ့ သိပ်တွဲမသွားချင်လို့ပါ၊ သူက တစ်မျိုးပဲ၊ ပေးတဲ့အခွင့်အရေးကို ပိုယူတတ်ပုံရတယ်လို့ ထင်မိလို့"

"ဒါကတော့ သူက ပိုးပန်းနေတဲ့သူကိုး။ ကဲ ... ထားပါတော့၊ အခု ဘာနဲ့ သွားမှာလဲ"

"တက္ကစီနဲ့ ဆိုင်ကိုသွားလိုက်မယ်လေ၊ ပြီးမှ ဆိုင်ပိတ်မှ ကားပါပြန်ယူပြီး ပြန်ခဲ့တော့မယ်"

ဒေါ်မေလဲ့ကတော့ ပြာလဲ့ကို ဘာမှ ဝေဖန်မနေတော့ဘဲ စောင့်ကြည့်ကျန်ရစ်ခဲ့ပါသည်။

ပြာလဲ့သည် တက္ကစီပေါ် အေးအေးလူလူ ထိုင်လိုက်လာရင်း ဒီနေ့ ဆုံတွေ့ခဲ့ရသည့် အကြောင်းအရာများကို တစ်စစီ၊ တစ်ခုစီ စဉ်းစားကြည့်မိလာသည်။ တကယ်တော့ ကလေးကျောင်းသွား ကြိုရင်း လိုက်ပို့လိုက်ကြိုပေးရုံပဲ သူ့ကို အခွင့်အရေးပေးတာ သူက မုန့်ဆိုင်ဝင်ထိုင်တာတွေ၊ မေမေနဲ့ စကားအကြာကြီး ထိုင်ပြောတာတွေလုပ်ပြီး ဒီထက်မက ရင်းနှီးမှုကို ရယူသွားတဲ့သဘောပဲ။ စိတ်ထဲမှာ သူဟာ သူ့ကိုပေးသော အခွင့်အရေးကို ပိုပြီး အသုံးချပစ်တယ်ဆိုတာ နည်းနည်းတော့ မကျေမနပ်ဖြစ်မိသည်။

မင်းအဂ္ဂ ပုံစံကြည့်ရတာ သူ့ရုပ်၊ သူ့အဆင့်အတန်းကို ယုံကြည်စိတ်ချ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလျက်ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမဲဆို ငါ့ကို အလွယ်တကူ ငြင်းချင်မယ်မထင်ဘူးဟု ယူဆပုံရပါသည်။ ပြာလဲ့ကလည်း အဲဒါကို ရင်ထဲမှာ မခံချင်တာ ဖြစ်သည်။ သူ့ကို ကိုယ်က မငြင်းချင်ရအောင် သူက ကိုယ့်ထက် ဘာသာနေလို့လဲ၊ ရုပ်ရည်ဆိုလည်း ပြာလဲ့လည်း သူ့ကို ယှဉ်နိုင်တာပဲ။ သူ့လိုပဲ ပညာတတ်ထားတာပဲ။ ကိုယ်ပိုင်စီးပွားရေးလည်း လုပ်နေနိုင်တဲ့သူပဲ။ ကိုယ်နဲ့ အရည်အချင်းတူ ယောက်ျားတစ်ယောက်ကို ဘယ်လို အထင်ကြီးမက်မောမှုနဲ့ မငြင်းချင်ရမှာလဲ။ လက်ခံချင်ရမှာလဲ။ ဖြစ်နိုင်ရင် ရှင့်ဆီမှာ ပြာလဲ့ အထင်ကြီးလို့ရမဲ့ အချက်အလက်တစ်ခုလောက်ဖြစ်ဖြစ် သိခွင့်ရချင်ပါရဲ့ ကိုမင်းအဂ္ဂရယ်။ ယောက်ျားတစ်ယောက်ဆီမှာ ကိုယ်အထင်ကြီးရတဲ့ အချက်မရှိဘဲနဲ့တော့ အလွယ်တကူ လက်မခံချင်ဘူးလေ။

❤ ➜ ❤





## ၁၁

ထိုနေ့ကတော့ ပြာလဲ့နဒီတို့ သူငယ်ချင်းလေးယောက်သား မုန့်ဖြင့်ချိန်းဆိုကြပြီး ရှော့ပင်းထွက်ဖို့ တိုင်ပင်ထားဖြစ်ကြသည်။ ငွေနှင်းမှုန်ကလည်း ဆေးကုမ္ပဏီကြီးတစ်ခုတွင် ရာထူးသင့်တင့် လခလည်းသင့်တင့်သောအလုပ် ရသဖြင့် ဝမ်းသာပြီး ...

"နင်တို့ကို အလုပ်ရတဲ့ အထိမ်းအမှတ်နဲ့ မုန့်ကျွေးမယ်ဟေ့"

လို့ ကြေညာထားလေသည်။

"တကယ်တော့ အလုပ်ကရတဲ့လခဟာ ဘာမှ မပြောပလောက်ပါဘူး၊ ငါတို့ ရှော့ပင်းထွက်ရင် တစ်ခါကုန်လောက်ပဲရှိတဲ့ လခပါ။ ဒါပေမဲ့ ဒီအသက်အရွယ်ကြီး ရောက်နေပြီ ပညာလည်း ပြည့်စုံနေပြီ အလုပ်လက်မဲ့နဲ့ မိဘပဲ



www.burmeseclassic.com

www.burmeseclassic.com



ခိုကပ်စားနေရတာ ရှက်ဖို့ကောင်းလို့။ အိမ်မှာပဲနေပြီး အလုပ်မလုပ်တဲ့အခါ ဘာမှ မတတ်၊ ဘာမှ အသုံးမကျတဲ့ ငတုံးအကြီးဘဝမှာ အရှုံးနဲ့ပဲရင်ဆိုင်နေရတဲ့ Loser ကြီးဖြစ်နေမှာစိုးလို့ ငါတို့အားလုံး အလုပ်ကိုယ်စီ လုပ်နေကြတာပါဟယ်"

မေယမုံကတော့ သူ့လခ ဒီလောက်ကောင်းတာတောင် ဈေးဝယ်ထွက်တိုင်း ညည်းညူနေကျအကျင့်ပါပြီး ညည်းညူနေတော့သည်။ မေယမုံ လခကတော့ နိုင်ငံခြားငွေနဲ့ရသဖြင့် တစ်လ တစ်လတွက်လျှင် နှစ်သိန်းနီးပါးတော့ရှိပေမဲ့ ကျားကြီးတော့ ခြေရာကြီးဆိုသလိုပဲ မလောက်ငနိုင်ဖြစ်နေသည်။

"အဲဒီလခက Revlon ပစ္စည်း သုံးမျိုးလောက်နဲ့ပဲ တစ်သိန်းလောက်သွားနေပြီ"

"နင်က Revlon မှ သုံးတာကိုး"

"အဲမယ် ... သူများအပြစ်မတင်နဲ့ ဖြာလှဲ့။ နင်ကရော Chanel (ရှယ်နယ်လ်)မှ သုံးတာလေ"

အိန္ဒယ်ကလည်း ...

"ငါလည်း L'oreal မှ သုံးနေကျဆိုတော့ ငါ့လခလည်း မခံပါဘူး။ အဲဒါတွေ ဝယ်လိုက်ရင် ပြောင်တာပဲ။ ဒါတောင် အလှပြင်ပစ္စည်းက နှစ်လသုံးလလောက် အသုံးခံပေလို့ပဲ"





နှင်းမှုန် ရယ်မောရင်း ...

"နင်တို့ကလည်း ကြိုညည်းပြမနေကြပါနဲ့ဟယ်၊ ငါတောင် ငါ့လခ ဘယ်လို သုံးရမှန်းမသိတော့ဘူး၊ ငါ့လခက တစ်သိန်းတောင်မပြည့်ဘူး"

"မိဘကို လုပ်ကျွေးဖို့နေနေသာသာ ကိုယ့်လခတောင် ကိုယ်လောက်အောင်မသုံးတတ်လို့ မိဘဆီ ပြန်လက်ဖြန့်နေရတယ်နော် ရှက်စရာကြီး"

"ဖြာလှဲ့ပဲ ကောင်းတယ်၊ လခစားမလုပ်ဘဲ ဆိုင်ဖွင့်ထားတော့ ပိုက်ဆံ ပိုသုံးနိုင်တာပေါ့"

"အဲမယ်လေး ... မထင်နဲ့ ... မထင်နဲ့၊ ဒီဆိုင်ကို ဖေဖေ ထုတ်ပေးထားတဲ့ အရင်းအနှီးက နည်းတာမဟုတ်ဘူး။ ငါက ဖေဖေ့ပိုက်ဆံ ပြန်အပ်ပါ့မယ်တွေဘာတွေ စကားကြီး စကားကျယ်ပြောထားပြီး အခုကျ ပါးစပ်ပိတ်နေရတယ်၊ ဖေဖေ ထုတ်ပေးထားသလောက် ပိုက်ဆံ ပြန်ရှာမရဘူး ဖြစ်နေတယ် ... ဟီး ဟီး"

"ဟဲ့ ... ဒါနဲ့ နေပါဦး၊ နင်နဲ့ မင်းအဂ္ဂ အကြောင်း ပြောပါဦး၊ လျှိုမထားပါနဲ့"

သူငယ်ချင်းလေးယောက်သား တစ်ယောက်နှင့်တစ်ယောက် စကားတွေလုပြောရင်း ဆူညံလာရာ အိန္ဒယ် မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကားထဲမှာ ဆူညံနေသောစကားသံတွေဟာ ချက်ချင်း ငြိမ်ကျသွားပါသည်။ သူငယ်ချင်းအားလုံးထဲမှာ ပြာလဲ့က ကား မောင်းအကျွမ်းကျင်ဆုံး၊ ကားပါကင်ဝင်လျှင် အတော်ဆုံးဖြစ်ရာ အစုလို ဈေးဝယ်ထွက်ကြပြီဆိုတဲ့အခါတိုင်း ပြာလဲ့ ကားကိုသာ ဝိုင်းစီးကြသည်။

ပြာလဲ့ကလည်း ကားမောင်း ဝါသနာပါသဖြင့် မညည်းမညူ မောင်းပေးနေကျဖြစ်သည်။

ကျန်တဲ့သုံးယောက်တို့လည်း ကားတော့မောင်းတတ် ပေမဲ့ ပြာလဲ့လောက် စိတ်မရှည်။ ကားပါကင်လည်း သိပ်မကျွမ်း ကျင်လှပဲ အခက်တွေ့လှသဖြင့် ပြာလဲ့သာ ဒိုင်ခံမောင်းပို့စမြဲ ဖြစ်သည်။

"You are not alone ... Together We stand . I'll be by your side ... You know ... I'll take your hand" ပြာလဲ့ ကား ထဲမှာဖွင့်ထားသော Avril Lavigne(အဗေးလ်လာဗင်း)၏ သီချင်း သံချိုချိုလေးကို ပြာလဲ့ လိုက်ဆိုညည်းရင်း အေးဆေးစွာ ဖြေလိုက် သည်။

"ဘာမှ လျှို့မထားပါဘူး။ နင်တို့ကို ဖုန်းထဲမှာ အကုန်ပြော ပြီးသားပဲ။ သူနဲ့ပတ်သက်လို့ ငါ့စိတ်ထဲမှာ ရှင်းတယ်၊ ဘာမှ လျှို့ထားတာ မရှိဘူး"



"နင်နဲ့သူ တော်တော်တော့ လိုက်ဖက်ညီတယ်ဟ။ ငါ ကျောင်းထဲက ထွက်လာတော့ လူတွေအများကြီးထဲ ထင်းခနဲ လှမ်းမြင်ရတယ်၊ ပြောရရင် နင့်ဆီမှာ ရှိပြီးသား အလှအပတွေပေါင်းပြီး နှစ်ယောက်ပေါင်းလိုက်တော့ ပိုပြီး အရောင်ထွက်သွားတာ သိလား"

"ဒါပေမဲ့ ငါ သူ့စိတ်သဘောကို သိပ်ဟော့သဘောမကျ ဘူး"

"ဟုတ်လား၊ နင် ဘာလေ့လာမိလို့လဲ"

"သူက သူ့ကိုယ်သူ တော်တော်အထင်ကြီးသလိုပဲ၊ နင်တို့ လည်း ကြုံဖူးမှာပေါ့၊ အစစအရာရာ Perfec ဖြစ်နေတဲ့ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် စိတ်ထဲမှာ ငါ လုပ် ရင် ဖြစ်ရမယ်၊ ငါ လိုချင်ရင် ရကိုရရမယ်ဆိုတဲ့စိတ် ရှိ ကြတာမျိုးလေ"

"ဩော် ... အေးပေါ့၊ ဒါကတော့ ရှိမှာပါပဲ"

"ငါက အဲဒါကို မခံချင်တာ။ ငါ သူ့ကို လက်ခံလိုက်ရင် သူ့အတွက် သိပ်မထူးဆန်း မအံ့သြတော့ဘူးပေါ့။ ငါ့လို လူကို ဘယ်မိန်းကလေးမျိုးက ငြင်းနိုင်လဲ၊ ဘယ်မိန်းကလေး က ငြင်းချင်မှာလဲလို့ သိနေတဲ့ လူတစ်ယောက်ဟာ ငါ့ရဲ့ အဖြေကို ဘယ်အံ့သြတော့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့၏ ထူးဆန်းသောစကားကြောင့် သူငယ်ချင်းတွေပင် ခေါင်းကုတ်သွားကြသည်။ တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး ခေါင်းတွေခါလိုက်ကြသည်။

"အေး ... ငါက လူထူးလူဆန်းတော့ ဖြစ်နေမှာပဲလေ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ အဲဒီလိုမခံချင်စိတ် ရှိတာကတော့ အမှန်ပဲ။ ဒါကလည်း သူ့ကို ငါ မချစ်သေးလို့ဖြစ်မှာပါ၊ ချစ်လာခဲ့ရင်တော့ ဒါတွေ ဂရုမစိုက်ပါဘူး။ အဖြေပေးစရာ ရှိပေးလိုက်မှာပေါ့"

ပြာလဲ့သည် မီးပွိုင့်မှာ မီးနီသဖြင့် ကားရပ်နေရာမှ မီးစိမ်းသွားသဖြင့် ကားကို မောင်းထွက်လိုက်ပါသည်။ ထိုအချိန်တွင် တစ်ဖက်မှ မီးနီကို ဖြတ်မောင်းလာသော ဆလွန်းကားလေးတစ်စီးသည် လမ်းမှန်ကိုမောင်းလာနေသော ပြာလဲ့ကားနဲ့ တိုက်ရိုက်ဆိုသွားလျှင် ...

"ဂျိမ်း"ခနဲ အသံကျယ်ကြီးမြည်အောင်ပင် ပြာလဲ့ကား၏နောက်မြီးကို ထိုကားက ဝင်တိုက်မိသွားကာ ပြာလဲ့ကားမှာ အပတ်ပေါင်းများစွာ ချာချာလည်သွားပါတော့သည်။ တစ်ဖက်မှ မီးနီဖြတ်မောင်းလာသော ကားမှာလည်း သူ့ဘာသာ ကြောက်အားလန့်အားဖြင့် စွတ်မောင်းလေရာ လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်မိပြီးမှ ရပ်သွားပါတော့သည်။





လူသိပ်မစည်ကားလှသော လမ်းလေးခွဆုံလမ်းမှာ ကားအသွားအလာကလည်း သိပ်တော့ အများကြီးမဟုတ်လေရာ ကားနှစ်စီးတိုက်မိလျှင် ကျန်တဲ့ကားတွေ အချိန်မီ အလွယ်တကူ ဘရိတ်အုပ်၍ ရပ်သွားနိုင်သည်။

ထိုအချိန်တွင် ကားနောက်မြီးပိုင်း ချိုင့်ဝင်ကြေမွသွားသော ပြာလဲ့တို့ကားထဲမှာတော့ ကားနောက်ခန်းမှာပါသော မေယမုံနဲ့ အိအိနွယ်တို့ကား လုံးဝ သတိလစ်သွားလေပြီ။ တိုက်မိသည့်အရှိန်က ကားနောက်မြီးပိုင်းကို အများဆုံးထိမိသလို ကားနောက်ခန်းမှာထိုင်သော မေယမုံနဲ့ အိအိနွယ်တို့မှာ ဘေးကားပြတင်းပေါက်မှန်စတွေ ကွဲကုန်ပြီး သူမတို့ကို လာစဉ်သဖြင့် ထိခိုက်သည့်အရှိန်နှင့် လန့်ဖျပ်သတိမေ့သွားတာဖြစ်သည်။

ငွေနှင်းမှုန်မှာ ကားအပတ်ပေါင်းများစွာ လည်သွားသောအရှိန်ကြောင့် ဘယ်လိုကဘယ်လို ဒက်(ရှ်)ဘုတ်နဲ့ခေါင်းဆောင့်မိသည်မသိ။ ခေါင်းတွေမူးဝေပြီး သတိလစ်ချင်သလိုလို ဖြစ်နေသည်။ ပြာလဲ့လည်း ခေါင်းတွေတော့ ချာချာလည်အောင် မူးပေမဲ့ အနည်းငယ် ပွန်းပဲ့ထိခိုက်ရုံ၊ လိဗာနင်းထားသော ညာဘက်ခြေထောက်တစ်ချောင်းလုံး နာမျက်သွားရုံကလွဲရင် ပြာလဲ့မှာ သတိမလစ်ဘဲ အဖြစ်အပျက်ကို Shock ရပြီး ကြောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



စတီယာရင်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားဆဲ။ ကားထဲကမထွက်ဘဲ ကြောင်ငေးတုန်လှုပ်နေဆဲ ဖြစ်ပါသည်။

အဖြစ်အပျက်မှာ သိပ်ကို မြန်ဆန်လွန်းပြီး စက္ကန့်ပိုင်းလေးအတွင်း ဖျတ် ... ဖျတ်နဲ့ ဖြစ်ပျက်သွားလေရာ ပြာလဲ့သည် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှလည်း မကြုံဖူးသဖြင့် ထိတ်လန့်ချောက်ချားနေသည်။

ထိုအချိန်တွင် ကားနံဘေးကိုပြေးလာသော ခြေသံတချို့ကြားရပြီး ...

"ဟာ ... ပြာလဲ့နဒီ ... ဘယ်သူတွေများလဲလို့၊ ဘာဖြစ်သွားသေးလဲ၊ ဘယ်ထိသွားလဲ"

ဟူသော ငုံ့ကြည့်ကြည့်ချင်း တွေ့လိုက်သူထံမှ ဆက်တိုက်မေးသံကြားလိုက်ရပါသည်။

ပြာလဲ့နဒီမှာ ဘယ်သူဟုပင် လှည့်မကြည့်ဘဲ ရှေ့ကိုသာမိုက်ငေးကြောင်အမ်းအမ်းဖြစ် ကြောက်လန့်နေဆဲဖြစ်နေသည်။

"ကံကောင်းတယ်၊ ကားက ချာချာလည်သွားတာတောင် ပက်လက်တွေ ဘေးစောင်းတွေဖြစ်မသွားဘဲ အတည့်အတိုင်း ပြန်ရပ်သွားတာ တော်တော်ကံကောင်းလို့"





"နောက်ခန်းက မိန်းကလေးတွေတော့ စိုးရိမ်ရတယ်ထင်တယ်၊ မြန်မြန်ဆွဲထုတ်ကြပါဦး"

"ကားမောင်းတဲ့ မိန်းကလေးအကြောက်လွန်ပြီး စတီယာရင်ကို တအားဆုပ်ကိုင်ထားဟယ်ထင်တယ်"

"သူ့ဘေးကတစ်ယောက် ခုနထိ သတိရှိသေးတယ်၊ အခုမှ သတိလစ်သွားပြီ"

"Ambulance (အန်ဗျူးလန့်(စ)) မြန်မြန်ခေါ်ကြပါဦး"

ဟူသော ဝိုင်းလာကြသည့် လူအုပ်စုသံများကြားမှ တည်ကြည်အေးဆေးသော အသံရှင်ထံကတော့ ...

"ပြာလဲ့နဒီ ကျွန်တော် လက်တွေဖြေလိုက်ပြီး ကားထဲက တွဲထုတ်ပေးမယ်နော်"

ဟု လာပြောသံတိုးတိုးကိုတော့ ပြာလဲ့နဒီ သေသေချာချာသိလေသည်။

ဒါ ဆန်းသစ်နေ အသံ။ ဆန်းသစ်နေ သူ ဘယ်လိုလုပ် ငါ့အနားရောက်လာတာလဲ။ သူ ငါ့ကို ဘာကြောင့် လာကူသိနေတာလဲ။

"Ambulance(ဆေးရုံကား) ကျွန်တော် ဖုန်းဆက်ခေါ်ပြီးပြီ၊ ဘာမှမပူနဲ့ ပြာလဲ့နဒီ။ ကျွန်တော် လိုက်ကူညီမယ်"

"သူငယ်ချင်းတွေ ... ပြာလဲ့ သူငယ်ချင်းတွေ ..."



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့နဒီသည် စတီယာရင်ကို ကြောက်အားလန့်အား ဆုပ်ကိုင်ထားမိသော သူမ၏ လက်ချောင်းတွေကို ခပ်ဖြည်းဖြည်း ဖြေယူပြီး ဖေးမကာ တွဲခေါ်ထုတ်လိုက်သော ဆန်းသစ်နေကို မေးမိသည်။ မျက်စိထဲမှာ သွေးတွေသာမြင်လျှင် လူက ချက်ချင်း သတိလစ်တော့မလိုလို ဖြစ်နေသည်။ သူငယ်ချင်းတွေကို သွေးတွေနဲ့ ဖျော့ခနဲ မြင်လိုက်ရသဖြင့် နောက်တစ်ခါ ထပ်မကြည့်ရဲသလို ဖြစ်နေပြန်သည်။

"မပူနဲ့ ... မပူနဲ့၊ သူတို့ မကြာခင် ဆေးရုံရောက်သွားမှာပါ။ ဘာမှ ပြင်းပြင်းထန်ထန် မထိခိုက်မိဘူးလို့တော့ ထင်တာပဲ"

"ပြာလဲ့ မောင်းလာတာ။ ပြာလဲ့မောင်းလာတဲ့ကားကို သူတို့ စီးလာတာ"

"ပြာလဲ့နဒီ မမှားပါဘူး။ တစ်ဖက်ကားက မီးနီကို စွတ်ဖြတ်လာတာပါ"

"ပြာလဲ့ မောင်းတဲ့ကားကို သူတို့ စီးလာရတော့ သူတို့အပေါ် ပြာလဲ့ တာဝန်ရှိတယ်၊ သူတို့ ဘာမှ မဖြစ်စေချင်ဘူး"

ပြာလဲ့နဒီသည် ဆန်းသစ်နေဟူ၍ အားကိုးပြုး ဖွင့်ပြောနေတာမျိုး မဟုတ်ဘဲ လူတစ်ဦးတစ်ယောက်စီမှာ ပြောလိုက်ရရင် သက်သာသွားမလားတွေးမိပြီး တရစပ် ပြောနေမိသည်။ ဆန်းသစ်နေ ဖုန်းဆက်ခေါ်သဖြင့် ဆေးရုံကားတွေလည်း ချက်ချင်း





ရောက်လာပြီး သတိလစ်နေသော ဒီဘက်ကားမှ မိန်းကလေးသုံးယောက်ကို နှစ်ကားခွဲသယ်။ တစ်ဖက်ကားမှလူကတော့ ဒဏ်ရာတော်တော်ပြင်းသဖြင့် သူ့ကိုတော့ သီးသန့်တစ်ကားခွဲသယ်ပါသည်။

ပြာလဲ့နဒီမှာ လုံးဝ သတိမလစ်သွားသဖြင့် ဆန်းသစ်နေသည် ထိုမိန်းကလေး၏ သတ္တိကိုတော့ အံ့ဩရလေသည်။ တော်ရုံမိန်းကလေးဆို ဒီနေရာမှာတင် ပုံလဲပြီးနေပြီ။

"ပြာလဲ့လည်း ဆေးရုံလိုက်ခဲ့ရမယ်လို့ Paramedic(ဟာရာမက်ဒစ်)က ပြောသွားတယ်၊ ဒဏ်ရာတချို့ရသွားတာ ဆေးရုံမှာ လိုက်ပြပါတဲ့"

ယာဉ်ထိန်းရဲတွေကတော့ အဖြစ်အပျက်ကို ဘေးပတ်ဝန်းကျင် မျက်မြင်သက်သေတွေထဲမှ အရင်စစ်ချက်ယူ၊ ကားနှစ်စီး ပျက်စီးမှုကို ဓာတ်ပုံမှတ်တမ်းတင် လုပ်နေဆဲဖြစ်ပါသည်။

"ယာဉ်ထိန်းရဲတွေကတော့ ပြာလဲ့နဒီကို ဆေးရုံမှာ အေးအေးဆေးဆေးနားပြီး စိတ်ငြိမ်သွားမှ မေးစရာရှိတာ လာမေးမယ်တဲ့"

ဆန်းသစ်နေက ဘေးမှ တတွတ်တွတ် အသိပေးရင်း ...

"ကျွန်တော် ဆေးရုံလိုက်ပို့မယ်နော်၊ ပြာလဲ့နဒီ သူငယ်ချင်းတွေကို ခေါ်သွားတဲ့ ဆေးရုံကြီးကိုပဲ လိုက်သွားကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ကားဆီ တွဲခေါ်လျက် ခွင့်တောင်းလိုက်သေးသည်။

ပြာလဲ့နုဒီ မိုလဲ့ပြီး ထိုင်လိုက်လာလို့ရအောင် ကားနောက်မှီကို အဆုံးထိ လျှော့ချပေးလိုက်ပြီးမှ ပြာလဲ့နုဒီကို ပေးမပြီး ဝင်ထိုင်ခိုင်းလိုက်ပါသည်။ ပြာလဲ့နုဒီမှာ ထိတ်လန့်ရလွန်းသော အဖြစ်အပျက်ကြီး တစ်ခုကို ရင်ဆိုင်ထားရသည် ဖြစ်ရာ ဆန်းသစ်နေကို ကြောက်ရွံ့စိုးရိမ်နေတာတွေလည်း မရှိတော့။ ဆန်းသစ်နေနဲ့အတူ တွဲသွားဖို့ လက်ခံသင့်သလား၊ လက်မခံသင့်သလားတွေလည်း စဉ်းစားမနေမိတော့ဘဲ ကားပေါ် သက်သောင့်သက်သာမှေးမှီပြီး လိုက်ပါလာခဲ့မိသည်။

ခေါင်းထဲမှာ မူးနောက်ရှုပ်ထွေးနေလေရာ မျက်စိကို အသာမှိတ်ကာလိုက်ပါလာမိသည်။ အခုမှပဲ ရင်ဘတ်နံရိုးတွေက နာလာတာ။ ညာဘက်ခြေထောက်တစ်ချောင်းလုံးဟာ ကြွတောင်မကြွနိုင်လောက်အောင် နာကျင်လွန်းလာတာ။ လည်ဂုတ်မှာ ကြာပွတ်နဲ့ အရိုက်ခံထားရသလို နာကျင်နေတာ။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ခံစားနေရတာ၊ ခေါင်းတွေထဲက တစစ်စစ်ထိုးကိုက်နောက်ကျိလျက် ချက်ချင်းပဲ ဖျားတော့မလိုလို ခံစားလာရတာတွေ ဆက်တိုက်သိသာလာသည်။ ခုနကတော့ သွေးပျက်ကြောက်လန့်ပြီး ဘယ်နားကနာလို့နာမှန်းတောင် မသိသေး၊ ခုတော့ သွေးအေးသွားသည်ရယ်တော့ မဟုတ်ပေမဲ့ လူက





သက်သောင့်သက်သာလေး မှိန်းလိုက်လာရသောအခါ ဟိုနားဒီနားက နာတာတွေ ဆက်တိုက် ပေါ်လာတော့တာဖြစ်သည်။

မိန်းကလေးမို့ နာလျှင် ခံနိုင်ရည်မရှိဘဲ ကျိတ်မခံနိုင်ဘဲ နာသည့်ဒဏ်ကို အလူးအလိမ့်ခံစားရလေရာ လူက ချက်ချင်း မျက်ရည်ပေါက်ပေါက်ကျလျက် ...

"အား ... အင်း ... နာလိုက်တာ၊ ခေါင်းထဲက မူးလိုက်တာ"

ဟု ထုတ်ဖော်ရေရွတ်ညည်းတွားမိလေသည်။

ဆန်းသစ်နေသည် ကားကို မြန်နိုင်သမျှမြန်အောင် မောင်းပေးရင်း ပြာလဲ့နုဒီကိုလည်း စိုးရိမ်စွာ လှည့်ကြည့်ရသေးလေသည်။

သူမ ကြိုက်သည် မကြိုက်သည်ပင် မစဉ်းစားနေနိုင်ဘဲ ပြာလဲ့နုဒီ၏ လက်ဖဝါးအစုံ သူမပေါင်ပေါ် တင်ထားလျက်ရှိသည်ကိုပင် ကားစတီယာရင်မကိုင်သော ကျန်လက်တစ်ဖက်ဖြင့် သူ အသာဆုပ်ကိုင်ထားလိုက်မိပါသည်။

"ရောက်တော့မယ်နော် ... ရောက်တော့မယ်၊ ကျွန်တော် မြန်မြန်လေးမောင်းပေးနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ဆန်းသစ်နေသည် ဖြာလဲ့နဒီကို ပွေ့လျက်သား ဆေးရုံအရေးပေါ် အပေါက်ထဲ ပြေးဝင်လာသောအခါ တာဝန်ကျ ဆရာဝန်များ၊ နာ့(စ)များ ပြေးလာပါသည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်လာတာလဲ"

"သူ ခုန Ambulanceနဲ့ ရောက်လာကြတဲ့ မိန်းကလေးအုပ်စု ထဲက တစ်ယောက်ပါ၊ ကား Accidentဖြစ်တဲ့တစ်ယောက် ပါ"

"သူ့ကိုကျ ဘာလို့ ကားနဲ့ တစ်ခါတည်းမခေါ်ခိုင်းရသလဲ"

"သူ ဖြစ်ဖြစ်ချင်းတုန်းက လုံးဝ သတိမလစ်ဘူး။ ဘာဒဏ် ရာမှလဲ ကြီးကြီးမားမား မရှိဘူးဆိုတော့ ကျွန်တော့်ကားနဲ့ ပဲ ခေါ်လာလိုက်တာပါ၊ လမ်းရောက်မှ ကားထဲမှာနာတယ်





ခေါင်းမူးတယ်တွေပြောရင်း ဒီနားရောက်မှ သတိလစ်သွား တာပါ"

"Trolley ပေါ်တင်ပါ။ သူနဲ့ ဘာတော်ပါသလဲ"

"ဟို ... ကျွန်တော် သူ့မိတ်ဆွေပါ၊ သူတို့ကား Accident ဖြစ်သွားတာ လှမ်းတွေ့လိုက်လို့ ဝင်ကူညီတာပါ"

"ဘာပဲဖြစ်ဖြစ် ရှင် လူနာရှင်တော့ လုပ်ပေးနိုင်မယ် မဟုတ် လား။ သူ ပြန်သတိရလာတဲ့အထိ နေပေးနိုင်မယ် မဟုတ် လား"

ဆန်းသစ်နေသည် ဖြူဖျော့သော မျက်နှာလေးဖြင့် ဆေးရုံတွန်းလှည်းပေါ်ပါသွားသည့် ဖြာလဲ့နဒီနောက်မှ ပြေးလိုက် သွားမိပါသည်။ သူ့ကားက ဖြာလဲ့နဒီတို့ကားနောက်မှာ လေးစီး လောက်ခြားပြီး မီးပွိုင့်မှာ ရပ်မိတာဖြစ်သည်။

တိုက်ဆိုင်စွာ ဆုံလိမ့်မယ်လည်း မထင်ထားတော့ မီးပွိုင့်စိမ်းစိမ်းချင်းထွက်သွားသည့် ရှေ့ဆုံးကကားနဲ့ တစ်ဖက်မီးပွိုင့် မှ မီးနီကို ဖြတ်မောင်းလာသောကားတို့ တိုက်မိကုန်ကြတုန်းက လိုရမယ်ရ ကူညီပေးဖို့ သူ့ကားကိုရပ်ထားခဲ့ပြီး ဆင်းကြည့်တာ ဖြစ်ပါသည်။ အနားရောက်မှ ဖြာလဲ့နဒီတို့မှန်း သိရသောအခါ သူကိုယ်တိုင်ပင် ထိတ်လန့်တုန်လှုပ်စိုးရိမ်စွာ စိတ်အေးအောင် ကြိုးစားပြီး အစစအရာရာစီစဉ်ပေးရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းအတွင်းမှာ မင်းအဂ္ဂထံမှ ...

"ငါနဲ့သူ သူ့တူလေး မြင့်မိုရ်ထွဋ်ကို အတူတူ သွားကြို ဖြစ်ကြသေးတယ်။ ပြီးတော့ သူ့အိမ်မှာ သူ့အမေနဲ့ စကားပြောကြရသေးတယ်၊ အဘွားကြီးက အရိပ်အမြွက်လား မသိဘူး။ ကြိုပြောတယ်ကွ၊ သမီးအကြီးကတော့ သူတို့ ပညာတော်သင်တွေဘာတွေပြီးလို့ ပြန်လာရင် သီးသန့်အိမ်နဲ့နေမှာမို့ သမီးအငယ်ကိုတော့ အိမ်ထောင်ကျရင် မိဘနဲ့ပဲ အတူတူနေစေချင်တယ်တွေ ဘာတွေ ကြိုစကားပစ်ထားတယ်။ ကြည့်ရတာ ငါနဲ့ လက်ထပ်ဖြစ်ရင် သူ့သမီးကို အိမ်ကနေ ခေါ်ထုတ်သွားမှာ စိုးရိမ်လို့ထင်တယ်"

ဟူသော ခပ်ကြွားကြွားလေသံကို ကြားရပြီးကတည်းက ဆန်းသစ်နေ တော်တော်စိတ်ဓာတ်ကျနေမိခဲ့သည်။ သူ့ဘက်ကတော့ ဘာမှ တိုးတက်လာတဲ့ ဆက်ဆံရေးမရှိ။ ဘာမှ ကြွားဝါစရာလဲမရှိ။ အဆိုးဆုံးက ပြာလဲ့နဒီဟာ သူနဲ့ပတ်သက်တာတွေကို အစစအရာရာ ဘယ်လောက်ထိ လိုက်ရှောင်သလဲဆိုတာပင်။ မကေသီဆီမှာ လာရွေးစရာရှိတာတွေပင် သူကိုယ်တိုင် လာမရွေးတော့ဘဲ သူ့အစ်မကို လွှတ်ရွေးခိုင်းခြင်း၊ နောက်ထပ် ဘာမှ လာမအပ်တော့ခြင်းတွေဖြင့် အဆက်အသွယ် ဖြတ်ပစ်လိုက်လေသည်။





"အရင်ကဆို ဒီအထည်တောင်မပြီးသေးဘူး နောက်အထည်ဆိုတာ နှစ်ပတ်တစ်ခါလောက်ကို လာလာအပ်တာဟဲ့၊ အမြဲ သူကိုယ်တိုင် လာအပ်တယ်၊ လာရွေးတယ်၊ အခုကျ သူ့အစ်မကို လွှတ်ပြီး ရွေးခိုင်းလိုက်ပြီး ဘာမှလဲ ထပ်လာမအပ်တော့ဘူးဆိုတော့ သေချာတယ်၊ နင်နဲ့ငါ အမျိုးတော်မှန်းသိလို့ ကြိုရှောင်တဲ့အနေနဲ့ လုံးဝ အဆက်အသွယ်ဖြတ်ပြီထင်တယ်"

ထိုသို့ မကေသီ ပြန်အသိပေးသောအခါ ဆန်းသစ်နေသည် ရှက်လည်းရှက်၊ စိတ်ဓာတ်လည်းကျသွားပြီး ဘာမှထပ်မကြိုးစားတော့ဘဲ ဒီအကိုင်းအရှုံးပေးလိုက်တော့မလို့ပင် စဉ်းစားလိုက်ပါသည်။ ကိုယ်က သူ့ကိုသိပ်ချစ်ရပေမဲ့ သူ့ဘက်ကခါးခါးသီးသီးမုန်းနေ၊ ပုန်းနေ၊ ရှောင်နေသောအခါ ကိုယ့်ဘက်ကလည်း အလိုက်တသိနဲ့ သူ့ကို အနှောင့်အယှက်မပေးတာ အကောင်းဆုံးဟု ထင်သည်။ ကိုယ့်ချစ်သူကို ချစ်ကြောင်းပြတယ် ဆိုတာဟာ သူ့စိတ်အနှောင့်အယှက်မဖြစ်အောင် သူ့စိတ်ချမ်းသာအောင် နေပြရတာမျိုးပဲ။

အခုတော့ အမှတ်မထင်ဆုံပြီး ကူညီခွင့်ရခဲ့ပါသည်။ ဘကယ်တော့ ပြာလဲ့နဒီတို့ကို ဆေးရုံပို့ပေးပြီးလျှင် သူပြန်သွားရုံသာ။ သို့သော် တာဝန်ကျဆရာဝန်တွေက သတိရတဲ့အထိ စောင့်ပေးပါဟု တောင်းဆိုသဖြင့် အခုတော့ နေပေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုန Accident နဲ့ ဆေးရုံရောက်လာတဲ့ မိန်းကလေးနှစ်ယောက် နည်းနည်းဒဏ်ရာပြင်းပြီး သွေးထွက်လွန်နေတယ်၊ သွေးအမြန်လိုနေတယ်၊ လူနာရှင် ဘယ်မှာလဲ"

ဆန်းသစ်နေ ထိုင်စောင့်နေစဉ် နာ့(စ)တစ်ယောက် ပြေးထွက်လာပြီး အော်မေးပါသည်။ ဆန်းသစ်နေလည်း ရင်ထဲဒိန်းခနဲမြည်သွားပြီး ထရပ်လိုက်မိလျှင် နာ့(စ)က ဆန်းသစ်နေကို မြင်သွားကာ ...

"ရှင်လား သူတို့လူနာရှင်"

"ဟို ... ကျွန်တော် မိတ်ဆွေပါ"

"သူတို့အိမ်တွေကို အကြောင်းကြားပေးပါဦး"

"ဟို ... ကျွန်တော် သူတို့နဲ့ သိပ်မခင်ပါဘူး၊ အိမ်မသိပါဘူးခင်ဗျာ"

"ဩော် ... အဲဒါမှ ဒုက္ခပါပဲ၊ ဆေးရုံမှာ AB သွေး မရှိဘူး။ AB သွေး မြန်မြန်ရဖို့လိုတယ်"

"ကျွန်တော် AB ပါ"

"ဟုတ်လား ဒါဆို အတော်ပဲ၊ ရှင့်ကို သွေးစစ်ပြီးတာနဲ့ သွေးယူမယ် ရလား"

"ရပါတယ် ... ယူပါ ... ယူပါ ... ကျွန်တော် လှူပါမယ်"





"ဆရာကြီးက နှစ်ပုလင်းလိုတယ်လို့ပြောတယ်၊ ရှင် တစ်ယောက်တည်းနဲ့ နှစ်ပုလင်းထုတ်လို့ ဘယ်ဖြစ်မလဲ"

"ဒါဆို ကျွန်တော့်အစ်ကို ခေါ်ပေးမယ်၊ ကျွန်တော်တို့တွေက AB သွေးအုပ်စုတွေပါ"

"ဒါဖြင့် အဆင်ပြေလိုက်တာ၊ သူ့ကို မြန်မြန်ဖုန်းဆက်ခေါ်ပေးပါ၊ AB က သူ့ AB ချင်းပဲသွင်းလို့ရတယ်လေ၊ တခြားသွေးသွင်းလို့မရဘူး ဒီတော့ ရှားတယ်"

"သွေးလိုတဲ့ မိန်းကလေးနှစ်ယောက်က ဘယ်သူတွေလဲဟင်"

"နာမည်တော့မသိဘူး၊ Ambulance နဲ့ ရောက်လာတဲ့ထဲက နှစ်ယောက်ပဲ"

"နောက်မှ ထပ်ရောက်လာတဲ့ မိန်းကလေး အခြေအနေဘယ်လိုနေသေးလဲခင်ဗျာ"

"သူကတော့ Shock ဖြစ်ပြီး သတိလစ်တဲ့သဘောပါ၊ သူက အခြေအနေကောင်းတယ်၊ သူ သတိရလာမှ ဓာတ်မှန်ရိုက်ရမယ်လို့ ဆရာကြီးကပြောတယ်။ ခုတော့ သူ သတိရခါနီးပါပြီ"

ဆန်းသစ်နေသည် အစ်ကိုမိုးသစ်နေကို ဖုန်းဆက်ခေါ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင် ... ငါ အခု အလုပ်တန်းလန်းကြီးနဲ့ ကွာ၊ ဘယ်လိုလုပ်လာမလဲ"

"ခဏလေးလာလိုက်ပါ အစ်ကိုမိုးရာ၊ ဒီမှာ ကောင်မလေး တွေ ဒုက္ခရောက်နေလို့ပါ"

"ရှစ်(ထ်)မှပဲ၊ မင်းကိုခေါ်ါ:ခါ:သီးသီးဖြစ်နေတဲ့ ကောင်မလေး ရဲ့ သူငယ်ချင်းတွေပါကွာ၊ အဲဒီလောက် ကူညီပေးစရာလို လား"

"ကျွန်တော် သူ့မို့လို့ သူ့သူငယ်ချင်းတွေမို့လို့ ကူညီချင် တာမဟုတ်ပါဘူး။ လာလိုက်ပါ အစ်ကိုမိုးရာ၊ သွေးလှူတာ မွန်မြတ်ပါတယ်"

ဖုန်းထဲမှာ အခါတစ်ရာလောက် ဆဲသံများ မိုးမွှန် သွားပေမဲ့ ဆယ့်ငါးမိနစ်အတွင်းမှာ မိုးသစ်နေ ရောက်ချလာသည်။ မိုးသစ်နေ ရောက်လာချိန်တွင် ဆေးရုံခုတင်မှာ သွေးစထုတ်နေခါစ ဆန်းသစ်နေကို လာကြည့်ရင်း ...

"ပြောလိုက်စမ်းပါ မင်းရဲ့ ပြာလဲ့နဒီကို။ မင်းအတွက်ဆို ငါ့ရဲ့အသွေးအသားတင်မကဘူး၊ ငါ့အစ်ကိုဆီက အသွေး အသားကိုပါ ဖောက်ယူပေးပါတယ်လို့ ... ဟား ဟား တကယ့်ကောင်။ ဟိုကဖြင့် အသားမည်းလို့ ရုပ်ဆိုးလို့





ဆိုပြီး မတူမတန်သလို ဆက်ဆံထားတာရှောင် အမှတ် မရှိဘူး"

ဆန်းသစ်နေသည် အစ်ကိုနဲ့ညီကိုတော့ ဖွင့်ပြောထား သဖြင့် ပြာလဲ့နဒီအကြောင်း သူတို့ သိနေပါသည်။

"မင်းက မင်းအဂ္ဂလိုကောင်နဲ့မှ သွားပြိုင်တာကိုး၊ ဒီတော့ မင်းကို မိန်းကလေးက ခါးခါးသီးသီး ဖြစ်နေတာ မဆန်း ဘူး"

ဟုပင် သူတို့ ဝိုင်းပြောတာခံရသေးသည်။

ဆန်းသစ်နေ သွေးလှူပြီးသောအခါ မိုးသစ်နေ၏ ခုတင်ဘေး ထိုင်စောင့်နေစဉ် နာ့(စ)တစ်ယောက် ရောက်လာ ပြီး ...

"မိန်းကလေးတစ်ယောက်တော့ သတိရပြီ၊ ကိုဆန်းသစ်နေ ကို ခေါ်ပေးပါဆိုလို့"

ဆန်းသစ်နေ နာ့(စ)ခေါ်ဆောင်ရာသို့ အသာထ လိုက်သွားပါသည်။

ခုတင်ပေါ်မှာ မှီထိုင်ရင်း စောင့်ကြည့်နေသော ပြာလဲ့နဒီမှာ ဆန်းသစ်နေကို မြင်မြင်ချင်း အားကိုးတကြီးငိုပြ ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆန်းသစ်နေ ပြာလဲ့ အိတ်တွေရော ဖုန်းတွေရော ဘာမှ မရှိတော့လို့ အိမ်ကို ဖုန်းဆက်ချင်တာ ဆက်မရဘူး ဖြစ်နေတယ်၊ ကိုဆန်းသစ်နေ ဆက်ပေးပါနော်၊ ပြီးတော့ ပြာလဲ့သူငယ်ချင်း နှင်းမှုန်တို့အတွက်လည်း ဆက်ပေးပါနော်"

ဟူ၍ ဆက်တိုက်ပြောပါသည်။

"စိတ်ချ ... စိတ်ချ ... ကျွန်တော် ဆက်ပေးပါ့မယ်၊ ကျွန်တော့်ဆီမှာ ပြာလဲ့နဒီရဲ့အိမ်ဖုန်းရော မိုဘိုင်းလ်ဖုန်းနံပါတ်ပါ ရှိပါတယ်၊ ဒါပေမဲ့ ခုနကတော့ မေ့ပြီး မဆက်ထားမိဘူး။ နောက်ပြီး ပြာလဲ့နဒီရဲ့ သူငယ်ချင်းနှစ်ယောက်က သွေးလိုတယ်ဆိုလို့ သွေးသွားလှူနေရတာနဲ့ ..."

"ဟင် ... ဟုတ်လား ... ဟုတ်လား ... ဘယ်သူလဲဟင်၊ ဘယ်သူလဲ"

"ကျွန်တော် မသိဘူး၊ ဘယ်သူမှန်း မသိပါဘူး၊ ABသွေးလိုတယ်ဆိုလို့ ကျွန်တော့် သွေးနဲ့တောင် မလောက်လို့ ကျွန်တော့်အစ်ကို,ကိုပါ ခေါ်ရတယ်"

"ဘုရား ... ဘုရား ... ပြာလဲ့သူငယ်ချင်းတွေ ဘာမှ မဖြစ်ပါစေနဲ့။ ပြာလဲ့ မောင်းတဲ့ကားကိုစီးလို့ သူတို့ အခုလို





ဖြစ်ရတာသိလား။ သူတို့သာ တစ်ခုခုမကောင်းတာဖြစ်သွားရင် ပြာလဲ့ တစ်သက်လုံး နောင်တရနေတော့မှာပဲ"

"ပြာလဲ့နဒီ အမှားမှ မဟုတ်တာ"

နာ့(စ)က ပိုးချဲတစ်ခု တွန်းယူလာပြီး ...

"ကဲ ... ဒီက ညီမလေး ရင်ဘတ်က အောင့်တယ် နာတယ်ဆိုလို့ ဓာတ်မှန်ရိုက်ကြည့်ရမယ်၊ ခေါင်းလည်း ဓာတ်မှန်ရိုက်ရမယ်၊ ခြေထောက်လည်း ဓာတ်မှန်ရိုက်ရမယ်နော်၊ ဒီပိုးချဲပေါ် တက်လိုက်ရအောင်"

ဟူ၍ ပြောသဖြင့် ပြာလဲ့နဒီ ခုတင်ပေါ်မှ ကြိုးစားဆင်းပါသည်။

နာ့(စ)က တစ်ဖက်မှ တွဲထားပြီးဖြစ်ရာ ဆန်းသစ်နေသည် သူ ဝင်တွဲရင်ကောင်းမလား ကြိုက်ပါ့မလား စဉ်းစားနေစဉ် ...

"ရှင် တစ်ဖက်က ကူတွဲပေးပါလား၊ ဒီက ညီမလေးက တော်တော်နာနေတော့ သိပ်မရွှေ့နိုင်ဘူး ဖြစ်နေတယ်ထင်တယ်၊ ပိုးချဲပေါ် ကူတွဲတင်ပေးပါဦးရှင်"

နာ့(စ)ထံမှ အကူအညီတောင်းသံ ကြားရသည်။

"ပြာလဲ့နဒီ ကျွန်တော် တွဲပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့နဒီသည် သူမ၏ ခန္ဓာကိုယ်လေးကို မြှောက်ခနဲ ရွှေ့သွားအောင် တွဲချပေးလိုက်သော ဆန်းသစ်နေကို ...

"ကိုဆန်းသစ်နေ ကူညီပေးတာတွေအတွက် ပြာလဲ့ သိပ်ကျေးဇူးတင်ပါတယ်"

ဟူ၍သာ ခပ်တိုးတိုးပြောမိသည်။

ပြာလဲ့ နောက်ဆုံးသတိရတာကတော့ သူ့ကားထဲမှာ ပြာလဲ့ မေးမှိုပြီးပါလာရင်းမှ ခေါင်းတွေမူးဝေကိုက်ခဲပြီး တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းတွေကြောင့် လူက မေ့ခနဲ အိပ်ပျော်သလိုလို ဖြစ်သွားသည်ဆိုတာပင်။ ဆေးရုံခုတင်ပေါ် ဘယ်လိုက ဘယ်လိုရောက်နေမိသည် မသိသောအဖြစ်ကို ခုထိ တုန်လှုပ်ချောက်ချားရတုန်းဖြစ်နေသည်။

အခုချိန်မှာ အိမ်က ဘယ်သူမှလဲ မသိသေး။ မရောက်သေးတာမို့ ဆန်းသစ်နေကိုသာ အားအကိုးမိဆုံးဖြစ်လျက်သူ ထွက်သွားမှာပင် စိုးရိမ်နေသည်။ သူသာ ဆက်မကူညီတော့ရင် အိမ်ကလည်း ဘာမှ သိဦးမည်မဟုတ်။ နှင်းမှုန်တို့ ယမုံတို့ အိန္ဒယ်တို့ အိမ်တွေကလည်း ရွှေ့ပြောင်းသွားနေကြတယ်ပဲ ထင်ပြီး စိတ်ေ.ေးနေမှာ။ ဆန်းသစ်နေပဲ အားလုံးကို ဖုန်းဆက်ပေးနိုင်မဲ့သူ ဖြစ်နေတယ်။





"ပြာလဲ့နဒီ စိတ်ချပါ၊ ကျွန်တော် ခုပဲ ဖုန်းဆက်လိုက်မယ်။ ပြာလဲ့နဒီ သူငယ်ချင်းတွေအိမ်တော့ ပြာလဲ့အိမ်က တစ်ဆင့် ပြောပေးခိုင်းလိုက်မယ်နော်"

"ကျေးဇူး ... ကျေးဇူးပါပဲ"

ဆန်းသစ်နေ ဖုန်းဆက်လိုက်သောအခါ လာကိုင်သူမှာ ပြာလဲ့နဒီ၏မိခင် ဖြစ်နေပါသည်။

"အန်တီ ကျွန်တော်ပါ ဆန်းသစ်နေပါခင်ဗျာ"

ဒေါ်မေလဲ့သည် ထိုအမည်ကို ကြားလိုက်တော့ ချက်ချင်းပဲ ...

"ဘာကိစ္စလဲကွယ်၊ မင်း ဘာကိစ္စ ဖုန်းဆက်တာလဲ"

ဟု အသံမာမာဖြင့် ပြန်မေးလေသည်။ ဆန်းသစ်နေသည် ဒါကို အရေးလုပ်ပြီး တွေးမနေတော့ဘဲ ...

"ဒီလိုပါခင်ဗျာ ... ပြာလဲ့နဒီနဲ့ သူ့သူငယ်ချင်းသုံးယောက်ပါတဲ့ကား လမ်းမှာ Accident ဖြစ်လို့ပါ၊ အဲဒါ သူတို့အကုန်လုံး ရန်ကုန်ဆေးရုံကြီးကို ရောက်နေတယ်ဆိုတာ ကျွန်တော် အကြောင်းကြားပေးတာပါ"

ဟူ၍ ဆက်တိုက်ပြောပြလိုက်သောအခါ ...

"ဘာ ... ဘယ်လို သမီးတို့ဟုတ်လား"

"ဟုတ်ပါတယ်၊ သူနဲ့ သူ့သူငယ်ချင်းတွေ အကုန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... ဘာများဖြစ်သွားကြလဲ၊ အံမယ်လေး လုပ်ကြပါဦး၊ သမီးလေး ဘာများဖြစ်ပြီလဲ မသိဘူး"

တစ်ဖက်မှ ငိုသံကြီးထွက်လာသဖြင့် ဆန်းသစ်နေ မြန်မြန်ရှင်းပြလိုက်ရသည်။

"ပြာလဲ့နဒီ ဘာမှ သိပ်မဖြစ်ပါဘူး၊ သူ့သူငယ်ချင်းတွေ အိမ်ကိုလည်း အကြောင်းကြားပေးဖို့ ကျွန်တော့်ကို ပြောတာမို့ ဖြစ်နိုင်ရင် အန်တီတို့က တစ်ဆင့်ပဲ အကြောင်းကြားပေးမလား။ ဒါမှမဟုတ် ကျွန်တော် ပြောပေးရမယ်ဆိုရင်တော့ ကျွန်တော့်ကို ဖုန်းနံပါတ်နဲ့နာမည်နဲ့ တွဲပေးပေးပါ၊ ကျွန်တော် သူတို့ကို လူလည်းမသိ၊ နာမည်လည်းမသိလို့ပါ"

"နေ ... နေ ... ရတယ်၊ အိမ်ကပဲ အကြောင်းကြားပေးပါ့မယ်၊ ဒါနဲ့ အခု သမီး ဘယ်လိုနေလဲ"

"သူ သတိရပါတယ်ခင်ဗျာ၊ အန်တီတို့လာရင် Ward(...) ကို လာခဲ့ပါ"

"သမီးကြီးဆီ မြန်မြန်ဖုန်းဆက် ပြောဦးမှပါ၊ သူ့မှာ ဆရာဝန်မိတ်ဆွေတွေ ရှိတယ်"

ဒေါ်မေလဲ့မှာ သမီးဇောနဲ့မို့ ဆန်းသစ်နေကိုပင် နှုတ်မဆက်နိုင်အားဘဲ ဖုန်းကို ချက်ချင်း ချသွားလေတော့သည်။





မကြာမီမှာ ပြာလဲ့နဒီ အိမ်ကရော၊ သူ့သူငယ်ချင်းတွေအိမ်ကရော ရောက်လာကြတော့မည်ဖြစ်ရာ ဆန်းသစ်နေလည်း ဆက်မစောင့်နေချင်တော့သဖြင့် ဆေးရုံမှ ထွက်လာလိုက်ပါသည်။ ကူညီပေးလိုက်ရတာကို အခွင့်ကောင်းယူတယ်၊ မဂ်လာယူတယ် အထင်ခံရမှာစိုးသဖြင့် မသိမသာ ရှောင်ထွက်လာခဲ့တာဖြစ်သည်။

အစ်ကိုမိုးသစ်နေကတော့ သွေးလည်းလှူပြီးရော...

"ငါ သွားနှင့်ပြီ ဆန်းသစ်"

ဟု ချက်ချင်း နှုတ်ဆက်ပြီး သူ့ကားသူ ပြန်မောင်းထွက်သွားပြီးလေပြီ။ ဆန်းသစ်နေလည်း သူ့ကားသူမောင်းပြီး ဆေးရုံထဲက ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၃

"မင်းရဲ့ ပြာလဲ့နဒီဆီ ဖုန်းဆက်ပြီးတော့ သတင်းမေးလိုက်ပါဦး၊ သူတို့ မနေ့က ကား Accident ဖြစ်ကြတယ်"

ဟူ၍ ဒီနေ့ဆိုင်ရောက်ရောက်ချင်း ဆန်းသစ်နေနဲ့ ဆုံသောအခါ ထိုသို့ အသိပေးလိုက်လျှင် မင်းအဂ္ဂမှာ ရုတ်တရက် စိတ်ပူပြီး ထူပူသွားသည်။

"ဟုတ်လား ... ဟုတ်လား ... ဘယ်အချိန်က ဖြစ်ကြတာလဲ၊ မင်း ငါ့ကို ဖြစ်ဖြစ်ချင်း ဘာလို့ မပြောတာလဲ"

"ဖြစ်ဖြစ်ချင်း ပြောလို့ကိုမရဘူး၊ ငါ သူတို့တစ်အုပ်စုလုံးကို တစ်နေကုန် ဆေးရုံမှာ ကူညီနေရတာကွာ၊ ညနေစောင်းမှ အိမ်ပြန်ရတယ်၊ ဆိုင်ဘက်လည်း ပြန်မလာဖြစ်တော့ဘူး၊ ဒါကြောင့် မင်းကို မပြောဖြစ်ဘူး"





"ဖုန်းဆက်ပြောရင် ရပါတယ်ကွာ"

"သူ့အခြေအနေက သိပ်မဆိုးဘူး၊ သူ့သူငယ်ချင်းတွေကတော့ နည်းနည်းဆိုးပုံရတယ်"

"မင်း ဘယ်လိုလုပ်သိလဲ၊ ဘယ်လိုလုပ် ကူညီနိုင်ရတာလဲ"

မင်းအဂ္ဂသည် အရေးထဲမှာ ဆန်းသစ်နေ ငါ့ထက်သာသွားပြီဆိုသော အတွေးကလည်း တွေးလိုက်မိသည်ဖြစ်ရာ ဆိုသို့ရအောင်တော့ မေးနေသေးသည်။

"သူတို့ကား Accident ဖြစ်တဲ့မီးပွိုင့်မှာ ငါ့ကားလည်း ရပ်ထားခဲ့တယ်၊ ငါက သူ့ကားမှန်းတောင် မသိဘူး၊ သူတို့ကို လမ်းပေါ်မှာ ဆုံရလိမ့်မယ်လို့လည်း မမျှော်လင့်ထားဘူး။ မီးပွိုင့်လွတ်တော့ ရှေ့ဆုံးကားတစ်စီးကို တစ်ဖက်ခြမ်းကနေ မီးပွိုင့်ဖြတ်မောင်းလာတဲ့ကားက ဘေးတိုက်ဝင်တိုက်လိုက်တာတွေ့လိုက်ရတာပဲ။ သူများတွေ ဆင်းပြီးကြည့်ကြသလို ငါလည်း ဆင်းကြည့်တဲ့သဘောပါပဲ"

"အခု ဘယ်ဆေးရုံမှာလဲ"

"ရန်ကုန်ဆေးရုံကြီးပဲ ပို့လိုက်ကြတယ်၊ ပြာလဲ့နဒီကတော့ ဆေးရုံမှာ ဆက်နေချင်မှ နေရမယ်ထင်တယ်၊ သူက အခြေအနေသိပ်မဆိုးဘူး"

"မင်းရော သတင်းမေးပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေ ခေါင်းခါလိုက်ပါသည်။ မင်းအဂ္ဂမှာ ဆန်းသစ်နေကို အထူးအဆန်းဖြစ်ပြီး ကြည့်လေသည်။ ကူညီထားရတယ်ဆိုတဲ့ အခွင့်အရေးကို ဘာကြောင့် အသုံးမချချင်တာလဲ။

"သွားပါ မင်းပဲ သတင်းမေးလိုက်ပါ၊ ငါ သူနဲ့ ထပ်မဆုံချင်တော့ဘူး၊ သူ့ကို တွေ့ရဖို့လည်း မကြိုးစားတော့ဘူး"

မင်းအဂ္ဂမှာ အံ့ဩပြီးရင်း အံ့ဩနေသည်။ ဆန်းသစ်နေဆိုတဲ့ကောင် ဘာကြောင့် နောက်ဆုတ်ချင်သွားရတာလဲ။

"ငါ သဘောပေါက်ပါတယ် အဂ္ဂ။ ငါက အသားမည်းတယ်၊ မင်းနဲ့ယှဉ်ရင် ငါက ရုပ်ဆိုးတယ်၊ ဒီတော့ မိန်းကလေးတစ်ယောက်အနေနဲ့ ငါ့ကို ဘယ်လိုမှ သဘောမကျနိုင်ဘူး။ အထူးသဖြင့် ဟြာလဲ့နဒီလို ချောမောလှပတဲ့ မိန်းကလေးမျိုးပေါ့။ သူ ငါ့ကို ခါးခါးသီးသီး ငြင်းထားတယ်၊ မုန်းတယ်လည်းပြောထားတယ်၊ ငါနဲ့ ပတ်သက်လာရမှာစိုးလို့ ငါ့အစ်မဝမ်းကွဲဆီမှာ အကျီချုပ်နေကျကနေ အခုဆို အဆက်အသွယ်ဖြတ်ပစ်ပြီး လုံးဝ လာမချုပ်တော့ဘူး။ ဒါတွေကို ကြည့်တာနဲ့ ဒီလောက်လုပ်ပြတာနဲ့တင် လုံလောက်ပါပြီ။ သူ ငါ့ကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး။ အခုလည်း ငါ ကြုံကြိုက်လို့ ကူညီခွင့်ရလိုက်တာမို့ စိတ်သန့်သန့်နဲ့ပဲ ကူညီလိုက်ပါတယ်၊ သူ့ဆီက ဘာမှ မမျှော်လင့်ဘူး။





ဒါကြောင့် ကူညီလိုက်တာကို အကြောင်းပြပြီး ရှေ့ဆက်မတိုးတော့ပါဘူး။ ငါ တကယ်ဝန်ခံပါတယ်၊ သူ့ကို ငါ တကယ်ချစ်မိပါတယ်၊ ရုပ်ဆိုးတဲ့ လူတစ်ယောက်က ရုပ်ချောတာကို မက်မောပြီး ချစ်တာတော့ မဟုတ်ဘူး။ သူ ရုပ်ဆိုးသွားလည်း ချစ်မှာပဲ။ ဒါပေမဲ့ သူ့အတွက်ကျ ငါ့ကိုမြင်ရရင် စိတ်အနှောင့်အယှက်ဖြစ်တယ်၊ စိတ်ညစ်ရတယ် ဆိုတော့ ငါ သူ့အနားမှာ ရှိမနေချင်တော့ဘူး။ ကိုယ်ချစ်တဲ့သူ စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးတာဟာ သူ့အပေါ် ချစ်ရာရောက်ပါတယ်၊ ဒါကြောင့် ငါ ဒီပွဲမှာ အရှုံးပေးလိုက်တယ် အဂ္ဂ။ မင်း နိုင်တော့မှာပါ၊ မင်းပဲ သူ့ကို သစ္စာရှိရှိ ချစ်သွားပါကွာ"

မင်းအဂ္ဂမှာ ဝမ်းသာရတော့မလိုလို၊ သူ့ဘက်ကလည်း ဘာမှ မရေရာသေးပဲ ဆန်းသစ်နေက တစ်ဖက်သတ်ကြီး နောက်ဆုတ်ပေးလိုက်သဖြင့် မခံချိမခံသာ ဖြစ်ရမလိုလို။ သို့သော် သူ ဟန်ဆောင်နိုင်ခဲ့ပါသည်။

"မင်းကို ငါ တကယ်တော့ အနိုင်မယူချင်ပါဘူးကွာ၊ အစကတည်းက ငါ ဒီလိုစိန်မခေါ်သင့်ဘူး"

"ထားလိုက်ပါတော့၊ ငါ မင်းကို အသိပေးစရာရှိတယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ကို ငါ့ညီ လင်းသစ်ဆီမှာ ခဏလွှဲခဲ့မယ်ကွာ၊ ငါ ခရီးထွက်စရာရှိလို့"

"ခရီးခဏထွက်မှာ ငါနဲ့ ထားခဲ့ပါ။ ငါ ကြည့်လုပ်ထားလိုက်ပါမယ်"

"မဟုတ်ဘူး၊ ခရီးက နှစ်နှစ်လောက်ကြာမယ်"

"ဟေ ... ဘယ်လို"

"ငါ ဂျပန်မှာရှိတဲ့ ငါ့ဦးလေးမိသားစုဆီ သွားနေပြီး စက်မှုလက်မှုပိုင်းနဲ့ပတ်သက်တဲ့ ကျောင်းတစ်ခုတက်မလို့ စီစဉ်ထားတယ်။ မင်းသိပါတယ်၊ ငါတို့ညီအစ်ကိုတွေ ပြည်တွင်းဖြစ်ကားလုပ်ငန်း လုပ်မလို့ဆိုတာလေ။ အေး... အဲဒီအတွက် လိုရမယ်ရ ကားစက်မှုပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ ဒီပလိုမာ တစ်ခု သွားသင်မလို့"

"သြော်... အရင်တည်းက မင်းပြောနေတာ အခု တကယ် သွားဖြစ်ပြီပေါ့"

"ဟုတ်တယ်"

"ဘယ်တော့လောက်ဖြစ်မလဲ"

"ဒီတစ်လနှစ်လအတွင်းပဲ"

"စိတ်ချသွားပါ၊ ငါ လင်းသစ်နဲ့ ညှိပြီး ဆိုင်ကို အောင်





မြင်အောင်ဆက်လုပ်ထားလိုက်မယ်"

"ကဲ ... မင်း ဖုန်းဆက်ရင်လည်းဆက်၊ မဆက်ရင်လည်း ဆေးရုံကြီးက Ward(......)ကို လူကိုယ်တိုင် သွားမေးပေတော့။ ဒီတိုင်းမသွားနဲ့ ပန်းစည်းတွေကတ်ဒ်တွေ ဝယ်သွားဦး။ ဒီမှာ ဒါက ငါ့ရဲ့ပန်းစည်းလေးစည်းနဲ့ ကတ်လေးခု"

"လေးစည်းတောင်"

"သူတို့သူငယ်ချင်း လေးယောက်လေကွာ"

"သြော် ... ဟုတ်သားပဲ၊ တစ်ယောက် တစ်စည်းစီ တစ်ကတ်ဆီမှ ကောင်းမှာပေါ့"

"ငါကတော့ နာမည်နဲ့ လူ တွဲမသိဘူး၊ မင်းပဲ ကြည့်ကျက်ပေးလိုက်ပါ"

"ငါလည်း အိအိနွယ်ဆိုတာပဲ မြင်ဖူးတယ်"

မင်းအဂ္ဂတစ်ယောက်တည်း ပန်းစည်းများ ကတ်များဖြင့် ဆေးရုံဆီ ဦးတည်လိုက်ပါသည်။ ဖုန်းဆက်ကြည့်တော့လည်း အိမ်ဖုန်းလည်း ဘယ်သူမှ လာမကိုင်။ မိုဘိုင်းလ်ဖုန်းကတော့ ဆန်းသစ်နေ အပြောအရ Accident ဖြစ်တုန်း ပျောက်သွားပုံရသည်ဟု သိထားရာ ခေါ်ဖို့မကြိုးစားတော့ပါ။ ဒါနဲ့ပဲ ဆေးရုံကို တန်း လာလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေ ပြောပြလိုက်သည့် Wardနံပါတ်အတိုင်း ရှာလာလေရာ ပြာလဲ့နဒီဆီ တန်းရောက်သွားပါသည်။ သီးသန့်ခန်းထဲမှာ မိသားစုအကုန် ဝိုင်းလျက်ရှိသော ပြာလဲ့နဒီသည် မင်းအဂ္ဂ ဝင်လာတာကို မြင်လျှင် ...

"ဟယ် ... ကိုမင်းအဂ္ဂ လာတယ်"

ဟုသာ တစ်ခွန်းပြောပြီး မင်းအဂ္ဂနောက်ဘက်မှာ ဘယ်သူများ ထပ်ပါဦးမလဲ ဟူသော အကြည့်ဖြင့် လှမ်းကြည့်မိသည်။ မင်းအဂ္ဂ ဝင်လာပြီးသည်အထိ ဘယ်သူမှ မပါသောအခါ စိတ်ထဲမှာ မကျေမနပ်ဖြင့် သက်ပြင်းရှိုက်မိသည်။

ဆန်းသစ်နေ ပြောလိုက်လို့ မင်းအဂ္ဂ သိပြီး ရောက်လာတာပဲ။ ဆန်းသစ်နေက ဘာလို့ ပါမလာရလဲ။

"အခု ဘယ်လိုနေသေးလဲ ပြာလဲ့"

"ရှင် ... အင်း ... ပြာလဲ့က အားလုံးကောင်းပါတယ်၊ ခေါင်းထဲမှာ ကိုက်နေသေးလို့ ဆရာဝန်ကြီးက စိတ်ချရအောင် 24 hours (တွမ်တီဖိုးအာဝါ)တော့ ဆေးရုံမှာနေပါဦးဆိုတာနဲ့ ဆက်နေရတာ၊ နံရိုးတွေကတော့ စတီယာရင်နဲ့ဆောင့်မိလို့ ဒဏ်ဖြစ်ပြီးနာသွားတယ်၊ ဖြစ်နိုင်ရင် ဘယ်မှ သိပ်မသွားဘဲ အိမ်မှာ သုံးလေးပတ် အနားယူ ဆေးသောက်ရမယ်ပေါ့။ ခြေသလုံးကတော့ အရိုးနည်းနည်းအက်သွားလို့တဲ့။ ကျောက်ပတ်တီး ပြန်စီးပေးထားတယ်။ အဟင်း ... ခြေထောက်တစ်ဖက် မကောင်းမှတော့ ဘယ်မှမသွားနိုင်ပါဘူး။ အထူးတလည်တောင် နားစရာမလိုဘူး"

"ပြာလဲ့ သူငယ်ချင်းတွေရော"

"ပြာလဲ့ ဘေးမှာ ထိုင်တဲ့ နှင်းမွန်လည်း သိပ်အခြေအနေမဆိုးဘူး။ နောက်ခန်းမှာထိုင်တဲ့ အိန္ဒယ်နဲ့ ယမုံကတော့ မှန်စတွေ ခေါင်းမှာလာစိုက်ကုန်တော့ တော်တော်လေးချုပ်ယူရတယ်၊ သွေးထွက်လည်း များတယ်လေ၊ ဒါကြောင့် ကိုဆန်းသစ်နေတောင် သူ့အစ်ကို့ကိုပါခေါ်ပြီး သွေးလှူပေးလိုက်ရတယ်၊ အိန္ဒယ်နဲ့ ယမုံ နှစ်ယောက်လုံးက AB တွေဖြစ်နေကြတော့ သွေးကရှားတယ်တဲ့၊ ကံကောင်းပြီး ကိုဆန်းသစ်နေတို့ ညီအစ်ကိုတွေက AB သွေးဖြစ်နေလို့ သွေးချက်ချင်းရသွားတယ်"

ပြာလဲ့မိခင် ဒေါ်မေလဲ့က ဝင်မေးပါသည်။

"အခု သူတို့လည်း သတိကောင်းကောင်း ရနေကြပြီ၊ မင်းသူငယ်ချင်း ဆန်းသစ်နေတို့ကို သိပ်ကျေးဇူးတင်နေကြတာ၊ ကိုယ်တိုင်ကျေးဇူးတင်စကားပြောချင်လို့တဲ့။ သူတို့မိသားစုတွေ မျှော်နေကြတယ်၊ သူ ဘာလို့ ပါမလာသလဲ"







www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့နဒီသည် အရင်က ဆန်းသစ်နေကို ရုပ်ဆိုးလို့ ကြည့်မရသော မေမေ့ကို အကဲခတ်နေမိသည်။ မေမေကဆို ပြာလဲ့ကို တဖွဖွပြောနေတာ။

"သူ ဖုန်းဆက်တော့ကွယ် မေမေ သူ့ကို အသံခပ်မာမာနဲ့ မေးမိတယ်။ အားနာလိုက်တာကွယ်။ တကယ်တော့ သူက အစစအရာရာ ကူညီပေးထားရတဲ့သူ။ သူ စိတ်မဆိုးတတ်လို့ တော်ပါသေးရဲ့။"

ဆန်းသစ်နေကို အမြင်ဖြင့် မုန်းနေပြီး စကားပြောမာမိတဲ့အတွက် မေမေ စိတ်မကောင်းဖြစ်ပြီး ပြောနေလျက် မနက်ကျ ဧည့်ချိန်ကျရင် ဆန်းသစ်နေ သတင်းလာမေးကိုမေးမှာပဲလို့ တွေးပြီးစောင့်နေပုံရသည်။

မင်းအဂ္ဂမှာ ဆန်းသစ်နေကို ဂရုတစိုက်မေးနေသဖြင့် အဖြေရခက်နေသည်။ ဟိုကောင်က သူ့ဘာသာ အားငယ်ပြီး မလာချင်တာ။ ဘယ်လိုဖြေရမလဲ။

"သူ အလုပ်ကိစ္စလေးတွေ ရှိလို့ မလာနိုင်သေးတာနဲ့ ကျွန်တော့်ကို အရင်သွားခိုင်းလိုက်တာ အန်တီ။ ဒီမှာ သူ့ပန်းစည်းနဲ့ကတ်တွေ၊ ပြာလဲ့သူငယ်ချင်းတွေအတွက် ပါပါတယ်တဲ့။ သူက နာမည်မသိလို့ ရေးမပေးလိုက်ဘူး"





နှင်းဆီပန်းအဖြူရောင်လေးစည်း။ Get well soon ဟု ရေးထားသော အဖြူရောင်ကတ်လေးခုမှာ တစ်ကတ်ဒ်သာ...

"ပြာလဲ့နဒီအတွက် ဆုမွန်ကောင်းတောင်းလျက် ...

ဆန်းသစ်နေ"

ဟူ၍သာ ရေးထားပြီး ကျန်သောကတ်ဒ်တွေမှာတော့ "ဆုမွန်ကောင်းတောင်းလျက်"ဟူသော စာကြောင်းတစ်ကြောင်းနဲ့ သူ့နာမည်သာ ရေးပေးထားတာတွေ့ရသည်။ မင်းအဂ္ဂရဲ့ ပန်းစည်းတွေကတော့ ပြာလဲ့နဒီအတွက် အလှဆုံး အကောင်းဆုံးပန်းစည်းဖြစ်နေကာ ကျန်တဲ့ပန်းစည်းလေးတွေကတော့ ခပ်ရိုးရိုးလေးတွေ ဖြစ်နေသည်။

"သူတို့ ပြာလဲ့နဲ့ကပ်ရပ် သီးသန့်ခန်းတွေမှာပါ၊ အားလုံး တစ်ယောက်တစ်ခန်းစီ ယူကြတယ်၊ ကိုမင်းအဂ္ဂပဲ သွားတွေ့ပြီး ပေးပေးပါနော်"

ပြာလဲ့နဒီသည် ဘာကြောင့်ရယ်မသိ။ ဆန်းသစ်နေ မလာဘူးဆိုတာ တမင်ညာတာ။ သူ ဒါကို ဘယ်တော့မှ သတင်းလာမေးမှာမဟုတ်တော့ဘူးလို့ အလိုလိုပင် စိတ်ထဲမှာ ခံစားသိရှိနေလျက် မကျေမနပ် ဖြစ်နေပါသည်။ စိတ်ထဲမှာ ဝမ်းလည်းနည်းနေသည်။ သူဟာ အရေးကြုံလို့ ကူညီခွင့်ရလို့သာ ကူညီလိုက်တာပါ။ အဲဒီအပေါ် အခွင့်အရေးမယူဘူး။ အဲဒီအခွင့်အရေးကို အသုံးမချဘူးဆိုတာ ပြာလဲ့တို့ သိသွားအောင် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့ မျက်စိရှေ့ကို ရောက်လာလိမ့်မယ် မထင်ဘူး။ သူ့ကို ပြာလဲ့ အရှောင်ကြီးရှောင်ခဲ့မှန်း သူ မသိဘဲနေမလား။ သူ့ကို ရှောင်နေခဲ့တဲ့ မိန်းကလေးဆီ သူ မျက်နှာပြောင်တိုက်ပြီး လာချင်မယ် မထင်ဘူး။

ဆေးရုံမှာ ပြာလဲ့က နောက်ထပ်တစ်ရက်တော့ ဆပ်နေရလေသည်။ မင်းအဂ္ဂကတော့ ညှော်ချိန်တိုင်း ရောက်လာပြီး ညှော်ချိန်ကုန်မှ ပြန်ပါသည်။ ပြာလဲ့ ဆေးရုံက ဆင်းသောနေ့တွင် မင်းအဂ္ဂက မိသားစုဝင်တစ်ဦးလိုပဲ ဆေးရုံက ဆင်းပြီး အိမ်ပြန်ရောက်သည်အထိ တစ်နေကုန်ကူညီပေးပါသည်။ ငွေနှင်းမှုန်ကတော့ လက်တံတောင်အဆစ်ကလွဲသဖြင့် သိုင်းကြိုးလေးဖြင့် ကျောက်ပတ်တီးစည်းထားရသည်။ ခေါင်းလည်းကွဲသဖြင့် ငါးချက်တော့ ချုပ်ရသည်။ ငွေနှင်းမှုန်ကလည်း ပြာလဲ့နဲ့အတူတူ ဆေးရုံမှဆင်းခွင့်ရသည်။ အိအိနွယ်နဲ့ မေယမုံတို့ကတော့ ဒဏ်ရာနည်းနည်းပိုပြင်းသဖြင့် တစ်ပတ်လောက်တော့ နေရဦးမည်ဟု သိထားပါသည်။

ပြာလဲ့ သူ့ဟိုကို လိုက်နှုတ်ဆက်တော့ ...

"နင့်ရဲ့ ကိုရုပ်ဆိုးကို ခုထိ မတွေ့ဖူးသေးဘူး။ သိပ်တွေ့ချင်ပါတယ်ဟယ်။ သူ့ကို ထိုင်ရှိခိုးပြီးတော့ ကျေးဇူးတင်စကားပြောချင်ပါတယ်၊ သူဟာ ဘယ်လောက်အသားမည်းမည်း ဘယ်လောက်ရုပ်ဆိုးဆိုး ငါတို့ မျက်စိထဲမှာတော့





ငါတို့ အသက်ကိုကယ်တဲ့ နတ်သားတစ်ပါးလိုပဲ ထင်နေတယ်"

ဟု ဆန်းသစ်နေ၏ ကျေးဇူးတွေ တဖွဖွ ပြောပြီး သတိရနေသည်။

"ဆရာဝန်တွေက ပြောတယ်၊ သွေးသာ ချက်ချင်းမသွင်းနိုင်ခဲ့ရင် ငါတို့ဟာ ဒဏ်ရာကြောင့်မသေဘဲ သွေးလွန်တဲ့ Shock ရပြီး သေနိုင်တာတဲ့။ ငါတို့အသက်ကို သူတို့ညီအစ်ကိုက ကယ်ခဲ့တာ။ ငါ့စိတ်ထဲမှာ အခု ဘယ်လိုဖြစ်နေလဲဆိုတော့ မင်းအဂ္ဂ ဘယ်လောက်ရုပ်ချောချော ငါ မမြင်ဖူးတဲ့ ဆန်းသစ်နေလောက် သဘောမကျနိုင်ဘူး ဖြစ်သွားတယ်၊ ဆန်းသစ်နေကို နင် ဒီလောက်ငြင်းထားတာတောင် သူက စိတ်အငြိုးမထားဘဲ နင့်အတွက်တင်မက ငါတို့အတွက်ပါ ကူညီနိုင်တယ်နော်"

အိအိနွယ်ကတော့ မင်းအဂ္ဂကို မြင်ဖူးပြီးဖြစ်ရာ မင်းအဂ္ဂနဲ့နှိုင်းပြီး ပြောလေသည်။ ဘယ်နေရာသွားသွား ယမုံဆီပဲသွားသွား။ အိနွယ်ဆီပဲသွားသွား နှင်းမှုန်ဆီပဲသွားသွား သူတို့မိသားစုတွေကအစ ...

"သမီးတို့ကို ကူညီခဲ့တဲ့ ကောင်လေးကို တွေ့ပြီး ကျေးဇူးတင်စကားပြောချင်လိုက်ကြာ၊ ပြာလဲ့ မိတ်ဆွေဆို သူ့ကို ခေါ်လာခဲ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော မှာကြားသံတွေ ကြားနေရသည်။

ပြာလဲ့သည် ထိုစကားသံတွေ ကြားရလေလေ ...

ဆန်းသစ်နေကို ပိုပြီး တွေ့ချင်လေလေ ဖြစ်လာသည်။ ပြာလဲ့ မှားပါတယ်။ ပြာလဲ့ သိပ်တောင်းပန်ချင်ပါတယ်။ ရုပ်ဆိုးအသားမည်းတာကို ကြည့်ပြီး မတူမတန်သလို ပြောမိခဲ့တာတွေအတွက် အခု သိပ်နောင်တရနေပြီ။ တကယ်တော့ လူတစ်ယောက်မှာ ရုပ်ရည်က အဓိကမကျဘူး။ လူ့ကင်ဇဖက်သား ဒုက္ခရောက်နေချိန်မှာ အရင်က ဖြစ်ခဲ့တာတွေ မေ့ထားပြီး စေတနာ သန့်သန့်နဲ့ ကူညီပေးနိုင်တဲ့ စိတ်သဘောထားကောင်းကောင်း ရှိဖို့ပဲလိုတယ်ဆိုတာကို ပြာလဲ့ နားလည်သွားပါပြီ။ ကိုယ် ဒုက္ခရောက်ပြီး ကြောက်ရွံ့ထိတ်လန့် အားငယ်နေချိန်တုန်းက သူ့မျက်နှာကို မြင်လိုက်ရချိန်မှာ သိပ်ကိုအားတက်ပြီး အစစအရာရာ လုံခြုံအေးချမ်းသွားတယ်လို့ ခံစားလိုက်ရတယ်။ အဲဒီအချိန်မှာ သူ့ အသားမည်းတာလည်း မသိတော့။ သူ့ရုပ်ဆိုးလှကာကိုလည်း ေခါင်းထဲ မတွေးတော့ဘဲ သူ့ကိုသာ အားကိုးတကြီး မှီခိုနေချင်ခဲ့တာပါ။

ပြာလဲ့နှင်းသည် အခုထိ သူမအိမ်ကို ပြန်ရောက်ပြီး တစ်ပတ်ကျော်ကြာသည်အထိ ဆန်းသစ်နေထံမှ ဖုန်းလည်း မဆက်။ လူလည်းမလာသောအခါ နေ့စဉ် မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ပုံမှန်ရောက်လာနေခဲ့သော မင်းအဂ္ဂကိုသာ





တိုက်ရိုက်မေးကြည့်လိုက်ဖို့ စိတ်ကူးမိလေသည်။ မင်းအဂ္ဂ ဘယ်လို ထင်ထင် ဘယ်လိုတွေးတွေး ဂရုမစိုက်ချင်တော့ပေ။

"ကိုဆန်းသစ်နေ ဘာလို့ သတင်းလာမမေးတာလဲ ကိုမင်းအဂ္ဂ။ ပြာလဲ့ ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တာ တစ်ပတ်တောင်ရှိပြီ။ ပြာလဲ့ သူငယ်ချင်းတွေလည်း အကုန် အိမ်ရောက်ကုန်ကြပြီ၊ သူတို့လည်း သိပ်တွေ့ချင်နေကြတာပါ။ သူ ဘာလို့ မလာရတာလဲ"

မင်းအဂ္ဂသည် တစ်ရက်မှာ ပြာလဲ့နှင်း မေးလာသောအခါ အဖြေရခက်ပြန်သည်။ ဆန်းသစ်ဆိုတဲ့ကောင် သူက သူ့သဘောနဲ့သူ မလာတာထားပါ။ ငါက အမြဲရောက်နေတော့ ငါ့ကို မေးလာပြီပေါ့။

"သူ အလုပ်ရှုပ်နေတယ်"

"ဩော် ... ဆိုင်မှာ ထိုင်ကြီးကြပ်ရုံအလုပ်ဟာ ဘယ်မှ မသွားနိုင်လောက်အောင် အလုပ်ရှုပ်တာလား"

ပြာလဲ့နှင်းက နာကြည်းဟန်ဖြင့် ရွဲ့ပြောလိုက်သည်။ မင်းအဂ္ဂသည် ပြာလဲ့နှင်း၏ အပြောင်းအလဲကို အကဲခတ်မိသွားသည်။ မိန်းကလေးတွေဟာ သူတို့ကို ဘာမဟုတ်တာလေး ကူညီပေးလိုက်နိုင်တာကို သိပ်ပီတိဖြစ်တတ်သလား။ သိပ်ပြီး ခံစားတတ်သလား။ သူ့နေရာမှာ ငါဆိုရင်လည်း ကူညီမှာပဲလေ။ ကြုံကြိုက်ပြီး ကူညီခွင့်ရတာလေးကိုပဲ တသသဖြစ်ပြီး အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ညွတ်နူးသွားတာတော့ သိပ်အဓိပ္ပာယ်မရှိဘူးထင်တယ်။ သူ ချစ်ပြီး လက်တွဲဖို့ရွေးသော မိန်းကလေးဟာ သူ့တစ်ယောက်ကလွဲရင် ဘယ်ယောက်ျားတစ်ယောက်အပေါ်မှာမှ စိတ်ညွတ်နူးတာမျိုးတော့ လက်မခံချင်။

"သူ ဖြာလဲ့ကို ရှောင်တာထင်တယ်"

"ဘာရှောင်စရာရှိလဲ"

"ဖြာလဲ့ သူ့ကို ခါးခါးသီးသီး ပြောခဲ့တာတွေရှိတော့ သူ အဲဒါကို အမှတ်ရနေလို့ ရှောင်တာပါ၊ ဖြာလဲ့ သိပါတယ်"

"သူရှောင်သလား၊ မရှောင်သလားတော့ မသိဘူး၊ ကျွန်တော်သိတာတော့ သူ ဒီလကုန်ရင် ဂျပန်ကို သွားမယ်ဆိုတာပဲ"

"ဟင် ... ဟုတ်လား။ ဘာသွားလုပ်မှာလဲ"

"သူ့ဦးလေးမိသားစု ရှိတယ်လေ။ သူ့ဦးလေးကတော့ ထုံးစံအတိုင်း အလုပ်သွားလုပ်တာပဲ၊ ဟိုက ဂျပန်မနဲ့အိမ်ထောင်ကျပြီး ပြန်မလာတော့ဘူး။ အခြေနေလိုက်တယ်ပေါ့။ သူက အဲဒီကိုသွားပြီး ဒီပလိုမာတစ်ခု သွားတက်မလို့ပါ၊ သူတို့ ပြည်တွင်းဖြစ်ကားလုပ်ငန်း စ,လုပ်တော့မှာမို့ ကားအတွင်းပစ္စည်းတွေလည်းရှာရင်း ကားအင်ဂျင်နီယားပိုင်းဆိုင်တဲ့ ဘာသာရပ်ကိုပါ သင်ခဲ့မလို့တဲ့။ ဒါကြောင့် သူ အလုပ်ရှုပ်နေတယ်လို့ပြောတာပါ၊ ဆိုင်တောင် မလာဖြစ်သလောက်ပါပဲ၊ သူ့ညီနဲ့ လွှဲထားတယ်လေ"





"ဘယ်လောက်ကြာမှာလဲ"

"နှစ်နှစ်လောက်ကြာမယ်လို့ပြောတယ်"

"အကြာကြီးပါလား"

"ဖြာလဲ့ သူ့ကို သိပ်တွေ့ချင်ရင် ကျွန်တော် ပြောလိုက်ပါ့မယ်"

မင်းအဂ္ဂမှာ ထိုစကားကို ရင်နာနာနဲ့ပဲ ပြောလိုက်ရတာဖြစ်သည်။ သေချာသွားပြီလေ၊ ဒီမိန်းကလေးစိတ်က ဘာမဟုတ်တာလေးနဲ့ပဲ ညွတ်နူးလွယ်နေပြီ၊ ဆန်းသစ်နေမှ ဆန်းသစ်နေ ဖြစ်နေပြီ။ သူ့ကိုပဲ သိပ်အထင်ကြီး အားကိုးလောက်စရာ မဟာလူသားကြီးအဖြစ် မြင်နေပြီ။ ဒီတော့ ငါက အရူးကြီးလုပ်ပြီး ဆက်ကြိုးစားဖို့လိုသေးလား။ အင်း .. ဟိုကောင်ကတော့ သူ့ဘာသာ ကြိုတွက်ပြီး ရှောင်တော့မှာ၊ ဒီမှာက အခုမှ စာတ်ရှိန်တက်လို့ကောင်းတုန်းလို့ပဲ ဝေဖန်ရတော့မယ်။

မင်းအဂ္ဂသည် ဖြာလဲ့ကို နမြောတသစွာ ကြည့်မိသည်။ မတန်လိုက်တာ ဖြာလဲ့ရယ်။ မင်းကတော့ ပန်းသွေးရောင် အသားအရေနဲ့ ဖြူဥချောနေတာ။ ဟိုကောင်ကတော့ မည်းသည်းပြီး နီဂရိုးနဲ့ အမျိုးတော်သလား ထင်ရအောင်မည်းတာ။ မင်း ဘာဖြစ်လို့ ဒီကောင့်ကို မက်သွားရသလဲ။

မင်းအဂ္ဂသည် ဆန်းသစ်နေထံ ဖုန်းဆက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခဏဖြစ်ဖြစ် လာတွေ့လိုက်ပါကွာ၊ သူတို့က မင်းကို သိပ်ကျေးဇူးတင်စကားပြောချင်နေတယ်။ ပြာလဲ့ကဆို အဆိုးဆုံးပဲ။ မင်းကို ဆက်ဆံခဲ့တာတွေအတွက် အားနာပြီး တောင်းလည်းတောင်းပန်ချင်ပုံရတယ်"

ဟု ပြောပြသောအခါ ...

"မင်းပြောလိုက်ပါလား၊ ငါ အမှတ်မထားပါဘူးလို့။ ပြောလိုက် ဟေ့ကောင်။ ငါ့စိတ်ထဲမှာ ဘာမှ မရှိတော့ဘူးလို့ပဲ အရှင်းဆုံးပြောလိုက်။ ငါ သူ့ကို မတွေ့ချင်လို့မဟုတ်ဘူး။ တွေ့ချင်ပါတယ်။ ဒါပေမဲ့ သူ့အမေကလည်း ငါ့ကို သဘောကျပုံမရဘူး။ ငါ ကူညီခဲ့လို့သာ စိတ်သဘောပြောင်းပြီး ကောင်းကောင်းမွန်မွန် ခေါ်ပြောမှာပေမဲ့ သူတို့ဟာ ငါ့ကို မြင်တိုင်း "ဟယ် ... အသားမည်းလိုက်တာ၊ ရုပ်ဆိုးလိုက်တာ၊ ဘာလို့ ဒီလောက်မည်းရတာလဲ၊ ဘာလို့ ဒီလောက် အရုပ်ဆိုးရတာလဲ" ဆိုတဲ့ အတွေးကတော့ တစ်ခါတော့ တွေးမိမှာပဲ"

ဆန်းသစ်နေ၏ စိတ္တဇဆန်သော ခပ်ကြောင်ကြောင်စကားကြောင့် မင်းအဂ္ဂ တဟားဟား ရယ်မိသည်။ အရင်ကတော့ သူ ရုပ်ဆိုးတာ၊ အသားမည်းတာကို လုံး၀ ဂရုမစိုက်တဲ့ကောင်။ ခုကျ အဲဒီလိုပြောရင် မခံချင်တော့ဘူးတဲ့။





"မင်းကလည်း ... ဒါလေးနဲ့များ လာမတွေ့ချင်စရာရှိလား"

"အမှန်အတိုင်းပြောရရင် ငါ မခံချင်ဘူးကွ"

မင်းအဂ္ဂ ထပ်ရယ်မိပါသည်။

"မရယ်နဲ့ ဟေ့ကောင်၊ ငါ အသားမည်းတယ် ရုပ်ဆိုးတယ်ကွာ၊ အဲဒါ ငါ့ရဲ့အားနည်းချက်လိုဖြစ်နေတော့ အမှန်အတိုင်း သူတို့စိတ်ထဲတွေးမှာကို ငါမခံချင်ပြန်ဘူး။ သူတို့တစ်မိသားစုလုံး ဖြူဖြူချောချောတွေကွ။ အဲဒီထဲ ငါ၀င်သွားရင် သိပ်ပြီးသိသာနေပြီလေ။ ဒီတော့ ငါ့ဘာသာ ငါ့ကမ္ဘာထဲမှာ သီးသန့်နေရတာပဲ စိတ်ချမ်းသာပါတယ်။ တကယ်တော့ ဟုတ်တယ်ကွ၊ ရုပ်ချောတဲ့သူချင်းတွဲတာ၊ ရုပ်ဆိုးတဲ့သူချင်းတွဲတာပဲ အဆင်ပြေပါတယ်၊ မတူတဲ့ Opposite နှစ်ခုတွဲမိရင် ကျန်တစ်ယောက်ရဲ့အားနည်းချက်က သိပ်သိသာသွားတယ်၊ ဒါကြောင့် ငါ ဘယ်တော့မှ သူ့ကို သွားမတွေ့တော့ဘူး။ ဘယ်တော့မှလဲ ရုပ်ချောပြီး အသားဖြူတဲ့ မိန်းကလေးကို မချစ်တော့ဘူး။ အချိန်တစ်ချိန်ရောက်လို့ အိမ်ထောင်ပြုရမယ်ဆိုရင် ကိုယ်နဲ့ ထိုက်တန်ရာရုပ်ရည်မျိုးရှိတဲ့ မိန်းကလေးကိုပဲ ရွေးတော့မယ်ကွာ၊ ငါနဲ့သူ မတန်ပါဘူး။ သူကလည်း ငါ့ကို ခင်မင်ရုံကလွဲရင် မချစ်နိုင်ပါဘူး။ ငါကတော့ သူ့ကို ချစ်တယ်။ သူနဲ့ ဝေးရာမှာပဲနေမယ်။ နီးနီးနေရင် ပိုခံစားရလို့ ဝေးဝေးမှာပဲနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်နေ ပြောပုံတွေက ထူးခြားနေသဖြင့် မင်းအဂ္ဂ သံသယဖြစ်သွားပြီး ...

"ဟာ ... ဟော့ကောင် ဘာလဲ မင်း ဂျပန်ကနေ ပြန်မလာဘူးလား"

"ပြန်လာမှာပါ၊ ဒါပေမဲ့ ငါ သူနဲ့ ဘယ်တော့မှ မဆက်သွယ်ချင်တော့ဘူး။ မင်းလည်း ငါ့ကို မဆက်သွယ်ပေးပါနဲ့။ မင်းတို့နှစ်ယောက် အဆင်ပြေပြေနဲ့ ပျော်နေတာပဲ ငါ မြင်ချင်တယ်ကွာ"

သူကမှ ငါ့ကို စိတ်မဝင်စားတော့တာဟု မင်းအဂ္ဂ စိတ်ထဲမှာ စိတ်မကောင်းဖြစ်လျက် တွေးမိသည်။ အေးလေ ... ဆန်းသစ်နေကလည်း မတွေ့ချင်နေမှတော့ ငါ ဘယ်လိုလုပ် ပြောပေးလို့ရတော့မှာလဲ။ ပြလဲ့လည်း ခဏတစ်ဖြုတ်မို့ စိတ်ထဲမှာ ယိမ်းယိုင်ချင်သလိုဖြစ်သွားတာ ဖြစ်မှာပါ။ ဆန်းသစ်နေလို လူတစ်ယောက်ကို မတွေ့ရဖန်များလာရင် ဘာကြောင့်မေ့မသွားနိုင်စရာ ရှိလဲ။








www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ပြာလဲ့နဒီသည် အလှတပ်နေ့ကာမျက်မှန်များထဲမှ Diana Ferrari(ဒိုင်ယာနာဖဲရာရီ) တံဆိပ်မျက်မှန်ကြီးကို တပ်ကြည့်လိုက်ပြီး အသင့်ရှိနေသော ကိုယ်လုံးပေါ်မှန်ရှေ့ သွားကာ မှန်ထဲမှ ပုံရိပ်ကို ကြည့်လိုက်သည်။ ပြာလဲ့ မျက်နှာခပ်သွယ်သွယ်မှာ မျက်မှန်အကြီးကြီးက သိပ်တော့ကြည့်ကောင်းလှတာမဟုတ်ပေမဲ့ အခုခေတ်မှာ လက်ကိုင်အိတ်အကြီးကြီးတွေ မျက်မှန်အကြီးကြီးတွေ ခေတ်စားနေတာမို့ စိတ်ထဲမှာတော့ သဘောကျမိသည်။ ဈေးနှုန်းကြည့်လိုက်တော့ မြန်မာငွေနှင့် ရေးမထားဘဲ ထိုင်းဘတ်ငွေနှင့် ရေးထားပါသည်။ ပြာလဲ့မှာ ငွေပေါက်ဈေးနှုန်းတွေလည်း အလွတ်မရသဖြင့် မတွက်တတ်။ သို့သော် ဘယ်လောက်ဖြစ်ဖြစ် ဝယ်လိုက်တော့မည် စဉ်းစားပြီး မှန်ထဲတစ်ခေါက် ထပ်တပ်ကြည့်နေစဉ် မှန်ထဲမှတစ်ဆင့် လှမ်းမြင်လိုက်သော ဘေးတိုက်မြင်လိုက်ရသူကြောင့် ပြာလဲ့ ရင်ထဲမှာ နွေးထွေး တုန်လှုပ်သွားပါသည်။





ပြာလဲ့သည် မျက်မှန်ကို မြန်မြန်ပြန်ထားပြီး ဆိုင်ပြင်မှ ဖြတ်လျှောက်သွားဟန်တူသော လူရိပ်နောက်လိုက်ဖို့ စဉ်းစားပါသည်။

“ဒီက အစ်မ ယူမှာလား”

“ဪ ... အင်း ... အင်း ... မယူတော့ဘူးနော် နောက်မှပဲ၊ အခု အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့ပါ” .

အရောင်းဝန်ထမ်း မိန်းကလေးတွေက ဆူဆူအောင့်အောင့်ဖြင့် ပြာလဲ့ တပ်ကြည့်ထားခဲ့သော မျက်မှန် လေးငါးလက်တို့ကို ပြန်ထည့်နေသည်။ မြန်မာပြည်က အရောင်းဝန်ထမ်းတွေရဲ့ အကျင့်အတိုင်း မကြားတကြားအသံဖြင့် ...

“ဝယ်လည်းမဝယ်နိုင်ဘဲနဲ့ အလကား လာတပ်ကြည့်တယ်”

ဆိုသော ပြောသံကို နောက်ကျောမှ ကြားလိုက်ရပေမဲ့ ပြာလဲ့ ဒါကို ခံစားမနေအား။ ဂရုစိုက်မနေအား။ ကိုယ့်ကိစ္စနဲ့ကိုယ် အရေးကြီးနေသဖြင့် ပြာလဲ့ လောကြီးနေသည်။ မြန်မြန်လိုက်ရဖို့သာ စိတ်စောနေသည်။ .

တကယ်တော့ ဒီ Diana Ferrari ကို အခုခေတ် ဈေးနှုန်းအရ လေးသောင်းခွဲနဲ့ ငါးသောင်းကြားရှိမယ်မှန်း သိပြီးသား။ ပြာလဲ့လည်း ဝယ်တော့မလို့ ဆုံးဖြတ်ပြီးသားပါ။ အကယ်၍ ဝန်ထမ်းကောင်မလေးတွေ ပြောတာကို မခံချင်ဘဲ ပြန်ဝယ်ပြနေရင် ကြာဦးမယ်။ ပိုက်ဆံရှင်းရဦးမယ်။ တွက်တာချက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရဦးမယ်။ ဒီတော့ ပြာလဲ့ တွေ့ချင်၊ မိချင်တဲ့လူတစ်ယောက်ကို လွှတ်သွားနိုင်တယ်လေ။

ပြာလဲ့သည် ရှော့ပင်းမောလ်ကြီး၏ စက်လှေကားအဆင်းဘက်မှာ ထိပ်ဆုံးတွင် ရပ်နေသော သူ့ကို မိဖို့ လှေကားထစ်တွေ တရွေ့ရွေ့ နိမ့်ဆင်းနေတာကို မစောင့်နိုင်ဘဲ အလျင်စလိုနင်းပြီး ဆင်းသွားမိသည်။ ရှေ့မှာကွယ်နေသော လူတွေကို ...

"နည်းနည်းလောက် ဖယ်ပေးပါရှင်။ ကျွန်မ အရေးကြီးလို့ပါ"

ဟူ၍ တောင်းပန်စကားပြောရင်း ဘေးဖယ်ခိုင်းလာရသလို တချို့ထံမှ ...

"လမ်းလျှောက်ဆင်းချင်ရင်လည်း ရိုးရိုးလှေကားတွေ ရှိသားပဲ။ အဲဒါပဲ သုံးပါလား"

ဟူသော အပြစ်တင်သံကိုလည်း ကြားရပါသည်။

ပြာလဲ့သည် ရှေ့ဆုံးကလူသည် သူ့နံဘေးမှာ မခွဲမခွာပါနေသော မိန်းကလေးရဲ့လက်ဖဝါးကိုပါ ဆွဲလျက် အောက်ထပ်လှေကားအဆုံး ကြမ်းပြင်ပေါ်သို့ ခြေချသွားသည်ကို ရုတ်တရက်တော့ လှမ်းခေါ်လိုက်ဖို့ နှုတ်ဆွံ့အသွားမိသည်။ ဩော် ... သူ့မှာ လက်တွဲခေါ်စရာမိန်းကလေး ပါနေခဲ့တာကိုး။

သို့သော် ပြာလဲ့ စိတ်ဆုံးဖြတ်ပြီးဖြစ်နေရာ ...

"ကိုဆန်းသစ် ... ကိုဆန်းသစ်နေ"





ပြာလဲ့ ခပ်ကျယ်ကျယ်လေး အော်ခေါ်လိုက်ပြီးဖြစ်နေလေပြီ။

ပြာလဲ့ ခေါ်သံအဆုံးမှာ ထိုသူက ဖျတ်ခနဲ လှည့်ကြည့်လာသည်။ ပြာလဲ့လည်း လူက သူ့အနားကို ရောက်သွားပြီးဖြစ်လေသည်။

"ရှင် ... ဟင် ... ဟို ... ကိုဆန်းသစ်နေလည်း မဟုတ်ဘူးနော်၊ ဆောရီး ... ဆောရီး ... နောက်ကကြည့်တော့ တော်တော်တူတာပဲ ဒါကြောင့်ပါ"

ထိုသူ၏ အရပ်အမောင်းနဲ့ အသားမည်းပုံတွေက ဆန်းသစ်နေနဲ့ တော်တော်တူသလို တကယ်အနီးကပ်ကြည့်တော့လည်း ရုပ်ရည်ကပါ ခပ်ဆင်ဆင်ဖြစ်နေကြောင်းတော့ ပြာလဲ့ သတိထားမိပါသည်။

ထိုသူဘေးမှာ မိန်းကလေးကတော့ အသားညိုဝါဝါလေးနဲ့ တောင်အမေရိကသူလိုလို၊ အီတာလျံမလေးလိုလို ချောလှသဖြင့် ပြာလဲ့ပင် တစ်ချက်ငေးကြည့်မိသွားသည်။ ကောင်မလေးက ပြာလဲ့ထက်ပင် ငယ်နိုင်ကာ နားကွင်းကြီးကြီး ဝိုင်းဝိုင်းလေးနဲ့ အတော်ဆွဲဆောင်မှုရှိပါသည်။

"ကျွန်တော် မိုးသစ်နေပါ"

"ဟို ... ကိုဆန်းသစ်နေရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်နဲ့ ဆန်းသစ် ညီအစ်ကိုတော်တယ်၊ ကျွန်တော်က သူ့အစ်ကိုပါ၊ ဒါနဲ့ ဒီက ညီမက ပြာလဲ့နဒီ ထင်တယ်"

"ရှင် ..."

"ဟုတ်ရဲ့လား၊ စိတ်ထဲထင်လို့ စွတ်မေးတာနော်၊ မဟုတ်ရင် စိတ်မရှိပါနဲ့"

"ဟုတ်ပါတယ်၊ ကျွန်မ ပြာလဲ့နဒီပါ၊ ကိုမိုးသစ်နေက ချက်ချင်းတန်းပြောနိုင်လို့ အံ့သြပြီး ..."

မိုးသစ်နေ အသာအယာလေးပြုံးပါသည်။ ပြာလဲ့နဒီကို သူ မမြင်ဖူးပါ။ သို့သော် ဆန်းသစ် ပြောထားပုံအရ အသားဖြူပြီး ချောမောလှပသော မိန်းကလေးဆိုသော အကြားဖြင့် စွတ်မေးမိတာဖြစ်သည်။ အေးလေ ... ညီ ဆန်းသစ် ချစ်လည်းချစ်လောက်ပါပေတယ်။ လူက အရုပ်လေးကျနေတာပဲ။ လှလိုက်တာ။ အသားအရေကလည်း ဖြူတယ်ဆိုပေမဲ့ သူများတွေဖြူသလို ဖြူဆွတ်နေတာကြီးမဟုတ်၊ ဖြူဖွေးနေတာလည်းမဟုတ်ဘဲ ဖြူပြီး မှုန်နေတာဖြစ်သည်။ မှုန်နေအောင်လှတယ်ဆိုတာ ဒါမျိုးပဲထင်တယ်။ မိုးသစ်နေက ဓာတ်ပုံဆရာပီပီ အလှအပကို မြင်လျက် မိန်းကလေး၏အလှကို ဝေဖန်မိနေသည်။

"ကိုဆန်းသစ်နေ ပြန်ရောက်နေပြီလားဟင်"

"ပြန်ရောက်နေပါပြီ၊ လုပ်ငန်းတောင် စ,နေပြီလေ"





"Milky Way ကို ပြန်မဦးစီးတော့ဘူးနော်"

"ဪ ... သူ စိတ်မပါတော့လို့ မင်းအဂ္ဂကို တစ်ယောက်တည်းဦးစီးနိုင်မလား မေးတော့ မင်းအဂ္ဂကလည်း ယူမယ်ဆိုတာနဲ့ သူတို့ သူငယ်ချင်းနှစ်ယောက် ရှင်းကြလင်းကြပြီး မင်းအဂ္ဂ တစ်ဦးတည်းမှုပိုင် လုပ်လိုက်ပြီ"

"အခု ဘာဂါတင်မကတော့ဘူး၊ တရုတ်စာတို့ ထိုင်းစာတို့တွေပါ တွဲရောင်းတဲ့ဆိုင်မျိုး ဖြစ်သွားပြီနော်"

"ဪ ... အဲဒါလည်း မင်းအဂ္ဂ တစ်ဦးတည်းပိုင်ဆိုတော့ သူ့သဘောနဲ့သူ ပြောင်းတာပါပဲ၊ ဆန်းသစ်ကတော့ အခုကားထုတ်လုပ်ရေးလုပ်ငန်းမှာ လုံးဝဦးစီးနေပြီလေ"

"ကိုမင်းအဂ္ဂရဲ့ မင်္ဂလာပွဲတုန်းက သူ မလာဖြစ်ဘူးနော်"

"အဲဒါ တိုက်ဆိုင်သွားတာဗျ၊ ဘေဂျင်းမှာလုပ်တဲ့ စက်မှုလက်မှုပြပွဲတက်ဖို့ စီစဉ်ပြီးသားဖြစ်နေတော့ သူ မရောက်ဖြစ်ခဲ့ဘူး။ သူက အခု အလုပ်သိပ်များတယ်လေ၊ ဒီနေ့ ရန်ကုန်မှာရှိပေမဲ့ နောက်နေ့ နယ်စပ်ရောက်ရင်ရောက်နေမယ်၊ နောက်သုံးလေးရက်ကြာရင် နိုင်ငံခြားထွက်ရင်ထွက် ဖြစ်သွားတယ်၊ သူ့ဘဝမှာ အလုပ် အလုပ်ပဲ ဖြစ်နေပြီ"

ပြာလဲ့ သိချင်တာ အဲဒါ မဟုတ်ဘူး။ သူ့ကို ဘယ်လိုတွေ့ခွင့်ရမလဲ။ ဘယ်လိုစကားပြောခွင့်ရမလဲဆိုတာကိုပါပဲ။ ကိုမိုးသစ်နေရယ်။ ခက်တာက မိန်းကလေးဘက်စကပြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဆက်သွယ်ရင် ရနိုင်မလဲဆိုတာ မမေးရဲပြန်ဘူး။ ပြီးတော့ သူ့အစ်ကို ကြည့်ရတာ ပြာလဲ့နဒီနဲ့ ဆန်းသစ်နေရဲ့အဖြစ်အပျက် ပြဿနာတွေကို သိထားခဲ့ပုံရသလိုပဲ။ ဒါကြောင့် မြင်လိုက်တာနဲ့ ပြာလဲ့နဒီလားဆိုပြီး တန်းမေးနိုင်နေတာပဲ။

ရောင်တုန်းကရောင်ခဲ့ပြီး အခုမှ ပြန်လိုက်ခေါ်နေရတယ်ဆိုတဲ့အဖြစ်ဟာ ကကယ်တော့ သိပ်ခက်ခဲပါတယ်။ သူဂျပန်ကို ထွက်သွားခဲ့တဲ့ နှစ်နှစ်လုံးလုံးလည်း ဘယ်လိုမှ ဆက်သွယ်လို့မရနိုင်ခဲ့သလို ပြာလဲ့ ကိုယ်တိုင်ကလည်း သူ့ကို တကူးတကကြီး လိုက်ဆက်သွယ်နေတယ်ဆိုတာမျိုး မဖြစ်ချင်တာနဲ့ပဲ အောင့်အည်းမျိုသိပ်ခဲ့ရတယ်။ သူနဲ့ပတ်သက်တဲ့ သတင်းတွေ၊ အကြောင်းအရာတွေဆို လေသံတောင်မဟတဲ့ မင်းအဂ္ဂကိုလည်း မေးမနေချင်တော့တာနဲ့ မမေးဖြစ်ခဲ့တော့ဘူး။ ပြာလဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ငွေနှင်းမှုန်တို့ မေယမုံတို့ အိအိနွယ်တို့ကတော့ ...

"နှင့်ကို စိတ်နာနေလို့ ရောင်တာက ထားပါဟယ်၊ ငါတို့က ကိုယ့်ကို သွေးလှူပြီး ကူညီခဲ့တဲ့ လူတွေကိုတောင် ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်ခွင့်မရတာတော့ စိတ်မကောင်းဘူး"

ဟုလည်း ဆန်းသစ်နေ အရောင်ကြီးရောင်ခဲ့သည့် အဖြစ်ကို ဝေဖန်ခဲ့သေးသည်။ သူတို့ပြောတဲ့ စကားထဲမှာ "နှင့်ကို စိတ်နာနေလို့"ဟူသော အကြောင်းအရာသည် ပြာလဲ့ကို





ဆန်းသစ်နေနဲ့ ထပ်ဆက်သွယ်ဖို့ ဟန့်တားလိုက်သလိုပဲလို့ ခံစားစေရလေသည်။

အခုကျမှ ဝင့်လည်တာ။ သူ့တုန်းက ကိုယ်က သူနဲ့ ဓာတ်လှေကားတစ်ခုထဲ အတူတူလိုက်မစီးတဲ့အထိ ဆက်ဆံပြခဲ့ဖူးတယ်။ အခု ကိုယ့်အလှည့်ကျတော့ သူက ကျေးဇူးတင်စကားတောင် တွေ့ပြီး အပြောမခံတဲ့အထိ ရောင်တာခံရတယ် ဆိုသော ဝမ်းနည်းမှုနဲ့ ပြာလဲ့ဟာ ဆန်းသစ်နေဆိုတဲ့ လူတစ်ယောက်ကို မေ့ပစ်ထားမိခဲ့တာပါ။

မိုးသစ်နေကတော့ ယောကျာ်းပီပီ ပြာလဲ့နဒီ၏ အမှုအရာကို သိပ်အကဲမခတ်နိုင်သဖြင့် ပြာလဲ့နဒီတစ်ယောက် ခပ်ငေးငေး တွေးတွေး အမူအရာဖြင့် သူတို့နား ဆက်ရပ်နေသေးသည်ကို အသာရပ်စောင့်နေမိသည်။ ဒီကောင်မလေး ဘာမေးစရာရှိနေလို့လဲဟု တွေးပြီး ရပ်စောင့်ပေးနေတာ ဖြစ်ပါသည်။

ဒါပေမဲ့ မိုးသစ်နေရဲ့ ကောင်မလေးဖြစ်သော မြတ်နိုးကတော့ မိန်းကလေးချင်း အကဲခတ်နိုင်သဖြင့် ပြာလဲ့နဒီ ဘယ်သူ့အကြောင်းပြောပြစေချင်သေးသလဆိုတာ ရိပ်မိလျှင် ...

"ကိုကို ကိုဆန်းသစ် လိပ်စာပေးလိုက်ဦးလေ၊ အဟင်း ... သိလား။ ဆန်းသစ်က အခု မိဘအိမ်မှာ မနေတော့ဘူးလေ။ သူ့ဘာသာ ကွန်ဒိုတစ်ခန်းဝယ်နေတယ်၊ အလုပ်ရုံကတော့ စက်မှုဇုန်တွေရှိတဲ့ နေရာမှာပဲထားတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိုးသစ်နေကိုလည်း ပြောသလို ပြာလဲ့နဒီကို ပါ ဖော်ဖော်ရွေရွေ လှမ်းရယ်ပြလိုက်ရင်း သူမကပင်စပြီး စကား ပြောပါသည်။

ကိုယ်တိုင် ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြူတီဆလွန်းကို ဦးစီးလုပ်ကိုင်နေနိုင်သော မိန်းကလေးလည်းဖြစ်ရာ ကိုယ်နဲ့သိသိ မသိသိ တခြားမိန်းကလေးတစ်ယောက်ကို ဖော်ဖော်ရွေရွေ စခေါ်ရဲ၊ စကားပြောရဲနေပါသည်။

"သြော် ... ဟုတ်သားပဲ ပေးရတာပေါ့၊ သူ့ Card တော့ ကျွန်တော့်ဆီမှာ မပါလာဘူးဗျာ၊ ရေးမှတ်ထားလိုက်ပါလား"

"ရော့ ... ရော့ ... မြတ်နိုးမှာ Note Pad လေး ပါပါတယ်၊ ဒီမှာ ဘောလ်ပင်နဲ့။ ကိုကိုပဲ ရေးပေးလိုက်ပါ"

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ဇနီးလောင်းပေါ့။ မြတ်နိုးတဲ့။ သူက(......)လမ်းမကြီးပေါ်မှာ Fairytale (ဖဲရီတေးလ်)အမည်နဲ့ ဖြူတီဆလွန်း ဖွင့်ထားပါတယ်။ မြတ်နိုး ကိုယ်တိုင်လည်း ညှပ်ပေးတာ မိတ်ကပ်ပြင်ပေး တာတွေ လုပ်တယ်"

ပြာလဲ့နဒီမှာ ထိုအမည်ကို ကြားဖူးရုံမက ဆိုင်ကို လည်း ဖြတ်သွားဖြတ်လာ မြင်ဖူးနေပါသည်။ တော်တော့်ကို





သပ်ရပ်သားနားပြီး ငွေအကုန်အကျအများကြီးခံကာ ပြင်ဆင်ထား ပုံရသော မှန်တံခါးအနက်ကြီးများနဲ့ ဖြူတီဆလွန်းကို ပြာလဲ့ပင် အထင်ကြီးပြီး စိတ်ဝင်စားမိနေတာ။

"ပြာလဲ့ သိပါတယ်၊ ပြာလဲ့ရဲ့ တူလေးက အဲဒီနားက အင်္ဂလိပ်စာသင်ကျောင်းမှာ ကျောင်းတက်တယ်လေ"

"ဟုတ်တယ် ... ဟုတ်တယ် ... အဲဒီကျောင်းလာတဲ့ မိခင် တွေကတော့ မြတ်နိုးဆိုင်ကို ဝင်စပ်စု ဆံပင်ပြင်ရင်း ကြာ တော့ တဖြည်းဖြည်း ကိုယ့်ဖောက်သည်တွေ ဖြစ်လာတဲ့ အထိပါပဲ"

"ပြာလဲ့လည်း နောက်ကြုံရင် ဝင်ခဲ့ဦးမယ်"

"လာခဲ့ ... လာခဲ့ ... ဆိုင်ကောင်တာမှာ ပြာလဲ့နဒီလို့ပဲ ပြောလိုက်ပါ။ မြတ်နိုး ကိုယ်တိုင် ပြင်ပေးဖို့ ထွက်လာ မယ်"

မိန်းကလေးနှစ်ယောက် တစ်ခဏလေးနဲ့ စကား လက်ဆုံကျသွားချိန်တွင် မိုးသစ်နေက ဆန်းသစ်၏ အိမ်လိပ်စာ၊ စက်ရုံလိပ်စာ၊ ရှိရှိသမျှ အိမ်ဖုန်း၊ စက်ရုံဖုန်း၊ မိုဘိုင်းလ်ဖုန်းနံပါတ် တွေပါ စေတနာကောင်းကောင်းဖြင့် ရေးပေးလိုက်ပါသည်။

"ဆန်းသစ်ကို တွေ့ရင်လည်း ပြောလိုက်မယ်နော်၊ ပြာလဲ့ နဒီနဲ့ ဆုံကြတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့နဒီသည် ခပ်ရှက်ရှက်လေး ခေါင်းအသာငုံ့လျက် ...

"ပြာလဲ့ သူ့ကို ပြောစရာစကား အကြွေးတင်နေလို့ပါ။ သူ့ကိုတွေ့ပြီး အဲဒီစကားပြောချင်လို့ စောင့်နေခဲ့တာပါ"

မိုးသစ်နေတို့ စုံတွဲ နှုတ်ဆက်ပြီး ထွက်လာသောအခါ မြတ်နိုးဟာ ခြေလှမ်းဆယ့်ငါးလှမ်းတောင် မပြည့်သေး၊ မိုးသစ်နေရဲ့ ပခုံးကို အသာဖွဖွထုရင်း ...

"ဟင်း ... ရှင်တို့ ညီအစ်ကိုတွေဟာလေ သူများမနာလိုချင်စရာကောင်းလောက်အောင် ကံကောင်းလွန်းနေပြီ"

ဟု မျက်စောင်းထိုးလျက် ရန်တွေ့သလိုပြောလိုက်တော့လေသည်။

"ဘာကံကောင်းလို့လဲ"

"ချစ်သူချောချောလှလှလေးတွေပဲ ရကြတယ်လေ"

"ကိုယ်နဲ့ လင်းသစ်မှာတော့ ကောင်မလေးတွေရှိတာ ဟုတ်ပါတယ်။ ဆန်းသစ်မှာမှ မရှိတာလေ၊ ဆန်းသစ်က လောကကြီးကို တမင်မေ့ထားပြီး အလုပ်ပဲ ဗိလုပ်နေဘာကွ"

"ကိုကိုဟာလေ ဘယ်တော့မှ အကင်းမပါဘူး၊ ဒါနဲ့များ မြတ်နိုးကို ရအောင်ပိုးလာသေးတယ်"





"ချစ်တာကိုး"

"ပြာလဲ့နဒီက ကိုဆန်းသစ်ရဲ့ ချစ်သူဖြစ်လာတော့မှာလေ၊ အဲဒါ ကိုကို မရိပ်မိဘူးလား"

"ဟာ ... ဆန်းသစ် ပြောထားသားပဲ၊ ကောင်မလေးက သူ့ကို အသားမည်းလို့ မကြိုက်နိုင်ပါဘူးတဲ့"

"ဟင် ... ဒါဖြင့် အခုကျ ကိုကို့ကိုတောင် နောက်ကမြင်ရုံနဲ့ လူမှားပြီး အတင်းပြေးလိုက်ခေါ်တာ ကျတော့ရော၊ သူ စီးလာတဲ့ ဒေါက်ချွန်လေးနဲ့ ရှော့ပင်းမောလ်ကြမ်းပြင် ပြောင်ပြောင်တွေမှာ ပြေးလိုက်လာတာများ ချော်လဲမှာတောင် စိုးရိမ်ရတယ်"

မိုးသစ်နေက ခပ်ရိုးရိုးသမားမို့ မြတ်နိုး ထောက်ပြလိုက်တော့ သူပင် တွေတွေဝေဝေဖြစ်သွားလျက် စဉ်းစားမိသွားသည်။

"ဟုတ်သားပဲနော်၊ သူ ဘာကြောင့် ဆန်းသစ်ကို အသည်းအသန် တွေ့ချင်ရသလဲမသိဘူး၊ သူတို့ ကား Accident ဖြစ်တုန်းက ကူညီခဲ့တာကို ကျေးဇူးတင်ချင်တယ်ဆိုလည်း ဒီလောက်အလောကြီးစရာမလိုပါဘူး။ သူတို့ ဖြစ်ပျက်ခဲ့တာလည်း နှစ်နှစ်ခွဲတောင်မကတော့ဘူး။ မေ့တောင်မေ့လောက်ပြီ။ အဲဒါကို အစပြန်ဖော်ပြီး ကျေးဇူးတင်ပါတယ်တွေဘာတွေ ပြောဖို့ သိပ်အရေးတကြီး မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်စကား ပြောလိုတာထက် အရေးကြီးတဲ့ အကြောင်း ရှိရင်ရှိမှာပေါ့ ကိုကိုရဲ့၊ ကိုကိုညီကိုလည်း ကြိုတင်အကြောင်းကြားထားဦး"

"ဆန်းသစ်က လူတစ်မျိုးကွ။ သူ ဒီမိန်းကလေးကို မဆုံ ချင်တော့ဘူးဆိုရင် မဆုံရအောင်လုပ်မှာပဲ"

"ပြာလဲ့နဒီကို ကိုမင်းအဂ္ဂကလည်း သဘောကျခဲ့ဖူးတာ နော်"

"ဟုတ်တယ်၊ ဟိုက ငြင်းလိုက်လို့ မင်းအဂ္ဂလည်း တော် တော်ဆွေးသွားဖူးတယ်။ နောက်တော့ မမံချင်လို့လား မသိဘူး။ ပြာလဲ့နဒီလိုလှတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကောက်ခါငင်ခါ ထပြီး လက်ထပ်သွားတာပဲလေ၊ သူတို့ မင်္ဂလာပွဲကို ပြာလဲ့နဒီကို ဖိတ်တယ်ထင်တယ်၊ သူ ထည့် ပြောသွားတယ်။ အဂ္ဂလက်ထပ်တုန်းက ဆန်းသစ်မှ ဒီမှာ မရှိတာ၊ ဒီတော့ သူ မလာနိုင်တာကို ပြာလဲ့နဒီ သတိတားပြီး စောင့်ကြည့်နေပုံရတယ်"

"သူကလည်း မိန်းကလေးဆိုတော့ တကူးတကကြီး ဆုံအောင်လုပ်တာထက်စာရင် ပွဲတစ်ခုခုမှာ မတော်တဆ ဆုံတာပဲ ဖြစ်ချင်တယ် ထင်တယ်"

ဒီတော့မှ မိုးသစ်နေ တွေးမိသွားသည်။





"ဟုတ်သားပဲ၊ မိန်းကလေးဆိုတော့ သူ့ဘက်ကစပြီး တကူးတက ဘယ်တွေ့ချင်မလဲ"

"ဒါဖြင့် အခု လိပ်စာတွေ ဖုန်းနံပါတ်တွေ ပေးလိုက် တော့ရော ပြာလဲ့နဒီက သွားတွေ့ပါမလား ကိုကို"

"အေးကွာ ... သူတို့ဆုံအောင် ဘယ်လိုလုပ်ပေးရမလဲ မသိဘူး"

"အကောင်းဆုံးက ကိုဆန်းသစ်ကိုသာ ပြောပြလိုက်ပါ၊ သူ့ဘက်က ဘယ်လိုတုံ့ပြန်လာမလဲပဲ စောင့်ကြည့်ရုံပေါ့။ မိန်းကလေးဆိုတာက ဘယ်တော့မှ ကိုယ့်ဘက်ကလည်း စ,ခွင့်မရတာမို့ ယောကျ်ားလေးဘက်က စ,မှသာ သူ ပြောချင်တာတွေ ပြောခွင့်ရတာပါလို့ ကိုကို သေသေချာချာ ပြောပြလိုက်ပါ"

မိုးသစ်နေသည် မြတ်နိုးတစ်ယောက် ဘယ်လိုက ဘယ်လိုဖြစ်ပြီ. ပြာလဲ့နဒီဘက်က သနားပြီး ဝင်ပါချင်နေသည် မသိပေမဲ့ ထုတ်မမေးတော့ပါ။ မိန်းကလေးတွေက ဒီလိုပဲ သူတို့ ဘဝချက်တည်းနဲ့ သဘောကျသွားရင်လည်း သူတို့လောက် သဘော ကျတာမရှိဘူး။ သူတို့ မုန်းပြီဟေ့ဆိုလည်း တစ်ချက်မှတောင် လှည့်ကြည့်ချင်တာ မဟုတ်ဘူး။ မြတ်နိုးလည်း အဲဒီလိုပဲ ဖြစ်မယ် ထင်တယ်။ ပြာလဲ့နဒီ ရုပ်ကလေးချောတာကို မြင်ပြီး တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့များ သဘောကျ ခင်မင်သွားသလား။ ဒါမှမဟုတ် အချစ်ကဲ ခေနေကြတဲ့ ဆန်းသစ်နေနဲ့ ပြာလဲ့နဒီတို့ကို ကိုယ်ချင်းစာပြီး ကူညီအောင်သွယ်ပေးချင်သွားသလား။





## ၁၅

### တစ်လခန့်အကြာ...

ပြာလဲ့သည် ဆိုင်နောက်ဘက် စတိုခန်းထဲမှာ ရောက်နေသည်။ Expired(အိပ်(စ)ပိုင်ယာ)ဖြစ်ပြီးသော ပစ္စည်းတွေ ဖယ်ပြီးသဖြင့် အသစ်ထပ်မှာရမည့် ပစ္စည်းစာရင်းကို ပြန်စစ်ကြည့်နေသည်။ အခိက,ကတော့ ရက်လွန်ပြီး ပျက်ကာ အချဉ်ပေါက်နေသောနို့ဘူးတွေ ဖယ်ပြီးလျှင် ထပ်တင်စရာနို့ဘူး အသစ်တွေ ရောက်မလာသေးသဖြင့် နေ့တွင်းချင်း ထပ်မှာရမှာ ဖြစ်သည်။ ဒါမှ မနက်ဖြန်မနက် ဆိုင်ဖွင့်အမီ လာပို့နိုင်မှာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြာလဲ့သည် ချဉ်တူးတူး နို့နံ့ ပုပ်အဲ့အဲ့ဖြစ်သော သစ်သီးနံ့တို့ကြားမှာ ကြာကြာနေရတော့ ခေါင်းမူးပြီး လူက ပျို့ချင် အန်ချင် သလိုလိုပင် ဖြစ်နေသည်။

"မဖြာလဲ့ ဆိုင် Cashier မှာ ပြဿနာဖြစ်နေလို့ ခဏလာခဲ့ပါဦး"

"ဟယ် ... ဘာပြဿနာလဲ"

စတိုခန်းဝန်ထမ်းကောင်လေးက လာပြောသဖြင့် ဖြာလဲ့သည် ခေါင်းမူးနေသည့်ကြားမှ စိုးရိမ်ပြီး မေးလိုက်ပါသည်။

"ဝယ်သူက ပြဿနာလုပ်တာ မဟုတ်ပါဘူး၊ သူ့ပစ္စည်းတွေ အိတ်နဲ့ထည့်ပေးထားတာကို သူ ဆွဲယူလိုက်တော့ အိတ်က ကိုင်းပြတ်ကျသွားတယ်၊ သူ ဝယ်ထားတဲ့ ကြွေမတ်ခွက်ပန်းကန်နှစ်လုံးစလုံး ကွဲသွားတယ်၊ အဲဒါ ဝင်းမာက သူ ဘာလုပ်ပေးရမလဲ မသိတော့ မဖြာလဲ့ကို ခေါ်ပေးပါတဲ့။ ဟိုလူက ပြဿနာမရှာပါဘူး၊ သူ့လက်ထဲရောက်မှ ကွဲသွားတာလို့ပြောပါတယ်၊ ဝင်းမာက အားနာနေလို့"

ဝန်ထမ်းကောင်လေးဖြစ်သော နိုင်နိုင်က ဖြာလဲ့အားမှာ လိုက်ပါလာရင်း ရှင်းပြနေစဉ်တွင် ဖြာလဲ့သည် ဝင်းမာ၏ Cashier ကောင်တာမှာ ရှိနေဆဲဖြစ်သော လူတစ်ဦးကို မြင်လိုက်ပြီး ဖြစ်နေပါသည်။





ထိုသူက အေးချမ်းသော မျက်လုံးတွေဖြင့် ဖြာလဲ့ကို လှမ်းစိုက်ကြည့်လေသည်။

ဖြာလဲ့သည် ရင်ထဲကလာသော အသံလား၊ လည်ချောင်းထဲမှာရှိနေသော အသံလားဟု မခွဲခြားနိုင်သည့် အသံတိုးတိမ်တိမ်ဖြင့် ...

"ကိုဆန်းသစ်နေ"

ဟု ခေါ်လိုက်မိလေသည်။

သူ ငါ့ဆီရောက်လာတယ်။ သူ အနေတော့ ငါ့ဆီ ပြန်ရောက်လာခဲ့တယ်ဆိုသော ပဲ့တင်သံတွေကလည်း စိတ်ထဲမှာ အခါခါမြည်ဟည်းနေသည်။ ဖြာလဲ့ရင်ထဲမှာ ဘာသံတွေမှန်းမသိသော အသံတွေကလည်း ရှုပ်ထွေးနေပါသည်။

"ကျွန်တော်က ဘာမှ လုပ်ပေးဖို့မလိုဘူး ပြောပါတယ်၊ အဲဒါကို သူတို့က အားနာပြီး ဖြာလဲ့နဒီကို သွားခေါ်ပေးမယ်လုပ်လို့ ခဏစောင့်နေတာပါ"

ဆန်းသစ်နေသည် အမှန်တော့ သူ ဒီဆိုင်ကို လာခဲ့တာဟာ ဖြာလဲ့နဒီများ ရှိနေမလားဆိုသော မျှော်လင့်ချက်နဲ့ လာခဲ့တာပင်။ ဒီရောက်တော့ ကောင်တာနောက်မှာ ထိုင်နေလေ့ရှိသော ဖြာလဲ့နဒီကို မတွေ့ရလျှင် နည်းနည်းရင်မောသွားသည်။ သို့သော် ဆိုင်ထဲဝင်ပြီးမှတော့ တစ်ခုခုဝယ်ရမည်ဖြစ်၍ မျက်စိထဲမြင်ရာ ကော်ဖီသောက်ကြွေမတ်ခွက်နှစ်ခွက် ဝယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်မလို့ပါပဲ။ မထင်မှတ်ဘဲ ကြွပ်ကြွပ်အိတ်က ကိုင်းပြတ်ကျ၊ ကြွေမတ်ခွက်တွေကလည်း အောက်ကြွေပြားကပ် ကြမ်းပြင်နဲ့ ထိထိချင်း ခံနိုင်ရည်မရှိစွာ ခွမ်း ခွမ်းနဲ့ ကွဲအက်ကုန်ကြရာ ဝန်ထမ်းကောင်မလေးတွေက အားနာကုန်ကြသည်။

"သမီးတို့အများပါ၊ ဦးကို ဒီတိုင်း ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပေးလိုက်မိလို့ပါ၊ မမပြာလဲ့က မှာထားတယ်၊ ကြွေတို့ ဖန်တို့ဝယ်ရင် သတင်းစာစက္ကူနဲ့ သေသေချာချာ ပတ်ပေးပြီး ထုပ်ပိုးပေးရမယ်ဆိုတာ မေ့သွားလို့ပါ"

ဟူ၍ တောင်းပန်ပြီး သူတို့ဆိုင်ရှင်ကို သွားခေါ်ကြတော့လေသည်။

ပြာလဲ့နဒီ ဘယ်လိုများ သင်ပေးထားသည်မသိ။ ဒီဆိုင်က ဝန်ထမ်းတွေကတော့ ဈေးဝယ်သူကို ပိုပြီး အလေးထားဆက်ဆံဖာတ်ပုံရသည်။

"ကိုဆန်းသစ်နေရဲ့ ခွက်တွေ အလျော်ပြန်ပေးလိုက်မယ်နော်"

"မလိုပါဘူး မပေးပါနဲ့၊ ကျွန်တော် တကယ်ပဲ အသုံးမလိုပါဘူး၊ ဆိုင်ထဲဝင်လာပြီး ဝယ်စရာမရှိလို့ ဘာဝယ်ရမှန်းမသိတာနဲ့ တွေ့ရာမြန်မြန် ဆွဲဝယ်လိုက်တဲ့သဘောပါ"

"အို ... ဒါဆိုလည်း အဲဒီခွက်တန်ဖိုးနဲ့တူတဲ့ ငွေကို ပြန်အမ်းပေးလိုက်ပါ့မယ်။ ပြာလဲ့ သူတို့ကို သေသေချာချာ





မှာထားပါတယ်၊ ကြွေတွေ ဖန်တွေဝယ်ရင် စက္ကူနဲ့ပတ်ပေးပြီးမှ ကြွပ်ကြွပ်အိတ်နဲ့ ထည့်ရမယ်လို့လေ၊ ဒီကောင်တာက မိန်းကလေးက အခုမှ အလုပ်ဝင်ခါစဆိုတော့ အမှားလုပ်မိတဲ့ သဘောပါပဲ"

ဆန်းသစ်နေသည် အလျော်မလိုပါဘူးဆိုမှ အလျော်ပေးဖို့ ငွေပြန်အမ်းဖို့ကိုချည်း ပြောနေသော ပြာလဲ့နဒီကြောင့် အခက်တွေ့နေသည်။

တကယ်တော့ ပြာလဲ့ သိဖို့ကောင်းတယ်။ ကျွန်တော် ဒီရောက်လာတာဟာ ပြာလဲ့ကို တွေ့ချင်လို့ ရောက်လာခဲ့တာလေ။

"ကောင်မလေးကြည့်ရတာ မင်းကို သိပ်တွေ့ချင်ပုံရတယ် သွားတွေ့လိုက်ပါ"

ဟု ကိုမိုးသစ် လာပြောတုန်းက သူ အင်တင်တင်နှင့် ငြင်းမိခဲ့သေးသည်။

"သူ ကျွန်တော့်ကို လက်မခံနိုင်ပါဘူးဗျာ"

"တချို့လူတွေရှိတယ်ကွ၊ တစ်ခါကြိုးစားရင် မရဘူး။ နှစ်ခါသုံးခါကြိုးစားမှ ကိုယ်လိုချင်တာ ရတာမျိုးရှိတယ်၊ မင်းက အဲဒီလိုလူမျိုးထဲမှာ ပါရင်ပါနေမယ်လို့ မင်း ဘာကြောင့် မတွေးမိတာလဲ၊ ဒီအတိုင်းကြီး သူ့ကို သွားမတွေ့ဘဲ ရှောင်တာထက်စာရင် သူနဲ့ နောက်တစ်ခါလောက် ထပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီး စကားပြောကြည့်ပါဦးလား။ သူ့ရဲ့ အမှုအရာနဲ့ စကားသံတွေထဲမှာ ဘာတွေရှိမလဲဆိုတာ မင်း အကဲခတ်ကြည့်ပါဦးလား။ ငါ ပြောတာက တစ်ခါလောက် ထပ်သွားတွေ့ရုံပါ။ မင်းကို ရည်းစားစကားသွားပြောခိုင်းတာ မဟုတ်ပါဘူး"

အဲဒီလိုနဲ့ပဲ ဆန်းသစ်နေ ရက်ပေါင်းနှစ်ဆယ်လောက် ချီတုံချတုံ ဆုံးဖြတ်ပြီးသောအခါမှာ ပြာလဲ့နှင့် မိနီမာ့ထံကို ရောက်လာခဲ့ရတော့တာ ဖြစ်ပါသည်။

"ပိုက်ဆံပြန်ယူသွားလိုက်နော်၊ ကိုဆန်းသစ်နေ"

"ဒီလိုလုပ်ပါလား"

ဆန်းသစ်နေ အနေခွန့်ပြီး စကားစလိုက်မိသည်။ ပြာလဲ့နှင့်က စူးစမ်းသလို ငေးကြည့်နေသည်။ ပြာလဲ့သည် အသားဖြောင်မည်းမည်း မျက်နှာပြင်ပေါ်မှာရှိနေသည့် ပြုံးနေသော နှုတ်ခမ်းထူထူတွေကိုလည်းကောင်း၊ ကြည်လင်စွာ စိုက်ကြည့်နေသော မျက်ဝန်းတွေကိုလည်းကောင်း အမှတ်မထင် သတိထားမိလျှင် ရင်ထဲမှာ နွေးပဲ နွေးသွားသလား။ အေးပဲအေးနေသလား သူမဘာသာ မသိတော့ပါ။

"ပြာလဲ့ ညနေဆိုင်ပိတ်ရင် ကျွန်တော် လာခေါ်မယ်၊ ညစာ အတူထွက်စားကြမယ်လေ၊ အဲဒါဆို ကျွန်တော့်ကို ဘာမှ အလျော်ပေးစရာ မလိုတော့ဘူး"





ပြာလဲ့သည် ကောင်တာမှာ ရှိနေသော ကောင်မလေး ကြားသွားပြီဟုတွေးပြီး ရှက်လျက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

"အလျော်ပေးဖို့မလိုပါဘူး၊ ကျွန်တော့်ကို ပြာလဲ့ရဲ့ ကိုယ်ပိုင်အချိန်တွေထဲက တစ်နာရီလောက်ဖြစ်ဖြစ် ခွဲပေးဖို့ပဲ လိုပါတယ်၊ ကျွန်တော် စောင့်နေမယ်နော်"

ပြာလဲ့သည် ခေါင်းညိတ်ပြီးသည်လား၊ ခေါင်းခါပြမိသည်လား သူမကိုယ်သူမ မသိတော့ပါ။

ပြာလဲ့ သိလိုက်တာကတော့ သူဟာ ပြာလဲ့ ဆိုင်ရဲ့ မှန်တံခါးတွေကို တွန်းဖွင့်ပြီး အပြင်ကို ထွက်သွားပြီဆိုတာပဲ ဖြစ်သည်။

တကယ်တော့ ပြာလဲ့ စဉ်းစားထားခဲ့တာက သူနဲ့ ပြန်ဆုံရရင် ပြာလဲ့ ရင်ထဲမှာ ပြောရေးစကားတွေ အများကြီးမို့ ပြာလဲ့ကပဲ ဆက်တိုက်ပြောလိုက်မယ်ဆိုတာပဲ ဖြစ်သည်။ သို့သော် တကယ့်ဖြစ်ရပ်မှာတော့ ပြာလဲ့သည် ကြိုတင်စီစဉ်ထားသမျှ စကားလုံးတွေ တစ်လုံးမှပင် မပြောဖြစ်ပါဘဲ သူ ပြန်ထွက်သွားတာကိုသာ ငေးပြီးကြည့်ကျန်ခဲ့ရသူ ဖြစ်နေသည်။ သူ ထွက်သွားသောအခါမှ ပြာလဲ့ ပြောရမည့်စကားတွေ ပြန်သတိရသွားပြီး သူ့ကို ချက်ချင်း လိုက်ပြေးခေါ်ပြီး ပြောလိုက်ချင်စိတ်တွေ တားမရ ဆီးမရ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပြာလဲ့ လိုက်မသွားတော့ပါဘူးလေ။ သူ ပြောသွားသားပဲ။ ညနေကျ သူ ပြာလဲ့ကို လာစောင့်နေမယ်တဲ့။ ပြာလဲ့ရဲ့ ကိုယ်ပိုင်အချိန်ထဲက အချိန်နည်းနည်း သူ့ကိုပေးပါတဲ့။

စိတ်ချပါ ရှင်ရယ်။ ပြာလဲ့ ရှင့်ကို စောင့်နေပါတော့မယ်။ ဒီတစ်ခါမှာတော့ ပြန်ဆုံကိုဆုံတော့မယ်ဆိုတဲ့ အသိနဲ့ စောင့်နေပါ့မယ်။ အဲဒီ ပြန်ဆုံရမည့် ညနေခင်းအချိန်လေးကို ပြာလဲ့ မျှော်လင့်တကြီး စောင့်နေခဲ့ပါတော့မယ်။

ပြာလဲ့နဒီသည် နာရီတွေ မိနစ်တွေကို ရေရင်း နေလုံးကြီးဝင်သွားမဲ့ ညနေခင်းကို စိတ်ရှည်စွာ စောင့်နေမိတော့လေသည်။



BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ညနေခင်းတုန်းက ...
ကောင်းကင်ကလည်း လှနေတယ်
တိမ်တွေကလည်း လှနေတယ်
နေမင်းကြီး ဝင်သွားရာကို လိုက်ကြည့်နေကြတဲ့
နေကြာပန်းလေးတွေလည်း လှနေတယ် ...
ထိုအတူပဲ
ချစ်သူတွေရဲ့ ဆုံတွေ့မှုဟာလည်း
လှပနေခဲ့ပါတယ်။

❤ ❤



ရှင်မိုး
(ဆေးတက္ကသိုလ်)
24th January,
Wednesday
2007.

www.burmeseclassic.com